


# နန္ဒာသိမ်းဇံ

## ထေရဝါဒ

နှင့်

## ပတ်သက်သောမှတ်ချက်များ

**လှိုင်းသစ်စာပေ**

အမှတ်-၇၊ ၇-လွှာ၊ ၁၅-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၁၀၇၃၅၊ ၀၉၅၀ ၅၅၉၉၆

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .. ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .. ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .. ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထေရဂါထာနှင့်ပက်သက်သောမှတ်ချက်များ

# ထေရဝါဒနှင့်ပက်သက်သောမှတ်ချက်များ

နန္ဒာသိန်းဇံ

လှိုင်းသစ်စာပေ
ဖုန်း - ၂၀၇၃၅၊ ၀၉၅၀ ၅၅၉၉၆

စာမူခွင့်ပြုချက်အမှတ်
၃၀၂ / ၂၀၀၀ ( ၅ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၈၈ / ၂၀၀၁ ( ၂ )

အုပ်ရေ - ၅၀၀
တန်ဖိုး ၁၆၀၀
မေလ၊ ၂၀၀၁ခုနှစ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးအောင်ကြီး ( ၀၉၆၈ )
ရွှေပုရပိုက်စာပေ
၅၊ တင့်ဆန်းလမ်း၊ ဗဟန်း၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးလွင်စန်းယဉ်(၀၃၁၁၀)
စာပေလုပ်သားပုံနှိပ်တိုက်
၂၁၁၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

## ကျေးဇူးဟာင်ပြော

ဗုဒ္ဓသာသနာ အရှည်တည်တံ့ရန် ရည်ရွယ်လျက်. . . ပုဂံ ညောင်ဦး ဓမ္မရာဇက ဘုရားပြုပြင်တည်ဆောက် ရန်အတွက် ကျပ်သိန်း (၄၀၀)၊ ရွှေတိဂုံ စေတီတော်မြတ် ဘက်စုံပြုပြင် မွမ်းမံခြင်း အတွက် ကျပ်သိန်း (၅၀၅၀) နှင့် သိမ်တော်၊ သံဃာ့ဆေးရုံ၊ ဘုန်းတော် ကြီးကျောင်းများ တည်ဆောက်ရန်၊ ဗုဒ္ဓ စာပေ-ယဉ်ကျေးမှုပြန့်ပွားရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက်ကုသိုလ်ပြုခြင်းများ အပါအဝင် ကျပ်သိန်းပေါင်း (၆၀၀၀) ကျော်လှူဒါန်း ခဲ့၍ ယခု. . . “ ထေရဝါဒ နှင့် ပက်သက်သောမှတ်ချက်များ ” စာအုပ် ပြီးမြောက်အောင်လည်း စေတနာသဒ္ဓါ စင်ကြယ်စွာဖြင့် ကူညီပံ့ပိုးခဲ့သော ဦးဝိတ်အားအထူးကျေးဇူးတင်ပါကြောင်းမှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

နန္ဒာသိန်းဇံ

## နန္ဒာသိန်းဇံ ၏ထုတ်ဝေပြီးစာအုပ်များ

၁။ အတွေးအခေါ်တို့လွင့်မျောခြင်းနှင့် လူ၏ဆောက်တည်ရာ (၁၉၈၃) - ၄၀၀၉၄၁၀၅၀၉

၂။ ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ (၁၉၇၅) - ၃၅/၈၉(၁)

၃။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် (၁၉၇၇) - ၃၈၀/၈၉(၈)

၄။ စီးပွားရေးနှင့် စစ်ရေးဗျူဟာ (၁၉၉၂) - ၂၅/၉၂(၂)

၅။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (၁၉၇၉) - ၃၉၄/၈၉(၈)

၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (၁၉၈၀) -၄၈၇/၈၈(၁၁)

၇။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ (၁၉၇၅) - ၂၁၁/၈၉(၅)

၈။ အရိမဒ္ဒနမှ တွေးမြင်ရနံ့တို့ ဝေ့ပျံ့နေဆဲ (၁၉၉၅) - ၁၃၆/၉၅(၃)

၉။ အသွင်သဏ္ဍာန်တို့နောက်ကွယ်၌ (၁၉၉၃) - ၄၀၈/၉၄(၇)

၁၀။ ကြာ (၁၉၉၂) - ၄၁၄/၉၁(၁၀)

၁၁။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော မှတ်ချက်များ (၁၉၈၈) - ၃၉၃/၈၉(၈)

၁၂။ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ (၂၀၀၁) ၃၀၂/၂၀၀၀(၅)

၁၃။ တွေးချိန်ချင့်စရာ (၁၉၉၉) - ၁၀၄၈/၂၀၀၁(၁၀)

၁၄။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင်အစဉ်အလာ

၁၅။ ဖြေဆည်ရာ (၁၉၈၉) - ၄၂၂/၈၈(၇)

၁၆။ THROUGH LIFE'S PERILS(1983) - 1148

၁၇။ မနက်ဖြန်များကိုဖြတ်သန်းနေသော စိတ်ကူးများ (၂၀၀၃) ၈၆၂/၂၀၀၂(၁၀)

၁၈။ ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ (၂၀၀၄)-၃၀၉/၂၀၀၄(၄)

၁၉။ သမုဒ်ပင်လယ်ပြာ နှိုင်းပမာ (၂၀၀၈) - ၄၀၀၂၄၃၀၃၀၈

၂၀။ နောင်တကင်းရာသို့... (၂၀၀၉) - ၄၀၀၇၉၇၀၇၀၉

# မာတိကာ

စကားဦး ၁၁
နိဒါန်း ၁၃

## ပထမပိုင်း
## သမိုင်းနောက်ခံအခြေအနေနှင့်ဗုဒ္ဓဘာသာ

၁။ ဗုဒ္ဓပွင့်တော်မူရာကာလ ၄၄

၂။ ဗုဒ္ဓမတိုင်မီ အိန္ဒိယနိုင်ငံဘာသာရေးအခြေအနေ ၅၀

၃။ ဗုဒ္ဓပေါ်ထွန်းရာကာလ အိန္ဒိယနိုင်ငံလူမှုရေး
အခြေအနေ ၇၃

၄။ ဂေါတမဗုဒ္ဓ ၈၅

၅။ တရားဦးဓမ္မစကြာ ၉၉

၆။ ထေရဝါဒ၏အခြေခံယူဆချက်များ ၁၀၇

## ဒုတိယပိုင်း
## ဆက်စပ်လေ့လာနိုင်သောအခြား
## ယုံကြည်ကိုးကွယ်မှုများ


၇။ မဟာယာန ၁၄၄

၈။ တန္တရယာန ၁၆၀

၉။ ဗြာဟ္မဏဝါဒ ၁၈၈

၁၀။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏သာသနာပယုံကြည်
ကိုးကွယ်မှုများ ၁၉၂

နိဂုံး ၂၁၀

မှီငြမ်းပြုကျမ်းများ ၂၁၁

# စကားဦး

ဤစာအုပ်၏ နိဒါန်းပိုင်းတွင် ထေရဝါဒ၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် ထိုရည်ရွယ်ချက်ဖြစ်မြောက်အောင် ကြိုးပမ်း ဆောင်ရွက်ကြပုံ တို့ကို ဖော်ပြထားပါသည်။

ထေရဝါဒသည် ဂေါတမဗုဒ္ဓ၏ ဒေသနာများကို ပင်ရင်းအ တိုင်း ထိန်းသိမ်းလိုက်နာရန် ကြိုးပမ်းသော အယူဝါဒဖြစ်၍ ထိုသို့ ထိန်းသိမ်းထားသော ဗုဒ္ဓ၏ ဒေသနာများကို နားလည်နိုင်ရန် နောက်ခံသမိုင်းအခြေအနေနှင့် ဆက်စပ်၍ ပထမပိုင်း၌ ဖော်ပြ ထားပါသည်။ အခန်းတစ်ခုပြီးတစ်ခု ဆက်စပ်ဖတ်ရှုပါက ဗုဒ္ဓ ဘာသာ သည်ထိုခေတ်ထိုအခါက အိန္ဒိယမြေပေါ်ရှိ လူအများစု၏ အတွေး အခေါ်များ၊ ဓလေ့ထုံးစံများ၊ ကျင့်စဉ်များကို အားလုံးပစ်ပယ်ခြင်း မပြုသော်လည်း အကျိုးမဲ့စေမည့် အတွေးအခေါ်များ၊ထုံးစံများ၊ ကျင့်စဉ်များကိုမူ ပြတ်သားစွာဆန့်ကျင် ခဲ့သည်ကို တွေ့ရမည်ဖြစ် သည်။

ဒုတိယပိုင်းတွင် ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာတို့အနေ ဖြင့် မိမိတို့ ယုံကြည်ကိုးကွယ်နေသော ထေရဝါဒနှင့် မိမိတို့ လက် တွေ့ဆောင်ရွက်ချက်များသည် မည်မျှအလှမ်းကွာသည်၊ မကွာသည် ကို ဆက်စပ်နားလည်ရန် မဟာယာန၊ တန္တရဝါဒနှင့်တကွ မြန်မာတို့ ၏ သာသနာပယုံကြည်ကိုးကွယ်မှုများကို ဖြစ်စဉ်လမ်းကြောင်းပေါ်

ရှိ ဆွေးနွေးတင်ပြထားပါသည်။ တစ်ဂိုဏ်းချင်းတစ်ဖွဲ့ချင်း၏ သမိုင်းကို တင်ပြခြင်းမဟုတ်ပါ။

ဤစာအုပ်၌ ဖော်ပြထားသော အချက်အလက်များကိုသုံးသပ်ဆင်ခြင်၍ ထေရဝါဒပိုမိုထွန်းပြောင်အောင် စွမ်းဆောင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

လှိုင်းသစ်စာပေ

# နိဒါန်း

## ထေရဝါဒဆိုသည်မှာ

ထေရဝါဒဟူသောအခေါ်အဝေါ်၌ပါရှိသည့် "ထေရ"သည် အရှင်မဟာကဿပ အစရှိသော ပထမသင်္ဂါယနာတင် မထေရ်ကြီးများကို ရည်ညွှန်းသော ပုဒ်ဖြစ်သည်။ "ဝါဒ" မှာ စကားဟုလည်း ဆိုနိုင်သည်။ အယူဟုလည်း ဆိုနိုင်သည်။ အဆုံးအဖြတ်ဟုလည်း ဆိုနိုင်သည်။ ထေရနှင့်ဝါဒပေါင်းထားသော ပုဒ်ကို "အရှင်မဟာကဿပစသော၊ မထေရ်တို့ထိန်းသိမ်း၊ စောင့်ရှောက်၊ ဆောင်ထားအပ်သော ဘုရားစကား ပါဠိတော်" ဟု ခရစ်နှစ် (၃၅၀)ခန့်က ရေးသည့် ဒီပဝံသကျမ်းတွင် ပြဆိုထားသည်။ (ဒီပဝံသ၊၄၊၉၀) ထေရဝါဒဆိုသည်မှာ ပထမနှင့်ဒုတိယ သင်္ဂါယနာတို့၌ စုပေါင်းသင်္ဂါယနာတင်ထားအပ် သော ပါဠိပိဋကတ်တော်ကိုပင်ဆိုလိုသည်။ (သာရတ္ထဒီပနီ၊၁၊၁၃၅)။ ထိုပါဠိပိဋကတ်တော်ကို နောင်တွင် ပေါ်ထွန်းလာသည့် မဟာသံဃိကစသော ဂိုဏ်းခွဲများ၏ ဝါဒနှင့်မတူ ကွဲပြားကြောင်း ထင်ရှားစေရန် ထေရဝါဒဟု ခေါ်ဝေါ်ခြင်းဖြစ်သည် (ဝိမတိဋီကာ၊၁၊၃၀)ဟုလည်းဖော်ပြကြသည်။

ထိုပါဠိပိဋကတ်တော် အတိမ်းအယိမ်း မရှိစေရန် ဆက်လက် စောင့်ရှောက် ထိန်းသိမ်းသူ၊ လိုက်နာကျင့်သုံးသူများကို ထေရဝါဒီဟု ခေါ်သည်။ ထေရဝါဒီရဟန်းတော်များ၏ အဆက်အနွယ်ကို ထေရဝံသဟု ခေါ်သည်။

## ဗုဒ္ဓဘာသာဆိုသည်မှာ

ဂေါတမဗုဒ္ဓဟောကြားတော်မူခဲ့သည့် တရားဒေသနာများကို ပါဠိပိဋကတ်စာပေ၌ ဗုဒ္ဓဝစန ဟုခေါ်သည်။ သဗ္ဗညုတဉာဏ် ရ၍ ဘုရားဖြစ်တော်မူစ၌ ဗုဒ္ဓမြွက်ကြားကျူးရင့်ခဲ့သည့် "အနေကဇာတိသံသာရံ" အစချီသော ဥဒါန်းစကားကို ပထမဗုဒ္ဓဝစနဟု သတ်မှတ်ကြသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံကာနီးတွင် နောက်ဆုံးမိန့်ကြားခဲ့သည့် "ဟန္ဒဒါနိဘိက္ခဝေ အာမန္တ ယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာ ဒေနသမ္ပာဒေထ" ဟူသည့် နောက်ဆုံးအမှာစကားကို. . . ပစ္ဆိမ ဗုဒ္ဓဝစန ဟု ခေါ်ဝေါ်ကြသည်။ ထိုပထမ ဗုဒ္ဓဝစနနှင့် ပစ္ဆိမဗုဒ္ဓဝစန တို့အကြား၊ (၄၅)ဝါ ပတ်လုံးဘုရားရှင် ဟောကြားခဲ့သည့်တရားဒေသနာများကို မဇ္ဈိမဗုဒ္ဓဝစနဟု ခေါ်သည်။

ဗုဒ္ဓဝစနတို့မှာ ဘုရားရှင်က ဆုံးမခဲ့သော အဆုံးအမဩဝါဒများဖြစ်၍ ဗုဒ္ဓသာသနာဟုလည်း ခေါ်ဝေါ်အပ်သည်။ အကောင်းအဆိုး၊ ကုသိုလ် အကုသိုလ်စသည်တို့ကို မြင်သိအောင် ဘုရားရှင်က ညွှန်ပြ ထားသော တရားတော်များဖြစ်၍ ဗုဒ္ဓဒေသနာဟုလည်း ခေါ်ဝေါ်အပ်သည်။(ဘုရားရှင်လက်ထက်တွင် ဘုရားရှင်၏ မျက်မှောက် သာဝကကြီးများက ဘုရားရှင်၏နည်းကို မှီးလျက် ဟောကြားခဲ့သော အဆုံးအမအချို့ကိုလည်း ဗုဒ္ဓအဆုံးအမကဲ့သို့ပင် အလေးထားကာ ပိဋကတ်၌ ထည့်သွင်းစုစည်းထားလေသည်။)

ဗုဒ္ဓသာသနာ ဗုဒ္ဓအဆုံးအမကို ယခုအခါ ဗုဒ္ဓဘာသာ ဟုခေါ်ဝေါ်နေကြသည်။ ဤတွင်"ဘာသာ" ဟူသောပုဒ်သည်

'ဘာသ်'ပြောဆိုခြင်းဟူသော ဓာတ်မှဆင်းသက်လာခြင်းဖြစ်၍ ဗုဒ္ဓအဆုံးအမ အတိုင်းပြောဆိုကာ လိုက်နာကျင့်သုံးခြင်းကို ဗုဒ္ဓဘာသာဟု ခေါ်မည်ဆိုက ခေါ်နိုင်ရာသည်။ သို့ရာတွင် ဗုဒ္ဓဝစနတို့ကို Religion ခေါ် ကိုးကွယ်မှုဘာသာ ဖြစ်သည်ဟုကား တစ်ထစ်ချသတ်မှတ်နိုင် မည်မဟုတ်ချေ။အကြောင်းမူ(Religion) ဆိုသည်မှာ ဖန်ဆင်းရှင် ကို လက်ခံယုံ ကြည်ပြီး၊ စကြဝဠာနှင့်တကွ သတ္တဝါအားလုံးကို ဖန်ဆင်းရှင်က ထိန်းချုပ်လျက်ရှိသည်ဟု လက်ခံသော ကိုးကွယ်မှု ဘာသာတရား ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓသာသနာ၌ ဖန်ဆင်းရှင် အယူအဆကို လုံးဝ လက်မခံချေ။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာသည် Religion တစ်ရပ်' မဟုတ်ဟု ဆိုနိုင်သည်။

အနောက်တိုင်းသားတို့က ဗုဒ္ဓဘာသာကို ထိတွေ့လေ့လာမိကြသောအခါ ဂေါတမဗုဒ္ဓဆုံးမခဲ့သော တရားတို့ကို ဗုဒ္ဓဝါဒ Buddhismဟုခေါ်ဝေါ်လာကြသည်။ ဤအခေါ်အဝေါ်၌ ပါဝင်သော"ဝါဒ"သည်"ism" ဖြစ်သည်ဟု ဆိုပါကဗုဒ္ဓသာသနာသည် ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ၊ အလုပ်သမားဝါဒ စသည်တို့၌ သုံးနှုန်းသော "ဝါဒ" မျိုးဖြစ်သည်ဟု သတ်မှတ်ရန် ခဲယဉ်းလှပေသည်။ ထို့ပြင်ဗုဒ္ဓ၏အဆုံးအမတို့ကို ပုဂ္ဂိုလ်အလိုက်ဖြစ်စေ၊ အဖွဲ့အလိုက်ဖြစ်စေ လက်ခံပြောဆို ကျင့်သုံးမှုကိုသာ ဗုဒ္ဓဘာသာဝင်တို့က ဝါဒဟုခေါ်ဝေါ်လေ့ရှိသည်။ ဥပမာရှင်မဟာကဿပ အစရှိသော ရဟန္တာမထေရ်ကြီးများက ဗုဒ္ဓဝစန အစစ်များဟု သတ်မှတ်လက်ခံ ပြောဆိုကျင့်သုံးနေသော ပိဋကတ်တော်များ၊ ကျင့်စဉ်များကို ထေရဝါဒဟု ခေါ်သည်။ ဗုဒ္ဓအဆုံးအမများနှင့် ပတ်သက်၍ ဆရာ အရှင်လက်ခံကျင့်သုံးသော

အယူအဆကို အာစရိယဝါဒဟု ခေါ် သည်။ ဗုဒ္ဓကိုယ်တော်တိုင်နှင့် ပတ်သက်၍မူ၊ သာသနာတော်ကျမ်းများ၌ ဗုဒ္ဓဝါဒဟု ခေါ်ဝေါ်ခြင်းမရှိချေ။

ထို့မှတစ်ပါး ဗုဒ္ဓဘာသာဝင်မဟုတ်သော အနောက်တိုင်းသား ပညာရှင်များကဗုဒ္ဓသာသနာကို ဒဿန(Philosophy)တစ်ရပ်အဖြစ် သတ်မှတ်လေ့ရှိကြသည်။ မှန်ကန်သော အသိဉာဏ်အပေါ်အခြေခံပြီး မှန်ကန်သော ဆောင်ရွက်မှုများ ပြုကာလူ့ကောင်းကျိုးပြုလုပ်ငန်းများနှင့် ဆက်နွယ်နေခြင်းကြောင့် ဤသို့ဒဿနတစ်ရပ်အဖြစ် သတ်မှတ်ကြခြင်းဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓသာသနာသည် အတွေးအခေါ် အမြင်သက်သက်မျှကိုသာ တင်ပြခြင်းမဟုတ်။ လူ့ကျင့်ဝတ် တရား လက်တွေ့ကျင့်စဉ် များကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်ရန်တင်ပြထားသည်။ လောကမှ လွတ်မြောက်ရေးတရား တို့ကိုလည်း အတိအကျ ညွှန်ပြထားသည်။

ဗုဒ္ဓဘာသာဝင်အများထုတို့ အကြားတွင် တွေ့ရတတ်သော နတ်ပ,သခြင်း၊ စသည့်ရိုးရာ ယုံကြည်ကိုးကွယ်မှုများနှင့် ဗုဒ္ဓဘာသာအဖွဲ့အစည်းများ တစ်စတစ်စဖွဲ့စည်းဖြစ်ပေါ်လာရာ၌ တွေ့ရတတ်သော လက်တွေ့ကျင့်စဉ်အချို့ကို အကြောင်းပြုပြီး ဗုဒ္ဓသာသနာကို ကိုးကွယ်မှု ဘာသာဟုလည်း သတ်မှတ်ခြင်းလည်းဖြစ်နိုင်သည်။ သို့ရာတွင် ဒဿနပညာ၊ ကိုးကွယ်မှုဘာသာဟူသော အသုံးအနှုန်းတို့မှာ အခြေခံအားဖြင့် အနောက်တိုင်း အယူအဆများသာဖြစ်သည်။ အနောက်တိုင်း၌ပင် ယင်းဝေါဟာရတို့ကို အဓိပ္ပါယ်အမျိုးမျိုး ကောက်ယူနေကြသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာ၌ ပါရှိသော အတွေးအခေါ်များနှင့် ကျင့်စဉ်များကို အနောက်တိုင်းအမြင်ဖြင့် ရှုမြင်ကာ ဒဿနပညာရပ်ဖြစ်သည်၊ ကိုးကွယ်မှုဘာသာတရား

ဖြစ်သည်ဟု ယတိပြတ်သတ်မှတ် ရန်မဖြစ်နိုင်ချေ။"ဗုဒ္ဓသာသနာတွင် ဒဿနဆိုင်ရာဖွင့်ဆိုချက်များ ပါရှိသည့် ဘဝနေထိုင်နည်းအတွက် ဘာသာရေးဆိုင်ရာ သတ်မှတ်ချက်များ ရှိသည်ဟုသာပြောမည်ဆိုကပြောနိုင်ရာသည်။"(Buddhism by kenneth.K.S. Chen,P.3)ဟုထင်မြင်ချက် ပေးသူများလည်းရှိသည်။

ဗုဒ္ဓဘာသာဟူသောအနက်နှင့်နီးစပ်သည့် "ဗုဒ္ဓဘာသိတ" ဟူသော အသုံးကိုမူ ပိဋကတ်စာပေ၌ တွေ့ရသည်။ ဗုဒ္ဓဘာသိတသည် ဘုရားရှင်ဟောကြားအပ်သော တရားကိုဆိုလိုသည်။ ဘုရားရှင်ဟောကြားအပ်သော တရားတို့မှာ ဝိနယပိဋကတ်တစ်ခုလုံး၊ အဘိဓမ္မပိဋကတ်တစ်ခုလုံး၊ သုတ္တန္တပိဋကတ်မှ ဓမ္မပဒ၊ စရိယပိဋက၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ သုတ္တနိပါတ၊ ဝိမာနဝတ္ထု၊ ပေတ ဝတ္ထု၊ ဗြဟ္မဇာလအစရှိသော သုတ်များဖြစ်သည်ဟု ဝိနည်းအဋ္ဌ ကထာ၌ပြဆိုထားသည်။ ထို့ပြင် သာဝကတို့ ဟောအပ်သော တရား (သာဝက ဘာသိတ)များကိုလည်း ဗုဒ္ဓဟောအပ်သော တရားများနှင့် တန်းတူအလေးထားကာ၊ ပိဋကတ်တော်၌ ထည့်သွင်းစုစည်းထားသည်။ ထို့ကြောင့် လက်ရှိပါဠိပိဋကတ်တော်တစ်ခုလုံးကိုပင် ဗုဒ္ဓဘာသာ(ဗုဒ္ဓဘာသိတ)ဟု ခေါ်လိုကခေါ်နိုင်ပေသည်။

ဗုဒ္ဓ၏အဆုံးအမအတိုင်း လိုက်နာကျင့်သုံးသူများကို ဗုဒ္ဓဘာသာဝင်များ(Buddhists)ဟု ခေါ်ဝေါ်လေ့ရှိသည်။ ဗုဒ္ဓဘာသာဝင်ရဟန်းရှင် လူများနှင့်တကွ၊ ထိုသူများ၏ ဘာသာရေးကိစ္စများ၊ ယုံကြည်ချက်များ၊ ဗုဒ္ဓအဆုံးအမတရားတော်များ အားလုံးကို သိမ်းကျုံး ခေါ်ဝေါ် ရာ၌လည်း ဗုဒ္ဓသာသနာဟုပင် သုံးနှုန်းကြသည်။

## ပါဠိပိဋကတ်တော်

ဂေါတမဗုဒ္ဓသည် မည်သည့်ဘာသာစကားကို အသုံးပြု လျက် တရားအဆုံးအမများကို ဟောကြားညွှန်ပြခဲ့သနည်း။ ဤ အချက်ကို ပညာရှင်များက စိတ်ဝင်စားစွာ လေ့လာကြသည်။

ဤသို့စူးစမ်းလေ့လာရာ၌ ဗဟိုပြုကာ စူးစမ်းရှာဖွေဆင်ခြင် ကြရသည့် ဘုရားရှင်လက်ထက်ကအဖြစ်အပျက်တစ်ရပ်ရှိသည်။ ဘုရားရှင် လက်ထက်ကအပြောကောင်း၊ အဟောကောင်း၊ အဆို ကောင်းသော ဗြာဟ္မဏအနွယ်ဝင်ရဟန်းညီနောင်နှစ်ပါးသည် တစ် ခါတွင် ဘုရားရှင်ထံသို့ဝင်ရောက်ပြီး "ယခုအခါ ဇာတ်အမျိုးမျိုး၊ အနွယ်အမျိုးမျိုးမှ ရဟန်းပြုလာသူများသည် သကနိရုတ္တိသုံးစွဲကာ ဗုဒ္ဓဝစနတို့ကို ဖျက်ဆီးနေကြပါသည်။ အရှင်ဘုရား . . ဗုဒ္ဓဝစနတို့ ကို 'ဆန္ဒသော'ဖြင့် ပြန်ဆိုမှတ်တမ်းတင်ထားလိုပါသည်" ဟု လျှောက် ထားကြသည်။ ထိုအခါ ဘုရားရှင်က ထိုရဟန်းနှစ်ပါးအား ပြစ်တင် ရှုတ်ချပြီး "ဗုဒ္ဓဝစနတို့ကို ဆန္ဒသောဖြင့် မတင်ရ။ သကနိရုတ္တိဖြင့် ဆောင်ထားရမည်" ဟု မိန့်တော်မူသည်။

ဤအဖြစ်အပျက်၌ ပါရှိသော ဆန္ဒသော ပုဒ်မှာ ဆန်းကျမ်း နှင့်အညီ ရေးသားရသော သက္ကတဘာသာ စကားဖြစ်သည် ဟု အဓိပ္ပာယ်ကောက်ယူကြပြီး၊ ဗြာဟ္မဏအနွယ်ဝင် ထိုရဟန်း ညီနောင် တို့က မိမိတို့ အမြတ်တနိုးထားသော သက္ကတဘာသာဖြင့် ဗုဒ္ဓ ဝစန တို့ကို ပြန်ဆိုမှတ်တမ်းတင်ထားရန် အကြံပြုတင် ပြခြင်းဖြစ်သည်ဟု ယူဆကြသည်။ သကနိရုတ္တိကိုမူ မိမိ၏ သုံးစွဲရင်း ဘာသာစကား

ဟုလည်း ယူဆကြသည်။ ဘုရားရှင်သုံးစွဲနေကျ ဘာသာ စကား ဖြစ်သည်ဟု လည်း တွေးယူကြသည်။ ထို့ပြင် ဘုရားရှင်သုံးစွဲနေကျ ဘာသာစကားမှာ မဂဓတိုင်းသုံး မာဂဓီဖြစ်ပြီး ယခုအခါ ပါဠိ ဘာသာဟုခေါ်ဝေါ် နေသော ဘာသာစကားပင်ဖြစ်သည် ဟုလည်း အမိပ္ပာယ် ကောက်ယူကြသည်။ထိုသို့အဓိပ္ပာယ် ကောက်ယူရခြင်းမှာ ဘုရားဟောစဉ် ဒေသနာကို'ပါဠိ'ဟုခေါ်ဝေါ်ကြခြင်းကြောင့် ဖြစ်သည်။ ဘုရား၏စကားတော်အစဉ် ဒေသနာ သည် မာဂဓီ ဘာသာဖြင့်ရှိနေခြင်းကြောင့် ထိုဒေသနာကို ပါဠိဟု ခေါ်ဝေါ်ရာမှ မာဂဓီဘာသာကိုလည်း ပါဠိဘာသာဟု ခေါ်ဝေါ်လာ ကြခြင်း ဖြစ်သည်။ ထိုဘုရားဟောပါဠိဘာသာဖြင့် မှတ်တမ်းတင်ထား အပ်သော ပိဋကတ်တော်များကို ထေရဝါဒီတို့က ဘုရားရှင် လက်ထက်မှစပြီး ယခုအချိန်တိုင်အောင် ဆက်လက်ထိန်းသိမ်းထား လေသည်။

## သင်္ဂါယနာတင်ရခြင်းရည်ရွယ်ချက်

ပါဠိပိဋကတ်ကို ထေရဝါဒတို့ ထိန်းသိမ်းစောင့်ရှောက်ရာ၌ သင်္ဂါယနာတင်ပွဲများသည် အဓိကမှတ်တိုင်များဖြစ်သည်။ အဘယ် ကြောင့် သင်္ဂါယနာတင်ခဲ့သနည်း။ ဗုဒ္ဓဒေသနာတို့ကို အတိမ်းအယိမ်း မရှိအောင် ထိန်းသိမ်းလိုက်နာနိုင်ရေးအတွက် သင်္ဂါယနာတင်ခဲ့ကြ ခြင်းပင်ဖြစ်သည်။

## ပထမသင်္ဂါယနာတင်ခြင်း

မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာကို ဖြန့်ချိတော်မူ ခဲ့သော ဂေါတမ ဗုဒ္ဓသည် ခရစ်ကြိုနှစ် (၄၈၃) ခုနှစ်တွင်၊ ကုသိနာရုံအနီးရှိ မလ္လမင်း တို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင်ပျိုနှစ်ပင်အကြား၊ ခင်းထားအပ်သော ညောင်စောင်းထက်၌ မြောက်သို့ဦးခေါင်းပြု လှဲလျောင်းလျက် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ကြောင်း ကြားသိရသောအခါ ရာဂမကင်းသေးသော ရဟန်းတို့သည် ဝမ်းနည်းပူဆွေး ငိုကြွေးကြသည်။ ရာဂကင်းပြီးသော ရဟန်းတို့သည် အနိစ္စသဘောကို ဆင်ခြင်ကာ တရား သံဝေဂ ယူကြကုန်သည်။ ရဟန်းပရိသတ်ထဲမှ သုဘဒ္ဒအမည်ရှိသော တောထွက်ကြီးသည် "ငါ့ရှင်တို့ မငိုကြွေးကြကုန်လင့်၊ ယခုအခါ ငါတို့သည် ရဟန်းကြီး ဂေါတမ၏ လက်မှ ကောင်းစွာ လွတ်မြောက်ကြပြီ။ ရဟန်းကြီးဂေါတမသည် ငါတို့ကို အရာရာ၌ ချုပ်ချယ်ခဲ့သည်။ ယခုမူ ငါတို့လိုရာ ပြုနိုင်ကြအံ့" ဟုဆိုသည်။

တောထွက်ရဟန်းကြီး သုဘဒ္ဒ၏ အမနာပစကားများကို ကြားသိရသောအခါ၊ အရှင်မဟာကဿပသည် ဗုဒ္ဓဒေသနာတော်များ ဆက်လက်တည်တံ့နိုင်ရေးအတွက် အလေးအနက်ဆင်ခြင်မိသည်။ ဘုရား ပရိနိဗ္ဗာန်ပြု၍ ဘုရားရှင်၏ ရုပ်ကလာပ်တော် ထင်ရှားရှိနေပါသေးလျက်၊ သာသနာ၏ အမှိုက်သရိုက်သည် ထင်ရှားထွက်ပေါ်လာပြီ။ ဤသို့အလိုဆိုးရှိသူများသည် ကာလ ရှည်၍ သဘောတူရာ ပူးပေါင်းမိလာပါက ဗုဒ္ဓသာသနာတော်ကို

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်



ဆုတ်ယုတ်စေနိုင်ရာသည်။ ထို့ကြောင့် မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ ဘုရားဟောဓမ္မနှင့် ဝိနယတို့ကို စုစည်းတည်းပြတ်၍ဆောင်ထားမှ ဖြစ်မည်။ စုပေါင်းသင်္ဂါယနာတင်အံ့ဟု အကြံဖြစ်သည်။ ထိုအကြံအတိုင်း ဘုရားရှင် ရုပ်ကလာပ်တေဇောဓာတ်လောင်ပြီး၍ ဘုရားရှင်ပရိနိဗ္ဗာန်ပြုသည်မှ သုံးလအကြာတွင် အရှင်မဟာကဿပအမှူးပြုသော ရဟန္တာမြတ်ကြီးတို့က ဗုဒ္ဓဝစနတို့ကို ဓမ္မနှင့်ဝိနယအဖြစ် စုစည်းကာ ပထမသင်္ဂါယနာတင်ခဲ့ကြခြင်းဖြစ်သည်။

ဤပထမသင်္ဂါယနာတင်မထေရ်ကြီးတို့သည် မူသုံးရပ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ကြသည်။ မူသုံးရပ်မှာ-

၁။ သံဃာသည်ဘုရားမပညတ်ခဲ့သည်ကို ပညတ်ခြင်းမပြုအံ့။

၂။ ဘုရားပညတ်ခဲ့သည်ကို ဖြုတ်ပယ်ဖျက်ဆီးခြင်းမပြုအံ့။

၃။ ဘုရားပညတ်ခဲ့သော သိက္ခာပုဒ်များကို ကောင်းမွန်စွာ လိုက်နာကျင့်သုံးအံ့။

ဤမူသုံးရပ်အတိုင်း ဖြည့်စွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းလုံးဝမပြုဘဲ၊ ဗုဒ္ဓဝစနတို့ကိုမူလရှိရင်းစွဲ အတိုင်း ရှိသေစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြခြင်းဖြစ်သည်။ အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဗုဒ္ဓ၏ ဓမ္မဝိနယတို့သည် ဗုဒ္ဓဟောကြားသည့်အတိုင်း အတိမ်းအယိမ်း မရှိဘဲ၊ နှစ်ပေါင်းတစ်ရာခန့် ဆက်လက်တည်ထွန်းခဲ့လေသည်။

## ဒုတိယသင်္ဂါယနာတင်ရခြင်း

ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး နှစ်(၁၀၀)အကြာတွင် ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာတင်ခဲ့သည်။ တင်ရခြင်း အကြောင်းရင်းမှာ ထိုစဉ်က ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဝိနည်း သိက္ခာပုဒ်များကို ပြင်ဆင်ချက် (၁၀)ချက်ထုတ်ကာ ကျင့်သုံး နေကြခြင်းကြောင့်ဖြစ်သည်။

ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဝိနည်း ပညတ်ချက်တို့မှ (၁၀)ချက်ကို မိမိတို့လိုရာ ဆွဲ၍ ပြုပြင်ကျင့်သုံး ခဲ့ကြသည်။ ဥပမာ ရှင်ရဟန်းတို့သည် ရွှေငွေကို မကိုင်တွယ်အပ်၊ အလှူမခံအပ်ဟု ဘုရားရှင်ပညတ်ထား၏။ ဝဇ္ဇီတိုင်းသား ရဟန်းများ ကမူ၊ ရွှေငွေကို အလှူခံကာ သုံးစွဲနေကြသည်။

ထိုအချိန်တွင် အဇာတသတ်မင်း၏ သားစဉ်မြေးဆက်ပြတ်၍ သုသုနာဂမင်းနန်းတက်သောအခါ သုသုနာဂမင်းသည် ဝေသာလီမျိုးဖြစ်၍ ဝေသာလီပြည်သား ဝဇ္ဇီရဟန်းများကိုလည်းကောင်း၊ နိဂဏ္ဌနာဋပုတ္တဂိုဏ်းသား(ဂျိန်းရဟန်း)များကိုလည်းကောင်း၊ ထောက်ပံ့ အားပေးခဲ့သည်။ သုသုနာဂ၏သား၊ ကာလာသောကမင်းသည်လည်း ဝေသာလီပြည်သား ဝဇ္ဇီရဟန်းများကို အားပေးချီးမြှောက်လေသည်။

ဘုရင်၏အားပေးမှုကို ရရှိသောကြောင့် ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဝိနည်းပြင်ဆင်ချက်(၁၀)ချက်ကို ပြောင်ပြောင် တင်းတင်း ကျင့်သုံးခဲ့ကြသည်။ ထိုအကြောင်းကိုကြားသိ၍ အရှင် မဟာယသ ဝေသာလီသို့ ကြွလာသည်။ ဝိနည်းပြင်ဆင်ချက်များ မှားယွင်းကြောင်း ထောက်ပြကာ အမှန်အတိုင်း ကျင့်သုံးရန်ဆုံးမ

သည်။ ဝဇ္ဇီတိုင်းသားရဟန်းတော်များက မနာခံရုံသာမက အရှင်ယသကိုပင် ပြန်လည်အပြစ်တင်ကာ ဝေသာလီပြည်ရှိ ဒါယကာတို့အား၊ ရွှေငွေလှူမှုကြောင့် ကဲ့ရဲ့ ရှုတ်ချသည့်အတွက် ဝေသာလီပြည်တွင်း လှည့်လည်တောင်းပန်ရမည်ဟု "ပဋိသာရဏီယကံ" ပြုကြသည်။ အရှင်ယသက မြို့တွင်းလှည့်လည်ကာ ဝိနည်းအမှန်ကို ရှင်းပြရာ၊အရှင်ယသကို ဒါယကာတို့က လေးစားကြည်ညို သွားကြသည်။ ထိုအခါ ဝဇ္ဇီရဟန်းတို့သည် အရှင်ယသ ကိုသံဃဘောင်မှ ဖဲကြဉ်မှု၊ ဝိုင်းပယ်မှု "ဥက္ခေပနိယကံ" ပြုရန် သံဃာ့အများ စုဝေးကြသည်။အရှင်ယသ သည် အဘိညာဉ် တန်ခိုးဖြင့် ကောသမ္ဗီပြည်သို့ ကြွသွားလေသည်။

ထို့နောက် . . . မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပျောက်မီ ဒုတိယသင်္ဂါယနာ တင်နိုင်ရန် အရှင်ယသ၊ အရှင်သမ္ဘူတစသော မထေရ်မြတ်တို့က ကြိုးပမ်းခဲ့သည်။ ဤသည်မှာ ထေရဝါဒဂိုဏ်းသားတို့ လက်ခံထားသော ဒုတိယသင်္ဂါယနာတင် ရခြင်းအကြောင်းရင်းဖြစ်သည်။

တရုတ်၊ တိဗက်မှတ်တမ်းများအရမူ ရဟန်းတော် မဟာဒေဝ၏ အယူအဆငါးရပ်ကြောင့် ဒုတိယသင်္ဂါယနာ တင်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုအယူအဆငါးရပ်မှာ-

၁။ ရဟန္တာသည် မေ့လျော့သောကြောင့် ရံခါ၌ ဒုစရိုက်မှု ကျူးလွန်မိရာသည်။

၂။ အချို့ရဟန္တာတို့သည် မိမိတို့ရဟန္တာဖြစ်ကြောင်း သိချင်မှ သိပေလိမ့်မည်။

၃။ ဆရာ၏အကူအညီမပါဘဲ ရဟန္တာအဖြစ်ကို မရရှိနိုင်။

၄။ ရဟန္တာသည် တရားဓမ္မနှင့် ပတ်သက်၍ ဝိစိကိစ္ဆာရှိနိုင်သည်။

၅။ ယောဂီသည် ဒုက္ခ . . ဒုက္ခစသည်ဖြင့် တစ်စုံတစ်ရာနှုတ်မှ ကျူးရင့်ရင်း အရိယာမဂ်လမ်းကိုအဆင့်ဆင့်တက်လှမ်းနိုင်သည်။

ဤအချက်(၅)ချက်တို့မှာ တရားထူးရရေး၊ ရဟန္တာဖြစ်ရေးနှင့် ပတ်သက်၍ ကွဲလွဲသော အတွေးအယူများဖြစ်ကြသည်။ အချို့ပညာရှင်တို့က ဤအချက်များသည် ဒုတိယသင်္ဂါယနာတင်ရခြင်း၏ အကြောင်းအရင်းမဟုတ်။ ဒုတိယသင်္ဂါယနာတင်ပွဲ အပြီး၌ပေါ်ပေါက်လာသော ဗုဒ္ဓဘာသာ ဂိုဏ်းကွဲရခြင်း၏အကြောင်းရင်းများသာ ဖြစ်သည်ဟု ယူဆကြသည်။

ဝိနည်းသိက္ခာပုဒ်ပြင်ဆင်ခြင်းကြောင့် ဖြစ်စေ၊ ရဟန္တာနှင့်ပတ်သက်သော အယူအဆများကြောင့်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့် တင်ရသည်ဖြစ်စေ၊ ဗုဒ္ဓဝစနတို့ကို အတိမ်းအယိမ်း မရှိဆက်လက်ထိန်းသိမ်းနိုင်ရန် သင်္ဂါယနာတင်ခဲ့ရခြင်းကား သေချာသည်။

ရှေးဦးက ဝဇ္ဇီတိုင်းသားရဟန်းများကို အားပေးချီးမြှောက်ခဲ့သော မာဂဓပြည့်ရှင် ကာလာသောကမင်းသည် နောက်ပိုင်းတွင်အမြင်မှန်ရရှိလာပြီး၊ အရှင်ရေဝတ အကြီးအမှူးပြုသော ဒုတိယသင်္ဂါယနာကို အာဏာစက်ဖြင့်လည်းကောင်း၊ ပစ္စည်းလေးပါးဖြင့်လည်းကောင်း ထောက်ပံ့ကူညီကာ သာသနာ့ဒါယကာအဖြစ် ခံယူခဲ့သည်။

ဒုတိယသင်္ဂါယနာဖြင့် ဗုဒ္ဓဝစနတို့ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း ရည်ရွယ်ချက်အတိုင်း ရာခိုင်နှုန်းပြည့်အောင်မြင်သည်ဟုအား မဆိုနိုင်ချေ။ အကြောင်းမှာ ဝိနည်းသိက္ခာပုဒ် (၁၀)ချက်ကို ပြင်ဆင်ခြင်းများ မှားယွင်းကြောင်း အရှင်ရေဝတအမှူးပြုသော ရဟန္တာအရှင်မြတ်များက ဆုံးဖြတ်ကြသော်

လည်း ဝဇ္ဇီတိုင်းသား ရဟန်းများကမူ ထိုဆုံးဖြတ်ချက်ကို မနာခံခဲ့ကြချေ။ ယင်းတို့အား သံဃကံပြုလျက် နှင်ထုတ် လိုက်သောအခါ ဝဇ္ဇီတိုင်းသားရဟန်းများသည် ဝေသာလီမှ ထွက်ခွာလျက် အနယ်နယ်အရပ်ရပ်တွင် မိမိတို့ကဲ့သို့သော အခြား အလဇ္ဇီရဟန်းများကို စုရုံး၍ ရဟန်းတစ်သောင်းဖြင့် ကောသမ္ဗီမြို့တွင် စင်ပြိုင်သင်္ဂါယနာတင်ခဲ့ကြသည်။ မိမိတို့ သင်္ဂါယနာကို မဟာသင်္ဂီတိဟု ကင်ပွန်းတပ်ကြပြီး မိမိတို့ကိုယ်ကိုလည်း မဟာသင်္ဂီတိဂိုဏ်းဟုလည်းကောင်း၊ မဟာ သံဃိကဂိုဏ်း ဟုလည်းကောင်းအမည်ပေးကြလေသည်။

ဤနည်းဖြင့် ဒုတိယသင်္ဂါယနာတင်ပွဲအပြီးတွင် ဗုဒ္ဓသာသနာ၌ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း အထင်အရှားကွဲလာခဲ့သည်။ ထေရဝါဒဂိုဏ်းကသာ၊ ဗုဒ္ဓဝစနတို့ကို မူလရှိရင်း (ပါဠိပိဋကတ်) အတိုင်း လက်ခံလိုက်နာကျင့်သုံးသော်လည်း၊ မဟာသံဃိကဂိုဏ်းကမူ ပိဋကတ်တော်ကို မိမိတို့စိတ်တိုင်းကျ ရှေ့နောက်စီစဉ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုခဲ့ကြသည်။

ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းအသီးသီးမှလည်း နောင်တွင် ဂိုဏ်းကွဲများ ထပ်မံပေါ်ထွန်းလာခဲ့ပြန်လေသည်။

## တတိယသင်္ဂါယနာတင်ခြင်း

သာသနာသက္ကရာဇ်(၂၃၅)တွင် မဂဓတိုင်း ပါဋလိပုတ်ပြည်၌ တတိယသင်္ဂါယနာတင်ခဲ့ကြသည်။

အသောကမင်းကြီးသည် ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီးနောက်

ဗုဒ္ဓသာသနာကို လွန်စွာချီးမြှောက်ခဲ့သည်။ ထောက်ပံ့လှူဒါန်းခဲ့သည်။ ဗုဒ္ဓဘာသာဝင်မဖြစ်မီက လှူဒါန်းခဲ့ဖူးသော တက္ကထွန်းခြောက်သောင်းတို့အား ရှေးကကဲ့သို့ နန်းတော်သို့ အဝင်မခံတော့ဘဲ နှင်ထုတ်ခဲ့သည်ဟုအဆိုရှိသည်။ အသောကမင်း သည်ပြိုင်ဘက်ကင်းသောသာသနာ့ဒါယကာအဖြစ် ဗုဒ္ဓသာသနာကို လှူဒါန်းထောက်ပံ့ရာ သာသနာလွန်စွာ စည်ပင်လာခဲ့သည်။ ထိုအခါ ဗြာဟ္မဏရဟန်း၊ ဂျိန်းရဟန်း၊ အာဇီဝက တက္ကထွန်းစသော အခြားဘာသာရေးဂိုဏ်းသားများသည် အနေအစား ချောင်စေရန် ဗုဒ္ဓသာသနာအတွင်း ဝင်ရောက်ရဟန်းပြုခဲ့ ကြသည်။ သဒ္ဓါကြောင့်မဟုတ်၊ လာဘ်လာဘ ရရုံသက်သက်မျှသာ ဖြစ်သည်။ ရဟန်းပြုခွင့်မရသူများကလည်း မိမိတို့ဘာသာ သင်္ကန်းကို ဝတ်ရုံကာ ရဟန်းအသွင်ဆောင်ခဲ့ကြလေသည်။

ထိုသို့လာဘ်ကြောင့် သင်္ကန်းဝတ်လာသူများ၊ ရဟန်းယောင်ဆောင်လာသူများသည် ဗုဒ္ဓသာသနာတော်အတွင်း ဝင်လျက် မိမိတို့၏ မူလအယူဝါဒများကို ဗုဒ္ဓဘာသာအယူဝါဒများဖြစ်လေဟန် ဟောပြောခဲ့ကြသည်။ မူလကျင့်စဉ်များကိုလည်း သင်္ကန်းဝတ်ဖြင့် ဆက်လက်ကျင့်သုံးကာ စိတ်ထင်တိုင်း ပြုခဲ့ကြသည်။

ထိုရဟန်းတု၊ ရဟန်းယောင်များသည် နေရာတိုင်းလိုလိုမှာပင် ရဟန်းကောင်းများနှင့် ရောနှောပါဝင်နေသောကြောင့် ရဟန်းကောင်းများအဖို့ သံဃကံကိုဆောင်ရန် အခက်အခဲရှိလာသည်။ဥပုသ်ပဝါရဏာ မပြုနိုင်ဖြစ်လာသည်။ အသောကမင်းကြီး၏ ကောင်းမှုဖြစ်သော အသောကာရုံကျောင်းကြီးတွင် သံဃာတော်များ ဥပုသ်ပဝါရဏာ မပြုနိုင်ကြဘဲ (ခုနစ်)နှစ် ရပ်ဆိုင်းသွားခဲ့သည်။

အသောကာရုံကျောင်းတိုက်တွင် ဖြစ်ပေါ်နေသောပြဿနာ

များကို ဖြေရှင်းစေရန် မင်းကြီးသည် အမတ်တစ်ယောက်ကို စေလွှတ်ခဲ့သည်။ ထိုအမတ်သည် ရဟန်းကောင်းများကို ဥပုသ်ပဝါရဏာမပြုသောကြောင့် အမိန့်မနာခံဟု ဆိုကာ သတ်ဖြတ် ပစ်လေသည်။ ထိုအကြောင်းကို ကြားသိရသော အသောကမင်းမှာ လွန်စွာစိတ်ဆင်းရဲခဲ့သည်။ ထိုပြဿနာကို ဖြေရှင်းပေးနိုင်မည့် ပုဂ္ဂိုလ်ကို ရှာဖွေစုံစမ်းရလေတော့သည်။ ထိုအခါ သံဃာတော်တို့၏ ညွှန်ကြားချက်အရ အဟောဂင်္ဂါတောင်၌ သီတင်းသုံးနေသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကို နေပြည်တော်သို့ ပင့်လျက် ဩဝါဒခံယူပြီး၊ မထေရ်မြတ်၏ ဦးဆောင်မှု၊ လမ်းညွှန်မှုအတိုင်း သာသနာတော်သန့်ရှင်း၊ တည်တံ့ထွန်းကားစေရန် တတိယသင်္ဂါယနာတင်ခဲ့ရခြင်းဖြစ်သည်။

ယခုတင်ပြခဲ့သော ပထမ၊ ဒုတိယနှင့်တတိယ သင်္ဂါယနာတင်ပွဲ အသီးသီး၏ အကြောင်းရင်းကို ဆန်းစစ်ကြည့်ပါက ဗုဒ္ဓသာသနာမှ သွေဖီခံယူမှု၊ ကျင့်သုံးမှုများပေါ်ပေါက်လာ၍ ထိုသွေဖီမှုများကို ဖယ် ရှားကာ ဗုဒ္ဓ၏ ဓမ္မနှင့် ဝိနယတို့ကို မူလရှိရင်းအတိုင်း ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသိသာသည်။ ပထမသင်္ဂါယနာ၌ ဦးစွာတည်းဖြတ်သုတ်သင်ခဲ့သော ပါဠိပိဋကတ်ကိုသာ ဗုဒ္ဓသာသနာအစစ်၊ ဗုဒ္ဓဝစနအစစ်အဖြစ် လက်ခံကာ ဒုတိယနှင့် တတိယသင်္ဂါယနာတို့၌ ထပ်မံအတည်ပြုခံယူခဲ့ကြခြင်းဖြစ်ကြောင်းလည်း သိရှိနိုင်သည်။ တစ်နည်းဆိုရလျှင် ထေရဝါဒ၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓ၏ ဓမ္မနှင့် ဝိနယတို့ကို ဖြည့်စွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းမပြုဘဲ မူလရှိရင်းစွဲ ဘုရားဟောအတိုင်း ထိန်းသိမ်းစောင့်ရှောက်ကာ လိုက်နာကျင့်သုံးနိုင်စေရန်သာဖြစ်ကြောင်းထင်ရှားသည်။

ထိုရည်ရွယ်ချက်အတိုင်းပင် ထေရဝါဒီတို့သည် ဗုဒ္ဓဝစနတို့

ကို မူလရှိရင်းအတိုင်း လက်ခံကာ လိုက်နာကျင့်သုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သာဓကများလည်း ဗုဒ္ဓသာသနာသမိုင်းတွင် အထင်အရှားရှိနေလေသည်။

## ထေရဝါဒီတို့ ထိန်းသိမ်းပုံ(အကျဉ်း)

ပထမသင်္ဂါယနာ

ပထမသင်္ဂါယနာကို ဦးစီးဆောင်ရွက်တော်မူခဲ့သော အရှင်မဟာကဿပနှင့် ရဟန္တာငါးရာတို့သည် ဘုရားရှင်ဟောကြားဆုံးမခဲ့သည့် ဓမ္မနှင့် ဝိနယတို့ကို တစ်ခုချင်း စိစစ်ခဲ့ကြသည်။ ဓမ္မနှင့်ပတ်သက်သည့် စိစစ်မေးမြန်းချက်များကို အရှင်မဟာကဿပက မေးမြန်းပြီး၊ အရှင်အာနန္ဒာကတစ်ချက်ချင်း တရားတစ်ပုဒ်ချင်း အသေးစိတ်ဖြေကြားခဲ့သည်။ အရှင်အာနန္ဒာဖြေကြား လျှောက်ထားချက်နှင့် မိမိတို့ မှတ်သားထားချက်များ ကိုက်ညီမှုရှိမရှိ၊ ရဟန္တာမထေရ်မြတ်ကြီးများက ညှိနှိုင်းတည်းဖြတ်ပြီး၊ အားလုံးသဘောတူလက်ခံပြီးသောအခါ စုပေါင်းရွတ်ဆိုမှတ်တမ်းတင်ခဲ့ကြသည်။ အလားတူပင် ဝိနယနှင့် ပတ်သက်၍ အရှင်မဟာကဿပက မေးမြန်းသောအခါ အရှင်ဥပါလိမထေရ်က တစ်ချက်ချင်း၊ သိက္ခာပုဒ်တစ်ခုချင်း ရှင်းလင်းဖြေကြား ခဲ့သည်။ ရဟန္တာအရှင်မြတ်တို့က တိုက်ဆိုင်တည်းဖြတ်ခဲ့ကြသည်။ ထို နောက် စုပေါင်းရွတ်ဆို မှတ်တမ်းတင်ခဲ့ကြသည်။ ထို့ပြင် ဗုဒ္ဓဝစနတို့ကို နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံအဖြစ် ဆိုင်ရာဆိုင်ရာ ခွဲဝေ သွတ်သွင်းကာ အတည်ပြုမှတ်တမ်းတင်ခဲ့ကြသည်။

(ပထမ သင်္ဂါယနာ၌ ခွဲဝေမှတ်တမ်းတင်ထားချက်သည် ယခုတွေ့ရှိရသော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံအတိုင်း ထပ်တူထပ်မျှ ဟုတ်မဟုတ် အခိုင်အမာ မသိရသော်လည်း အခြေခံအားဖြင့် တူညီနီးစပ်သည်ဟု ယူဆရသည်။ ခရစ်နှစ်ငါးရာစုခန့်မှ ပေါ်ထွန်းလာသော အဋ္ဌကထာကျမ်းတို့တွင် တွေ့ရှိရသည့် ရည်ညွှန်းချက်များ အရ၊ ပထမသင်္ဂါယနာ၌ စုစည်းခဲ့သော ပါဠိပိဋကတ်တော်မှာ ယခု တွေ့ရသော ပါဠိပိဋကတ်တော်နှင့် အခြေခံအားဖြင့် ဘူညီသည်ဟု သိရသည်။)

သို့ရာတွင် လက်ရှိပါဠိပိဋကတ်တော်၌ တွေ့ရသည့် ကထာဝတ္ထုကျမ်းနှင့် မိလိန္ဒပဉှာ ကျမ်းတို့မှာ ပထမ သင်္ဂါယနာနှင့် ဒုတိယသင်္ဂါယနာတို့ထက် နောက်ကျသော ကာလမှ ပေါ်ထွက်လာခဲ့သော ကျမ်းများဖြစ်ကြသည်။ သို့ပင်ဖြစ်သော်လည်း ထေရဝါဒဆက် လက်တည်တံ့ကာ ရေရှည်ပြန့်ပွားထွန်းကားနိုင်ရေးကိုရှေးရှုထားသည့် ကျမ်းများဖြစ်၍ ယင်းကျမ်းစာနှစ်ဆူကို ပါဠိပိဋကတ်တော် စာရင်းတွင် ထည့်သွင်းပူဇော်ခဲ့ကြခြင်းဖြစ်သည်။

## ဒုတိယသင်္ဂါယနာ

ပထမသင်္ဂါယနာ၌ "ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည်။ ဝိနည်းတည်မှ သာသနာတည်မည်" ဟုခံယူကာ၊ ဝိနယပိဋကကို ရှေးဦးစွာသင်္ဂါယနာတင်ခဲ့ကြသည်။ ဘုရားရှင်၏ ပညတ်ချက်များကို ဖြည့်စွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်း မပြုဘဲ ရှိရင်း ပညတ်ထားချက်အတိုင်း လက်ခံကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြသည်။

ဘုရားရှင်သည်ပရိနိဗ္ဗာန်စံဝင်ခြင်း မပြုမီက သေးငယ်သော သိက္ခာပုဒ်များကို နုတ်ပယ်လိုက နုတ်ပယ်နိုင်ကြောင်း မိန့်တော်မူခဲ့၏။ သို့ရာတွင် ထိုမိန့်တော်မူချက်နှင့် ပတ်သက်၍ အရှင်အာနန္ဒာက တစ်စုံတစ်ရာမေးမြန်းလျှောက်ထားခြင်း မပြုခဲ့။ မမေးခဲ့ခြင်းမှာ မည်သည့်သိက္ခာပုဒ်ကိုမျှ နုတ်ပယ်ရန်မလိုဟု အရှင်အာနန္ဒာယူဆခဲ့ခြင်းကြောင့်ဖြစ်သည်။ ပထမသင်္ဂါယနာတင်သောအခါ နုတ်ပယ်လိုက နုတ်ပယ်နိုင်ကြောင်း ဘုရားရှင် ခွင့်ပြုခဲ့သည့် သိက္ခာပုဒ်များမှာ မည်သည့်သိက္ခာပုဒ်များဖြစ်မည်နည်းဟု ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက် ၏ နောက်ဆုံးအဖြေမှာ မည်သည့်သိက္ခာပုဒ်ကိုမျှ နုတ်ပယ်လောက် အောင် သေးငယ်ခြင်းမရှိဟု ယူဆကာ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း မပြုဘဲ ဘုရားရှင် ပညတ်တော်မူခဲ့သည့် အတိုင်းသာ လက်ခံကျင့်သုံး ကြရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုဆုံးဖြတ်ချက်နှင့်အညီ လက်ခံကျင့်သုံးခဲ့ကြရာ သာသနာနှစ်(၁၀၀)သို့ရောက်သောအခါ၌မူ ဝဇ္ဇီတိုင်း၏ မြို့တော်ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဝိနည်းပညတ်တော်မှ (၁၀)ချက်ကို မိမိတို့အလိုအတိုင်းပြင်ဆင်ကာ ထင်တိုင်းကျင့်သုံးလာကြ၍ ထိုအစမ္မလုပ်ရပ်များကို ဟန့်တားနိုင်ရန် အရှင်ယသမထေရ်မြတ်ကကြိုးပမ်းခဲ့သည်။

အရှင်ယသသည် ဥဇ္ဇေနီ၊ ရာဇဂြိုလ်၊ သာဝတ္ထိ၊ ကုသိနာရုံစသော မြို့ကြီးများသို့ တမန်စေလွှတ်ကာ အစမ္မဝါဒီရဟန်းဆိုးများ အင်အားမကြီးထွားမီ အချိန်မီ ဝိုင်းဝန်းဆုံးမနှိမ်နင်းကြပါရန် ပန်ကြားလျှောက်ထားသည်။ အရှင်မြတ်ကိုယ်တိုင်လည်း အဟောဂင်္ဂါတောင်သို့ကြွသွားကာ အရှင်သမ္ဘူတထေရ်အားအကြောင်းစုံကို လျှောက်ထားသည်။ ဝဇ္ဇီတိုင်းသားတို့၏ ပြင်ဆင်ချက် (၁၀)ချက်သည် ဝိနည်း

တော်နှင့် ညီမညီမေးမြန်းလျှောက်ထားသည်။ ဝိနည်းတော်နှင့် မကိုက်ညီကြောင်း အရှင်သမ္ဘူတက မိန့်တော်မူသည်။

အရှင်ယသ၏ တမန်စေလွှတ်လျှောက်ထားချက်အရ အနယ်နယ် အရပ်ရပ်မှ ရဟန္တာအရှင်မြတ်(၁၄၀) တို့သည် အဟော ဂင်္ဂါတောင် သို့ စုဝေး ရောက်ရှိလာကြပြီး ၊ သောရေယျမြို့ နေ တိပိဋကဓရ အရှင်ရေဝတ၊ အရှင်သာဠှစသော မထေရ်မြတ်ကြီးများ ပါဝင်လာအောင် ကြံဆောင်အားထုတ်ခဲ့ကြသည်။ ဝေသာလီမှ သက်တော်(၁၄၀)ရှိ အရှင်သဗ္ဗကာမိကိုလည်း ချဉ်းကပ်ကာ ပညတ် ချက်(၁၀)ရပ်သည် ဝိနည်းနှင့်ညီမညီ မေးမြန်းလျှောက်ထားကြ သည်။

ထိုသို့အဓမ္မဝါဒီတို့ကို နှိမ်နင်းရန်အစစ ပြင်ဆင်ပြီး နောက် ဝေသာလီတွင် သံဃာ့အစည်းအဝေးကြီး ကျင်းပရာ သံဃာတော် (၁၂) သိန်း ကြွရောက်လာကြသည်။ ထိုသံဃာ့အစည်းအဝေးမှ နှစ်ဘက် ကိုယ်စားလှယ်မထေရ်မြတ်(၈)ပါးကို ရွေးချယ်ခဲ့ကြသည်။ ရွေးချယ်ခံရ သော မထေရ်မြတ်ကြီး (၈)ပါးတို့သည် အဓိကရုဏ်းကို ဆုံးဖြတ်ရန် ဝါလုကာရုံကျောင်းတိုက်၌ စည်းဝေးကြသည်။ထို ကိုယ်စားလှယ် အစည်းအဝေး၌ အရှင်ရေဝတက အရှင် သဗ္ဗကာမိအား ပြင်ဆင်ချက်(၁၀)ချက်သည် ဝိနည်းနှင့်ညီမညီ တစ်ချက်စီမေးမြန်းသည်။ ဝိနည်းတော်နှင့်မညီကြောင်း တစ်ချက်စီ ဖြေရှင်းဆုံးဖြတ်ခဲ့သည်။

ထို့နောက် မဟာဝုန်ကျောင်းတိုက်တွင် သံဃာ့အစည်း အဝေးကြီး ကျင်းပကာ၊ အထက်ပါအတိုင်း မေးဖြေ၊ ဆုံးဖြတ်တော် မူခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်များကို သံဃာ့အစည်းအဝေးကြီးက လက်ခံ အတည်ပြုခဲ့ကြသည်။ ထိုအစည်းအဝေးကြီးတွင်

လက်ရွေးစင် ရဟန္တာ (၇၀၀)ကို ရွေးချယ်ကာ ဒုတိယသင်္ဂါယနာ ကိုတင်ခဲ့ကြသည်။

**တတိယသင်္ဂါယနာ**

အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿထံမှ ဩဝါဒများကို (၇)ရက်ကြာ ခံယူလေ့လာပြီးနောက် ရဟန်းတော် အားလုံးကို အသောကရုံကျောင်းတိုက်သို့ ပင့်ဖိတ်ကာရဟန်းတော် တို့အား အယူဝါဒတူရာ အုပ်စုအလိုက်၊ မင်းကြီးကိုယ်တိုင် မေးမြန်း စိစစ်သည်။ "မြတ်စွာဘုရားသည် မည်သည့်အယူရှိသနည်း" ဟု မေး မြန်းသော် ဗုဒ္ဓဝစနတို့ကို မသင်ယူဖူးသူတို့က မိမိတို့ထင်ရာ၊ မြင် ရာ ပြောကြသည်။ ထိုသူများကို အဝတ်ဖြူလဲစေကာ သာသနာတော် မှနှင်ထုတ်သည်။ "ဘုရားရှင်သည် ဝိဘဇ္ဇဝါဒီဖြစ်တော်မူ၏" ဟု ဖြေကြားသော ရဟန်းတော်များကို သာသနာတော်၌ ဆက်လက် နေခွင့်ပြုခဲ့သည်။

ထိုသို့အသောကမင်းကြီး စိစစ်ပြီးနောက်၊ ဒုတိယအဆင့်အ ဖြစ် အရှင်မောဂ္ဂလိပုတ္တတိဿကိုယ်တိုင်ရဟန်းတော်များကို မေးမြန်း စိစစ်ကာ ထေရဝါဒီစစ်စစ်များကိုသာ ရွေးချယ်လက်ခံ ခဲ့သည်။ ထိုသို့ အရှင်မြတ်အသေးစိတ်မေးမြန်းစိစစ်ရာ၌ ဝါဒတစ်ခုချင်းကို အပြန်အလှန်အမေးအဖြေပြုကာ စိစစ်ဖယ်ထုတ်တော်မူခဲ့သည်။ ဤ သို့အခြား ဂိုဏ်းသားများ၏ အယူဝါဒများမှားယွင်းပုံကို အရှင်မြတ် ထောက်ပြဝေဖန်သည့် ကျမ်းကို ကထာဝတ္ထုပါဠိတော်ဟု ခေါ်သည်။

ထိုနောက် ရဟန္တာအရှင်မြတ်(၁၀၀၀)ရွေးချယ်ကာ (၉)လ

တိုင်တိုင် တတိယသင်္ဂါယနာတင်ခဲ့ကြသည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ဟောကြားအပ်သော ကထာဝတ္ထုကျမ်းကို ခုဒ္ဒကနိကာယ်ဝင်ကျမ်းတစ်ဆူအဖြစ်ထည့်သွင်း သင်္ဂါယနာတင်ခဲ့ကြသည်။

တတိယသင်္ဂါယနာအပြီးတွင် အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီးများသည် သာသနာပြုအဖွဲ့များကို (၉)တိုင်း(၉)ဌာနသို့ စေလွှတ်ကာ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားအောင် ကြိုးပမ်းအားထုတ်တော်မူခဲ့ကြသည်။

## အရှင်နာဂသိန်နှင့် မိလိန္ဒမင်းတို့၏ ဆောင်ရွက်ချက်

အသောကမင်းကြီးနောက်မင်း(၆)ဆက် မြောက်၌ သုင်္ဂပုရှာမိတြအမည်ရှိ ဗြာဟ္မဏစစ်သူကြီးသည် ဘုရင်ကို လုပ်ကြံကာ ထီးနန်းရယူပြီး သုင်္ဂမင်းဆက်ကို တည်ထောင်ခဲ့သည်။ ဗြာဟ္မဏဝါဒကိုအားပေးပြီး အသက်သတ်၍ ယဇ်ပူဇော်မှုကို တရားဝင်ခွင့်ပြုခဲ့သည်။ ဗြဟ္မဏတို့၏ စာပေများကို အသစ်ပြုပြင်ပြန်လည် ရေးသားစေသည်။ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း၊ ဓမ္မသတ်ကျမ်း၊ ဆေးကျမ်းစသည့် သက္ကတ ဘာသာရေးကျမ်းသစ်များလည်း ဤခေတ်၌ ပေါ်ထွန်းလာသည်။

ထိုခေတ်ဗြာဟ္မဏဝါဒီတို့သည် ဗုဒ္ဓဘာသာကို အထူးတိုက်ခိုက်ကြသည်။ ဗုဒ္ဓသာသနာ့ဝန်ထမ်းရဟန်းများကို သတ်ဖြတ်သုတ်သင် ခဲ့ကြသည်။ ဗုဒ္ဓဘာသာရဟန်းတော်များသည် မဇ္ဈိမဒေသ၌ မနေဝံ့တော့ဘဲ၊ နယ်စွန်နယ်ဖျားသို့ ထွက်ပြေး တိမ်းရှောင်

နေထိုင်ခဲ့ကြရသည်။ ထေရဝါဒီရဟန်းတော်များသည် ဝိဒိသာမြို့အနီး စေတိယပဗ္ဗတတောင် (ဆန်ချီစေတီတည်ရှိရာ) သို့ရွှေ့ပြောင်းခဲ့ကြသည်။

ဗုဒ္ဓဘာသာဂိုဏ်းကွဲများဖြစ်ကြသော သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းစသည်တို့သည် ဗြာဟ္မဏဘုရင်များ၏ ကျေနပ်မှု ရရှိစေရန် ပါဠိပိဋကတ်တော်မှ တရားတော်အချို့ကို အနက် အဓိပ္ပာယ်ပြင်ဆင်ခဲ့ကြသည်။ ပိဋကတ်တော်များကိုလည်း သက္ကတဘာသာ ပြန်ဆိုခဲ့ကြသည်။

မောရိယမင်းဆက်မတိုင်မီကတည်းက ရှေးခေတ်အိန္ဒိယ နိုင်ငံ၏ အနောက်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ဂရိ အနွယ်ဝင်များ အုပ်စိုးခဲ့ကြသည်။ မောရိယမင်းများ တန်ခိုးကြီးချိန်၌ ဂရိတို့အုပ်စိုးသော နိုင်ငံများကို မောရိယမင်းဆက်၏ လက်အောက်ခံ၊ သြဇာခံအဖြစ် သိမ်းသွင်းနိုင်ခဲ့သည်။ မောရိယမင်းဆက်ပျက်သုဉ်း ပြီးနောက်၊ သုင်္ဂမင်းဆက်ပေါ်ထွက်လာသောအခါ၌မူ ဂရိအနွယ်ဝင် တို့သည် ပြန်လည်ခေါင်းထောင်လာကာ သီးခြားလွတ်လပ်သော နိုင် ငံငယ်များ ထူထောင်လာကြသည်။ ထိုဂရိအနွယ်ဝင်မင်းများအနက် သာသနာသက္ကရာဇ်(၅၀၀)ခန့်၌ ပေါ်ပေါက်ခဲ့သော မိလိန္ဒမင်းသည် ထင်ရှားခဲ့သည်။ မိလိန္ဒမင်းသည် ဗုဒ္ဓဘာသာကို စူးစမ်းသည်။ စိတ်ဝင်စားသည်။ မိမိမရှင်းသော အချက်များ၊ ရှေ့နောက်မညီဟု ယူဆသောအကြောင်းအရာများကို ရဟန္တာအရှင်မြတ် အရှင် နာဂသေနအား မေးမြန်းလျှောက်ထားသည်။ မထေရ်မြတ်သည် မင်းကြီး၏အမေးတို့ကို ထေရဝါဒအမြင်ဖြင့် ရှင်းလင်းဖြေကြားခဲ့ သည်။ ထိုမိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ အမေးအဖြေတို့ကို မှတ်တမ်းတင်ထားသည့် ကျမ်းကို "မိလိန္ဒပဉှာပါဠိတော်"ဟု

နောင်တွင်ခေါ်ခဲ့ကြသည်။

မိလိန္ဒပဉှာကျမ်းမှာ ထေရဝါဒနှင့်မတူသော အယူအဆများ ထေရဝါဒအပေါ် သံသယဝင်သောအချက်များကို အရှင်နာဂသေန ကဖြေရှင်းပြထားသော ကျမ်းဖြစ်သည်။ တစ်နည်းဆိုရသော် ထေရဝါဒ ဆက်လက်တည်တံ့နိုင်အောင် အားထုတ်ထားသော ကျမ်းပင်ဖြစ်သည်။ ဤကျမ်းကို အဋ္ဌကထာဆရာကြီးများက ပိဋကတ်တော်ကျမ်းများကဲ့သို့ပင် အလေးထား တန်ဖိုးထားခဲ့ကြသည်။ မျက်မှောက်ကာလတွင် ထေရဝါဒနိုင်ငံများ၌ ဤကျမ်းကို ခုဒ္ဒကနိကာယ်ပါဠိတော်ကျမ်းတစ်ဆူအဖြစ် အသိအမှတ်ပြုထားကြသည်။

## သီရိလင်္ကာနိုင်ငံတွင်ကြိုးပမ်းမှု

တတိယသင်္ဂါယနာတင်ပွဲအပြီးတွင်အရှင်မောဂ္ဂလိပုတ္တတိဿစသော မထေရ်ကြီးများ၏ လမ်းညွှန်ချက်၊ အသောကမင်း၏ အစီအစဉ်ဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့ရာ၊ အသောကမင်း၏ သားတော်အရှင်မဟိန္ဒဦးဆောင်သည့် သာသနာပြုအဖွဲ့သည် သီရိလင်္ကာကျွန်းသို့ ရောက်ရှိခဲ့သည်။ ဘုရင်နှင့်တကွတိုင်းသူပြည်သားတို့ကိုပါ ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်လာအောင် ဟောပြောသိမ်းသွင်းနိုင်ခဲ့သည်။ ထို့နောက် အသောကမင်း၏ သမီးတော် သင်္ဃမိတ္တာအမှူးပြုသော ထေရီမများလည်း သီရိလင်္ကာသို့ ထပ်မံ ရောက်ရှိလာရာ ဘိက္ခုသာသနာ၊ ဘိက္ခုနီ သာသနာနှစ်ရပ်လုံး သီရိလင်္ကာ၌ ထွန်းကားလာခဲ့သည်။

ဝဋ္ဋဂါမဏီမင်းနန်းတက်နေချိန်၊ ခရစ်ကြိုနှစ် ၂၉-၁၇ တွင်

ပြည်တွင်းရေးမငြိမ်မသက်ဖြစ်ပြီး အိန္ဒိယတောင်ပိုင်းသား ကျေးကုလား(ဒမိဠ)တို့၏ ဝင်ရောက်တိုက်ခိုက်ခြင်းခံရသည်။ မင်းကြီးကိုယ်တိုင် (၁၄) နှစ်ကြာမျှ တိမ်းရှောင်နေရပြီးမှ ကျေးကုလားတို့၏ရန်ကိုပြန်လည်နှိမ်နင်းနိုင်ခဲ့သည်။ မင်းကြီးသည် အောင်မြင်မှုအထိမ်းအမှတ် အဖြစ် အနုရာဓပူရမြို့၊ တိတ္ထာရာမတွင် အဘယဂီရိဓာတုဂဗ္ဘစေတီတော်နှင့် ကျောင်းတော်တို့ကို ဆောက်လုပ်လှူဒါန်းကိုးကွယ်ခဲ့သည်။ ထိုကျောင်းတော်သည် နောင်အခါတွင်ဓမ္မရုစိဂိုဏ်း၏ ဗဟိုဌာနဖြစ်လာသည်။ အရှင်မဟိန္ဒတို့ရောက်ရှိစဉ်က ဒေဝါနံပိယတိမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော မဟာဝိဟာရကျောင်းတော်သည် ဓမ္မရုစိ ဂိုဏ်း ပေါ်ထွက်လာချိန်၌ ထေရဝါဒဂိုဏ်း(ထေရိယနိကာယ)၏ ဗဟိုအချက်အချာဒေသ ဖြစ်လာသည်။

ဝဋ္ဋဂါမဏိမင်းလက်ထက်၌ပင် ငတ်မွတ်ခေါင်းပါးခြင်းဘေးကြီးဆိုက်ရောက်ခဲ့ရာ၊ ဗုဒ္ဓသာသနာရဟန်းတော်များသည် ငတ်မွတ်ခေါင်းပါးခြင်းဘေးကို ခဲယဉ်းပင်ပန်းစွာ ရင်ဆိုင်လျက်ပါဠိပိဋကတ်တော်ကို နှုတ်ထက်အာဂုံဆက်လက်ဆောင်ခဲ့ကြသည်။ ဓမ္မဝိနယ တို့မတိမ်းမယိမ်း၊ မပျောက်မပျက်ရအောင် ဆက်လက်ထိန်းသိမ်းခဲ့ ကြသည်။ ငတ်မွတ်ခေါင်းပါးမှုဘေးကြီးကို ကျော်လွန်ပြီးသောအခါ ရဟန်းငါးရာတို့သည် ပိဋကတ်တော်များကို စတုတ္ထသင်္ဂါယနာတင်ပြီး ပေထက်အက္ခရာတင်ခဲ့ကြသည်။ ထေရဝါဒပိဋကတ်တော်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းခဲ့ကြခြင်းပင်ဖြစ်သည်။ ဝေတုလျ ဂိုဏ်းသားတို့၏ ဆန့်ကျင်မှုတိုက်ခိုက်မှုအမျိုးမျိုးကိုလည်း ထေရဝါဒ ဂိုဏ်းဝင်အရှင်မြတ်များက အကြိမ်ကြိမ်တွန်းလှန်ဖယ်ရှားကာ ထေရဝါဒ တည်တံ့အောင် ကြိုးပမ်းခဲ့ရသည်။

ပါဠိပိဋကတ်တော်ကျမ်းများကို ရှင်းလင်းလွယ်ကူစွာ နားလည်နိုင်ရန် ဖွင့်ဆိုသော အဋ္ဌကထာကျမ်းများကို (ခရစ်နှစ် ၅-ရာစု) အရှင်မဟာဗုဒ္ဓဃောသက ရေးသားစီရင်ခဲ့သည်။ ထိုအဋ္ဌကထာများမှာသီဟိုဠ်ဘာသာဖြင့်ရှိနေသော ရှေးဟောင်းအဋ္ဌကထာများကို အခြေခံကာ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာကျွန်းသည် ခေတ်သစ်သို့ရောက်လာသောအခါ ဥရောပသားတို့၏ တိုက်ခိုက်လွှမ်းမိုးမှု အမျိုးမျိုးကို ခံခဲ့ရသည်။ ရှေးဦးတွင်ပေါ်တူဂီတို့က (၁၅၄၀ခန့်မှ ၁၆၅၈ထိ) ဝင်ရောက်ကြီးစိုးခဲ့သည်။ ၁၆၅၈မှ ၁၇၉၅ အထိ ဒတ်ချ်တို့က သိမ်းပိုက်ခဲ့သည်။ ၁၇၉၅ မှစ၍ နောက်ပိုင်းတွင် (၁၉၅၆)အထိ ဗြိတိသျှတို့က ကြီးစိုးလွှမ်းမိုးခဲ့သည်။ ဥရောပသားတို့သည် သီရိလင်္ကာကျွန်းကို အုပ်စိုးရုံသာမက၊ ဗုဒ္ဓ သာသနာမှေးမှိန်ကွယ်ပစေရန်လည်း နည်းအမျိုးမျိုးဖြင့် ကြံဆောင်ခဲ့ကြသည်။ အထူးသဖြင့် ပေါ်တူဂီတို့သည် သီရိလင်္ကာသားများအား ကက်သလစ်ဘာသာတွင်းသို့ သွတ်သွင်းနိုင်ရန် ကြိုးစားခဲ့ကြသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း အများအပြားကို မီးရှို့ဖျက်ဆီးခဲ့ ကြသည်။ ရဟန်းတော်များကို သတ်ဖြတ်ခဲ့ကြသည်။ ပေါ်တူဂီတို့ကြီးစိုးမှု ကုန်ဆုံးချိန်တွင် သီရိလင်္ကာ၌ ရဟန်းသစ်ခံပေးနိုင်လောက်အောင်ပင် ရဟန်းတော်အရေအတွက် မကျန်ရှိတော့သောကြောင့် မြန်မာနိုင်ငံမှ ရဟန်းတော်များကို ပင့်ဖိတ်ကာ သိမ်ဝင် ရဟန်းခံမှုများပြုခဲ့ရသည်။

(သီရိလင်္ကာဟူသော အမည်ကို ၁၉၇၂-ခုနှစ်က တရားဝင်ပြောင်းလဲခံယူခြင်းဖြစ်သည်။ ရှေးဟောင်းအမည်မှာ သီဟိုဠ်=သီဟဋ္ဌ ဖြစ်သည်။)

ဒတ်ချ်တို့သည် ဘာသာရေးနှင့် ပညာရေးတွင် စိတ်မဝင်စားဘဲ ကုန်သွယ်ရေးနှင့် အမြတ်အစွန်းရရေးကိုသာ အဓိကထား ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် သီရိလင်္ကာသားအများအပြားသည် အုပ်စိုးသူ ဒတ်ချ်တို့အလိုကျဖြစ်စေရန် ပရိုတက်စတင့်ဘာသာသို့ကူးပြောင်း ခဲ့ကြသည်။ ဗြိတိသျှလက်အောက် ရောက်သောအခါ၌လည်းအလားတူပင် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ကြသူများရှိနေသည်။

ဥရောပသားတို့၏ အုပ်စိုးမှုအောက်တွင် မှေးမှိန်ပျောက်ကွယ်ရတော့မလိုဖြစ်နေသော ဗုဒ္ဓဘာသာကိုအသက်ဆက်နိုင်ရေးအတွက် သီရိလင်္ကာသား ဗုဒ္ဓဘာသာဝင်အချို့က ကြိုးပမ်းခဲ့ကြသည်။ ကြိုးပမ်းခဲ့ကြသူများအနက် အထင်ရှားဆုံး တစ်ဦးမှာ ရဟန်းတော်ဂုဏာနန္ဒဖြစ်သည်။ အရှင်ဂုဏာနန္ဒမထေရ်သည် ငယ်စဉ်ကပင် ခရစ်ယာန် ကျမ်းစာများကို တတ်ကျွမ်းအောင် လေ့လာခဲ့ပြီး နောင်အခါတွင် ခရစ်ယာန်ဆန့်ကျင်ရေး တရားများဟောပြောသည်။ တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်သွားလာလျက် ခရစ်ယာန်သာသနာပြုအဖွဲ့များကို ဆန့်ကျင်ကာ ပြောဟောခဲ့သည်။ ဗုဒ္ဓသာသနာပြန့်ပွားနိုင်အောင် အားထုတ်ခဲ့သည်။ အရှင်ဂုဏာနန္ဒမထေရ်ရောက်လေရာရာတွင် ထောင်ပေါင်းများစွာ သော ပရိသတ်များကအားပေးခဲ့ကြသည်။ တရားဟောအတွေ့အကြုံ ရင့်ကျက်လာသောအခါ ခရစ်ယာန်သာသနာပြုအဖွဲ့များကို စိန်ခေါ်ကာ ဝါဒပြိုင်ပွဲများ ပြုလုပ်လာသည်။ စကားအခြေအတင်ပြောဆို ပြိုင်ဆိုင်လာခဲ့သည်။ ထိုဝါဒပြိုင်ပွဲများကို ၁၈၆၆၊ ၁၈၇၁နှင့် ၁၈၇၃ ခုနှစ်များတွင် ပြုလုပ်ခဲ့သည်။ ထိုဝါဒပြိုင်ပွဲများကို သီရိလင်္ကာရှိ

ဗုဒ္ဓဘာသာဝင်များက အထူးစိတ်ဝင်စားကာ အားပေးခဲ့သည်။ ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓ ဘာသာဝင်မဟုတ်သူများကလည်း စိတ်ဝင်စားခဲ့ကြသည်။

စိတ်ဝင်စားကြသူများအနက် အမေရိကမှ ဟင်နရီအက်စ် အောလ်ကော့သည် သီရိလင်္ကာသို့ရောက်အောင်လာခဲ့ပြီး ဗုဒ္ဓဘာသာကို လေ့လာဆည်းပူးခဲ့သည်။ ဘာသာတရားများအနက် ဗုဒ္ဓဘာသာသည် အသိမ်မွေ့ဆုံးတစ်ခုဖြစ်သည်ဟု ယုံကြည်သော အောလ်ကော့ သည် ၁၈၈၀-ခုနှစ်တွင် သီရိလင်္ကာ၌ ဗုဒ္ဓဘာသာ အသင်းတစ်ခုကို ထူထောင်ပြီး ဗုဒ္ဓဘာသာအလံတော်ကို တီထွင်ခဲ့ရာ ယခုကမ္ဘာက လက်ခံအသုံးပြုနေသော ဗုဒ္ဓဘာသာအထိမ်းအမှတ် အလံတော်ဖြစ် လာခဲ့သည်။

ခေတ်သစ်သီရိလင်္ကာ၌ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေး အတွက် အားထုတ်ခဲ့သူအခြားတစ်ဦးမှာ ဓမ္မပါလဖြစ်သည်။ ဓမ္မပါလ သည်အရှင်ဂုဏာနန္ဒ၏ဆောင်ရွက်ချက်များကိုအားကျကာ ရဟန်းပြုခဲ့ပြီး၊ ဗုဒ္ဓသာသနာပြန့်ပွားထွန်းကားရေးကို ကြိုးပမ်းခဲ့ သည်။ ၁၈၉၁-ခုနှစ်၌ မဟာဗောဓိအသင်းကို စတင်ထူထောင်ကာ ထေရဝါဒ ဗုဒ္ဓဘာသာအရှည် တည်တံ့ထွန်းကားအောင် ကြိုးစားခဲ့သည်။

ဤသို့ကြိုးပမ်းမှုများကြောင့် သီရိလင်္ကာတွင် ဗုဒ္ဓဘာသာ ပြန်လည်ရှင်သန်လာရာ၊ ၁၉၅၃ ခု (လွတ်လပ်ရေးမရမီ သုံးနှစ်အလို) တွင် ကောက်ယူသော သန်းခေါင်စာရင်းအရ ဗုဒ္ဓဘာသာဝင်ပေါင်း (၅)သန်းရှိကြောင်း သိရသည်။ ထိုသန်းခေါင်းစာရင်းအရ ဟိန္ဒူဘာသာဝင် (၁)သန်း(၅)သောင်း၊ ခရစ်ယာန်ဘာသာဝင် (၇)သောင်း၊ မွတ်ဆလင်(၅)သောင်း (၅)ထောင်ရှိသည်ဟု သိရသည်။

## မြန်မာနိုင်ငံတွင် ကြီးပမ်းမှု

ဘုရားသမိုင်းများအရ ဂေါတမဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ရှိခဲ့သည်ဟုဆိုသည်။ အသောကမင်း လက်ထက်ကိုးတိုင်းကိုးဌာနသာသနာပြုအဖွဲ့များ အနက်ရှင်သောဏ နှင့် အရှင်ဥတ္တရတို့ ဦးဆောင်သော သာသနာပြုအဖွဲ့သည် သုဝဏ္ဏဘူမိသို့ ရောက်ရှိခဲ့သည်။ ထိုသို့ ရောက်ရှိခဲ့သည့် သုဝဏ္ဏဘူမိမှာ ဘင်္ဂလားနယ်မှ ဒေသတစ်ခုဖြစ်သည်။ ဆူမတြာ ဂျားဗားဒေသ ဖြစ်သည်။ မြန်မာနိုင်ငံသထုံတစ်ဝိုက်ဒေသ ဖြစ်သည် . . စသည် ဖြင့် အမျိုးမျိုးယူဆခဲ့ကြသည်။ သမိုင်း ပညာရှင်အချို့ကမူ အသောကမင်း ၏သာသနာပြုအဖွဲ့ရောက်ရှိခဲ့သော သုဝဏ္ဏဘူမိ သည်မြန်မာနိုင်ငံ၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းတိုက်နယ်ရှိ ကေလာသတောင်ခြေနှင့် တောင်ပေါ်ဒေသတစ်ဝိုက် ဖြစ်သည်။ ထိုနေရာသည် ထိုအချိန်အခါက ပင်လယ်ဆိပ်ကမ်းဒေသဖြစ်ခဲ့သည်ဟု ယူဆကြသည်။

သမိုင်းအထောက်အထား၊ ရှေးဟောင်းသုတေသန အထောက်အထားများအရ ခရစ်နှစ်(၄)ရာစုမှ (၉)ရာစုအထိ ထွန်းကားခဲ့သော ပျူတို့ဒေသများ (သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း) တွင် မဟာယာနရောနှောနေသော ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း တွေ့ရသည်။ မြန်မာတို့၏ ပထမဆုံး လက်နက်နိုင်ငံ(အင်ပါယာ) အဖြစ် ပုဂံနေပြည်တော်ပေါ်လာရာတွင် ပျူခေတ် ဗုဒ္ဓသာသနာပင် ဆက်လက်ထွန်းကားသည်။ အနော်ရထာမင်း (၁၀၄၄-၁၀၇၇) သည် မဟာယာနလွှမ်းမိုးသော သာသနာကို ဖယ်ရှားကာ၊ သထုံမှ ရဟန်းတော်အရှင်အရဟံ၏ အကူအညီဖြင့် ထေရဝါဒ သာသနာထွန်းကား

နိုင်ရန်ကြိုးပမ်းခဲ့သည်။ ကျန်စစ်သားစသော ပုဂံမင်းများလည်း ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရေးကို ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

မဟာယာနတန္တရဝါဒလွှမ်းသော ဗုဒ္ဓဘာသာသည် ပုဂံခေတ်တွင် ခြေကုပ်ယူခဲ့ပြီး ပုဂံခေတ်နောက်ပိုင်းတွင်လည်း အရည်းဂိုဏ်း၊ ဝိဇ္ဇာဓရဂိုဏ်း၊ ထွက်ရပ်ပေါက်ဂိုဏ်းစသည်ဖြင့် အသွင်သဏ္ဌာန်အမျိုးမျိုးဆောင်ကာ ဆက်လက်ရှင်သန်နေသည်။ ဟံသာဝတီ မှ ဓမ္မစေတီမင်း (၁၄၆၀-၁၄၉၀)သည် မိမိရင်ဆိုင်နေရသော တန္တရဝါဒတစ်ဖြစ်လဲ သာသနာအတုအယောင် များကို နှိမ်နင်းကာ ထေရဝါဒထွန်းကားအောင် ကြိုးပမ်းခဲ့သည်။ သီရိလင်္ကာသို့ ရဟန်းတော်များနှင့် ရဟန်းလောင်းများ စေလွှတ်ကာ ထေရဝါဒဗုဒ္ဓ သာသနာဆက်လက်ထွန်းကားရန် ကြံဆောင်အားထုတ်ခဲ့သည်။ (ကလျာဏီကျောက်စာ)

ကုန်းဘောင်ခေတ်နှောင်း မင်းတုန်းမင်းလက်ထက် ပဉ္စမသင်္ဂါယနာ၊ လွတ်လပ်ရေးခေတ် ဆဋ္ဌမသင်္ဂါယနာနှင့် ၁၉၈၀-ခုနှစ် သာသနာတော် သန့်ရှင်းတည်တံ့ရေး ဆောင်ရွက်ချက်များသည် မြန်မာတို့ကြိုးပမ်းခဲ့သော ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားရေး လုပ်ငန်းမှတ်တိုင်များပင်ဖြစ်လေသည်။

# ပထမပိုင်း

# သမိုင်းနောက်ခံအခြေအနေနှင့် ဗုဒ္ဓဘာသာ

# အခန်း(၁)
# ဗုဒ္ဓပွင့်တော်မူရာကာလ

ကမ္ဘာ့ဘာသာတရားများအနက် အသိမ်မွေ့ဆုံးတစ်ခုအဖြစ် ထင်ရှားသော ဗုဒ္ဓဘာသာကို စတင်ထူထောင်ခဲ့သည့် ဂေါတမဗုဒ္ဓသည် မည်သည့်ကာလတွင် ပွင့်ပေါ်ခဲ့ပါသနည်း။ ဤအချက်ကို သုတေသီတို့ကစိတ်ဝင်စားစွာ လေ့လာကြသည်။

ဂေါတမဗုဒ္ဓပွင့်တော်မူခဲ့ရာ မဇ္ဈိမဒေသ(အိန္ဒိယ)၌ ရှေးခေတ်က ခေတ်ပြိုင်မှတ်တမ်းများရေးသားလေ့ မရှိခြင်းကြောင့် ဗုဒ္ဓပွင့်တော်မူရာ ကာလနှင့်ပတ်သက်၍ တိကျစွာ သိနိုင်မည့် ခေတ်ပြိုင်အထောက်အထားများကို အိန္ဒိယနိုင်ငံအတွင်း၌ မတွေ့ရှိရချေ။ ထို့ကြောင့် အိန္ဒိယပြင်ပခေတ်ပြိုင် မှတ်တမ်းများနှင့် အဖြစ်အပျက်များကိုသာ အထောက်အထားပြု၍ ဗုဒ္ဓမြတ်စွာပေါ်ထွန်းရာ ကာလကို ခန့်မှန်းချင့်တွက်ကြရသည်။

ဗုဒ္ဓပွင့်တော်မူရာကာလကို သိရှိနိုင်ရန် အားထားရသည့် အဓိက အထောက်အထားတစ်ရပ်မှာ သီရိလင်္ကာနိုင်ငံ၌ ခရစ်နှစ် (၃၅၀)ခန့်က ရေးသားခဲ့သော ဒီပဝံသကျမ်းနှင့် ခရစ်နှစ် (၄၅၀)ခန့်က ရေးသားခဲ့သော မဟာဝံသကျမ်းတို့ဖြစ်ကြသည်။ ထိုဝံသကျမ်းများ၌ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း(၂၁၈)နှစ်အကြာတွင် အိန္ဒိယနိုင်ငံ မဂဓတိုင်း၌ အသောကမင်း ရာဇဘိသေက ခံယူခဲ့သည်ဟု ဖော်ပြထားသည်။ ထို့ပြင် အသောကမင်းသည်

အဘိသိက်မခံမီ လေးနှစ်တာမျှ ထီးနန်းအုပ်ချုပ်ခဲ့သေးသည်ဟုလည်းကောင်း၊ အသောကမင်းသည် ခမည်းတော်ဗိန္ဒုသာရဘုရင်ကို ဆက်ခံကာ ထီးနန်းရရှိခဲ့ခြင်းဖြစ် သည်ဟုလည်းကောင်းဖော်ပြထားသည်။ ဗိန္ဒုသာရသည် (၂၈)နှစ်ကြာ ထီးနန်းစိုးစံခဲ့ပြီး ခမည်းတော်စန္ဒဂုတ်ဘုရင်ကို ထီးနန်းဆက်ခံခဲ့သည် ဟုဆိုသည်။ တစ်ဖန်. . စန္ဒဂုတ်ဘုရင်သည်(၂၄)နှစ်ကြာ ထီးနန်းစိုးစံခဲ့သည်ဟုလည်းဖော်ပြထားသည်။ ဤဖော်ပြထားချက်များအရ နောက်ပြန်တွက်ပြီးစန္ဒဂုတ်ဘုရင်ထီးနန်းတက်သည့် ခုနှစ် သက္ကရာဇ်ကို ခန့်မှန်းနိုင်ပါသည်။ ဤသို့တွက်သော်

| | |
|---|---|
| အသောကအဘိသိက်မခံမီ | ၄ နှစ် |
| ဗိန္ဒုသာရနန်းစံ | ၂၈ နှစ် |
| စန္ဒဂုတ်နန်းစံ | ၂၄ နှစ် |
| ပေါင်း | ၅၆ နှစ် |

အသောကနန်းတက်သည်ဆိုသော သာသနာနှစ် (၂၁၈) တွင် (၅၆)နှစ်နုတ်ပါက ရရှိသော (၂၁၈-၅၆)=၁၆၂ ခုနှစ်သည် စန္ဒဂုတ်ဘုရင် ထီးနန်းရရှိသည့် သာသနာသက္ကရာဇ်ဖြစ်ပေမည်။

အိန္ဒိယသမိုင်းတွင် စန္ဒဂုတ်ဘုရင် ထီးနန်းရရှိချိန်ကို သိရှိနိုင်ရန် ဂရိမှတ်တမ်းများကို အားကိုးအားထားပြုရပြန်သည်။ အကြောင်းမှာ စန္ဒဂုတ်ဘုရင် နန်းတက်ချိန်သည် အိန္ဒိယနိုင်ငံတွင်းသို့ အလက်ဇန္ဒား ဘုရင်ကြီးဝင်ရောက်သိမ်းပိုက်ချိန်နှင့် ဆက်စပ်နေသောကြောင့် ဖြစ်သည်။ အလက်ဇန္ဒားဘုရင်ကြီးသည် ခရစ်ကြိုနှစ် (၃၂၃)ခုနှစ်တွင် ကွယ် လွန်ခဲ့သည်။ ထို့နောက်တွင် အလက်ဇန္ဒားဘုရင်ကြီး အောင်မြင် သိမ်းပိုက်ခဲ့သော အိန္ဒိယသည် အစိတ်အစိတ်အမွှာမွှာ ကွဲသွားရလေသည်။ ထိုသို့အစိတ်စိတ်ကွဲချိန်တွင်

မဂဓတိုင်း၌ စန္ဒဂုတ်ဘုရင် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ စန္ဒဂုတ်သည် မဂဓတိုင်း၌ မောရိယ မင်းဆက်ကို ထူထောင်ခဲ့ရာ အသောကမှာ ထိုမင်းဆက်၏ တတိယမြောက်ဘုရင်ဖြစ်လာခဲ့သည်။ စန္ဒဂုတ်သည် မောရိယမင်းဆက် ကို ထူထောင်နိုင်ရန်အတွက် တစ်နှစ်၊ နှစ်နှစ်ခန့် စည်းရုံးခဲ့ရသည်ဟု ယူဆပါက စန္ဒဂုတ်ထီးနန်းရရှိသော ခုနှစ်သည် ခရစ်ကြိုနှစ် (၃၂၁)ခုနှစ်ခန့်ဖြစ်မည်ဟု ကြောင်းကျိုးဆက်စပ်ကာ ယူဆနိုင်မည် ဖြစ်သည်။

ဝံသကျမ်းများအလိုအရ စန္ဒဂုတ်ထီးနန်းတက်သော ခုနှစ်သည် သာသနာနှစ် (၁၆၂)ဖြစ်နိုင်ကြောင်း အထက်တွင် တွက်ပြခဲ့ပြီးဖြစ်သည်။ ယခုဂရိမှတ်တမ်းများကို အခြေခံ၍ ခန့်မှန်းတွက်ချက်ရရှိသော ခရစ်ကြိုနှစ် (၃၂၁)ခုသည် စန္ဒဂုတ်ထီးနန်းရရှိသော ခုနှစ်ဖြစ်သည်ဟု လက်ခံပါက သာသနာနှစ် (၁၆၂)သည် ခရစ်ကြိုနှစ် (၃၂၁) ခုနှစ်ဖြစ်ပေမည်။ ဤသို့ဆိုသော် ဗုဒ္ဓပရိနိဗ္ဗာန်ပြုရာကာလသည် (၃၂၁+၁၆၂)=ခရစ်ကြိုနှစ် (၄၈၃) ခုနှစ်ဖြစ်နိုင်ပေမည်။ ထိုအယူအဆအရ ဗုဒ္ဓဖွားမြင်ရာကာလသည် (၄၈၃+ဗုဒ္ဓ၏သက်တော်၈၀)= ခရစ်ကြိုနှစ် (၅၆၃)ခုနှစ်ဟု မှတ်ယူရပေမည်။

ဗုဒ္ဓပေါ်ထွန်းရာ ကာလကို ခရစ်ကြိုနှစ် (၅၆၃-၄၈၃) ဟု မှတ်ယူရခြင်းမှာ မှန်းဆတွက်ချက်ထားခြင်းမျှသာဖြစ်ကြောင်း အထူးသတိရှိသင့်သည်။ ထိုမှန်းဆတွက်ချက်ထားချက်နှင့် ပက်သတ်၍ သံသယဖြစ်ဖွယ်အကြောင်းများလည်း ရှိနေသေးသည်။ သံသယဖြစ်ရသည့် ရှေးဦးအကြောင်းအချက်မှာ သာသနာနှစ် (၂၁၈)တွင် အသောကမင်း ရာဇဘိသေကခံယူခဲ့သည်ဆိုသော ဝံသကျမ်းလာဖော်ပြချက်ပင် ဖြစ်သည်။ ဤအချက်ကို ပညာရှင်အချို့က ယုံမှားသံသယရှိကြသည်။ ဒုတိယအနေဖြင့် စန္ဒဂုတ်မင်းထီးနန်းရရှိသော

ခုနှစ်သက္ကရာဇ်မှာလည်း မှန်းဆတွက်ချက်ထားခြင်းမျှသာ ဖြစ်သည်။ သမိုင်းအထောက်အထား အတိအကျမပြနိုင်သေးချေ။ ထို့ကြောင့် နှစ်အနည်းငယ်ကွာခြားကြောင်း ကွာခြားနိုင်သည်။ တတိယအချက်မှာ စန္ဒဂုတ်ဘုရင်နှင့် ဗိန္ဒုသာရတို့၏ နန်းစံကာလအသီးသီးကို ဝံသကျမ်းများကဖော်ပြချက်အတိုင်းသာ အမှန်ဟုလက်ခံထားရခြင်း ဖြစ်သည်။ ဤသို့သံသယဖြစ်ဖွယ် မှန်းဆထားချက်များကြောင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုချိန် ကာလသည် ခရစ်ကြိုနှစ် (၄၇၇)မှ၊ (၄၈၆/၄၈၇) အတွင်း တစ်နှစ်နှစ်ဖြစ်နိုင်ဖွယ်ရှိပေသည်။

ဝံသကျမ်းများနှင့် ဂရိမှတ်တမ်းများကို အခြေခံပြီး၊ မှန်းဆတွက်ချက်ထားသော အထက်ပါတွက်နည်းအပြင် အခြားတွက်နည်းများလည်းရှိပေသေးသည်။ အခြားတွက်နည်းတစ်ရပ်မှာ ဇိနဝါဒီ (Jains) တို့၏ အစဉ်အလာမှတ်သားထားချက်များကို အခြေခံသည်။ ဇိနဝါဒီတို့၏ အစဉ်အလာ၌ ဗုဒ္ဓနှင့် ခေတ်ပြိုင်မဂဓဘုရင် ဗိမ္ဗိသာရမှစပြီး၊ အသောကတိုင်အောင် မဂဓဘုရင်အဆက်ဆက်၏ စာရင်းကို ဖော်ပြထားသည်။ ဝံသကျမ်းများအရ ဗိမ္ဗိသာရနှင့် အသောက၏ ကြားတွင် အကြမ်းဖျင်းအားဖြင့် နှစ်ပေါင်းနှစ်ရာခန့်ကြာသည်ဟု ယူဆနိုင်သော်လည်း ဇိနဝါဒီတို့၏ အစဉ်အလာအရမူ နှစ်ပေါင်း (၁၀၀) မျှသာကြာသည်ဟု ဆိုသည်။ ဤအဆိုကို အခြေခံထားပြီး တွက်ချက်ပါက ခရစ်ကြိုနှစ် (၃၈၆) ခန့်တွင် ဗုဒ္ဓပရိနိဗ္ဗာန်ပြုခဲ့သည်ဟု မှတ်ယူဖွယ် ရှိပေသည်။

အခြားတွက်ချက်နည်းတစ်ရပ်မှာ သက္ကတဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဘာသာစာပေများ၌ တွေ့ရသည့် အချက်အလက်များကို အခြေပြုထားခြင်းဖြစ်သည်။ သက္ကတဘာသာ ဗုဒ္ဓစာပေအရ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး နှစ်(၁၀၀) သို့မဟုတ် (၁၁၆)ခုနှစ်အကြာတွင်

အသောကမင်း နန်းတက်ခဲ့သည်ဟု ဆိုသည်။ ဤအဆိုမှာ အသောကကျောက်စာများကို အထောက်အထားပြု၍ ဆိုထားခြင်း ဖြစ်သည်။ အသောကကျောက်စာတစ်စောင်၌ ခေတ်ပြိုင်မြေထဲ ပင်လယ်နိုင်ငံ များတိုင်အောင် အသောက၏ သာသနာပြုအဖွဲ့များ ရောက်ရှိခဲ့ ကြောင်းဖော်ပြထားသည်။အနောက်ဘက်နိုင်ငံများမှ ခေတ်ပြိုင်ဘုရင် တို့၏အမည်များကိုလည်း ကျောက်စာတွင် ဖော်ပြထားကာ ထိုခေတ်ပြိုင်ဘုရင်တို့ အုပ်စိုးသည့်ကာလကို ဂရိမှတ်တမ်းများတွင် ရှာဖွေတွေ့ ရှိနိုင်သည်။ ဂရိမှတ်တမ်းများကို အခြေခံကာ တွက်ချက်ပါက အသောကမင်းနန်းတက်သောနှစ်ကိုအကြမ်းဖျင်း အားဖြင့် ခရစ်ကြိုနှစ်(၂၇၁)ဖြစ်သည်ဟု ဆိုရပေမည်။ သက္ကတဗုဒ္ဓ စာပေ၌ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး အလွန်ဆုံး(၁၁၆)နှစ်အကြာတွင် အသောကမင်းနန်း တက်ခဲ့သည်ဆိုခြင်းကြောင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုချိန်သည် (၂၇၁+၁၁၆)= ခရစ်ကြိုနှစ် (၃၈၆/၇) ဖြစ်နိုင်သည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အလိုအရလက်ရှိသုံးစွဲနေသော မြန်မာတို့၏ ကောဇာသက္ကရာဇ်သည် ဗုဒ္ဓပရိနိဗ္ဗာန်စံသော နှစ်ကို အခြေခံကာစတင်ရေတွက်လာခြင်း ဖြစ်သည်ဟုဆိုသည်။ ဤသို့သော သာသနာနှစ်တစ်ပြေးညီ ရေတွက်ခဲ့ရာမှ သရေခေတ္တရာပြည်၊ သုမုန္ဒရီ မင်းလက်ထက်တွင် ဒေါဒေါရသကိန်းအရ နှစ်ပေါင်း ၆၂၂ ကိုဖြိုခဲ့သည်။ ပုဂံပြည်ပုပ္ပားစောရဟန်းမင်းလက်ထက်တွင် ခဆပဥ္စ ကိန်းအရ နှစ်ပေါင်း (၅၆၀)ကို ဖြိုခဲ့သည်။ နှစ်ရပ်ပေါင်း (၁၁၈၂) နှစ်ဖြိုခဲ့သည်။ ဤနည်းအရ တွက်ချက်သော် လက်ရှိမြန်မာ ကောဇာသက္ကရာဇ် (၁၃၆၂ ခရစ် ၂၀၀၀) သည် သာသနာသက္ကရာဇ် အားဖြင့် (၁၃၆၂+ ၁၁၈၂)= ၂၅၄၄ ခုနှစ်ဖြစ်သည်။ ထိုတွက်ချက် နည်းအရ ဗုဒ္ဓပရိနိဗ္ဗာန် ပြုသောနှစ်ကို ကမ္ဘာသုံးပြက္ခဒိန်နှစ်အဖြစ်

ပြန်လည်ရှာဖွေသော (၂၅၄၄-၂၀၀၀) ခရစ်ကြိုနှစ် ၅၄၄ ဖြစ်ကြောင်း တွေ့ရှိရပေမည်။ ဤနည်းအရ ဗုဒ္ဓဖွားမြင်ရာကာလသည် ခရစ်ကြိုနှစ် (၅၄၄+၈၀)= ၆၂၄ ခုနှစ်ဖြစ်ဖွယ်ရှိပေသည်။

ဤနည်းဖြင့် ဗုဒ္ဓပွင့်ပေါ်ရာ ကာလကို နည်းအမျိုးမျိုးဖြင့် တွက်ဆကြသည်။ အကြမ်းအားဖြင့်မူ၊ ခရစ်ကြိုနှစ် ၆-ရာစုသည် မဇ္ဈိမဒေသ၌ ဗုဒ္ဓဘာသာ သာသနာစတင်ထွန်းကားရာ ကာလဖြစ်သည်ဟု မှတ်ယူဖွယ်ရှိလေသည်။

# အခန်း(၂)
# ဗုဒ္ဓမတိုင်မီ အိန္ဒိယနိုင်ငံဘာသာရေးအခြေအနေ

ဗုဒ္ဓသာသနာကို ညွှန်ပြတော်မူခဲ့သော ဂေါတမဗုဒ္ဓသည် မိမိမျက်မှောက်ပြုနေရသော ဘာသာရေး၊ လူမှုရေး၊ အစဉ်အလာများမှ ပြတ်သားစွာခွဲထွက်ကာ၊ ဘဝလွတ်မြောက်ရေးအတွက် သီးခြားလမ်းစဉ်ကို ပြညွှန်တော်မူခဲ့သော မဟာပုရိသဖြစ်သည်။

**ဝေဒနောက်ခံ**

ဗုဒ္ဓညွှန်ပြသော ဘဝလွတ်မြောက်ရေး လမ်းစဉ်သည် အစဉ်အလာမှ ခွဲထွက်သော လမ်းစဉ်ဖြစ်သည်ဟုဆိုရာ၌ ထိုခေတ် မဇ္ဈိမဒေသတွင် ပြန့်ပွားထွန်းကားနေသော အတွေးအခေါ်များ၊ ကျင့်စဉ်များမှ လုံးလုံးလျားလျား ကင်းလွတ်ကာ ပေါ်ပေါက်လာခဲ့ခြင်းတော့မဟုတ်ချေ။ အစဉ်အလာအတွေးအခေါ်များ၊ ကျင့် စဉ်များကို အခြေခံလျက် ထိုအတွေးအခေါ်များ၊ယုံကြည်မှုများ၊ ကျင့်စဉ်များကို တော်လှန်သောအမြင်ဖြင့် ဖယ်ရှားကာ သီးခြားအတွေးအခေါ်များ၊ ကျင့်စဉ်များကို ဖော်ထုတ်ညွှန်ပြခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓအဆုံးအမကို ခြေခြေ မြစ်မြစ်နားလည်နိုင်ရန် ဗုဒ္ဓမတိုင်မီ

အိန္ဒိယနိုင်ငံ၏ ဘာသာရေး၊ လူမှုရေး၊ အခြေအနေများကိုလည်း သိရှိနားလည် ထားရန် လိုပေလိမ့်မည်။ ဗုဒ္ဓမတိုင်မီ အိန္ဒိယနိုင်ငံ၏ အခြေအနေမှာ စင်စစ်အားဖြင့် ဝေဒခေတ်အခြေအနေများပင် ဖြစ်သည်။ ဝေဒဟူသည်မှာ သိမှု၊ အသိဉာဏ်ဟူသော (ဝိဒ်)ရင်းမြစ်မှ သက်ဆင်းလာသော စကားဖြစ်သည်။ အသိဉာဏ်ဆိုင်ရာကျမ်း (ဝေဒကျမ်း)များပေါ်ထွန်းရာ ကာလကို ဝေဒခေတ်ဟု ခေါ်ဝေါ်သည်။ ဝေဒကျမ်းများကို အိန္ဒိယ၌ စတင်ပြုစုခဲ့ကြသူများမှာ အာရိယန်လူမျိုးများဖြစ်သည်။

## အိန္ဒိယသို့ အာရိယန်များရောက်ရှိလာခြင်း

ခရစ်ကြိုနှစ် ၃၀၀၀-၂၀၀၀ ခန့်က အာရိယန်ဟု ခေါ်ဝေါ်သော လူမျိုးစုတစ်စုသည် ရှေးဟောင်းအိန္ဒိယ၏ အနောက်မြောက်ပိုင်းရှိ တောင်ကြားလမ်းများကို ဖြတ်သန်းလျက် အိန္ဒိယနိုင်ငံထဲသို့ တစ်စတစ်စဝင်ရောက်လာခဲ့ကြသည်။ အာရိယန်တို့သည် မည်သည့် ဇာတိဒေသမှစတင်ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်ကြောင်း အတိအကျ မသိရသေးဘဲ၊ ပညာရှင်တို့ အငြင်းပွားနေကြဆဲဖြစ်သည်။

ဘာသာဗေဒပညာရှင်တို့က အင်ဒို-အာရိယန်ဘာသာစကားများကို နှိုင်းယှဉ်လေ့လာပြီးနောက် အာရိယန်တို့၏ နေရင်းဒေသသည် အာရှတိုက်အလယ်ပိုင်း၊ ဗောလ်ဂါမြစ်ဝှမ်း၏ အထက်ပိုင်းနှင့်အလယ်ပိုင်း ဒေသများဖြစ်သည်ဟု ယူဆထားကြ၏။ အခြားပညာရှင်တို့ကမူ အာရိယန်တို့၏ ဇာတိဒေသသည် ဥရယ်လ် Ural တောင်များ၏ တောင်ဘက်ရှိ၊ ကိရ်ဂိဇ် (Kirghiz) မြက်ခင်းလွင်ပြင်ဒေသများဖြစ်သည်ဟု ယူဆထားကြသည်။

အာရိယန်တို့သည် အိန္ဒိယမြေပေါ်၌ အခြေချနေထိုင်ပြီး နောက် ဝေဒစာပေဟုယခုခေါ်ဝေါ်နေကြသော စာပေတစ်ရပ်ကို ဖန်တီးဖော်ထုတ်ခဲ့ကြသည်။ ဝေဒစာပေတွင် ဘုရားစာ၊ ဆုတောင်းစာ၊ ဓမ္မသီချင်း၊ ကဗျာများပါဝင်သည်။ အိန္ဒိယနိုင်ငံသို့ အာရိယန်တို့ မရောက်မီနှင့် ရောက်ရှိနေထိုင်စ၊ အစောပိုင်းကာလများ၌ ကြုံတွေ့ခဲ့ရသောဘဝနှင့် ယုံကြည်မှုများကို ဤဝေဒစာပေတွင် တွေ့မြင်ရသည်။ ဝေဒစာပေဟုဆိုရသော်လည်း စင်စစ်အားဖြင့် ရေးသားမှတ်တမ်းတင်ထားသော စာပေကျမ်းဂန်များမဟုတ်၊ နှုတ်ထက်အာဂုံဆောင်ခဲ့ကြသော စာပေများသာဖြစ်သည်။

သမိုင်းဆရာများက ဝေဒခေတ်ကို နှစ်ပိုင်းပိုင်းခြားလေ့ရှိသည်။ ခရစ်ကြိုနှစ် ၁၅၀၀မှ ၁၀၀၀ ခန့်ထိကာလကို ဝေဒခေတ်ဦးပိုင်းဟု သတ်မှတ်သည်။ ၁၀၀၀မှ ၅၀၀ ခန့်အထိကာလကို ဝေဒခေတ်နှောင်းပိုင်းဟု ရည်ညွှန်းလေ့ရှိသည်။

## ဝေဒ လေးကျမ်း

ဝေဒခေတ်ဦးပိုင်း၌ ပေါ်ထွန်းလာသော စာပေမှာ ဣရုဝေဒ (Rig Veda) ဖြစ်သည်။ ဤဝေဒ၌ နတ်ဘုရားများကို ရှိခိုးပူဇော်သည့် ဘုရားရှိခိုးစာများကို စုစည်းထားသည်။ ဤကျမ်းပါနတ်ဘုရားများမှာ မီး၊ နေ၊ လေ စသော သဘာဝစွမ်းအားများကို ပုဂ္ဂိုလ်သတ္တဝါပမာအသက်သွင်းကာ လူတို့က ဖန်တီးထားသော နတ်ဘုရားများဖြစ်သည်။ ဤကျမ်း၌ နတ်ဘုရားများကို ချီးကျူးဂုဏ်တင်ထားသည်။ ပူဇော်ထားသည်။ ပူဇော်ပြီးနောက် စည်းစိမ်ချမ်းသာရပါစေ၊ အသက်ရှည်ပါစေ၊ စစ်ပွဲတွင် အောင်မြင်ပါစေ စသည်ဖြင့် ဆုတောင်းထား

ကြောင်းတွေ့ရသည်။ ဝေဒခေတ်နောက်ပိုင်းတွင် ဣရုဝေဒကို ပိုမိုပြည့်စုံအောင် ပြုစုပြီး၊ လက်စသတ်ခဲ့ကြကြောင်း တွေ့ရသည်။ ဤ ဣရုဝေဒကျမ်းတွင်ပါရှိသော ဓမ္မသီချင်းများ၌ တမလွန်ဘဝနှင့် ပတ်သက်၍ စိတ်ဝင်စားစွာ ဖော်ပြထားခြင်း မရှိချေ။ ဘဝတစ်ဖန် ပြန်လည်ဖြစ်ပေါ်ခြင်း သဘောကိုလည်း ဖော်ပြမထားချေ။ ဓမ္မသီချင်း အချို့၌သာ မှန်ကန်ဖြောင့်မတ်သူသည် မသေမပျောက် ထာဝရ တည်တံ့နေနိုင်ရန် နတ်ဘုရားတို့နေရာ ဘုံဗိမာန်သို့ သွားရလိမ့်မည်ဟု ဖော်ပြထားသည်။

ဝေဒခေတ်နှောင်းပိုင်း၌ဆက်လက်ပေါ်ထွန်းလာသော ယဇုဝေဒ(Yajur-veda)ခေတ်တွင် ယဇ်ပူဇော်မှု အကြောင်း ဖော်ပြလာသည်။ ထိုခေတ် အိန္ဒိယသားတို့၏ နေ့စဉ်ယဇ်ပူဇော်မှုသည် အရေးကြီးသော အခန်း ကဏ္ဍမှ ပါဝင်ခဲ့ဟန်တူသည်။ သို့ရာတွင် ရှေ့ပိုင်းကာလ၌ ယဇ်ပူဇော်မှုဆိုသည်မှာ မိမိနေအိမ်တွင်ရှိ မီးပုံတစ်ခု ပါဝင်သော သင်ပုတ်စင် ရှေ့တွင် သာမန်မျှသာ ရိုးရှင်းစွာကျင်းပခဲ့သော ဝတ်ပြုအခမ်းအနား ဖြစ်ဖွယ်ရှိသည်။ ဤသို့ရိုးရှင်းသော ယဇ် အခမ်းအနား ကိုနံနက်တစ်ကြိမ်၊ ညတစ်ကြိမ်ပြုလုပ်ခဲ့သည်ဟု ယူဆရသည်။ ထို့ပြင် ကလေးမွေးဖွားခြင်း၊ လက်ထပ်ခြင်း၊ သေဆုံးခြင်း၊ ဘိုးဘွားဘီဘင် များအား ပူဇော်ခြင်းစသော အကြောင်းကိစ္စများတွင်လည်း ယဇ်ပူဇော် မှုများ ပြုလုပ်ခဲ့ကြသည်ဟု ယူဆနိုင်ဖွယ်ရှိသည်။ ရှေးဦးကာလတွင် ယဇ်ပူဇော်မှု အခမ်းအနားက ရိုးရှင်းသကဲ့သို့ ယဇ်ပူဇော်မှု ရည်ရွယ်ချက်မှာလည်းရိုးရှင်းလှသည်။ အိမ်ရှိလူများအား ကူညီမှိုင်းမပါရန် နတ်ဆရာများထံ တောင်းပန်ခြင်းသာဖြစ်သည်။

ခေတ်နှောင်းပိုင်း၌ ပေါ်ထွက်လာသည့်အခြား ဝေဒတစ်

တောင်မှာ သာမဝေဒ(Sama veda)ဖြစ်သည်။ ယဇ်ပူဇော်ပွဲများတွင် အသုံးပြုရသည့် ငြိမ့်ညောင်းသာယာသော တေးဂီတများကို ဖော်ပြထားသည်။

ငြိမ့်ညောင်းသာယာသော တေးဂီတများကို ရွတ်ဆိုပူဇော်ရာမှ အသံကို တန်ဖိုးထားလာကြသည်။ အသံကိုဌာန်၊ ကရိုဏ်း၊ပယယ်တို့ဖြင့် စနစ်တကျ ရွတ်ဆိုနိုင်လျှင် လိုအင်ဆန္ဒပြည့်ဝနိုင်သည်ဟု ယုံကြည်လာကြသည်။ အသံ၏စွမ်းအားကို ယုံကြည်ရာမှ ဂါထာ မန်းမှုတ် ခြင်းသဘောတရား ပေါ်ပေါက်လာ၏။ ထိုအခါ ဂါထာ မန္တန်များနှင့် မန်းမှုတ်နည်းများပါဝင်သော အာတဗ္ဗဝေဒ(Atharva-veda)ပေါ်ပေါက်လာသည်။ ဤဝေဒထွန်းကားလာချိန်တွင် ဂါထာမန္တန်ဖြင့် ရောဂါတို့ကို ကုစားလာကြသည်။ ရန်သူကို အောင်နိုင်ရန် ဂါထာရွတ်ဖတ်လာကြသည်။ မိုးရွာစေ ရန် ဂါထာဖြင့် ပူဇော်ကြသည်။ မိန်းမပျိုများ၏ အချစ်ကို ရယူရန်ပင် ဂါထာ မန်းမှုတ်ကြသည်။

**ဝေဒခေတ်အဆင့်ဆင့်**

ဝေဒကျမ်းများမှာ နှုတ်ထက်အာဂုံဆောင်ထားသော စာပေများဖြစ်၍ ယင်းတို့ကို သုတိ(ကြားနာမှတ်သားထားသောကျမ်းများ) ဟုခေါ်သည်။ ဤကျမ်းများကို စနစ်တကျစုစည်းလာသောအခါ "သံဟိတာ" ကျမ်းများဟု ခေါ်သည်။

ယဇ်ပူဇော်မှုကို အလေးထားသည့် ယဇုဝေဒထွန်းကားလာပြီးနောက်ပိုင်းတွင် ယဇ်ပူဇော်မှုများပြားလာသည်။ ရှုပ်ထွေးလာသည်။ ပူဇော်ရာတွင် သုံးသည့်သင်ပုတ်စင်အများအပြားလိုအပ်လာသည်။

ပူဇော် စရာပစ္စည်း အများအပြား ကိုလည်းတီထွင်လာကြသည်။ ထိုအခါ ကာယကံရှင် ကိုယ်တိုင် မိမိနေအိမ်၌ ယဇ်ပူဇော်မှု အားလုံး ပြုလုပ်ရန် မဖြစ်နိုင်တော့ဘဲ၊ ကိုယ်စားယဇ်ပူဇော်ပေးရန် ပူဇော်တတ်သူကို ရှာဖွေလာရသည်။ ကိုယ်စားပူဇော်ပေးသည့်လူများ (လူတန်းစား တစ်ရပ်အဖြစ်) ပေါ်ပေါက်လာသည်။ ယဇ်ပူဇော်မှုကိုလည်း မြင့်မြတ်သော အတတ်ပညာ တစ်ရပ်၊ နည်းစနစ်တစ်ရပ် အဖြစ် မှတ်ယူလာကြသည်။ ယဇ်ပူဇော်မှု အတတ်သည် စကြဝဠာနှင့်နတ်ဘုရားတို့အား ထိန်းချုပ်နိုင်သည့် လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်ရှိသည်ဟုပင် ယူဆလာကြသည်။ ထိုသို့ထိန်းချုပ်နိုင်သည့် နည်းလမ်းများကို ရယူပိုင်ဆိုင်နိုင်ရန် ကျင့်ဝတ်များ လိုအပ်လာသည်။ ယဇ်ပူဇော်မှု အခမ်းအနားများကို တခမ်းတနားပြုလုပ်ရန် လိုအပ်သည်ဟုယူဆလာသည်။ ယဇ်ပူဇော်လူတန်းစားများကသာ ရှုပ်ထွေးပွေလီလှသော ယဇ်ပူဇော်မှုများကို မှန်မှန်ကန်ကန်ပြုလုပ်နိုင်သည်ဟု ယူဆလာကြသည်။ ယဇ်ပူဇော်ပေးမည့်သူများသည် လူ့အဖွဲ့အစည်းတွင် မရှိမဖြစ်လိုအပ်သော လူတန်းစားတစ်ရပ်အဖြစ် အခိုင်အမာ ရပ်တည်လာသည်။ ထိုလူတန်းစားကို ဗြာဟ္မဏဟု ခေါ်သည်။ ထိုလူတန်းစားက ယဇ်ပူဇော်မှုများ၌ ဘာသာရေးလုပ်ငန်းများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရှင်းပြခြင်းများ ပြုလုပ်လာရာ၊ ဝေဒကို အခြေခံသည့် ဗြာဟ္မဏကျမ်းများပေါ်ပေါက်လာသည်။

ဗြာဟ္မဏကျမ်းများတွင် ယဇ်ပူဇော်မှုကို ပဓာနအားဖြင့်ဖော်ပြထား၏။ နတ်နှင့်အသုရာတို့ စစ်ထိုးပွဲစသည့် ရှေးဟောင်းဒဏ္ဍာရီများကိုလည်း ဖော်ပြထားသည်။ ယဇ်ပူဇော်ပွဲအလိုက် ရွတ်ဆိုရမည့် မန္တန်၊ ရွတ်ဆိုပုံရွတ်ဆိုနည်း၊ ဆောင်ရွက်ရမည့် အစီအစဉ်၊ အချိန်ကာလစသည်တို့ကိုလည်း အသေးစိတ်ဖော်ပြ

ထားသည်။

ဗြာဟ္မဏကျမ်းများ ပေါ်ထွန်းပြီးနောက်ပိုင်းတွင် တောထွက်ရသေ့ရဟန်းပြုသူများ ပေါ်ထွန်းခဲ့သည်။ ထိုသူတို့သည် တောတောင်အရပ်ရပ်တွင် ယဇ်ပူဇော်မှုလည်းပြုကြသည်။ သမထဘာဝနာလည်းပွားများကြသည်။ ထိုသူတို့၏ အကြောင်းအရာ၊ အတွေ့အကြုံအတွေးအခေါ်များမှာ နောင်တွင် အာရညက (Aranyaka) ကျမ်းများအဖြစ်ပေါ်ပေါက် လာသည်။

ဗြာဟ္မဏခေတ်နှင့် အာရညကခေတ်တွင် ယဇ်ပူဇော်ခြင်း၊ ဘာဝနာပွားခြင်းတို့ကို ကမ္မလမ်းစဉ်ဟု ခေါ်သည်။ ထိုခေတ်များ၌ပင် ယဇ်ပူဇော်မှုနည်းလမ်းဖြင့် မဟုတ်ဘဲ အခြားနည်းလမ်းဖြင့် အနှောင်အဖွဲ့မှ လွတ်ကင်းနိုင်ပါသလော၊ ဘဝလွတ်မြောက်မှု ရနိုင်ပါသလော စသည်ဖြင့် စဉ်းစားလာကြသည်။ ဤသို့စဉ်းစားလာရာမှ ဥပနိသျှဒ် ဟုခေါ်သောစာပေများအပေါ် အာရုံစိုက်လာကြသည်။ ဥပနိသျှဒ် သည်ပညာတတ်အလွှာတို့ ၏ချဉ်းကပ်နည်းဟုခေါ် ဆိုနိုင်တန်ရာသည်။ ဥပနိသျှဒ် ဟူသောစကားအရ တစ်ဦးတစ်ယောက်ထံ ချဉ်းကပ်နေထိုင်ပြီး ထိုသူ၏ သွန်သင်ဆုံးမမှုကို နာယူမှတ်သားခြင်းဟု ဆိုလိုသည်။ ထိုသို့ချဉ်းကပ်နာယူရသော သွန်သင်ဆုံးမမှုများသည် လျှို့ဝှက်ချက်များဖြစ်သည်။ သတိကြီးစွာဖြင့် စောင့်စည်းရမည့်တရားများဖြစ်သည်။ လက်ခံနာခံ နိုင်မည့် လက်ရွေးစင် လူတစ်စုသို့ သာသီးသန့်သင်ပြပေးရသည့် တရားများဖြစ်သည်။ ထို့ကြောင့် ဥပနိသျှဒ် ဟူသည့် လျှို့ဝှက်တရား၊ လျှို့ဝှက်အသိပညာဖြစ်လာသည်။ ဘဝလွတ်မြောက်ရန် သော့ချက်မှာ ယဇ်ပူဇော်မှု(ကမ္မကဏ္ဍ) မဟုတ်တော့ဘဲ၊ အသိပညာ (ဉာဏကဏ္ဍ) ဖြစ်လာသည်။ အသိ

ပညာသည် အရာရာတွင် အရေးပါလာသည်။ ဥပနိသျှဒ်ကျမ်းများတွင် ဘာဝနာပွားရေးကိုလည်း အလေးထား ဆွေးနွေးထားသည်။ ဤသို့ပြောင်းလဲလာသော ခေတ်၏ ဥပနိသျှဒ်စာပေ တို့သည် အတွေးအခေါ်ကို ဦးစားပေးသည်။ ဆင်ခြင်တုံတရားကို ရှေးတန်းတင်သည်။ ထိုဥပနိသျှဒ် စာပေများသည် ဝေဒခေတ်၏ နောက်ဆုံးအခန်းကဏ္ဍများဖြစ်၍ ဝေဒန္တဟုလည်း ခေါ်နိုင်သည်။

## ဝေဒခေတ် လူတန်းစားလေးရပ်

လူတန်းစားခွဲခြားမှုကို အာရိယန်တို့သည် မည်သည့်အချိန်က စတင်ကျင့်သုံးခဲ့သည်ဟု အတိအကျမသိရသော်လည်း ဗြာဟ္မဏကျမ်းများ ခေတ်တွင်မူလူတန်းစားခွဲခြားမှု အထင်အရှား ပေါ်ထွန်းနေပြီဖြစ်ကြောင်း အခိုင်အမာသိရသည်။ ဗြာဟ္မဏ၊ ခတ္တိယ၊ သုဒ္ဒဟူ၍ကွဲပြားနေသော လူတန်းစားလေးရပ်ရှိသည်။ လူတန်းစားကို ဝဏ္ဏဟူသော စကားဖြင့်လည်း ပိုင်းခြားပြထားတတ်သည်။ ဝဏ္ဏသည်အရောင်အဆင်းဟု အနက်ရှိသည်။ အရောင်အဆင်း ဝဏ္ဏမှာ သင်္ကေတပြုထားသော ဝေါဟာရဖြစ်သည်။ နှောင်းခေတ် စာပေများ၌ ဗြာဟ္မဏလူတန်းစားကို အဖြူရောင်၊ ခတ္တိယကို အနီရောင်၊ ဝေဿကိုအဝါရောင်၊ သုဒ္ဒကို အနက်ရောင် ဖြင့် ညွှန်းဆိုထားသည်။

ဝဏ္ဏလေးမျိုးမှာ မွေးဇာတိအရ ခွဲခြားထားသော အဆင့်အတန်းဖြစ်သည်။ အထက်ဖော်ပြပါ ရှေ့နောက်အစဉ်အတိုင်း အမြတ်ဆုံးမှ စကာ အဆင့်ဆင့် ယုတ်နိမ့်သွားသော အမျိုးဇာတ်ကို အစဉ်အတိုင်း သတ်မှတ်ခွဲခြားထားခြင်းဖြစ်သည်။ ဤခွဲခြားမှုအရ ဗြာဟ္မဏတို့သည် ဗြဟ္မာ၏ခံတွင်းမှ ဆင်းသက်လာသူများဖြစ်သည်။

သစ္စာတရားကို ပြောဆို ရွတ်ဆိုနိုင်သူများ ဖြစ်သည်။ ဝေဒကျမ်းများကို ရွတ်ဆိုနိုင်သူများ ဖြစ်သည်ဟုဆိုသည်။ ခတ္တိယတို့မှာ ဗြဟ္မာ၏လက်မောင်းမှ ဆင်းသက်လာသူများဖြစ်သည်ဟု ဆိုသည်။ 'လက်မောင်း'သည်အာဏာနှင့် ခွန်အားကို ကိုယ်စား ပြုထားခြင်း၊ သင်္ကေတပြုထားခြင်းပင်ဖြစ်သည်။ ဤလူတန်းစားအတွက် ရှေးဦးအခေါ်မှာ "ရာဇနု" ဖြစ်သည်။ ရာဇန်(မင်း)ဟူသောပုဒ် မှ ဆင်းသက်လာသော စကားဖြစ်သည်။ နောင်အခါမှသာအဓိပ္ပာယ်တူဝေါဟာရအဖြစ်ခတ္တိယဟု သုံးစွဲလာခြင်းဖြစ်သည်။ဤ လူတန်းစား၏ပဓာနသတ္တိမှာ "အင်အား" ဖြစ်သည်။ ထို့ကြောင့် ခတ္တိယများသည်အုပ်ချုပ်သူများလည်း ဖြစ်သည်။ တိုက်ခိုက်ရေးသမားများလည်းဖြစ်သည်။

ဝေဿဟူသော အခေါ်မှာ ဝိသ်ပုဒ် မှ ဆင်းသက်လာခြင်းဖြစ်သည်။ လွတ်လပ်စွာနေထိုင်သော သာမန်လူများဟု ဆိုနိုင်သည်။ ဤသူများမှာ စိုက်ပျိုးရေးသမားများ၊ စီးပွားကုန်သွယ်သူများဖြစ်ကြသည်။

သုဒ္ဒတို့၏အလုပ်မှာ အခြားသူ (ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ) များ၏ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။ အခြားလူတန်းစား သုံးရပ်သည် ဝေဒကျမ်းများကို ရွတ်ဆိုနိုင်၊ ပူဇော်နိုင်သော်လည်း သုဒ္ဒတို့မှာမူ ဝေဒကျမ်းရွတ်ဆိုခြင်းကို နားထောင်ခွင့်ပင် မရခဲ့ကြချေ။ နှောင်းခေတ်စာပေများ၌ သုဒ္ဒတို့ကို လက်မှုပညာရှင်များ အနုပညာရှင်များအဖြစ် ဖော်ပြထားသော်လည်း ရှေးဟောင်းကျမ်းများ၌မူ ယင်းအလုပ်မျိုးကိုသုဒ္ဒတို့ ပြုလုပ်ရကြောင်း တစိုးတစိမျှ ဖော်ပြထားခြင်း မရှိချေ။ အိန္ဒိယနိုင်ငံ၏ လူတန်းစားခွဲခြားမှုနှင့်စပ်လျဉ်း၍ ရှေ့တနေရာတွင် ထပ်မံဖော်ပြပါဦးမည်။

## ဝေဒခေတ် ဘာသာရေးနှင့် အတွေးအခေါ်

### ဘဝသံသရာအယူအဆ

ယဇ်ပူဇော်ပွဲများ ဘုန်းမီးနေလတောက်ပနေချိန်မှာပင် သေပြီးနောက် ဘဝတစ်ဖန်ပြန်လည်ဖြစ်ကာ သံသရာကျင်လည်သည်ဟူသော အယူအဆပေါ်ထွန်းလာကြောင်း တွေ့ရသည်။ တစ်ဘဝမှ ကွယ်လွန်၍ နောက်ဘဝသစ်၌ ဖြစ်ရာတွင် မိမိပြုလုပ်သော ကောင်းမှုမကောင်းမှု၏ အကျိုးဆက်အတိုင်း ဖြစ်ရသည်ဟု ယူဆခဲ့ကြသည်။ သေလွန်ပြီးနောက် နတ်ဘုံရားများထံရောက်ရှိနိုင်ရန်အတွက် လက်ရှိဘဝတွင် မြင့်မြတ်ဖို့အတွက်၊ကောင်းမှုကုသိုလ်ပြုရန် လိုသည်ဟုလည်းယူဆခဲ့ကြသည်။ အကယ်၍ လက်ရှိဘဝတွင် မကောင်းမှုကိုပြုပါက ထိုမကောင်းမှု၏ အကျိုးဆက်ကို တမလွန်ဘဝ၌ ခံစားရမည်ဟုလည်း လက်ခံခဲ့ကြသည်။ သို့ရာတွင် တမလွန်ဘဝ၌ နတ်ပြည်တွင်သော် လည်းကောင်း၊ အပါယ်တွင်သော်လည်းကောင်း ထာဝရဖြစ်တည်နေမည် မဟုတ်ဟုလည်း ယူဆခဲ့ကြသည်။ အကြောင်းမှာ တိုတောင်းလှသော လူ့သက်တမ်းတွင် ပြုလုပ်ခဲ့သော ကောင်းမှု၊ မကောင်းမှုသည် ကောင်းကျိုးဆိုးပြစ်ကို အဆုံးအစ မရှိ ဖြစ်ပေါ်စေနိုင်မည်မဟုတ်။ မိမိပြုသော အမှုကြောင့်ရရှိသည့် ပျော်ရွှင်ချမ်းမြေ့မှု၊ ဆင်းရဲ ဒုက္ခ ခံစားရမှုတို့သည် တစ်ချိန်ချိန်တွင် အဆုံးသတ်ကာ ဘဝသစ်တွင် တစ်ဖန်ပြန်လည် မွေးဖွားလာရပေဦးမည် ဟုလည်း လက်ခံခဲ့ကြသည်။

## ပန်ဆင်းရှင်ဗြဟ္မာ

ယဇ်ပူဇော်မှုများကို ပြုလုပ်ရင်း ကမ္ဘာအကြောင်း၊ စကြဝဠာအကြောင်း စဉ်းစားလာကြသောအခါ တွေးဆချက်အမျိုးမျိုး ပေါ်ထွက်လာခဲ့သည်။ စကြဝဠာ၏ နောက်ကွယ်တွင် ပေါင်းစည်းစရာတစ်စုံတစ်ရာရှိပါသလော။ လှုပတ်ဝန်းကျင်ရှိ ခပ်သိမ်းသော အရာ တို့ကို လွှမ်းခြုံလျက် ထာဝရ တည်ရှိနေသော အရာတစ်ခုခုရှိပါသလော။ ပေါင်းစည်းစရာ တစ်စုံတစ်ရာ၊ ပေါင်းစည်းမှုတစ်မျိုးမျိုး ရှိပါက မည်သို့မည်ပုံပေါင်းစည်းသွားပါသနည်း။ ဤထာဝရတည်ရှိသော အရာနှင့်လူတစ်ဦးချင်းစီသည် မည်သို့မည်ပုံ ဆက်သွယ်နေပါသနည်း။. . . ဤပေါင်းစည်းမှုကို စူးစမ်းရှာဖွေရာ၌ အိန္ဒိယသားတို့သည် အဆင့်များစွာကို ဖြတ်သန်းခဲ့ကြရသည်။

အစဦး၌ နတ်ဘုရားအားလုံးတွင်တူညီမှုရှိသည်ဟု ယူဆခဲ့ကြသည်။ နတ်ဘုရားအားလုံးသည် စွမ်းအား၊ အလင်းရောင်၊ မွန်မြတ်မှု၊ ဉာဏ်ပညာတို့ကို ထပ်တူထပ်မျှ ပိုင်ဆိုင် ကြသည်ဟု ယူဆခဲ့ကြသည်။ နတ်ဘုရားအားလုံးသည် အနန္တတန်ခိုးရှင်များ ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။

ထိုနောက် နတ်ဘုရားအားလုံး၏ ဖခင်၊ သတ္တဝါအားလုံး၏ ဖခင်အဖြစ် နတ်ဘုရားတစ်ပါးပါးကို သတ်မှတ်လာကြသည်။ ပဇာပတိ သည်ဤသို့သော နတ်ဘုရားဖြစ်သည် ဟုဆိုသည်။ ပဇာပတိကို နတ်ဘုရား တို့၏ဖခင်ဟု ခေါ်ဝေါ်ခဲ့ကြသည်။

နောက်ဆုံး၌ အယူအဆတစ်ရပ် ထွန်းကားလာပြန်သည်။ ထိုအယူအဆအရ နတ်ဘုရားအဆူဆူတို့မှာ တန်ခိုးအကြီးဆုံးနတ်

ဘုရားကြီး၏ ကိုယ်ပွားတော်များ အမည်ကွဲများသာဖြစ်သည် ဟူသောအဆိုပင်ဖြစ်သည်။ ဤသို့ဘုရားတစ်ဆူတည်း ဝါဒကို ဥပနိသျှဒ် ကျမ်းများ၌ တွေ့ ရသည်။ သင်္ခါရလောက၏ နောက်ကွယ်၊ သတ္တဝါတို့၏ နောက်ကွယ်၊ နတ်ဘုရားများ၊ လူသားများနှင့် သဘာဝတရား၏ နောက်ကွယ်တွင် တစ်စုံတစ်ခုသော သီးခြား ပေါင်းစည်းမှု ရပ်တည်မှုသည်ရှိသည်။ ထိုအရာမှာ မဟာဗြဟ္မာ ဖြစ်သည်ဟု ဥပနိသျှဒ်ကျမ်းတို့၌ ညွှန်ပြထားသည်။ဤ မဟာဗြဟ္မာ သည်ပင် စကြဝဠာဖြစ်သည်။ မဟာဗြဟ္မာတွင် သက်ရှိသက်မဲ့ အားလုံးပေါင်းစည်း ပါဝင်နေသည်။ ဤသို့စကြဝဠာနှင့် မဟာဗြဟ္မာ ကို ထပ်တူပြုလျက် အရာရာတွင် ဗြဟ္မာရှိသည်။ဗြဟ္မာတွင် အရာရာ သည် တည်ရှိနေသည်ဟု ဥပနိသျှဒ်ကျမ်းတို့၌ ဖွင့်ဆိုထားသည်။

ဤသို့သဘာဝ၏အရာရာတိုင်းတွင် ဗြဟ္မာရှိသည်ဟု လက်ခံ နေချိန်မှာပင် ဗြဟ္မာသည် အရာရာကို လွှမ်းမိုးသည်၊ အရာရာထက် မနှိုင်းယှဉ်သာအောင် သာလွန်သည်ဟုလည်း ယူဆခဲ့ကြသည်။ ဗြဟ္မာသည် အားလုံးသော စကြဝဠာတို့ကို ဖုံးအုပ်လွှမ်းမိုးနိုင်သည် သာလွန်နိုင်သည်။ စကြဝဠာအားလုံးကို လွှမ်းခြုံရပ်တည်နိုင်သည်ဟု လည်း ယူဆခဲ့ကြသည်။

## ကမ္မအယူအဆ

ဝေဒခေတ်နှောင်းပိုင်းတွင် ဘာသာရေး၌ အသုံးတွင်ကျယ် လာသော ဝေါဟာရတစ်ခုမှာ "ကမ္မ"ဖြစ်သည်။ ကမ္မသည် ပြုလုပ် ခြင်း၊ အပြုအမူဟု အနက်ရသည်။ အခြေခံအားဖြင့် ကမ္မ-ကံသည် ပြုလုပ် ခြင်း ထက်ပိုသော အဓိပ္ပာယ်မပါရှိချေ။ ဗြာဟ္မဏကျမ်းတို့၌

မြတ်သော ပြုလုပ်ခြင်း (ယဇ်ပူဇော်မှု)ကို ကမ္မပုဒ်ဖြင့် ရည်ညွှန်းလေ့ ရှိသည်။ စနစ်တကျမှန်ကန်စွာ ပြုလုပ်သော ယဇ်ပူဇော်မှုသည် အကျိုးသက် ရောက်မှု ရှိကြောင်းလည်း ဖွင့်ဆိုလာသည်။ ထိုဖွင့်ဆို ချက်မှ တစ်ဆင့် ဘာသာရေးအရ ပြဋ္ဌာန်းထားသော ကံ၏အကျိုး သက်ရောက်ပုံကို အဓိပ္ပာယ် ကောက်ယူနိုင်သည်။ သို့မဟုတ် ဘာသာရေးအရ တားမြစ် ထားသော မကောင်းကံ၏ ဆိုးကျိုးပေး ပုံကိုလည်း ဆက်စပ်နားလည် ရသည်။ ထို့ပြင် ပြုလုပ်ရမည့်အလုပ်ကို မလုပ်ဘဲ ထိန်ချန်ထားခြင်း၊ မလုပ်ရမည့် တားမြစ်ချက်ကို ကျူးလွန်ခြင်းတို့၏ အကျိုးဆက်များ ကိုလည်းသဘောပေါက် လာနိုင်သည်။

ရှေးဦး၌ ကမ္မနှင့်ပတ်သက်သော အယူအဆများသည် ယဇ်ပူဇော်မှု တစ်ခုတည်းကိုသာ ရည်ညွှန်းခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် (ဗရိဟာဒ်အာရညက ဥပနိသျှဒ်ကျမ်း၌) မေတ္တာထားခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းစသော ကိုယ်ကျင့်သီလများကိုပါ ကောင်းမှုကံ အဖြစ်ဖော်ပြလာသည်။ သို့ရာတွင် ဗြာဟ္မဏဝါဒ၌ ကမ္မကိုယဇ်ပူဇော်မှု အဖြစ်သာ ဆက်လက်လက်ခံထားသည်။ ဗုဒ္ဓလက်ထက် ရောက်မှသာ ကမ္မကိုပထမဆုံးအကြိမ်အဖြစ် လူ့ကျင့်ဝတ်၊ စာရိတ္တ အဖြစ် သတ်မှတ်လာခဲ့သည်။

### အတ္တအယူအဆ

ဗြာဟ္မဏကျမ်းများထွန်းကားချိန်၌ သက်ရှိသက်မဲ့အားလုံး တို့သည် စကြဝဠာ၏နောက်ကွယ်၌ ဗြဟ္မာနှင့် ပေါင်းစည်းမှုရှိနိုင် သည်ဟု ယူဆနေချိန်မှာပင် စကြဝဠာနှင့်မပတ်သက်ဘဲ၊ လူသား၏

အဇ္ဈတ္တနှင့်သာ သက်ဆိုင်သည့်ဝိညာဉ်ဆိုင်ရာ အခြေခံတစ်ရပ်ကို လည်း တွေးခေါ်လာကြသည်။ လူသား၏ အဇ္ဈတ္တတွင် အမာခံ အမြဲတေ အဖြစ် "အတ္တ" တည်ရှိသည်မရှိသည်ကို စဉ်းစားလာကြခြင်းပင် ဖြစ်သည်။

ရှေးဦး၌ "အတ္တ" atman ဟူသော ပုဒ်ကို အသက်ရှူခြင်း ဟူသော အဓိပ္ပာယ်ဖြင့် သုံးစွဲခဲ့ကြသည်။ သို့ရာတွင် အတ္တပုဒ်၏ အဓိပ္ပာယ်သည် တဖြည်းဖြည်းပြောင်းလဲလာရာ နောက်ပိုင်းတွင် လူသတ္တဝါတစ်ဦးချင်းစီ၏ သီးခြားအမြဲတေဖြစ်သော ဝိညာဉ် (self-soul) လိပ်ပြာဖြစ်သည်ဟု ယူဆလာကြသည်။

အတ္တပုဒ်၏အဓိပ္ပာယ်အဆင့်ဆင့်ပြောင်းလဲလာပုံကို ဥပနိသျှဒ်ကျမ်းများ၌ အထင်အရှားတွေ့ရသည်။ ပထမတွင် အတ္တကို ရုပ်ပိုင်း ထင်ရှားရှိသော အရာအဖြစ် ရည်ညွှန်းသုံးစွဲခဲ့ကြသည်။ ထိုရုပ်ပိုင်းရှိသော အတ္တသည် မွေးဖွားလာသည်။ ကြီးပြင်းလာသည်။ သေသွားသည်ဟု ဆိုကြသည်။ ထိုရုပ်ပိုင်းရှိသော အတ္တသည် လူ၏အဇ္ဈတ္တတွင် အမာခံ၊ အမြဲတေအဖြစ် တည်နေသည်ဟု ယူဆလာသောအခါ ငြင်းခုံဆွေးနွေးမှုများ ပေါ်ပေါက်လာသည်။ အကြောင်းမှာ ထိုရုပ်ပိုင်းရှိသော အတ္တသည်မျက်စိကွယ်သွားနိုင်သောကြောင့် သို့မဟုတ် သေရာပါအောင် ကိုယ်အင်္ဂါ ချွတ်ယွင်းသွားနိုင်သောကြောင့် အမြဲတေအတ္တမဖြစ်နိုင် ဟုဆိုကြသည်။

ဒုတိယအနေဖြင့် အတ္တဆိုသည်မှာ စိတ်ကူးထဲ၊ အိပ်မက်ထဲမှာသာ တွေ့ရသော စိတ်ကူးပုံရိပ်ဖြစ်သည်ဟု ဆိုကြပြန်သည်။ ထိုစိတ်ကူးပုံရိပ်အတ္တသည် အချိန်ကိုလည်းကောင်း၊ နေရာကိုလည်းကောင်းမငဲ့ဘဲ ဖြစ်ပေါ်လာနိုင်သည်။ခန္ဓာ ကိုယ်မတော်တဆ

ထိခိုက်ခံရသော်လည်း ထိုစိတ်ကူးပုံရိပ်အတ္တမှာ မထိမခိုက် လွတ်မြောက်သည်ဟုဆိုသည်။သို့ရာတွင် ဤသို့သော စိတ်ကူးပုံရိပ်အတ္တမှာအတွေ့အကြုံ အခြေအနေအရပြောင်းလဲနိုင်သည်။ ဖောက်ပြန် နိုင်သည်။ ထို့ကြောင့် အမြဲတေအတ္တမဖြစ်နိုင်ဟု ငြင်းဆိုကြပြန်သည်။

တတိယအဆင့်အနေဖြင့် အတ္တဆိုသည်မှာ အိပ်ပျော်နေချိန်၊ အနားယူနေချိန်၌ ဖြစ်ပေါ်လာသော လိပ်ပြာဖြစ်သည်ဟု ယူဆကြပြန်သည်။ သို့ရာတွင် အိပ်ပျော်နေစဉ်၌ အတ္တသည် ကြောက်ရွံ့ခြင်း၊ နာကျင်ခြင်းတို့မှ လွတ်ကင်းသော်လည်း၊ ယင်းကို တကယ့်အမြဲတေအတ္တဟုကား မမှတ်ယူနိုင်။ အကြောင်းမှာ အိပ်ပျော်နေစဉ် မိမိကိုယ်ကိုလည်းကောင်း၊ ပြင်ပအရာများကိုလည်းကောင်း သိနိုင်စွမ်းမရှိဘဲ၊ သစ်တုံးပမာသာဖြစ်နေသောကြောင့် ဖြစ်သည်ဟု ထောက်ပြကြသည်။

ထို့နောက်အတ္တနှင့် ပတ်သက်သော အယူအဆသည် စတုတ္ထအဆင့်သို့ရောက်လာသည်။ ဤအဆင့်၌ အတ္တသည် သိစိတ်ဝိညာဏ်သက်သက်မျှသာ(Pure Consciousness) ဖြစ်သည်ဟု ယူဆခဲ့ကြသည်။

ဤသိစိတ်ဝိညာဏ်သည် ရုပ်ပိုင်းကန့်သတ်မှု၊ စိတ်ပိုင်းထိန်းချုပ်မှုအားလုံးမှ ကင်းလွတ်သည်။ သိစိတ်ဝိညာဏ်သက်သက်သည် အတ္တဖြစ်သည်ဟု သိအောင်သမာဓိဘာဝနာကို ကျင့်ရမည်။ လုံလောက်သော သမာဓိရှိလာသောအခါ . . . အတ္တဟူသည်မှာ သိစိတ်ဝိညာဏ် သက်သက် မျှသာဖြစ်သည်ဟု သိမြင်လာမည်။ဤသို့သိလာသော အသိသည်သာ အတ္တ၏အစစ်အမှန်သဘာဝ ကို သိသောအသိ ဖြစ်သည်ဟု ယူဆခြင်းများလည်းရှိသည်။

## စကြဝဠာအတ္တနှင့် တစ်ဦးချင်းအတ္တ

လူ၏အဖျွတ္တ၌တည်ရှိသော အတ္တသို့မဟုတ် စိတ်ပိုင်းဆိုင်ရာအတ္တကို တွေးခေါ်မိပြီးနောက် ဥပနိသျှဒ်တွေးခေါ်ရှင်တို့သည် ဤသို့စဉ်းစားတွေးခေါ်လာကြပြန်သည်။ စကြဝဠာ၏ထာဝရ အခြေခံ ဖြစ်သော၊ အမြဲတစ်စေအမှန် တကယ်တည်နေသော ဗြဟ္မာသည် ရုပ်ပိုင်းစကြဝဠာနှင့် ဆက်သွယ်နေရမည်။ ဆက်သွယ်ပုံမှာ တစ်ဦးချင်း၏ အတ္တသည် တစ်ဦးခြင်း၏ ခန္ဓာကိုယ်နှင့် ဆက်သွယ်နေသည့်နည်းတူဖြစ်မည်။

ဤအယူအဆကို လက်ကိုင်ပြုလျက် စကြဝဠာ၏ အဖျွတ္တ အမာခံသည် လူ၏အဖျွတ္တ အမာခံဖြစ်သော အတ္တနည်းတူပင် ဖြစ်သည်ဟု ဥပနိသျှဒ်ကျမ်းတို့၌ တွေးခေါ်လာကြသည်။ ဂုရုခေါ် ဆရာရှင်၏ လမ်းညွှန်မှုဖြင့် လေ့ကျင့်ခြင်း၊ စဉ်းစားသုံးသပ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းတို့ကို ကြာရှည်စွာ လေ့ကျင့်ပြုလုပ်ပါက အသိဉာဏ်ပွင့်လင်းလာမည်။ ထိုအခါ အားလုံးသည်တစ်ခုတည်းဖြစ်သည်ဟူသော အသိဉာဏ်ဖြင့် ကိုယ်တိုင်ပိုင်နိုင်စွာ သဘောပေါက်လာမည်။ မတူကွဲပြားမှုများ၊ ခြားနားမှုများ၊ အားလုံးကွယ်ပျောက်သွားကာ မိမိ၏တစ်ဦးချင်း အတ္တသည် စကြဝဠာဆိုင်ရာ ထာဝရ အတ္တနှင့် ထပ်တူပင်ဖြစ်သည်ဟု ကိုယ်တိုင် နားလည် လာမည်။ ဤသို့တစ်ဦးချင်းအတ္တနှင့် စကြဝဠာအတ္တ (ဗြဟ္မာ) ထပ်တူဖြစ်ကြောင်း သဘောပေါက်သောအခါ စကြဝဠာနှင့် ပတ်သက်၍ ငြင်းခုံနေမှုသည်လည်း အဆုံး သတ်သွားမည်ဖြစ်သည်။

စကြဝဠာအတ္တနှင့် တစ်ဦးချင်းအတ္တတို့ကို သရုပ်ဖော်နိုင်ရန် ဥပနိသျှဒ်ကျမ်းများ၌ ဥပမာများစွာဖြင့် ပုံဆောင်ဆွေးနွေးတင်ပြထားသည်။ ရေထဲသို့ပစ်ချလိုက်သော ဆားတစ်ဆုပ်သည် ရေတွင်ပျော်ဝင်ပေါင်းစည်းသွားမည်။ ဤဥပမာနည်းတူပင် အတ္တနှင့်ဗြဟ္မာသည်တစ်သဘောတည်းဖြစ်သည် ဟုသိလိုက်ပါက တစ်ဦးချင်းအတ္တသည် စကြဝဠာအတ္တအတွင်းသို့ ခြေရာခံစရာ ဘာတစ်ခုမျှမကျန်တော့ဘဲ ပေါင်းစည်းရောဝင်သွားမည်ဖြစ်သည်။

သမုဒ္ဒရာသို့ စီးဝင်သော မြစ်သည် မူလအမည်နှင့် မူလပုံသဏ္ဌာန် ပျောက်ကာ မဟာသမုဒ္ဒရာ နှင့် တစ်သားတည်းဖြစ်သွားရသကဲ့သို့ပင် သူတော်စင် သည် မိမိ၏ မူရင်း အမည်နှင့်ပုံသဏ္ဌာန်ကိုစွန့်လွှတ်ကာ ဗြဟ္မာ့ထံ ရောက်ရှိပူးပေါင်းသွားမည်ဖြစ်သည်။ ဤပေါင်းစည်းမှုကို "တတ်တွံအသိ"(သင်သည်ထိုဗြဟ္မာပင်ဖြစ်၏) ဟူသော စာပိုဒ်က ဖော်ပြနေသည်။ ဤစာပိုဒ်၌ပါရှိသော 'တတ်' (ထို) ဟူသည် မဟာဗြဟ္မာကို ရည်ညွှန်းသည်။ စကြဝဠာဆိုင်ရာ အကြောင်းအရာ ကို ရည်ညွှန်းသည်။ စကြဝဠာကို ထောက်ပံ့သူကို ရည်ညွှန်းသည်။ "တွံ" (သင်)ဟူသော ပုဒ်က ဗြဟ္မာကိုပင် ရည်ညွှန်းပြီး၊ ထိုဗြဟ္မာ၏လုပ်ငန်းမှာ တစ်ဦးချင်း အတ္တအား အတွင်းမှ အုပ်စိုးခြင်း ဖြစ်သည်။ ဤ"တတ်တွံအသိ"ဟူသော စာပိုဒ်သည် စကြဝဠာ နှင့်ဆိုင်သော အကြောင်းတရားလည်းဖြစ်ပြီး၊ သက်ရှိသက်မဲ့ အားလုံးတို့၏ ရင်းမြစ်လည်းဖြစ်သော ဗြဟ္မာ၊(ဝါ) မဟာဗြဟ္မာကြီးသည် လူသားတစ်ဦးချင်း၏ အဇ္ဈတ္တကို အုပ်စိုးသူလည်း ဖြစ်သည်ဟူသော အယူအဆမှန်ကို ညွှန်ပြနေသည် ဟုဆိုသည်။

## သံသရာမှ လွတ်မြောက်ရေး အယူအဆ

ကြာရှည်လေးမြင့်စွာ လေ့ကျင့်ပြီးသောအခါ၊ ကမ္မဋ္ဌာန်းအားထုတ်ပြီးသောအခါ လေ့လာပြီးသောအခါ သုံးသပ်ဆင်ခြင်ပြီးသောအခါ ဥပနိသျှဒ်ကျမ်းတို့၌ ပဲ့ပြင်သွန်သင်ထားသော အမှန်တရားကို လူသည်နားလည်သဘောပေါက်နိုင်သည်။ ထိုသို့ နားလည်ခြင်းသည် လွတ်လပ်မှုရခြင်းဖြစ်သည်။ ဘဝသံသရာ ကျင်လည်မှုမှ လွတ်မြောက်ခြင်းဖြစ်သည်။ ဤလွတ်မြောက်မှုပန်းတိုင် ကိုအသက်ထင်ရှားရှိနေစဉ်မှာပင် ရရှိနိုင်သည်။ရောက်နိုင်သည်။ သို့ရာတွင် လူအများစုသည် ဤဘဝတစ်ဘဝတည်း၌ ထိုသို့သော လွတ်မြောက်မှုကို ရနိုင်စွမ်းမည်မဟုတ်။ မိမိ၏ကြိုးပမ်းအားထုတ်မှုကို အခြေခံလျက်အနာဂတ် ဘဝတစ်ခုခု၌သာလွတ်မြောက်မှုရနိုင်ပေမည်ဟုလည်း ဥပနိသျှဒ်ကျမ်းတို့၌ ပြဆိုထားသည်။ ဤသို့ဖြင့် "အသိဉာဏ်ပညာသည် လွတ်မြောက်မှုသို့ ဦးတည်ပို့ဆောင်နေသည်" ဟူသော ဥပနိသျှဒ် လာပဓာန ဆုံးမချက်သည် ဘဝကူးပြောင်းမှု အဆိုနှင့် ဆက်စပ်နေသည်။

ဘဝကူးပြောင်းမှု အဆိုအရ သက်ရှိတစ်ဦးဦး သေသွားသောအခါ ထိုသက်ရှိသတ္တဝါ၏ အတ္တသည် ပျောက်ပျက်မသွားဘဲ၊ ဘဝသစ်တစ်ခုခု၌ ဖြစ်လာသည်။ ဤသို့သတ္တဝါသည် ဘဝသစ်၌ အကြိမ်ကြိမ်ဖြစ်ပေါ်နေရပြီး နောက်ဆုံးတွင်မှ ထိုသူသည် ဘဝသစ်၌ မဖြစ်ပေါ်တော့ဘဲ လွတ်မြောက်မှုရရှိမည်ဟု ဆိုသည်။ တစ်ဦးချင်းအတ္တသည် မဟာအတ္တ(ဗြဟ္မာ)နှင့် ပူးပေါင်းမိမှ လွတ်မြောက်မှုရရှိနိုင်သည်ဟု ယူဆခြင်းပင်ဖြစ်သည်။

## သမဏဗြာဟ္မဏများ

ဂင်္ဂါမြစ်ဝှမ်း၏အနောက်ဘက်ဒေသများတွင် အာရိယန်ယဉ်ကျေးမှုပိုမိုထွန်းကားခဲ့ပြီး ဝေဒအစဉ်အလာ ပိုမိုပျံ့နှံ့ခဲ့သည်။ သို့ရာတွင် ဂင်္ဂါမြစ်ဝှမ်း၏ အရှေ့ဘက်ဒေသများတွင်မူ အာရိယန်ယဉ်ကျေးမှုသည် ထိုအနောက်ဘက် ဒေသများမှာကဲ့သို့ အားမကောင်းခဲ့ချေ။ ထို့ကြောင့် ဂင်္ဂါမြစ်ဝှမ်းအရှေ့ဘက်ဒေသများ၌ ဘုရင်များနှင့် လူအများစုသည် ယဇ်ပူဇော်သူ လူတန်းစားများထက် ပိုမိုအရေးပါအရာရောက်ခဲ့သည်။ ထိုဒေသမှ ပြည်သူအများသည် ဝေဒကျမ်းများကို အရမ်းမဲ့ အကြွင်းမဲ့ယုံကြည်လက်ခံခဲ့ခြင်း မရှိလှချေ။ ယဇ်ပူဇော်သူ လူတန်းစား ဗြာဟ္မဏများက ဂင်္ဂါမြစ်ဝှမ်း အရှေ့ဘက်ဒေသများရှိ လူထုအား ဝေဒကျမ်းများကို လက်ခံယုံကြည်လာအောင် ကြိုးပမ်းသောအခါ ဆန့်ကျင်မှုများကို ရင်ဆိုင်ခဲ့ကြရသည်။ ဝေဒအစဉ်အလာကို ဆန့်ကျင်သူများက ဘဝလွတ်မြောက်မှု နည်းလမ်းဆိုင်ရာ အယူအဆ သစ်၊ အတွေးအခေါ်သစ်များကို သင်ကြားပေးရာမှ ဘာသာရေးဆရာအသစ်များပေါ်ပေါက်ခဲ့သည်။ ထိုဘာသာရေးဆရာသစ်များ၏ နည်းလမ်းကို လိုက်နာဆောင်ရွက်သူများအား 'သမဏ'များဟု ခေါ်သည်။ ယဇ်ပူဇော်သူ လူတန်းစားတို့၏ နောက် လိုက်များကိုမူ "ဗြာဟ္မဏ" များဟု ခေါ်သည်။

သမဏဆရာအချို့မှာ ပြင်းထန်သော တပအကျင့်များကို ကျင့်သုံးသူများဖြစ်ကြသည်။ သံသရာမှ လွတ်မြောက်မှုရရန် မိမိကိုယ်ကို အပင်ပန်းခံ ကျင့်သုံးရမည်ဟု ယုံကြည်ကိုးစားကြသောကြောင့် ဤသို့တပအကျင့်ကို ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။ ကျင့်သုံးရာ၌

အစားအစာကို နည်းနိုင်သမျှ နည်းအောင် လျှော့စားကြသည်။ လုံးဝမထိုင်ဘဲလည်း ကျင့်သုံးနေထိုင်ကြသည်။ သို့မဟုတ် ဆူးပုံပေါ်၌ ထိုင်ကြသည်။တစ်ကိုယ်တော်ဖြစ်စေ၊ ဆရာကိုခြံရံလျက် အစုအဖွဲ့ လိုက်ဖြစ်စေ၊ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာလေ့ ရှိကြသည်။ ရှေးဟောင်းဂရိနိုင်ငံမှ ဆိုဖီဆရာကြီးများ သို့မဟုတ် ရှေးဟောင်း တရုတ်ပြည်မှ လှည့်လည်သွားလာလေ့ရှိသော တွေး ခေါ်ရှင်ကြီး များနှင့်များစွာပင် အလားတူလှသည်။ အလားတူသည် ဆိုရသော်လည်း အဓိကခြားနားချက်တစ်ရပ်မှုကား အထင်အရှား ရှိနေသည်။ အိန္ဒိယမှ သမဏများမှာ လောကီလူ့ဘဝကို ကျော်ခိုင်း လာသူ တောထွက်လာသူများဖြစ်ပြီး ဆိုဖီဆရာကြီးများ၊ တရုတ် တွေးခေါ်ပညာရှင်ကြီးများကဲ့သို့ လောကီကိစ္စများတွင် စိတ်ဝင်စား ခြင်း လုံးဝမပြုခဲ့ကြချေ။

## သမဏတို့၏အကျင့်

ယေဘုယျဆိုရလျှင် အိန္ဒိယမှ သမဏများသည် နေထိုင် ကျင့်သုံး ပုံအားဖြင့် တစ်ဦးနှင့်တစ်ဦး တူညီနီးစပ်ကြသည်။ အကြမ်း ဖက်ခြင်းကိုမလိုလား၊ မပြုလုပ်ကြ။ အမှန်တရားကို ရှာဖွေကြသည်။ ခိုးဝှက်ခြင်းကို ရှောင်ကြဉ်ကြသည်။ မေထုန်မှုကို ရှောင်ကြဉ်ကြ သည်။ ပစ္စည်း ဥစ္စာပိုင်ဆိုင်မှုကို စွန့်လွှတ်ကြသည်။ အကျင့်သီလ စင်ကြယ်စေခြင်း၊ ပစ္စည်းပိုင်ဆိုင်မှု မရှိခြင်း စသော အကျင့်တို့ကို ကျင့်သုံးခြင်းဖြင့် ရုပ်ဝတ္ထုကို တွယ်တာမှု မထားကြ။ အိုးအိမ်ကို စွန့်လွှတ်ကြသည်။ မိသား စုကို ရှောင်ကြဉ်ကြသည်။ လူ့အဖွဲ့အစည်း ကိုကျောခိုင်းကြသည်။ သို့ရာတွင် ထိုသမဏများသည် လူ့အဖွဲ့

အစည်းကို ဆန့်ကျင်သူများဖြစ်သည်ဟုမူ မဆိုနိုင်ချေ။ ထိုသမဏ တို့သည် အခြားသူများ၏ ဘဝကို လေးစားကြသည်။ အခြားသူများ၏ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုကြသည်။

သမဏတို့သည် တပအကျင့်ကိုလှည့်လည်ကျင့်သုံးကြသည်။သမထ ဘာဝနာကိုလည်း ပွားများကြသည်။ သမဏ တို့နည်းတူလောကီဘဝကို စွန့်လွှတ်ကာ တောထွက်၍ ရသေ့ရဟန်းပြုသည့် ပရိဗ္ဗာဇက(ပရိဗိုဇ်)တို့ရှိသေးသည် ထိုသူများသည် တစ်နေရာမှ တစ်နေရာ လှည့်လည်သွားလာကာ ဝါဒချင်း ပြိုင်လေ့ရှိသည်။ ဆွေးနွေးငြင်းခုံလေ့ရှိသည်။

## တိတ္ထိဆရာကြီး ၆ဦး

သမဏတို့သည် မိမိတို့လေးစားရာ ဆည်းကပ်ရာ ဆရာတစ်ဦးဦးကို ခြံရံလျက်အဖွဲ့လိုက် နေထိုင်တတ်သူများလည်းဖြစ်သည်။ ထိုသို့နေထိုင်သော သမဏအဖွဲ့၊ သမဏဂိုဏ်း (တိတ္ထိဂိုဏ်း) ဆရာကြီး ၆ဦးအကြောင်းကို ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ သာမည ဖလသုတ်၌ ဖော်ပြထားသည်ကိုတွေ့နိုင်သည်။အခြားသော ကျမ်းများ၌လည်း ထိုသူများအကြောင်းကို အလျဉ်းသင့်သလိုဖော်ပြထားကြောင်း တွေ့ရသည်။ ထိုတိတ္ထိဆရာကြီး ၆ဦးသည် ဗုဒ္ဓနှင့်ခေတ်ပြိုင် ဖြစ်သည်ဟု သာမညဖလသုတ်အရ သိရသည်။

တိတ္ထိဆရာကြီး ၆ဦး အနက်တစ်ဦးမှာ ပုရာဏကဿပ အမည်ရှိသည်။ ထိုဆရာကြီးက တစ်ဦးတစ်ယောက်ပြုလုပ်သော ကောင်းမှု မကောင်းမှုသည် ထိုသူအပေါ် ပြန်လည်အကျိုးသက်ရောက်မှု မရှိဟု ယုံကြည်သည်။ ကံ၏အကျိုးကို ပယ်သော အယူ

အဆဖြစ်သည်။

နောက်ဆရာကြီးတစ်ဦးမှာ ပကုဓကစ္စာယနအမည်ရှိသည်။ ထိုဆရာကြီးက. . လူသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသောဓာတ်ကြီး လေးပါးတို့၏ အစုအပေါင်းဖြစ်သည်။ထိုဓာတ်ကြီး လေးပါးတို့သည် အမြဲတည်သည်။ မပျက်မစီးနိုင်၊ ဓာတ်ကြီးလေးပါး ကို မည်သူကမျှ ဘာမှမလုပ်နိုင်။ တစ်ယောက်ယောက်သည် အခြား တစ်ယောက်ယောက်၏ ဦးခေါင်းကိုဓားဖြင့် ဖြတ်ပိုင်းလိုက်သည် ဆိုပါက ထိုသို့ ပြုလုပ်လိုက်ခြင်းသည် မကောင်းမှုဖြစ်သည်ဟုမ ဆိုနိုင်။ ခုတ်ပိုင်းလိုက်သော ဓားသည်ဓာတ်ကြီးလေးပါးအတွင်းကျ ရောက်သွားခြင်းသာ ဖြစ်သည်။ ထို့ကြောင့်ကောင်းမှုပြုလုပ်ခြင်း၊မ ကောင်းမှုပြုလုပ်ခြင်းဟူ၍ မရှိဟုဆိုသည်။ ကံကိုပယ်ခြင်းပင်တည်း။

တတိယဆရာကြီးတစ်ဦးမှာ အဇိတကေသကမ္ဗလ ဖြစ် သည်။ ထိုဆရာကြီးသည် ဘဝသစ်တစ်ဖန်ဖြစ်ခြင်း ဘဝကူးပြောင်း ခြင်းကို လက်မခံသောရုပ်ဝါဒီတစ်ဦးဖြစ်သည်။ လူတစ်ဦးဦးသေ လွန်သောအခါ လူကို ဖွဲ့စည်းဖြစ်ပေါ်နေစေသော ဓာတ်ကြီးလေးပါး တို့သည် မူရင်း နေရာအသီးသီးသို့ ပြန်လည် ရောက်ရှိသွားကြသည်။ ပထဝီဓာတ်သည် မြေသို့ ကျရောက် သွားသည်။ အာပေါဓာတ်သည် ရေသို့ရောက်သွားသည်။ အခြားဓာတ်များသည်လည်း အလားတူ ပင်ဖြစ်သည်။ ထို့ကြောင့် ကောင်းမှုပြုခြင်းဆိုသည်မှာလည်း ဘာမျှ တန်ဖိုးမရှိဟု ဆိုသည်။ ကံ၏ အကျိုးဆက်ကို ပယ်ခြင်းဖြစ်သည်။

စတုတ္ထဆရာကြီးတစ်ဦးမှာ မက္ခလိဂေါသာလဖြစ်သည်။ အရာရာကို ကံကြမ္မာက ထိန်းချုပ်ထားသည်။ မရပ်မနား လည်ပတ် နေရသော ကြမ္မာရဟတ်ကို ရပ်တန့်သွားအောင် မည်သူမျှ ဘာမျှ မလုပ်နိုင်။ ကြမ္မာဖန်တီးလည်ပတ်သည့်အတိုင်း လိုက်ပါဖြစ်ပေါ်နေ

ရသည်ဟုဆိုသည်။ သူ၏ဝါဒမှာအရာရာကို ကံကြမ္မာကဖန်တီးသည်ဟု ယူသော ပုဗ္ဗေကတဟေတုဝါဒဖြစ်သည်။

ပဉ္စမမြောက်ဆရာကြီးတစ်ဦးမှာ သဉ္စယဗေလဋ္ဌပုတ္တ အမည်ရှိသည်။ ဤဆရာကြီးကို သံသယဝါဒီအဖြစ် သတ်မှတ်ကြသည်။ ဤဆရာကြီးသည် မေးမြန်းလာသော ပြဿနာများကို တိတိကျကျ အဖြေမပေးဘဲ ဖြေရန်ရှောင်ရှားလေ့ရှိသည်။ မည်သည့်အဖြေကိုမျှ မည်သည့်ဆုံးဖြတ်ချက်ကိုမျှ တိကျမှန်ကန်သည်ဟု မဆိုချေ။ ထို့ကြောင့် ဤဆရာကြီးနှင့်သူ၏ နောက်လိုက်များကို ငါးရှဉ့်ကဲ့သို့ အဖမ်းရခက်သူ (အမရာဝိက္ခေပ)များဟု ခေါ်ကြသည်။

တိတ္ထိဆရာကြီးများအနက် နောက်ဆုံးတစ်ဦးမှာ နိဂဏ္ဌနာဋ္ဌပုတ္တဖြစ်သည်။ ထိုဆရာကြီးမှာ "ဇိနဝါဒီ"(ဂျိန်းဝါဒီ) တို့၏ခေါင်းဆောင်ဖြစ်သည်။ အတိတ်ကံ၏ အကျိုးဆက်ကို ပစ္စုပ္ပန်ကံဖြင့် အထူးသဖြင့် တပခေါ် မိမိကိုယ်ကို ညှဉ်းဆဲသောအကျင့်ဖြင့် ဖယ်ရှားပစ်နိုင်သည်ဟု ဟောပြောခဲ့သည်။ ဇိနဝါဒီတို့သည် ကာမဂုဏ်ခံစားမှုများကို ရှောင်ရှားရန်၊ စောင့်စည်းရန် အလေးအနက်ထားကြသည်။ ရာဂကင်း အောင် အားထုတ်ကြသည်။ လူ့အဖွဲ့အစည်းမှ လွတ်လွတ်ကင်းကင်းနေ ထိုင်ကြသည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို စွန့်လွှတ်ကြသည်။ အမှားကို ဝန်ခံခြင်း၊ အမှား (ပြစ်မှု) အတွက် ကုစားခြင်း များပြုကြသည်။ တပအကျင့်တို့ကို အပြင်းအထန် အားထုတ်ကြသည်။

အဆိုပါတိတ္ထိဆရာကြီး ၆ဦးသည် မှားယွင်းသော အတွေးအမြင်၊ မှားယွင်းသော အယူများကို စွဲကိုင်ထားကြသောကြောင့် ယင်းတို့ကို မိစ္ဆာဝါဒီများဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်များက တံဆိပ်ခပ်နှိပ်ထားကြလေသည်။

# အခန်း(၃)
## ဗုဒ္ဓပေါ်ထွန်းရာ ကာလ အိန္ဒိယနိုင်ငံအခြေအနေ

### နိုင်ငံရေးအခြေအနေ

ခရစ်ကြိုနှစ် ၆ရာစုကာလ အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေး အခြေအနေများကို လေ့လာကြည့်လျှင် ထိုခေတ်က မဇ္ဈိမ ဒေသကို တိုင်းနိုင်ငံအများအပြားအဖြစ် (တိုင်းကြီး ၁၆တိုင်း) ပိုင်းခြားထားကြောင်း တွေ့ရမည်ဖြစ်သည်။ ထိုနိုင်ငံများအနက် အင်အားအကြီးဆုံးနိုင်ငံများမှာ ကောသလနှင့်မဂဓတို့ဖြစ်ကြသည်။

မဂဓတိုင်းသည် ဂင်္ဂါမြစ်ဝှမ်း၏ အရှေ့ဘက်ခြမ်း၌ တည်ရှိသည်။ ဗုဒ္ဓလက်ထက်က မဂဓတိုင်းကို ရှေးဦးတွင် ဗိမ္ဗိသာရ ဘုရင် အုပ်စိုးခဲ့သည်။ နောက်ပိုင်းတွင် ဗိမ္ဗိသာရ၏ သားတော် ဘုရင် အဇာတသတ်က အုပ်စိုးခဲ့သည်။ မဂဓတိုင်း၌ နေထိုင် သူအများစုမှာ ဗုဒ္ဓ လက်ထက်တိုင်အောင်ပင် အာရိယန် ယဉ်ကျေးမှုအပြည့်အဝ လွှမ်းမိုးခြင်း မခံရသေးသူများဖြစ်ကြသည်။ ဤအကြောင်းကြောင့်ပင် မဂဓ တိုင်း၌ ဗုဒ္ဓက မိမိ၏သာသနာကို ဖြန့်ချိသောအခါ ဘုရင်မှစပြီး၊ အောက်ခြေလူထုအထိ ပြည်သူအများစုသည် ဗုဒ္ဓဓမ္မကို အဆင်သင့် လွယ်လင့်တကူ နားလည်လက်ခံနိုင်ခဲ့ခြင်း ဖြစ်နိုင်သည်။

မဂဓတိုင်း၏ မြောက်ဘက်ထွက် ကောသလတိုင်းတည်ရှိသည်။ မဂဓတိုင်း၏ မြို့တော်ရာဇဂြိုလ်နှင့် ကောသလတိုင်း၏

မြို့တော် သာဝတ္ထိသည် (၄၅)' ယူဇနာဝေးကွာကြောင်း သိရသည်။ ကောသလသည် ထိုခေတ်မဇ္ဈိမဒေသတိုင်း နိုင်ငံများအနက် အရေးအပါဆုံး နိုင်ငံတစ်ခုဖြစ်ခဲ့သည်။ အရောင်းအဝယ် စည်ကားရာ တစ်ခြားတိုင်းနိုင်ငံ များမှလာရောက် ရောင်းဝယ်ရာ ဒေသဖြစ်ခဲ့သည်။ဗုဒ္ဓလက်ထက်က ကောသလတိုင်းကို ရှေးဦးတွင် ပသေနဒီကောသလမင်းအုပ်စိုးခဲ့သည်။ နောက်ပိုင်းတွင် ပသေနဒီ၏ သားတော် ဝိဋ္ဋူဗ ဆက်ခံအုပ်စိုးခဲ့သည်။ ပသေနဒီကောသလ မင်းသည် ဗုဒ္ဓဘာသာဝင်အဖြစ် မခံယူခဲ့သော်လည်း ဗုဒ္ဓနှင့်လွန်စွာ ရင်းနှီးကျွမ်းဝင်ခဲ့သူဖြစ်သည်။ ဘုရင့်နိုင်ငံများအပြင် သမ္မတနိုင်ငံ အများအပြားလည်း ဗုဒ္ဓခေတ်က မဇ္ဈိမဒေသ၌ ထွန်းကားခဲ့သည်။ ထိုသမ္မတနိုင်ငံများတည်ရှိကြောင်း ယင်းနိုင်ငံများ၏ အစိုးရပုံသဏ္ဍာန်မည်သို့ရှိကြောင်း ရည်ညွှန်းသည့် စာပိုဒ်များကို ဗုဒ္ဓစာပေတွင် အနှံ့အပြား တွေ့ရသည်။ ထိုသမ္မတနိုင်ငံ များကို အာဏာအမြင့်ဆုံး လွှတ်တော်တစ်ရပ်ကအုပ်ချုပ်သည်။ နိုင်ငံတော်နှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးရန် ထိုလွှတ်တော်က မကြာခဏ စည်းဝေးဆောင်ရွက်သည်။ လွှတ်တော် အစည်းအဝေးများမှပင် နိုင်ငံတော်၏ အကြီးအကဲကို ရွေးချယ်တင်မြှောက်သည်။ ရွေးချယ်ခံရသော အစိုးရက နှစ်ကာလအတန်ကြာ စီမံ အုပ်ချုပ်လေ့ရှိသည်။ ဤလွှတ်တော်များမှ အဖွဲ့ဝင်များသည် စီမံခန့်ခွဲမှု အဖွဲ့ငယ်များ၏ ကိုယ်စားလှယ်များနှင့် များစွာအလားတူသည်။ ဤသို့စီမံခန့်ခွဲမှုအဖွဲ့ငယ် ကိုယ်စားလှယ်များကို လွှတ်တော်အဖွဲ့ဝင် အဖြစ်ထားရှိဆောင်ရွက်ခြင်းအားဖြင့် လွှတ်တော်သည် လူအများ လက်ခံနှစ်သက်သော အဖွဲ့အစည်း တစ်ရပ်ဖြစ်ခဲ့သည်။ ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချခြင်း၊ ဥပဒေ

ရေးဆွဲခြင်း၊ လုပ်ငန်းကော်မီတီများ ဖွဲ့စည်းခြင်းတို့နှင့် ပတ်သက်သည့် စည်းမျဉ်းဥပဒေများကို လွှတ်တော်ကတိတိကျကျ ချမှတ်ပြဌာန်းပေးသည်။ ပြယုဂ်အနေဖြင့် ဆွေးနွေး ဆုံးဖြတ်ရာ၌ အကြံပြုချက်ကို ယေဘုယျအားဖြင့် သုံးကြိမ်တိုင်တင် ပြရသည်။ ထိုသို့ သုံးကြိမ်တိုင်တင်ပြရာတွင် ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အကြံပြုချက်ကို အတည်ပြုကာ ဆုံးဖြတ်ချက်ချကြသည်။ ဆန့်ကျင်ကန့်ကွက်မှု ရှိပါလျှင် အများစုက မဲပေးဆုံးဖြတ်ရသည်။ အများ စု၏ ဆန္ဒအတိုင်း အတည်ပြုပေးသည်။ ဆွေးနွေးဆုံးဖြတ်ရမည့် အချက်သည် ရှုပ်ထွေးနေပါက ဆက်လက်စုံစမ်းလေ့လာနိုင်ရန် ကော်မီတီ များကို တာဝန်ပေးလေ့ရှိသည်။

ဂေါတမဗုဒ္ဓသည် မိမိ၏ သံဃာအဖွဲ့အစည်းကို ထူထောင်ရာ၌ ဤသမ္မတနိုင်ငံများ၏ လွှတ်တော်ပုံသဏ္ဌာန်ကို နမူနာယူကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရန် အကြောင်းခိုင်လုံလှပေသည်ဟု သုတေသီတို့ကယူဆကြသည်။

## ဇာတ်စနစ်

ဗုဒ္ဓခေတ်အိန္ဒိယနိုင်ငံ၏ လူမှုရေးအခြေအနေများ အနက် အရေးအကြီးဆုံး ထူးခြားချက်မှာ ဇာတ်ခွဲခြားမှု စနစ်ဖြစ်သည်။ ထိုခေတ်ဇာတ်ခွဲခြားမှု စနစ်အရ၊ လူတန်းစားလေးရပ် သတ်မှတ်ထားသည်။မည်သည့်လူတန်းစား မည်သည့်ဇာတ်တွင်ပါဝင်သည်ဟူသော အချက်ကို မွေးဖွားရာ ဇာတိအားဖြင့် ဆုံးဖြတ်သည်။ ဆုံးဖြတ်ရာ၌ ဖခင်၏ မျိုးရိုးအလိုက် သတ်မှတ်လေ့ရှိသည်။ စတင်ဇာတ်သွင်းခြင်း အခမ်းအနားဖြင့် မည်သည့်ဇာတ်တွင် ပါဝင်ကြောင်း အတည်ပြုပေး

သည်။ ထုတ်ပယ်ခံရခြင်းဖြင့် ထိုဇာတ်မှ ဖယ်ခွာရသည်။

တစ်ဦးချင်းအနေဖြင့် မည်သည့်အစားအစာကို စားသုံးရမည်၊ မည်သည့်အဝတ်အထည်ကို ဝတ်ဆင်ရမည်။ မည်သည့်ဘာသာရေးလမ်းစဉ်ကို လိုက်နာကျင့်သုံးရမည်။ မည်သည့်လူမှုဆက်ဆံရေးဘဝဖြင့် နေထိုင်ရမည်။ မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်ရမည်၊ မည်သည့် မိန်းမကို လက်ထပ်ရမည်ဟူသော အချက်တို့ကို သက်ဆိုင်ရာဇာတ်စနစ်က တိတိကျကျသတ်မှတ်ထားသည်။ ပုံစံအားဖြင့် အစာအာဟာရနှင့် ပတ်သက်၍ မည်သည့်အစာအာဟာရမျိုးကို စားသုံးရမည်ဟု သတ်မှတ်ရုံသာမက၊ ထိုအစားအစာကို မည်သူတို့က ပြင်ဆင်စီမံပေးရမည်ဟုပင် တင်းတင်းကျပ်ကျပ် ပညတ်ထားသည်။ မည်သို့သော သူများနှင့်သာ အတူတကွစားသောက်ရမည်ဟုပင် သတ်မှတ်ထားသည်။ တစ်ဦးတစ်ယောက်သည် ဇာတ်တစ်ခုခုတွင် မွေးဖွားစမှ စ၍ ထိုဇာတ်ကို မိမိသဘောဖြင့် စွန့်လွှတ်နိုင်ခွင့်မရှိချေ။

## ဇာတ်စနစ်အစ

ဇာတ်စနစ်သည် အိန္ဒိယနိုင်ငံတွင် မည်သည့်အချိန် ကာလ၌ စတင်ခဲ့ပြီး၊ မည်သို့မည်ပုံ အမြစ်တွယ် လာခဲ့ခြင်းဖြစ်ကြောင်း ပညာရှင်တို့ ဆွေးနွေးငြင်းခုံနေကြဆဲဖြစ်သည်။အာရိယန် တို့သည် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချ နေထိုင်ခဲ့ကြ သောအခါ ရှေးဦးရှိနှင့် နေကြသော ဒရားဗီးဒီးယန်လူမျိုးများနှင့် သွေးနှောခြင်း မပြုနိုင်အောင် မိမိတို့ကိုယ်ကိုကာကွယ်ရန် ဇာတ်စနစ်ကို စတင်ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်ဟု ပညာရှင်အချို့ကယူဆကြသည်။

အချို့ပညာရှင်များကမူ အာရိယန်စစ်စစ်အဖြစ် ထိန်းသိမ်းနိုင်ရန် အတွက် ယဇ်ပူဇော်ဆရာများက ဇာတ်စနစ်ကို တီထွင်ကျင့်သုံး လာခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူကြသည်။ အသက်မွေးဝမ်းကျောင်း မတူသူများက မိမိတို့၏ လုပ်ငန်းလျှို့ဝှက်ချက်များကို ထိန်းသိမ်း နိုင်အောင် ကြိုးပမ်းရာမှ ဇာတ်စနစ် စတင်ဖြစ်ပေါ်လာခဲ့သည်ဟု ထင်မြင်ချက်ပေးခြင်းများလည်းရှိသည်။ယခုအခါ ပညာရှင်အများစု လက်ခံထားသော အယူအဆမှာ အာရိယန်တို့သည် အိန္ဒိယ အနောက်မြောက်ပိုင်း ဒေသသို့ဝင်ရောက်နေထိုင် ပြီးမှသာ ဇာတ် စနစ်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်ဟူသော အချက်ဖြစ်သည်။

အာရိယန်တို့သည် အိန္ဒိယမြေပေါ်တွင် ရှိရင်းလူမျိုးများနှင့် ရင်ဆိုင်ယှဉ်ပြိုင်ကြရာ၌ စည်းလုံးပြီးအင်အားကောင်းသော ဗဟို တန်ခိုးအာဏာ လိုအပ်လာသည်။ထို့ကြောင့် တန်ခိုးထက်မြတ်သော ဘုရင်စနစ်ကို တီထွင်ဖန်တီးခဲ့ကြသည်။ထိုတန်ခိုးကြီးသော ဘုရင်ကို ခြံရံလျက် ဘုရင်ငယ်များ၊ မင်းညီမင်းသားများ၊ သူရဲကောင်းများဖြင့် အားဖြည့်ထားသည်။၎င်းဘုရင်ငယ်များ မင်းညီမင်းသားများ၊ သူရဲ ကောင်းများထံမှ စစ်သားသစ်များ စုဆောင်းကာ နိုင်ငံတော်ကို တိုး ချဲ့ထူထောင်ခဲ့ကြသည်။ကာကွယ်ခဲ့ကြသည်။ သူပုန်သူကန်ရန်ကို နှိမ် နင်းခဲ့ကြသည်။ ၎င်းနည်းဖြင့် စစ်သည်လူတန်းစားတိုက်ခိုက်ရေး သမားများဖြစ်သော ခတ္တိယဇာတ်ပေါ်ထွန်းလာခဲ့သည်။ထိုအခါ စစ်သည်များ၏ အစောင့်အရှောက်ကိုခံရပြီး၊တိုက်ခိုက်ရေးတွင် ပါဝင်စရာမလိုတော့သော အာရိယန်အများစုသည် စစ်ရေးစစ်ရာ များတွင် စိတ်ဝင်စားမှု နည်းပါးလာသည်။ အေးအေးချမ်းချမ်း လုပ်ကိုင်ရမည့် ကူးသန်းရောင်းဝယ်ရေး၊စီးပွားရေး၊ ကုန်ပစ္စည်း ထုတ်လုပ်ရေး၊စိုက်ပျိုးရေးစသော လုပ်ငန်းများကိုလုပ်ကိုင်လာခဲ့ကြ

သည်။ ထိုသူများသည် ကုန်သွယ်လယ်လုပ် လူတန်းစား ဝေဿ များဖြစ်လာလေသည်။

ဝေဒခေတ်ဦးပိုင်းတွင် ယဇ်ပူဇော်ပွဲများကို ရိုးရိုးရှင်းရှင်းမျှသာ ပြုလုပ်ခဲ့စဉ်က လူတိုင်းသည် မိမိကိုယ်တိုင် ယဇ်ပူဇော်နိုင်ခဲ့ကြသည်။သို့ရာတွင် မကြာမတင်ကာလမှာပင် ယဇ်ပူဇော်ပွဲများသည် ပိုမိုများပြားလာခဲ့သည်။ရှုပ်ထွေးလာခဲ့သည်။ထိုအခါ ယဇ်ပူဇော်ပွဲများကို ဦးစီးဆောင်ရွက်မည့် လူတစ်စုမလွဲမသွေ လိုအပ်လာသည်။ ဤလိုအပ်ချက်ကို တိုက်ခိုက်ရေးသမားများ မဟုတ်သော ပညာတတ်များ ကဖြည့်ဆည်းပေးလာခဲ့ကြသည်။ ထိုသူများသည်ယဇ်ပူဇော်ပေးသော ဗြာဟ္မဏလူတန်းစားဖြစ်လာသည်။ဗြာဟ္မဏတို့သည်ရှုပ်ထွေးများပြားလှသော ယဇ်ပွဲအခမ်းအနားများကို စီမံဆောင်ရွက်ပေးရန်သာ အမြဲတစေအာရုံထားလာကြသည်။သုဒ္ဒခေါ် အလုပ်သမားလူတန်းစားသည် (တခြားဒေသမှ ရွှေ့ပြောင်းလာပြီး မြို့သစ်ရွာသစ်တည်ထောင်လာသူများထဲမှ သော်လည်းကောင်း၊ တောင်တန်းဒေသများတွင်နေထိုင်ကြသူများထဲမှ သော်လည်းကောင်း) ပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့သည် အာရိယန်တို့၏ လွှမ်းမိုးအုပ်စိုးမှုကို လက်ခံကာနေထိုင်ခဲ့သူများ ဖြစ်ဖွယ်ရှိသည်။

အထက်ပါလူတန်းစားလေးရပ်၊ ဇာတ်လေးခုထက် ပိုမိုနိမ့်ကျသော ဇာတ်မဲ့များ၊ ပံ့ကျများလည်း ရှိပေသေးသည်။ ၎င်းတို့မှာ အကြွင်းအကျန်လိုက်လံရှာဖွေစားသောက်သူများ အမှိုက်သိမ်းသမားများ၊ သားသတ်သမားများ၊ဆတ္တာသည်များ၊ သားရေနယ်သမားများစသူတို့ဖြစ်ကြသည်။ ထိုသူများ၏ အဆင့်အတန်းသည် အလွန်အမင်းနိမ့်ကျလွန်းပေရာ ဇာတ်လေးမျိုးတွင် မည်သည့်ဇာတ်သို့မျှ

ဝင်ခွင့်မရကြချေ။ထို့ကြောင့် ထိုသူများကို မည်သည့်ဇာတ်တွင်မျှ မထည့်သွင်းဘဲ ဖယ်ရှားခဲ့ကြသည်။

ဗြာဟ္မဏ၏ဘဝ

ဗုဒ္ဓခေတ်အိန္ဒိယတွင် ဗြာဟ္မဏလူတန်းစားသည် နိုင်ငံရေး၊ လူမှုရေး၌ လွှမ်းမိုးခြယ်လှယ်နိုင်သော အခြေအနေတွင် ရှိခဲ့သည်။ ဗြာဟ္မဏတို့သည် အသိပညာနှင့်ပတ်သက်၍ အရေးကြီးသော သော့ချက်ကို ဆုပ်ကိုင်ထားကြသည်။ ထိုအသိပညာကို အကြောင်းပြုပြီး ဘုန်းတန်ခိုးကြီးမားလာသည်။ သို့ရာတွင် ဗုဒ္ဓစာပေ၌ တွေ့ရသော အထောက်အထားများအရ ဗြာဟ္မဏအားလုံးသည် ဘာသာရေးလုပ်ငန်းဖြင့်သာ အသက်မွေးကြသည်ဟူ၍ အတိအကျမဆိုနိုင်ချေ။ ကုန်သွယ်သော ဗြာဟ္မဏ၊ လယ်လုပ်သော ဗြာဟ္မဏများကိုလည်း တွေ့ရသေးသည်။

ဗြာဟ္မဏတစ်ဦး၏ဘဝမှာ မိမိဇာတ်စနစ်က သတ်မှတ်ထားချက်အတိုင်း ပုံမှန်လည်ပတ်နေရသည်။ ဗြာဟ္မဏသည် ငယ်စဉ်၌ ဘာသာရေးကိုသင်ယူလေ့လာရသည်။ဝေဒကျမ်းများကိုဆည်းပူးရသည်။ ဆရာ၏ အထံတွင် ဆည်းကပ်နေထိုင်ကာ ဥပနိသျှဒ်ကျမ်းများကို သင်ယူဆည်းပူးရသည်။ ဆရာကို ပြုစုလုပ်ကျွေးရသည်။ ဤသို့ ပညာသင်ယူမှုပြီးဆုံးသောအခါ (ပညာသင်ယူမှုသည်များသောအားဖြင့် (၁၂)နှစ်ခန့်ကြာတတ်သည်။) အိမ်ထောင်သည်အဖြစ်ဖြင့် ဘဝ၏ ဒုတိယ အဆင့်သို့ ကူးပြောင်းရသည်။အိမ်ထောင်ပြုရသည်။အိမ်ထောင်တစ်ခုကို တည်ထောင်ရသည်။ လူ့အဖွဲ့အစည်းတွင် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ရသည်။ သားသမီးများ

အရှယ်ရောက်ကာမိမိတို့ဘာသာ ရပ်တည်ထူထောင်နိုင်သောအခါ၊ ဗြာဟ္မဏကိုယ်တိုင် ဆံပင်ဖြူကြားလာသောအခါ ဗြာဟ္မဏသည် ဘဝ၏စာမျက်နှာသစ်ကို ဖွင့်လှစ်ရန်လောကီ ဘဝကို စွန့်လွှတ်ပြီး ဇနီးသည်နှင့်အတူ တောထွက်ကာ၊ ဘာဝနာပွားများသည့်ဘဝ၊တပ ကျင့်သုံးသည့် ဘဝသို့ကူးပြောင်းရသည်။ ရသေ့ရဟန်းပြုရတော့ သည်။ ရသေ့ရဟန်းဘဝတွင် ပိုင်ဆိုင်မှု အားလုံးကို စွန့်ပယ်၍ ခြိုးခြံစွာ နေထိုင်ရသည်။ တစ်ဦးတည်း မိမိဘာသာရပ် တည်လျက် ဘာဝနာပွားများရသည်။ ဝဲခါနသဟုအမည် ပြောင်းလဲခေါ်ဝေါ် ထားသော တပအကျင့်ကို ကျင့်သုံးရသည်။လောကီ အာရုံကာမ ဂုဏ်အားလုံးကို ကျော်ခိုင်းလျက် ဘာဝနာအလုပ်၊ တပအကျင့် တို့ဖြင့်သာ စခန်းသွားတော့သည်။

## ဘာသာရေးလွတ်လပ်မှု

ခရစ်ကြိုနှစ်ခြောက်ရာစု ဗုဒ္ဓခေတ် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ သမိုင်း၌ ဘာသာရေး လွတ်လပ်မှုအရှိဆုံးအချိန် အရှိဆုံးနေရာဖြစ် သည်။

စင်စစ်အားဖြင့် ခရစ်ကြိုနှစ် ၆-ရာစုသည် အိန္ဒိယ၌သာမက ကမ္ဘာအရပ်ရပ်၌ပင် ထူးခြားသောကာလဖြစ်သည်။ထိုခေတ်က ကမ္ဘာပေါ်ရှိ နိုင်ငံအများ၌ပင်၊ ဘာသာရေးအတွေးအမြင်များ လှုပ် ရှားပြောင်းလဲလာကြောင်း တွေ့ရသည်။ထိုခေတ်၌ တရုတ်ပြည်တွင် လာအိုဇူနှင့် ကွန်ဖြူးရှပ် (၅၅၁-၄၇၉ ဘီစီ)ဟူသော ပညာရှိကြီးများ ပေါ်ထွန်းလာကာ ဘာသာရေးနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ သဘော တရားအသစ်အဆန်းများကို ဟောပြောခဲ့သည်။ဂရိပြည်တွင် တွေး

ခေါ် ရှင် ပိုင်သဂိုရပ်စ် (၅၈၀-၅၀၀ဘီစီ)သည် ဘာသာရေးနှင့် အတွေး အခေါ် သစ်များကို ဖော်ထုတ်ဆွေးနွေးခဲ့သည်။

ခရစ်ကြိုနှစ် ၆-ရာစု ဗုဒ္ဓလက်ထက်တွင် မဇ္ဈိမဒေသ၌ ဘာသာရေး အတွေးအခေါ် များကို လွတ်လွတ်လပ်လပ် တွေးခေါ် ကာပွင့်ပွင့်လင်းလင်း ဟောပြောဆွေးနွေးခဲ့သည့် အထောက်အထား များကို ဗုဒ္ဓစာပေ၌ အထင်အရှားတွေ့ရသည်။သာဓကအားဖြင့် အင်္ဂုတ္တရနိကာယ်၊ကေသမုတ္တိသုတ်၌ ကေသမုတ္တိရွာသို့ ဘာသာ ရေးခေါင်းဆောင် အမျိုးမျိုးရောက်ရှိလာကာ မိမိတို့၏ တရားအသီး သီးကို ချီးပင့်ဟောကြားပြီး၊ အခြားသူများကို ပြစ်တင်ရှုံ့ချလေ့ရှိ ကြောင်း ဖော်ပြထားသည်။ဤသို့လွတ်လပ်စွာ တွေးခေါ် ကာလွတ် လပ်စွာ ယုံကြည်မှုကို ထိုခေတ်မဇ္ဈိမဒေသတွင် မည်သူကမျှ ဟန့်တား ပိတ်ပင်ခြင်း မပြုခဲ့ချေ။ ဂရိပြည်၌မူ တွေးခေါ် ရှင်ဆိုကရေးတီး (၄၆၉- ၃၉၉ဘီစီ)သည် မိမိ၏ယုံကြည်ချက်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတင်ပြခြင်းကြောင့် သေဒဏ်အပြစ်ပေးခြင်း ခံခဲ့ရသည်။

ဘာသာရေးလွတ်လပ်မှု အပြည့်အဝရရှိသော ကာလဖြစ်၍ ဂေါတမဗုဒ္ဓပေါ် ထွန်းလာသောအခါ ဗုဒ္ဓဓမ္မတို့ကို လွတ်လပ်စွာ ကြားနာ၊ လွတ်လပ်စွာဆင်ခြင်၊ လွတ်လပ်စွာဆွေးနွေးခဲ့ကြသည်။ ဇာတ်အမျိုးမျိုးမှ လူများသည် ဗုဒ္ဓဓမ္မကို လက်ခံကာ၊ ဗုဒ္ဓသာသနာ့ ဝန်ထမ်း ရဟန်းအဖြစ် ကူးပြောင်းခဲ့ကြကြောင်း တွေ့ရသည်။ သာဓက အား ဖြင့် ထေရဂါထာ၊ထေရီဂါထာကျမ်းတို့တွင် ပါရှိသော ထေရထေရီ (၃၂၈)ပါးတို့ကို အဋ္ဌကထာအဖွင့်နှင့် ညှိနှိုင်းကာ အမျိုးဇာတ်ခွဲခြား လေ့လာကြည့်ပါက ဤသို့တွေ့ရမည်ဖြစ်သည်။

| | |
|---|---|
| ဗြာဟ္မဏဇာတ်မှ | ၁၃၄ ပါး |
| ခတ္တိယဇာတ်မှ | ၇၅ ပါး |

| | |
|---|---|
| ဝေသာဇာတ်မှ | ၉၈ ပါး |
| သုဒ္ဒဇာတ်မှ | ၁၁ ပါး |
| ဇာတ်မဲ့များ | ၁၀ ပါး |
| စုစုပေါင်း | ၃၂၈ ပါး |

ထေရထေရီဂါထာများတွင် မပါဝင်သော်လည်း အခြားရဟန်းတော်များအနေဖြင့်လည်း အလားတူပင် ဇာတ်အမျိုးမျိုးမှ သာသနာ့ဘောင်သို့ ဝင်ခဲ့ကြမည်ဖြစ်သည်။ဗုဒ္ဓသည်ဇာတ်ခွဲခြားမှုကိုတိုက်ဖျက်ကာ မည်သည့်ဇာတ်ဝင်ကို ဖြစ်စေ မိမိ၏ ဥပသကာ၊ ဥပသကီမှ သာဝက၊ သာဝိကာအဖြစ်လက်ခံခဲ့သည်။

## အစဉ်အလာအယူဝါဒနှင့်ဗုဒ္ဓ

အထက်တွင် ဖော်ပြခဲ့သော နိုင်ငံရေး၊ လူမှုရေး နောက်ခံကားချပ်ထဲမှာပင် ဂေါတမဗုဒ္ဓပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ဂေါတမဗုဒ္ဓသည်နောင်တွင် ဗုဒ္ဓဘာသာဟုခေါ်တွင်လာမည့်ဘာသာ၊ သာသနာတစ်ရပ်ကို ထူထောင်ခဲ့သည်။ဗေဒကျမ်းများသည်သာ သစ္စာတရားအတွက် တစ်ခုတည်းသော အခြေခံဖြစ်သည်ဟူသော ဗြာဟ္မဏတို့၏ ကြွေးကြော်သံကို ဗုဒ္ဓက ငြင်းပယ်ခဲ့သည်။ ယဇ်ပူဇော်မှုသည်သာ သံသရာမှ ထွက်မြောက်ရေးအတွက် နည်းလမ်း မှန်ဖြစ်သည်ဟူသော အယူအဆကို တိုက်ဖျက်ခဲ့သည်။ ဒုက္ခ မှ လွတ်မြောက်ရေးအတွက် စဉ်းစားတွေးခေါ်မှု ဉာဏ်လမ်းကို လိုက်ရမည်ဟူသော ဥပနိသျှဒ် အတွေးအခေါ်ကိုလည်းမမှန်ကန်ကြောင်း ထောက်ပြသည်။ ဇာတ်ခွဲခြားမှု စနစ်ကိုလည်း ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ အထူးသဖြင့် ဗြာဟ္မဏလူတန်းစားကသာလျှင်

အမြတ်ဆုံးဖြစ်သည်ဟူသော အစွဲကို တိုက်ဖျက်ခဲ့သည်။ဇာတ်အမျိုးမျိုးမှ မည်သူ့အား မဆို မိမိနောက်လိုက်အဖြစ် လက်ခံရုံသာမက ဇာတ်စာရင်း မဝင်သူ၊ ဇာတ်မဲ့ပုံ့ကျများကိုပါ အလားတူလက်ခံခဲ့သည်။ဂေါတမဗုဒ္ဓသည် အလယ်ကျင့်စဉ်(မဇ္ဈိမပဋိပဒါ)ကိုဟောကြားတော်မူခဲ့သည်။မိမိကိုယ်ကို အပင်ပန်းအညှဉ်းဆဲခံပြီးအလွန်အကျွံကျင့်ကြံအားထုတ်ရသောထိုခေတ်က အကျင့်(အတ္တကိလမထ)ကိုလည်းကောင်း၊ ကာမဂုဏ်ခံစားသောအကျင့်(ကာမသုခလ္လိကအကျင့်)ကိုလည်းကောင်း ဗုဒ္ဓက တားမြစ်ရှုံ့ချခဲ့သည်။

ဂေါတမဗုဒ္ဓ၏ အလိုအားဖြင့် မဂ္ဂင်ရှစ်ပါးပါဝင်သောကျင့်စဉ်ကို ကိုယ်တိုင် ကျင့်သုံးလိုက်နာမှ ဒုက္ခမှ လွတ်မြောက်နိုင်သည်။ ဗုဒ္ဓသည် ကိုယ်ကျင့် သီလကို လွန်စွာအလေးအနက်ထားခဲ့သည်။တစ်ဦးချင်း ကျင့်ဝတ်ကို ရှေ့တန်းတင်ခဲ့သည်။ ဤနည်းဖြင့်ဗုဒ္ဓ၏လမ်းစဉ်သည် အိန္ဒိယအစဉ်အလာမှ သိသာထင်ရှားစွာ ကွဲပြားခြားနားသွားသည်။ထို့ကြောင့် ဗုဒ္ဓဘာသာကို အစဉ်အလာမှ လမ်းခွဲသောဝါဒဖြစ်သည်ဟု သတ်မှတ်ကြသည်။ သို့ရာတွင် ဂေါတမဗုဒ္ဓသည် မိမိ၏ခေတ်ကာလမှ လွတ်ကင်းကာ သီးခြားဖြစ်ပေါ်လာခဲ့ခြင်းတော့မဟုတ်ချေ။ ထိုခေတ် ထိုအခါက အခြားသောပညာတတ်များ၊ ဘာသာရေးသမားများနှင့် တူညီနီးစပ်သော အခြေခံများလည်း ဗုဒ္ဓဓမ္မတွင် ပါဝင်နေသည်။

ဗုဒ္ဓသည်အစဉ်အလာမှ အချို့သော ယေဘုယအချက်များကိုလက်ခံခဲ့သည်။ထိုခေတ်က ခေတ်စားနေသော 'ကမ္မ'၊'သံသရာ' ဝေါဟာရတို့ကို ယူငင်သုံးစွဲပြီး အနက်အဓိပ္ပာယ်သစ်များဖွင့်၍ ဟောကြားခဲ့သည်။ ဘဝလွတ် မြောက်ရေးအတွက် ကျင့်သုံးရမည့် မိမိ၏ အယူအဆအသစ်ကို ဗုဒ္ဓကအလေးအနက်ဖော်ပြခဲ့သည်။

ဖန်ဆင်းရှင်အယူအဆ၊ အတ္တ အယူအဆတို့ကို ဖယ်ရှားခဲ့သည်။ အစွဲအလမ်းကြီးမှု၊တရားသေကျမှုများကို ဆန့်ကျင်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓသည် အစဉ်အလာကို ကျော်လွန်ခဲ့သူ တစ်ဦးဖြစ်သည်ဟု ယူဆခဲ့ကြခြင်းဖြစ်လေသည်။

## အခန်း(၄)
## ဂေါတမဗုဒ္ဓ

### အမည်နာမတော်

ဗုဒ္ဓသာသနာကို စတင်ဖြန့်ချိတော်မူခဲ့သော ဗုဒ္ဓကို အမည်နာမတော်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်။ အရိယာသစ္စာတရားတို့ကို ထိုးထွင်းသိမြင်တော်မူသောကြောင့် ဗုဒ္ဓ (သစ္စာလေးပါးသိသူ) ဟု အများအားဖြင့် ခေါ်ကြသည်။ မျိုးနွယ်ကို အကြောင်းပြု၍ ဂေါတမဗုဒ္ဓဟုလည်း ခေါ်ကြသည်။ မျိုးရိုးစု၏ အမည်ကို အကြောင်းပြု၍ သကျမုနိ (သာကီနွယ်ဝင်ရဟန်း) ဟုလည်းခေါ်ကြသည်။ ထို့ပြင် ဘုရားရှင်၏ ကျေးဇူးဂုဏ်ကို လေးစားသော အားဖြင့်တထာဂတ၊ (သဗ္ဗညုတဉာဏ်အထွတ်အထိပ်သို့ ရောက် အပ်ပြီးသူ) ဟုလည်း ခေါ်ကြသည်။ "ဘဂဝါ" (ဘုန်းတော်ကြီးသူ) ဟုလည်း ခေါ်ကြသည်။ အနွယ်၏အမည်နှင့် လူ့ဘဝအမည် ကိုတွဲ၍ "ဂေါတမ-သိဒ္ဓတ္ထ" ဟုလည်း (အနောက်တိုင်းသားများတို့က) ခေါ်ကြလေသည်။

## မျိုးရိုးဇာတိ

ဗုဒ္ဓမွေးဖွားစဉ်က မှည့်ခေါ်သောအမည်မှာ "သိဒ္ဓတ္ထ" (အလိုဆန္ဒတို့ကို ပြည့်စုံပြီးသူ)ဖြစ်သည်။ ဗုဒ္ဓ၏အနွယ်မှာ သက္ကတိုင်းမှ သာကီဝင်လူမျိုး အုပ်ချုပ်သူ လူတန်းစားများဖြစ်ကြသည်။ ခမည်းတော်၏ အမည်မှာ သုဒ္ဓေါဒန (သန့်စင်သော ထမင်းရှိသူ)ဖြစ်သည်။ မယ်တော်မှာ မာယာဒေဝီ အမည်ရှိ မိဖုရားကြီးဖြစ်သည်။ ဗုဒ္ဓကို လုမ္ဗိနီ (ယခုခေတ် Rummandai in Nepal) ၌ ဖွားမြင်တော်မူခဲ့သည်။

(ဗုဒ္ဓဖွားမြင်ရာ ကာလကို အခန်း(၁)၌ ဖော်ပြခဲ့ပြီးဖြစ်သည်)

ဘုရားလောင်း သိဒ္ဓတ္ထသည် ခမည်းတော်၏ အရိုက်အရာကို ဆက်ခံကာ သကျတို့အား အုပ်ချုပ်ရမည့်သူဖြစ်သည်။ သိဒ္ဓတ္ထအုပ်ချုပ်ချိန်တွင် မိမိတို့ တိုင်းပြည်သည် အင်အားတောင့်တင်းကာ ကြီးပွားထွန်းကားလာမည်ဟု ခမည်းတော် မယ်တော်နှင့်တကွ၊ ဆွေတော်မျိုးတော် အပေါင်းတို့က မျှော်ကိုးအားထားခဲ့ကြသည်။ သိဒ္ဓတ္ထငယ်စဉ်ကပင် ဟူးရားအတတ်ပညာရှင်တို့က ဟောကိန်းနှစ်ခုထုတ်ခဲ့ကြသည်ဟုဆိုသည်။ သိဒ္ဓတ္ထသည် ဘုရားသော်လည်း ဖြစ်မည် (ထိုခေတ်က သိထားသော) တစ်ကမ္ဘာလုံးကို အုပ်ချုပ်ရသူ (စကြဝတေး မင်း)သော်လည်း ဖြစ်မည်ဟူ၏။

ခမည်းတော်၊ မယ်တော်နှင့်တကွ ဆွေတော်မျိုးတော် အပေါင်း တို့က သိဒ္ဓတ္ထအား တစ်ကမ္ဘာလုံးကို အုပ်ချုပ်ရသူဖြစ်စေလိုသည်။ တောမထွက်စေချင်၊ ထို့ကြောင့် တောထွက်ရန် စိတ်ညွတ်စေနိုင်သည့် အရာများကို သိဒ္ဓိတ္ထမကြုံတွေ့ရအောင် တတ်နိုင်သမျှ စီစဉ်ထားကြသည်။ သူအို၊ သူနာ၊ သူသေ၊ ရဟန်းစသည်တို့ကို မကြုံတွေ့ရအောင် တတ်နိုင်သမျှ ကာကွယ်ထားကြသည်။

သိဒ္ဓတ္ထ(၁၆)နှစ်သားအရွယ်တွင် မောင်နှမဝမ်းကွဲတော်စပ်သူ ယသော်ဓရာဒေဝီနှင့် စုလျားရစ်ပတ် လက်ထပ်ပေးခဲ့ကြသည်။

**တောထွက်တော်မူခြင်း**

သိဒ္ဓတ္ထသည် အသက်(၂၉)နှစ်အရွယ်၌ နန်းတော်ကို စွန့်ခွာကာ တောထွက်ခဲ့သည်။ တောထွက်ခဲ့ခြင်းနှင့် ပတ်သက်၍ ဘုရားဖြစ်တော်မူပြီးနောက်တွင် ဗုဒ္ဓကိုယ်တိုင် ဤသို့ပြန်လည်မြွက်ကြားခဲ့သည်။ "အို . . ရဟန်းတို့ ငါ့အား ဤသို့ဖြစ်ပေါ်ခဲ့၏။ အိမ်ရာထူထောင်လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းကြပ်တည်းလှသည်။ မြူမှုန်ထူသော ခရီးလမ်းနှင့်တူသည်။ ရဟန်းအဖြစ်မှာမူ လွင်တီးခေါင် နှင့်တူသည်။ စင်စစ်အားဖြင့် အိမ်၌နေသော သူသည် မြတ်သော အကျင့်ကို ကျင့်သုံးရန် မလွယ်ကူချေ။ အကယ်၍ ငါသည် ဆံပင် မုတ်ဆိတ်တို့ကို ပယ်ကာ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် ရဟန်းပြုရမူ ကောင်းလေစွဟု အကြံဖြစ်ပေါ်ခဲ့သည်"။ (မဇ္ဈိမနိကာယ်၊မဟာသစ္စကသုတ်။ အခြားသုတ်များ၌လည်းအလားတူပင် ဆိုထားသည်။)

တောထွက်တော်မူခြင်းမှာ အရိယာသစ္စာကို ရှာဖွေရန်ဖြစ်သည်။ ထိုသို့ ရှာဖွေရန် လှည့်လည်စဉ် ရှေးဦးစွာ အာဠာရရသေ့နှင့် တွေ့ဆုံသည်။ အာဠာရ ရသေ့ထံ၌ လောကီစျာန်သမာပတ်ခုနှစ်ပါးကို ရခဲ့သည်။ ထို့နောက် အခြားရသေ့တစ်ဦးဖြစ်သူ ဥဒကရာမပုတ္တထံ ချဉ်းကပ်ပြန်သော် လောကီသမာပတ်ရှစ်ပါးကို ရရှိခဲ့သည်။

## ဒုက္ကရစရိယာကျင့်သုံးခြင်း

ဘုရားလောင်းသည် ထိုရသေ့များထံမှ ဖဲခွာခဲ့ပြီးနောက် ဥရုဝေဠတောသို့ ဝင်ကာ တပအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်သုံးခဲ့သည်။ သာမန်လူတို့ ကျင့်သုံးရန် ခဲယဉ်းသော အလွန်ခြိုးခြံသည့် အကျင့်ကို ကျင့်သုံးခြင်းဖြစ်သည်။ ထိုအကျင့်ကို ဒုက္ကရစရိယာဟု ခေါ်သည်။

ထိုသို့ကျင့်သုံးနေစဉ် ပဥ္စဝဂ္ဂီခေါ် ရသေ့ငါးဦးအစုက ဘုရားလောင်းအား စောင့်ရှောက်ပြုစုလုပ်ကျွေးခဲ့ကြသည်။ တပအကျင့်ဖြင့် အရိယသစ္စာကို မတွေ့နိုင်၊ မရနိုင်၊ ပင်ပန်းရုံသာဖြစ်သည်ဟု ကိုယ်တွေ့သိလာသော ဘုရားလောင်းသည် တပအကျင့်ကို စွန့်လွှတ်ပြီး အာဟာရကို ပြန်လည်မှီဝဲခဲ့သည်။ ပဥ္စဝဂ္ဂီတို့ကား ဘုရားလောင်း၏ ကျင့်စဉ်ကို သဘောမပေါက်ဘဲ မိမိ၏ ပဓာနအလုပ်(ကမ္မဋ္ဌာန်းအလုပ်)မှ သိဒ္ဓတ္ထ ဖောက်ပြန်ပြောင်းလဲသွားပြီ၊ ဘုရားအဖြစ်ကို ရရှိနိုင်တော့မည် မဟုတ်ဟုယူဆကာ ဘုရားလောင်းအားစွန့်ခွာသွားကြလေသည်။

ဘုရားလောင်းသည် သင့်တင့်မျှတသော အာဟာရကို ပြန်လည်မှီဝဲပြီးလျှင် ငယ်စဉ်က တစ်ကြိမ်နှစ်ကြိမ် ပွားများဝင်စားဖူးသော အာနာပါနဘာဝနာကို ပြန်လည်ပွားများအားထုတ်သည်။

## ဘုရားဖြစ်တော်မူခြင်း

ခြောက်နှစ်တိုင်တိုင်တစ်စိုက်မတ်မတ်အားထုတ်ခဲ့သော

ဝီရိယကအားကောင်းနေသည်၊ အာနာပါနဘာဝနပွားများပြီး နည်းမှန်လမ်းမှန် စနစ်တကျအားထုတ်ကျင့်သုံးနိုင်ခြင်းကြောင့် ကဆုန်လပြည့်နေ့၏ည၌၊ ပထမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ တတိယယံ၌ အာသဝက္ခယဉာဏ်၊ သဗ္ဗညုတ ဉာဏ်တို့ကို ရရှိကာ အရိယသစ္စာကို ထိုးထွင်းသိမြင်ပြီးသူ ဗုဒ္ဓအဖြစ် သို့ ရောက်ရှိတော်မူလေသည်။

ဗုဒ္ဓအဖြစ်သို့ရောက်ရှိသည်နှင့် တစ်ပြိုင်နက်ဘုရားရှင်သည် "အနေကဇာတိသံသာရံ" အစရှိသော ဥဒါန်းစကားကို ကျူးရင့်တော်မူခဲ့သည်။ ဤဥဒါန်းစကားကို နောင်အခါ၌ ဗုဒ္ဓ၏ပထမဝစနဟု ခေါ်ဆိုလာကြသည်။

## တရားဦးဟောတော်မူခြင်း

ဘုရားဖြစ်တော်မူပြီးသော် ဘုရားအဖြစ်သို့ရောက်ရှိရန် အမှီပြု သီတင်းသုံးခဲ့သော ဗောဓိပင်အနီးတစ်ဝိုက်၌ ရက်အတန်ကြာ သီတင်းသုံးနေထိုင်ပြီးလျှင် မိမိထိုးထွင်းသိမြင်အပ်သော အရိယသစ္စာတို့ကို အကြိမ်ကြိမ်ပြန်လည်သုံးသပ်သည်။ ထိုတရားတို့ကို ဟောပြောဆုံးမရမည့် သူကို ဆင်ခြင်စဉ်းစားတော်မူခဲ့သည်။ တောထွက်စက လောကီစျာန်ရရန် ကျေးဇူးပြုခဲ့ဖူးသော အာဠာရနှင့် ဥဒကတို့မှာ ယခုအခါ ကွယ်လွန်ခဲ့ချေပြီ။ ဥရုဝေဠ၌ တရားအားထုတ်စဉ်က ကျေးဇူးပြုခဲ့ဖူးသော ပဉ္စဝဂ္ဂီတို့မှာမူ ယခုအခါ မိဂဒါဝုန်တောတွင် နေထိုင်လျက်ရှိကြကြောင်း ဆင်ခြင်မိ၍ ဘုရားရှင်သည် မိမိရောက်ရှိနေသည့် ဗာရာဏသီမှ မိဂဒါဝုန်သို့ ရှေးရှုကြွတော်မူခဲ့သည်။

မိဂဒါဝုန်တွင် ဗုဒ္ဓသည် မိမိဘုရားအဖြစ်သို့ရောက်ရှိပြီဖြစ်

ကြောင်း ရှင်းပြကာ ပဉ္စဝဂ္ဂီတို့အား တရားဦးဟောတော်မူသည်။ ထိုတရားဦးမှာ ဓမ္မစက္ကပဝတ္တနသုတ်ဟု အမည်ရှိသည်။ မြန်မာတို့က ဓမ္မစကြာသုတ်ဟုခေါ်ဝေါ်အပ်သော ဒေသနာပင်ဖြစ်သည်။

ဘုရားရှင်ထံမှ ဓမ္မစကြာတရားဒေသနာကို အသေအချာ ကြားနာရသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့သည် တစ်ဦးပြီးတစ်ဦး သောတာပန်ဖြစ်လာခဲ့ကြသည်။ ဧဟိဘိက္ခုရဟန်းအဖြစ် ရရှိခဲ့ကြသည်။

ဝါဆိုလပြည့်နေ့မှ လပြည့်ကျော် (၄)ရက်နေ့အထိ ငါးရက်တိုင်တိုင် ဘုရားရှင်သည် တရားဦး ဓမ္မစကြာကို ဟောကြားရှင်းပြခဲ့သည်။ ပဉ္စဝဂ္ဂီငါးဦးစလုံး သောတာပန်ဖြစ်ပြီး နောက်ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် အနတ္တလက္ခဏာသုတ်ကို ဆက်လက်ဟောကြားသည်။ ထိုအနတ္တလက္ခဏာတရားကို ကြားနာရသောအခါ ပဉ္စဝဂ္ဂီငါးဦးစလုံး ရဟန္တာဖြစ်သွားကြသည်။

**သာသနာပြုတော်မူခြင်း**

ပဉ္စဝဂ္ဂီတို့အား ရဟန်းပြုပေးပြီးသောအခါ၊ ဗုဒ္ဓ-ဓမ္မ-သံဃဟူ၍ ရတနာသုံးပါးအစုံအလင် ပေါ်ထွန်းလာပြီး၊ မကြာမီမှာပင်ဗာရာဏသီမှ ယသသူဌေးသားအမှူးပြုသော သူငယ်ချင်း (၅၅)ဦးတို့သည် ဘုရားရှင်၏ တရားကို နာကြားရကာ၊ ဧဟိဘိက္ခုရဟန္တာများဖြစ်လာခဲ့ကြသည်။ ဤအရှင်မြတ်များ (ပေါင်း ၆ကျိပ်)သည် ဗုဒ္ဓသာသနာတွင် ရှေးဦးပေါ်ထွန်းခဲ့သော သံဃာ့အဖွဲ့အစည်းဝင်များဖြစ်သည်။

ဘုရားရှင်နှင့်တကွ ပဉ္စဝဂ္ဂီစသော သံဃာတော်များသည်

ရှေးဦးစွာ မိဂဒါဝုန်တော၌ သီတင်းသုံးနေထိုင်ခဲ့ကြသည်။ မိုးလကင်းလွတ် ဝါကျွတ်လတ်သော် ဘုရားရှင်သည် ဝေနေယျတို့အား ဆုံးမသွန်သင်ရန် သံဃာတော် (၆၀)တို့အား သာသနာပြုစေလွှတ်တော်မူသည်။ စေလွှတ်ရာ၌ ရဟန်းတစ်ပါးလျှင် ခရီးတစ်ကြောင်းကျစီဖြင့် ခရီးထွက်ကြရန် ညွှန်ကြားတော်မူသည်။ ဘုရားရှင်ကိုယ်တော်တိုင်လည်း ဥရုဝေဠတောသို့ ကြွလျက်ကဿပအမျိုးပြုသော ရသေ့တစ်ထောင်တို့ကို ချေချွတ်ဆုံးမကာ၊ ဗုဒ္ဓသာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်ခဲ့သည်။

**ဗုဒ္ဓ၏တစ်နေ့တာဘဝ**

ဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကို ရရှိသည့်သက်တော် (၃၅)နှစ်အရွယ်မှ သက်တော်(၈၀)အရွယ်တိုင်အောင် (၄၅)ဝါပတ်လုံး လောကအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သည်။ နေ့စဉ်ပင် မနေမနားကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဘုရားရှင်နေ့စဉ်ပြုနေကျ လုပ်ငန်းစဉ် ငါးရပ်ရှိသည်။

၁။ နံနက်ပိုင်းလုပ်ငန်းစဉ်

နေ့စဉ် ဆွမ်းမဘုဉ်းပေးမီ ဗုဒ္ဓပြုတော်မူသော လုပ်ငန်းကို "ပုရေဘတ္တကိစ္စ"ဟု ခေါ်သည်။

နံနက်ပိုင်းတွင် ဗုဒ္ဓသည် ဆွမ်းခံကြွလေ့ရှိသည်။ ရံခါ၌ ဆွမ်းခံမကြွဖြစ်သော် သီတင်းသုံးရာ ကျောင်းတိုက်အတွင်းလှည့်လည်ကာ ကျောင်းစဉ် စစ်ဆေးလေ့ရှိသည်။ ဆွမ်းခံရာမှပြန်ရောက်

လတ်သော် ခြေဆေးခုံ၌ ခြေဆေးနေစဉ်မှာပင် ဒုလ္လဘတရားငါးပါးကိုဟောကြားလေ့ရှိသည်။

## ၂။ နေ့လယ်ပိုင်းလုပ်ငန်းစဉ်

ဆွမ်းဘုဉ်းပေးပြီးနောက် ဗုဒ္ဓဆောင်ရွက်သော လုပ်ငန်းစဉ်ကို "ပစ္ဆာဘတ္တကိစ္စ"ဟုခေါ်သည်။

ဆွမ်းဘုဉ်းပေးပြီးနောက် လိုအပ်လျှင် ခေတ္တမျှတစ်ပါးတည်းနေထိုင်ကာ အနားယူသည်။ ထို့နောက်ရောက်ရှိလာသော လူ၊ ရှင်၊ ရဟန်းပရိသတ်အား တရားရေအေး အမြိုက်ဆေးကို နေ့စဉ်တိုက်ကျွေးလေ့ရှိသည်။

## ၃။ ညဉ့်ဦးယံလုပ်ငန်းစဉ်

ညဉ့်ဦးယံ၌ ဗုဒ္ဓဆောင်ရွက်သော လုပ်ငန်းစဉ်ကို "ပုရိမယာမကိစ္စ" ဟုခေါ်သည်။

လူဒါယကာ၊ ဒါယိကာမနှင့် ဘိက္ခုနီပရိသတ်တို့ ပြန်လည်ထွက်ခွာသွားပြီးနောက် ညဉ့်ဦးယံအချိန်တွင် ရဟန်းတော်များအားဆုံးမသွန်သင်တော်မူသည်။ ရဟန်းတော်တို့မေးသော ပြဿနာများကို ဖြေကြားရှင်းလင်းတော်မူသည်။

## ၄။ သန်းခေါင်ယံလုပ်ငန်းစဉ်

ရဟန်းတော်များအား တရားဟောကြားပြီးနောက် သန်းခေါင်ယံတွင် ဗုဒ္ဓဆောင်ရွက်တော်မူသော လုပ်ငန်းစဉ်ကို "မဇ္ဈိမ

ယာမကိစ္စ"ဟုခေါ်သည်။

ရဟန်းတော်များအား တရားဟောကြားပြီးနောက် သန်းခေါင်ယံတွင် ရောက်ရှိလာသော နတ်၊ ဗြဟ္မာတို့အား တရား ဟောပြဆုံးမတော်မူသည်။ မေးလာသော ပြဿနာတို့ကို ဖြေကြား ရှင်းလင်းတော်မူသည်။

## ၅။ မိုးသောက်ယံလုပ်ငန်းစဉ်

နတ်ဗြဟ္မာများအား တရားဟောကြားတော်မူပြီးနောက် ဘုရားရှင်သည် မိုးမသောက်မီ ကျန်သည့်အချိန်ကို သုံးပိုင်းပိုင်း၍ ပထမပိုင်းတွင် ခန္ဓာကိုယ်ကြံ့ခိုင်မှုတရေးအတွက် စင်္ကြံကြွတော်မူသည်။ ဒုတိယပိုင်းတွင် သတိနှင့် ယှဉ်လျက်တစ်ခဏတာမျှ ကျိန်းစက်အနားယူတော်မူသည်။ အနားယူပြီးနောက် အရုဏ်တက်ချိန်တွင် ကျိန်း စက်ရာမှထတော်မူကာ၊ မည်သူတို့အား ဆုံးမချေချွတ်ရအံ့နည်းဟု တစ်နေ့တာ လုပ်ငန်းကို စတင်ရန်မျှော်ခေါ်ဆင်ခြင်ကြည့်ရှုတော်မူသည်။ ဤဆောင်ရွက်ချက်ကိုပင် မိုးသောက်ယံလုပ်ငန်း "ပစ္ဆိမယာမကိစ္စ" ဟုခေါ်သည်။

ဗုဒ္ဓ၏တစ်နေ့တာဘဝ၊ တစ်နေ့တာ လုပ်ငန်းများကို လေ့လာကြည့်ပါက မိမိအကျိုးအတွက် ဆောင်ရွက်ခြင်း၊ နားနေခြင်းမရှိ၊ လောကအကျိုးအတွက်မနေမနား ဆောင်ရွက်ကြောင်း ထင်ရှားသည်။ ဤသို့ဆောင်ရွက်သည်မှာ တစ်နေ့တစ်ရက်မျှသာ မဟုတ်ဘဲ (၄၅)ဝါ ပတ်လုံး ဖြစ်လေသည်။

ဤသို့ဗုဒ္ဓကိုယ်တော်တိုင် ဦးဆောင်ကာ မနေမနား ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့်ပင် ထိုခေတ် မဇ္ဈိမဒေသနယ်နိမိတ်ကို

ကျော်လွန်ကာ ဗုဒ္ဓသာသနာသည် စည်ပင်ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

မိမိ၏သက်တမ်းတွင် ဗုဒ္ဓသည်ကောသလတိုင်း၊ မဂဓတိုင်း၊ ဝဇ္ဇီတိုင်း၊ သက္ကတိုင်းစသည့်တိုင်း နိုင်ငံအသီးသီးသို့ လှည့်လည်၍သာသနာပြုခဲ့သည်။ ရဟန်းတော်များ၏ သံဃာ့အဖွဲ့အစည်းကို စနစ်တကျ ဖွဲ့စည်းထူထောင်ခဲ့သည်။ မိထွေးတော် ဂေါတမီ၏အကြိမ်ကြိမ်လျှောက် ထားတောင်းပန်မှု၊ ကြိုးပမ်းမှု ကိုတုံ့ပြန်လျက် ရဟန်းမများ၏ ဘိက္ခုနီ သံဃာ့အဖွဲ့အစည်းကိုလည်း တင်းကြပ်သောစည်းမျဉ်းများ ချမှတ်ကာ ဖွဲ့စည်းပေးတော်မူခဲ့သည်။ လူဥပါသကာ၊ ဥပါသိကာ အမြောက်အမြားကိုလည်း ဗုဒ္ဓသာသနာ တွင်သက်ဝင်ယုံကြည်လာအောင် မိမိတို့ပါရမီနှင့် အားထုတ်မှု အလျောက်တရားထူးရရှိ နိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

## နောက်ဆုံးခရီး

ဗုဒ္ဓ၏နောက်ဆုံးခရီးကို ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌ မှတ်တမ်းတင်ထားသည်။ ဤမှတ်တမ်းကို ရာဇဂြိုလ်ပြည်၊ ဂိဇ္ဈကုဋ်တောင်ခြေမှ စတင်ထားသည်။

မှတ်တမ်းအရ ရာဇဂြိုလ်အနီး၊ ဂိဇ္ဈကုဋ်တောင်ခြေတွင် ဘုရားရှင် သီတင်းသုံးနေစဉ် ဘုရားရှင်ထံသို့ ဝဿကာရရောက်ရှိလာသည်။ ဝဿကာရမှာ အဇာတသတ်ဘုရင်၏ အမတ်ချုပ်ကြီးဖြစ်ပြီး၊ ဝေသာလီကိုတိုက်ခိုက်လျှင် အောင်မြင်နိုင်၊မအောင်မြင်နိုင်စုံစမ်းထောက်လှမ်းရန် အဇာသတတ်ဘုရင်က စေလွှတ်လိုက်သောကြောင့် ဗုဒ္ဓထံသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဝဿကာရ၏

စုံစမ်းမေးမြန်းမှုကို ဘုရားရှင်က တိုက်ရိုက်အဖြေ မပေးဘဲ ဝေသာလီပြည်သား ဝဇ္ဇီများသည် အပရိဟာနိယ တရား ခုနစ်ပါးတို့ကို ကျင့်သုံးနေသမျှ ကာလပတ်လုံး ဝဇ္ဇီတို့အား ရန်သူတို့က လွှမ်းမိုးအောင်မြင် မည်မဟုတ်ကြောင်း အရှင်အာနန္ဒာအား မိန့်ကြားခဲ့သည်။

ထို့နောက် ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်ကို နောက်ဆုံးကြည့်ခြင်း ဖြင့်ကြည့်ကာ အမ္ဗလဋ္ဌိကာဥယျာဉ်နှင့် နာဠန္ဒာမြို့သို့ ရှေးရှုထွက်ခွာတော်မူခဲ့သည်။ ထိုနှစ်နေရာတွင် တရားဟောခဲ့ပြီး၊ ပါဋလိရွာသို့ ရောက်ရှိခဲ့သည်။ ပါဋလိရွာ၌ ဗုဒ္ဓသီတင်းသုံးနေစဉ် အဇာတသတ် ဘုရင်၏ အမတ်ကြီးများဖြစ်ကြသော သုနိဓနှင့် ဝဿကာရတို့မြို့ပြ တည်ဆောက်နေသည်ကို တွေ့ရသည်။ ဝဇ္ဇီတို့၏ အန္တရာယ်ကို ကာကွယ်ရန် ခံတပ်တည်ဆောက်နေခြင်းဖြစ်သည်။ ဗုဒ္ဓသည် ထိုအမတ်ကြီးများ ပင့်ဖိတ်သော ဆွမ်းကို အလှူခံခဲ့သည်။ တရားဓမ္မ ဟောပြဆုံးမခဲ့သည်။ ထိုနောက် ဂင်္ဂါမြစ်ကို ဖြတ်ကူးပြီးလျှင် မြစ် တစ်ဘက်ကမ်းရှိ ကောဋိရွာနှင့် နာတိကရွာတို့၌ ခေတ္တနားနေ တော်မူသည်။ ထိုနောက် ဝေသာလီ သို့ ရှေးရှုကြွချီတော်မူသည်။

ဝေသာလီတွင် အမ္ဗပါလီ၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူပြီး တရားဟောတော်မူခဲ့သည်။ အမ္ဗပါလီ လှူဒါန်းသော ဆွမ်းကို အလှူခံတော်မူခဲ့သည်။ ထိုအချိန်၌ ဝေသာလီကို အုပ်စိုး နေသော လိစ္ဆဝီမင်းတို့သည် ဘုရားရှင်ထံ လာရောက်ဖူးမျှော်ခဲ့ ကြသည်။ ဗုဒ္ဓသည် ဝေသာလီမှတစ်ဆင့် ဗေဠုဝရွာသို့ ဆက်လက် ကြွတော်မူသည်။

ဝေသာလီမြို့အနီး၊ တောင်ဘက်၌ရှိသော ထိုဗေဠုဝရွာတွင် ဘုရားရှင်သည် (၄၅)ဝါမြောက်နောက်ဆုံးဝါကို ကပ်ဆိုတော်မူသည်။

ဘုရားရှင်၏ တပည့်နောက်ပါ ရဟန်းတို့သည် ဝေသာလီပြည်မှာပင် ဝါကပ်သီတင်းသုံးတော်မူခဲ့ကြသည်။

ဗေဠုဝရွာ၌ သီတင်းသုံးနေထိုင်စဉ် ဘုရားရှင်သည် နာမကျန်းဖြစ်ကာ ဝေဒနာပြင်းထန်စွာ ဖြစ်ပေါ်သည်။ ဘုရားရှင်သည် စတုတ္ထစျာန်ဝင်စားလျက် ဝေဒနာကို သတိဖြင့်သည်းခံနေတော်မူသည်။ တပည့်သာဝက ရဟန်းတော်များကို ခေါ်တော်မူပြီး၊ နောက်သုံးလ ကျော်လွန်လျှင် မိမိပရိနိဗ္ဗာန်စံဝင်တော့မည်ဖြစ်ကြောင်း အသိပေးတော်မူသည်။ ဝါကျွတ်သော် ဘုရားရှင်သည် ဝေသာလီမှ ထွက်ကြွတော်မူခဲ့သည်။

ဘုရားရှင်သည် ဘဏ္ဍရွာ၊ ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာတို့တွင် ခရီးတစ်ထောက်စီ ရပ်နားပြီး၊ ဘောဂမြို့သို့ ရှေးရှုကြွတော်မူခဲ့သည်။ ထိုမှတစ်ဆင့်နောက်ဆုံးတွင် မလ္လမင်းတို့၏ နေပြည်တော်ဖြစ်သော ပါဝါမြို့သို့ ဘုရားရှင်ရောက်ရှိတော်မူသည်။ ပါဝါမြို့တွင် ခေတ္တနားခိုသီတင်းသုံးနေစဉ် ပန်းတိမ်သည် စုန္ဒလှူဒါန်းသော ဆွမ်းကို အလှူခံဘုဉ်းပေးတော်မူသည်။ စုန္ဒလှူဒါန်းသောဆွမ်းသည် ဘုရားရှင် နောက်ဆုံးဘုဉ်းပေးတော်မူသော ဆွမ်းပင်ဖြစ်သည်။

ဘုရားရှင်သည် ဝမ်းလျှောရောဂါဖြစ်တော်မူကာ အကြိမ်များစွာ ဝမ်းသွေးသွန်ခြင်း ဝေဒနာကိုကြုံရသည်။ သို့ရာတွင် ရောဂါဆိုးကို သတိဖြင့် ထိန်းချုပ်လျက်ဘုရားရှင်သည် ကုသိနာရုံမြို့သို့ ရှေးရှုခရီးဆက်ခဲ့သည်။ ၃ ဂါဝုတ်(ခုနစ်မိုင်နီးပါး)ဝေးသော ဤခရီးလမ်းတွင် ဗုဒ္ဓသည် အကြိမ်ကြိမ်ရပ်တန့်နားနေခဲ့သည်။ (ဥဒါနအဋ္ဌကထာ၌ ၂၅ ကြိမ်ရပ်နားခဲ့သည်ဟုဆိုသည်)။တစ်ကြိမ်ရပ်နားနေစဉ်တွင် ဘုရားရှင်မှာ အလွန်ပင်ရေမွတ်သိပ်တော်မူသဖြင့် အနီးအနားရှိ ချောင်းငယ်မှရေကို ခပ်ယူဆက်ကပ်ရန်အလုပ်အကျွေး

အရှင်အာနန္ဒာအား ဘုရားရှင်ကိုယ်တိုင် တိုက်တွန်းစေခိုင်းတော်မူသည်။ ထိုနောက် ကကုဓာမြစ်သို့ ရောက်ရှိသောအခါ ရေသုံးသပ်တော်မူပြီး ခေတ္တမျှ လဲလျောင်းအပန်းဖြေတော်မူသည်။

ထိုနေ့နေဝင်ပြီး မှောင်စပျိုးချိန်တွင် ကုသိနာရုံသို့ ဘုရားရှင်ရောက်ရှိတော်မူသည်။ မလ္လမင်းတို့၏ အင်ကြင်းတောအတွင်း၊ အင်ကြင်းပင်ပျိုနှစ်ပင်ကြားရှိ ခင်းထားအပ်သော ညောင်စောင်းပေါ်တွင် ဘုရားရှင်သည် လဲလျောင်းနားနေတော်မူသည်။ ဗုဒ္ဓ၏ သတင်း စကားကြားသိရသောအခါ မလ္လမျိုးနွယ်တို့သည် ရေးကြီးသုတ်ပြာစုဝေးရောက်ရှိလာကြသည်။ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော့မည် ဖြစ်ကြောင်းကြားသိရ၍ ပူဆွေးငိုကြွေးကြသည်။ ရောက်ရှိလာသော မလ္လမျိုးနွယ်များကို အရှင်အာနန္ဒာသည် တစ်သုတ်ပြီးတစ်သုတ် ဘုရားရှင်ထံမှောက်ပို့ပေးရသည်။ ဤသို့ဖြင့် ညဉ့်၏ ပထမယံကုန်လွန်သွားသည်။

သန်းခေါင်ယံတွင် သုဘဒ္ဒအမည်ရှိ ပရိဗိုဇ်တစ်ဦးရောက်ရှိလာပြီး ဘုရားရှင်ထံ ဝင်ရောက်ဖူးမျှော်ခွင့်ပြုရန် ခွင့်တောင်းသည်။ ဘုရားရှင် ပင်ပန်းတော်မူမည် စိုးသောကြောင့် ရှင်အာနန္ဒာက ခွင့်ပြုတော်မမူ။ထိုအကြောင်းကို ဘုရားရှင်ကြားသိတော်မူ၍သုဘဒ္ဒအား ရှေ့မှောက်သို့ဝင်စေပြီး၊ သုဘဒ္ဒသိလို သော ပြဿနာများကို ဖြေရှင်းပေးတော်မူသည်။သုဘဒ္ဒ၏စိတ်တွင် မတင်မကျဖြစ်နေသော အယူအဆများ ရှင်းလင်းသွားကာ သံသယပျောက်ကင်းသွားပြီး ရဟန်းပြု ခွင့်တောင်းသည်။ ဘုရားရှင်က ချက်ချင်းပင် ရဟန်းပြုခွင့်ပေးလိုက်ရာ သုဘဒ္ဒသည် ဗုဒ္ဓ၏နောက်ဆုံး သာဝက ဖြစ်သွားလေသည်။

ထို့နောက် ဘုရားရှင်သည် ရဟန်းတော်တို့အား မိမိဟော

ကြားခဲ့သော တရားတော်များသည် မိမိမရှိသည့်နောက် ရဟန်းတော်တို့အတွက် ဆရာဖြစ်သည်ဟု မိန့်တော်မူသည်။ မိမိဟောကြားခဲ့သော တရားဒေသနာများနှင့် ရတနာသုံးပါးအပေါ် သံသယတစ်စုံတစ်ရာ ရှိပါကလည်း ချက်ချင်းပင် မေးမြန်းလျှောက်ထားရန် ခွင့်ပြုတော်မူ သည်။ ထို့နောက် . . .

"ဟန္ဒဒါနိ-ဘိက္ခဝေ . . "အစချီသော နောက်ဆုံးစကား (ပစ္ဆိမဝစန)ကို မိန့်ကြားတော်မူသည်။ ထိုနောက်ဆုံးအမှာစကားမှာ . .

"ရဟန်းတို့ . . သင်တို့ကို ငါဘုရား နောက်ဆုံးစကားမှာကြားခဲ့မည်။ သင်္ခါရဓမ္မမှန်သမျှ ပျက်စီးခြင်း သဘောရှိကုန်သည်။ သင်တို့သည် ထိုရုပ်နာမ်ဓမ္မသင်္ခါရတို့ အပေါ်၌အနိစ္စ ဟူ၍ရှုခြင်း၊ ဒုက္ခဟူ၍ရှုခြင်းတည်းဟူသော သတိမလစ်သော အပ္ပမာဒ တရားဖြင့် ပြည့်စုံကြကုန်လော့ . . ."

ဤနောက်ဆုံးစကားကို မှာကြားပြီးလျှင် ဈာန်တို့ကို အဆင့်ဆင့် ဝင်စားပြီးနောက် ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခဲ့သည်။

## အခန်း(၅)
## တရားဦးဓမ္မစကြာ

### ရှေးဦးခြေလှမ်း

ဗုဒ္ဓသည် မိမိထိုးထွင်းသိမြင်ထားသော တရားကိုပြန်လည်ဖြန့်ချိသင့်၊မသင့် စေ့စေ့ငုငုဆင်ခြင်သုံးသပ်ပြီးမှသာ မိမိ၏ ဓမ္မကို လောကသို့ ဖြန့်ဝေရန် ရဲရင့်စွာဆုံးဖြတ်တော်မူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မည်သူတို့အား စတင်ဖြန့်ဝေရမည်နည်းဟုလည်း အဘက်ဘက်မှ ဆင်ခြင်သုံးသပ်ကာ၊ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓသည် အစဉ်အလာမှ ခွဲထွက်သော တရားထူးကို ကိုယ်တိုင်ထိုးထွင်းသိမြင်ခဲ့ပြီး၊ ဤတရားထူးကို လောကသို့ ဖြန့်ဝေရာတွင် ခြေလှမ်းမှန်ဖို့လိုသည် ထိရောက်ဖို့လိုသည်။ ခရီးစဉ်တွင် ဘီးစတင်လိမ့်မှုမှာ အရေးကြီးလှသည်။ အစကောင်းမှ အနှောင်းသေချာမည်။ ထို့ကြောင့် အသေချာဆုံးတရားနာပုရိသတ်အဖြစ် ပဥ္စဝဂ္ဂီတို့အား ရွေးချယ်ကာ တရားဦးဓမ္မစကြာကို ဟောကြားခဲ့သည် ဟုသုတေသီတို့က ဖေါ်ပြလေ့ရှိသည်။

### တရားဦး၏အစိတ်အပိုင်းသုံးရပ်

ဗုဒ္ဓစတင်ဖြန့်ချိခဲ့သော ဓမ္မစကြာသုတ်ကို သုံးပိုင်းခွဲခြားလေ့လာနိုင်သည်။ အပိုင်း(၁) အဖြစ် ရဟန်းပုဂ္ဂိုလ်တို့ ရှောင်ကြဉ်

ရမည့်အမှားစွန်း နှစ်မျိုးကိုပြထားသည်။ အပိုင်း(၂) အဖြစ် အစွန်းတရား(၂)ပါးမှ လွတ်ကင်းပြီး လက်တွေ့ကျင့်သုံးရမည့် အလယ်ကျင့်စဉ် (မဇ္ဈိမပဋိပဒါ) ကိုညွှန်ပြထားသည်။အပိုင်း(၃) တွင် အလယ်ကျင့်စဉ်ဖြင့် ပိုင်နိုင်စွာ ကိုယ်တိုင်ထိုးထွင်း သိမြင်ရမည့် သစ္စာလေးပါးတရား (စတ္တာရိအရိယသစ္စာနိ)တို့ကို အချိတ် အဆက်မိမိ ရှင်းပြထားသည်။

## ရှောင်ရှားရမည့်အမှား စွန်းနှစ်ပါး

သံသရာဘေးမှ လွတ်မြောက်ရေးကို မျှော်တွေးရှေးရှုသော ပုဂ္ဂိုလ်မြတ်အနေဖြင့် ရှောင်ကြဉ်ရမည့်တရားနှစ်ပါးမှာ ကာမဂုဏ် စည်းစိမ်ခံစားနေထိုင်ခြင်းဟူသော အမှားနှင့် မိမိကိုယ်ကို ညှဉ်းဆဲနှိပ်စက် ကျင့်သုံးနေထိုင်ခြင်းဟူသော အမှားတို့ဖြစ်သည်။

ဗုဒ္ဓသည်သိဒ္ဓတ္ထမင်းသားဘဝဖြင့် အသက်(၂၉)နှစ်အထိ ကာမဂုဏ်စည်းစိမ်ခံစားနေထိုင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကာမဂုဏ် ခံစားနေထိုင်ခြင်း၏ ကောင်းကျိုးဆိုးပြစ်တို့ကို ကိုယ်တွေ့ကြုံခဲ့ပြီးဖြစ် သည်။ ကာမဂုဏ်ခံစားမှု အကျင့်ကို ဗုဒ္ဓက . . ယုတ်ညံ့သည်။ ရွာသူရွာသားတို့၏ အကျင့်ဖြစ်သည်။ ကိလေသာထူပြောသူတို့၏ အကျင့်မျှသာဖြစ်သည်။ မြတ်သောအကျင့် မဟုတ်။ အကျိုးမဲ့ကိုသာ ဖြစ်ပေါ်စေတတ်၏ဟု ပြစ်တင်ရှုတ်ချကာ ရဟန်းတို့မမှီဝဲမကျင့် သုံးအပ်ဟု ပညတ်ခဲ့သည်။

ဗုဒ္ဓသည်အလောင်းတော်အဖြစ်ဖြင့် ဉရုဝေဠတော၌ ၆- နှစ်တိုင် နေထိုင်ကာ တပကျင့်ခဲ့စဉ်က လူသာမန်တို့ ကျင့်နိုင်ခဲသော ပြင်းထန်လွန်းသည့် တပကျင့်စဉ်တို့ကို ကိုယ်တိုင်ကျင့်သုံးခဲ့ပြီးဖြစ်

သည်။ အစားအစာကို တဖြည်းဖြည်းလျှော့စားရာမှ နောက်ဆုံးတွင် သစ်သီးတစ်ခြမ်း၊ ရေတစ်လက်စွမ်းမျှသာ မှီဝဲခြင်းဖြင့် အပြင်းအထန် ကျင့်သုံးခဲ့သည်။ အာဟာရလျော့ပါးကာ ကိုယ်ရေကိုယ်သား ခန်းခြောက် သွားသည်။ ဝမ်းဗိုက်ကိုလက်ဖြင့် ထောက်သော်ကျော ရိုးသို့ထောက်မိသည်။ အရေအသားခန်းခြောက်နေခြင်းကြောင့် ဦးခေါင်းကို လက်ဖြင့်သုံးသပ်သော် ဆံပင်တို့အထွေးလိုက် ပါလာကုန်သည်။ ထိုမှထပ်ဆင့်၍ ထွက်သက်ဝင်သက်ကို ချုပ်တည်းကျင့်သုံးပြန်ရာ ခန္ဓာကိုယ်လဲပြိုကျခဲ့ ရလေသည်။ တရားထူးရရန် ကား မနီးစပ်မသေချာခဲ့ချေ။ ဤအတွေ့အကြုံကို ကိုယ်တွေ့ကြုံခဲ့ရ၍ မိမိကိုယ်ကို ညှဉ်းဆဲသော အကျင့် (အတ္တကိလမထ)သည်လည်း ပင်ပန်းဆင်းရဲရုံမျှသာဖြစ်သည်။ မြတ်သောအကျင့်မဟုတ်။ အကျိုးမဲ့ ကိုသာ ဖြစ်ပေါ်စေတတ်၏ဟု ပြတ်ပြတ်သားသား ပယ်ချကာ၊ ရဟန်းတို့ အနေဖြင့်မမှီဝဲအပ် မကျင့်သုံးအပ်ဟု ဆုံးဖြတ်တော်မူခဲ့သည်။

## အလယ်ကျင့်စဉ်

ကာမဂုဏ်စည်းစိမ်ခံစားနေထိုင်ခြင်း အမှားတစ်ရပ်နှင့် မိမိကိုယ်ကိုညှဉ်းဆဲကာ အပင်ပန်းခံလွန်းခြင်းအမှား တစ်ရပ်တို့မှ ကင်းလွတ်သည့် အလယ်ကျင့်စဉ်ကိုသာ ရဟန်းတို့ကျင့်သုံးရန် ဗုဒ္ဓက ညွှန်ပြခဲ့သည်။ ထိုအလယ်အလတ်ကျင့်စဉ်တွင် အစိတ်အပိုင်းအင်္ဂါ ရှစ်ပါးပါဝင်သည်။

၁။ သမ္မာဒိဋ္ဌိ- ကောင်းမွန်မှန်ကန်စွာ သိမြင်နားလည်ခြင်း

၂။ သမ္မာသင်္ကပ္ပ- ကောင်းမွန်မှန်ကန်စွာ စဉ်းစားကြံစည်ခြင်း

၃။ သမ္မာဝါစာ- ကောင်းမွန်မှန်ကန်စွာ ပြောဆိုခြင်း
၄။ သမ္မာကမ္မန္တ- ကောင်းမွန်မှန်ကန်စွာ ပြုမူဆောင်ရွက်ခြင်း
၅။ သမ္မာအာဇီဝ- ကောင်းမွန်မှန်ကန်စွာ အသက်မွေးဝမ်းကျောင်းပြုခြင်း
၆။ သမ္မာဝါယာမ- ကောင်းမွန်မှန်ကန်စွာ အားထုတ်ခြင်း
၇။ သမ္မာသတိ- ကောင်းမွန်မှန်ကန်စွာ အောက်မေ့သတိရှိနေခြင်း
၈။ သမ္မာသမာဓိ- ကောင်းမွန်မှန်ကန်စွာ အာရုံစိုက်ကာ စိတ်တည်ကြည်နေခြင်း။

အင်္ဂါရှစ်ပါးပါရှိသော ဤကျင့်သုံးနည်းလမ်းစဉ်သည် သစ္စာလေးပါးကို သိမြင်တတ်သည့် ပညာမျက်စိကိုပြုတတ်သည်။ သစ္စာလေးပါးကိုသိမှု ဉာဏ်ဖြစ်ပေါ်အောင် ပြုတတ်သည်။ ကိလေသာငြိမ်းအေးခြင်းအကျိုးငှာဖြစ်သည်။ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာဖြစ်သည်။ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှာဖြစ်သည်။ နိဗ္ဗာန်ရစေခြင်းငှာဖြစ်သည်ဟု ဘုရားရှင်က တိတိကျကျအာမခံထားပေသည်။

**သစ္စာလေးပါး**

အလယ်ကျင့်စဉ်ကို ကောင်းမွန်မှန်ကန်စွာ လိုက်နာကျင့်သုံးပါက သစ္စာလေးပါးကို ကိုယ်တိုင်ထိုးထွင်းသိမြင်နိုင်သည်။ ထိုသို့ကိုယ်တိုင်ထိုးထွင်းသိမြင်နိုင်သည့် သစ္စာလေးပါးမှာ . .
၁။ ဒုက္ခသစ္စာ -ဆင်းရဲခြင်းအမှန်တရား
၂။သမုဒယသစ္စာ-ဆင်းရဲခြင်းကိုဖြစ်စေသောအကြောင်းရင်းအမှန်တရား
၃။ နိရောဓသစ္စာ- ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရား

၄။ မဂ္ဂသစ္စာ- ဆင်းရဲချုပ်ငြိမ်းရာသို့ရောက်စေသော နည်းလမ်းကျင့်စဉ် အမှန်တရား .......တို့ဖြစ်သည်။

၁။ ဒုက္ခသစ္စာ

ခန္ဓာငါးပါးရှိနေခြင်း၊ လူ့ဘဝရနေခြင်းသည်ပင် လျှင် ဆင်းရဲဒုက္ခဖြစ်သည်ဟု အကျဉ်းချုပ်အားဖြင့်ဆိုလိုသည်။

ခန္ဓာငါးပါးရုပ်နာမ်တရားတို့ ဖွဲ့စည်းနေကာ ဘဝဟုဖြစ်ပေါ်နေသည်။ ထိုသို့ဘဝအဖြစ်ဖွဲ့စည်းဖြစ်ပေါ်နေသော ရုပ်သည်လည်းကောင်း၊ နာမ်သည်လည်းကောင်း၊ ရုပ်နာမ်နှစ်မျိုးလုံးသည်လည်းကောင်း၊ ခဏမစဲပြောင်းလဲနေသည်။ တရစပ်ချုပ်-ပျက်-ဖြစ်ပေါ် ပြောင်းလဲနေသည်။ ထိုသို့ပြောင်းလဲဖြစ်ပေါ်နေခြင်းကြောင့်ပင် ဆင်းရဲ ခြင်း ဒုက္ခဖြစ်ပေါ်သည်။ အစိုးမရနိုင်ဘဲ အလိုမပါနိုင်ဘဲ သဘာဝ အတိုင်း သူ့သဘောသူဆောင်ကာ ပြောင်းလဲဖြစ်ပျက်နေသည်။ ထို့ကြောင့် ရုပ်နာမ်တရားခန္ဓာငါးပါးသည် ဒုက္ခဟုဆိုရခြင်းဖြစ်သည်။

၂။ သမုဒယသစ္စာ

ဘဝရှိခြင်း၊ ခန္ဓာငါးပါးရှိခြင်းကြောင့် ဖြစ်ပေါ်နေသော ဒုက္ခသည် အကြောင်းမဲ့ဖြစ်ပေါ်လာခြင်းမဟုတ်။ ဖြစ်ပေါ်စေသောအကြောင်းရင်းရှိသည်။ ထိုအကြောင်းရင်းမှာ တဏှာဖြစ်သည်။တဏှာ၏လိုရင်း အချုပ်မှာ လောဘခေါ် လိုချင်မှုတပ်မက်မှုပင် ဖြစ်သည်။ ဖြစ်ပေါ်စေသော ထိုအကြောင်းရင်းတဏှာကို သမုဒယဟုခေါ်

သည်။ လူ့ဘဝနတ်ဘဝ လူစည်းစိမ်နတ်စည်းစိမ် အမျိုးမျိုးကို လိုချင်တပ် မက်သော ကာမတဏှာ။သဿတဒိဋ္ဌိ နှင့်တွဲ၍ နှစ်သက်တပ်မက်သော ဘဝ တဏှာ*နှင့် နောင်ဘဝမရှိဟု ယူဆကာ၊ မျက်မှောက်ဘဝကိုသာ ပျော်မွေ့တပ်မက်တွယ်တာသော ဝိဘဝ တဏှာဟူ၍ တဏှာကိုသုံး မျိုးခွဲခြားနိုင်သည်။

တဏှာ၊ လောဘသည် မသိမိုက်မဲမှု (အဝိဇ္ဇာ)နှင့် ပေါင်း မိပါက၊ ထင်ရာမြင်ရာလျှောက်လုပ်တော့သည်။ ထိုသို့လုပ်သော အလုပ်အလျှောက် အကောင်းသော်လည်းကောင်း၊အဆိုးသော် လည်းကောင်း၊ အမျိုးမျိုးဖြစ်လာရတော့သည်။ ထိုသို့လုပ်သော အလုပ်အလျှောက်ဘဝတစ်ခုသည်လည်း ဖြစ်လာတော့သည်။ဘဝ ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဘဝ၏ဒုက္ခ များလည်းဖြစ်ပေါ်လာ ရပေတော့သည်။ အချုပ်ဆိုရသော် သမုဒယ မကင်းသမျှဒုက္ခ ဆင်းရဲခြင်းသည် ရဟတ်ခြားပမာ ဖြစ်ပေါ်လည်ပတ်နေမည်သာ ဖြစ်သည်။

## ၃။ နိရောဓသစ္စာ

လောဘခေါ် သမုဒယချုပ်ငြိမ်းလျှင် ဒုက္ခလည်းဖြစ်ပေါ် ရန်မရှိ။ ချုပ်တော့သည်။ ငြိမ်းတော့သည်။ အေးတော့သည်။ ဤသည်ကိုပင် ငြိမ်းအေးခြင်း နိဗ္ဗာန်ဟုခေါ်သည်။ နိရောဓသစ္စာ ဖြစ်သည်။

---

* အတ္တသည် ရုပ်ခန္ဓာအသစ် တို့အတွင်းသို့ ဝင်ရောက် ကူးပြောင်းသော်လည်း ထိုအတ္တ ကိုယ်တိုင်ကမူ မြဲသည်၊ခိုင်သည်ဟု ယူဆစွဲလန်းခြင်း ကိုလည်းဘဝ တဏှာဟုမှတ်ယူနိုင်၍ထိုအယူ အစွဲအလန်းဖြင့် အာရုံအမျိုးမျိုးကို နှစ်သက်သာယာခြင်းကိုလည်းဘဝတဏှာဟုယူဆနိုင်သည်။

၄။ မဂ္ဂသစ္စာ

မဂ္ဂသစ္စာဟူသော. . ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်စေသောနည်းလမ်း ကျင့်စဉ်မှန်၌ မဂ္ဂင် ရှစ်ပါးပါဝင်သည်။ ဤမဂ္ဂင်တို့ကိုကျင့်ဆောင်ခြင်းကိုပင် အလယ်ကျင့်စဉ် 'မဇ္ဈိမပဋိပဒါ' ဟုခေါ်ခြင်းဖြစ်သည်။ဤအလယ်ကျင့်စဉ်ကို မှန်ကန်စွာကျင့်သုံး နိုင်မှသာတဏှာသည် တစ်စတစ်စ ပါးပါးလာပြီး နောက်ဆုံး၌အမြစ်ပါပြတ်ကာချုပ်ငြိမ်.နိုင်မည်ဖြစ်သည်။ ထို့ကြောင့်အလယ် ကျင့်စဉ်ကိုဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းစဉ် ဟုခေါ်သည်။ ဤလမ်းစဉ်ကို အကျဉ်းချုပ်သော် သီလ၊ သမာဓိ၊ ပညာပင်ဖြစ်သည်။

**သီပယ်ဆိုက်ပွား**

သစ္စာလေးပါးအနက် ဒုက္ခသစ္စာသည် အကျိုးတရားဖြစ်သည်။ ထိုးထွင်းသိမြင်ရမည့် တရားဖြစ်သည်။ ဒုက္ခ၏အကြောင်းတရားဖြစ်သော သမုဒယကို အလယ်ကျင့်စဉ်ဖြင့် ပယ်သတ်ရမည်ဖြစ်သည်။ သမုဒယသစ္စာ (တဏှာ)ကို ပယ်သက်နိုင်လျှင်ဒုက္ခချုပ်ငြိမ်းမှု (နိရောဓသစ္စာ)ကို အကျိုးတရားအဖြစ် ရရှိနိုင်သည်။ ထို့ကြောင့် နိရောဓသစ္စာသည် ဆိုက်ရောက်ရမည့် တရားဖြစ်သည်။ မဂ္ဂသစ္စာသည် ပွားများအားထုတ်ရမည့် တရားဖြစ်သည်။

ဆေးကုသသည့်ပမာ

ပိဋကတ်စာပေ၌ ဗုဒ္ဓကို ဆေးဆရာနှင့်တင်စားနှိုင်းခိုင်းလေ့ရှိသည်။ သစ္စာတရား လေးပါးကိုမူဆေးကုသပုံနှင့်နှိုင်းလေ့ရှိသည်။

ဆေးဆရာသည် ရှေးဦးစွာ ရောဂါလက္ခဏာများကို စိစစ်မေးမြန်းသည်။ ထို့နောက် ရောဂါလက္ခဏာကို ထောက်ဆလျက် ရောဂါဖြစ်ရခြင်းအကြောင်းရင်းကို စူးစမ်း သည်။ အကြောင်းရင်းကို သိရသော် ရောဂါပျောက်ကင်းရန်မည်သည့် ဆေးကိုပေးရမည်ကို သိမြင်သည်။ ထိုအခါ ရောဂါပျောက်စေရန် လိုက်နာစားသုံးရမည့် ဆေးဝါးကိုပေးသည်။ နေထိုင်ကျင့်သုံးရမည့် နည်းလမ်းကိုညွှန်ပြသည်။

ဆေးသမားနှင့်အလားတူစွာပင် ဗုဒ္ဓသည် ဘဝ၏လက္ခဏာများကို စိစစ်ရာ၊ ဒုက္ခကို တွေ့မြင်ရသည်။ ဒုက္ခဟူသော လက္ခဏာကို ထောက်၍ ဒုက္ခဖြစ်ပေါ်စေသော အကြောင်းရင်းကို ရှာသော် သမုဒယဟူသော လက်သည်တရားခံကို တွေ့ရသည်။ထိုအကြောင်းရင်းကို ပယ်နိုင်သော် ဒုက္ခအနာရောဂါပျောက်ကင်း ချုပ်ငြိမ်းမည်ဖြစ်ကြောင်း သိမြင်သည်။ ဒုက္ခအနာရောဂါ ပျောက်ကင်းစေမည့် နည်းလမ်းအဖြစ် လိုက်နာ ကျင့်သုံးရန် မဂ္ဂသစ္စာကို ဗုဒ္ဓကညွှန်ပြသည်။

"သစ္စာလေးပါးမှ ကင်းလွတ်သော တရားဒေသနာမရှိ။ (စတုသစ္စဝိနိမုတ္တော ဓမ္မောနာမနတ္ထိ)ဟူသော စကားစဉ်အတိုင်း နောင်တွင် (၄၅)ဝါပတ်လုံး ဗုဒ္ဓဟောပြောဆုံးမခဲ့သော တရားဒေသနာအားလုံးသည် သစ္စာလေးပါးတရားကိုသာ အခြေခံနေသည်။ သစ္စာလေးပါးတရားတို့အတွင်း၌သာ တစ်နည်းမဟုတ်တစ်နည်း သက်ဝင်နေလေသည်။

## အခန်း(၆)
## ထေရဝါဒ၏အခြေခံယူဆချက်များ

အရှင်သာရိပုတ္တရာ အလောင်း၊ ဥပတိဿပရိဗိုဇ်သည် ရာဇဂြိုလ်တွင် လှည့်လည်ကာ ဆရာရှာစဉ်၊ အရှင်အဿဇိဆွမ်းခံကြွလာသည်နှင့် ကြုံကြိုက်သည်။ အရှင်၏ ကြည်လင်သော မျက်နှာတော်နှင့် တည်ငြိမ်သော ဣန္ဒြေတို့ကို လေးစားကြည်ညိုသောကြောင့် ဤ အရှင်မြတ်ထံတွင် တရားထူးရနိုင်တန်ရာ၏ဟု ယူဆကာ၊ အရှင်မြတ် ဆွမ်းခံကြွရာနောက်သို့ တစ်ကောက်ကောက်လိုက်ပါသည်။ ဆွမ်းခံပြီးသောအခါ ဥပတိဿကအရှင်မြတ်ကို. .

"ငါ့ရှင် . . သင်၏ဣန္ဒြေတို့သည် ကြည်လင်ကုန်သည်။ အရေ အဆင်းသည် စင်ကြယ်သည်။ ဖြူစင်တောက်ပသည်။ ငါ့ရှင် . . သင်သည် အဘယ်သူကို ရည်ညွှန်း၍ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏တရားကို သင်နှစ်သက်သနည်း"ဟုမေးသည်။ ထိုအခါ အရှင်အဿဇိက ပြန်လည်ဖြေကြားသည်မှာ. . .

"ငါ့ရှင် . . သာကီဝင်မင်းသားဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ရဟန်းမြတ်သည် ရှိတော်မူသည်။ ငါသည် ထိုဘုန်းတော်ကြီးသော ရဟန်းမြတ်ကို ရည်ညွှန်း၍ ရဟန်းပြုသည်။ ထိုမြတ်စွာဘုရားသည် ငါ၏ဆရာပေတည်း။ ငါလည်း ထိုမြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်၏။"

အရှင်မြတ်၏အဖြေကို ကြားရသောအခါ ဥပတိဿက "အရှင်၏ဆရာသည် အဘယ်အယူရှိသနည်း။ အဘယ်သို့သော တရားကိုဟောကြားသနည်း" ဟုဆက်လက်မေးမြန်းသည်။

ထိုအခါ. . .

"ငါ့ရှင် . . ငါသည် ဤသာသနာသို့ ယခုမှ ဝင်ရောက်စဖြစ်သည်။ ရဟန်းပြုသည်မှာ မကြာမြင့်သေးသော ရဟန်းသစ်ဖြစ်သည်။ ငါသည်သင့်အား အကျယ်အားဖြင့် တရားကိုဟောခြင်းငှာ မတတ်နိုင်။ သို့ရာတွင် သင့်အားအကျဉ်းအားဖြင့် အနက်သဘောကို ဟောပေအံ့" ဟု မိန့်ဆိုသည်။

ဥပတိဿကလည်း အကျဉ်းမျှပင်ဖြစ်စေ၊ အနက်ကို ဟောရန်ပန်ကြားသည်။ ထိုပန်ကြားချက်အရ၊ ဗုဒ္ဓမမ္မ၏ ဝါဒအနှစ်ချုပ်အဖြစ် "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော ဂါထာကို ဟောကြားသည်။ ထိုဂါထာ၏ ဆိုလိုချက်မှာ "အကြင်(ဒုက္ခ)တရားတို့သည် အကြောင်း ကြောင့်ဖြစ်ပေါ်လာရသည်။ ထိုသို့ဖြစ်ပေါ်လာစေသော အကြောင်း (သမုဒယ)ကိုလည်း ဘုရားရှင်ဟောကြားသည်။ ထိုဒုက္ခ၊ သမုဒယ တရားတို့၏ ချုပ်ငြိမ်းခြင်းကိုလည်းကောင်း၊ ချုပ်ငြိမ်းစေသော အကြောင်း နည်းလမ်းကိုလည်းကောင်း ဘုရားရှင်ဟောပြသည်။ ရဟန်းမြတ် ဗုဒ္ဓသည် ဤသို့အယူရှိသည်". . . . ဟူ၍ဖြစ်သည်။

ဤဂါထာ၌ အရှင်အဿဇိအကျဉ်းမျှ ဖော်ပြသည့် တရား အမြွက်အတိုင်းပင် ဂေါတမဗုဒ္ဓ၏ ဝါဒသည်အကြောင်းနှင့်အကျိုး တို့ကို ဖော်ပြသော ဝါဒဖြစ်သည်။ ဒုက္ခသည် အကျိုး၊ သမုဒယသည် အကြောင်း၊ ဒုက္ခချုပ်ငြိမ်းခြင်း၊ နိရောဓသစ္စာသည် အကျိုး၊ဒုက္ခကိုချုပ် ငြိမ်းစေသော နည်းလမ်းကျင့်စဉ် "မဂ္ဂ"သည် အကြောင်းတရား ဖြစ်သည်။

ဤသည်မှာ သစ္စာလေးပါးတရားကို အနှစ်ထုတ်ကာ အချုပ် မျှပြန်လည်တင်ပြထားသော ဂါထာ၏ ဆိုလိုရင်းဖြစ်သည်။နောင် အခါ၌ (၄၅)ဝါကာလပတ်လုံး သစ္စာလေးပါးကို အခြေခံလျက် ဘုရားရှင် ဟောကြားခဲ့သော တရားတော်အားလုံးမှာလည်း အကြောင်းနှင့် အကျိုးဆက်စပ်ဟောပြောချက်များ၊ အကြောင်း အကျိုးဆက်စပ် သုံးသပ်ချက် များသာဖြစ်သည်။ တရားသေစွဲမှတ် ထားရန်၊ တစ်ချက်လွှတ်ချမှတ်ထားသည့် ပညတ်ချက်ဟူ၍ တစ်စုံ တစ်ရာ မပါရှိချေ။

## ဗုဒ္ဓသာသနာ

ဂေါတမဗုဒ္ဓသည် (၄၅)ဝါပတ်လုံး ဝေနေယျတို့အားဆုံးမ ချွေချွတ်တော်မူခဲ့သည်။ လူနတ်ဗြဟ္မာသတ္တဝါတို့အား ဆုံးမတော်မူခဲ့ သည်။ ဗုဒ္ဓဟောပြဆုံးမခဲ့သော တရားဓမ္မဟူသမျှသည် သစ္စာလေးပါး တရားကို အခြေခံထားသည်။ ဗုဒ္ဓ၏အဆုံးအမ (ဗုဒ္ဓသာသနာ)၏ လိုရင်း အချုပ်မှာလည်း ရှေးဘုရားရှင်တို့၏ အဆုံးအမအတိုင်းသာ ဖြစ်သည်။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်း

သုံးနေတော်မူစဉ် တစ်နေ့တွင် အရှင်အာနန္ဒာသည် ဘုရားရှင် ထံချဉ်းကပ်လျက် "အရှင်ဘုရား ဝိပဿီစသော ရှေးဘုရားရှင်တို့ သည် ဤဥပုသ်ကိုပင် ပြတော်မူကြသလော၊ အခြားသော ဥပုသ်ကို ပင် ပြတော်မူကြသလော"ဟု မေးလျှောက်သည်။ ဘုရားရှင်က ဝိပဿီ စသော ဘုရားရှင်တို့သည် ဥပုသ်ပြရန် အချိန်ကာလကွာ ခြားကြသော်လည်း ဩဝါဒမှာ အတူတူသာဖြစ်သည်ဟု မိန့်တော် မူသည်။ ထို မိန့်တော်မူချက်တွင် . .

"သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံဗုဒ္ဓါနသာသနံ"

(ဓမ္မပဒ၊ ၁၈၃)

ဟူ၍ဘုရားရှင်တို့၏ သာသနာကို အချုပ်မျှထုတ်ပြဟော ညွှန်ခဲ့ သည်။ ထိုဗုဒ္ဓသာသနာအချုပ်မှာ. . .

"မကောင်းမှုဟူသမျှ ကိုမပြုလုပ်ခြင်း၊
ကောင်းမှုကုသိုလ်နှင့် ပြည့်စုံစေခြင်း၊
မိမိစိတ်ကို ဖြူစင်စေခြင်း၊
ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်တည်း"

ဟူ၍ဖြစ်သည်။ ထိုဆုံးမချက်အချုပ်ကို . .

"မကောင်းမှု ရှောင်
ကောင်းမှု ဆောင်
စင်အောင် စိတ်ကိုထား"

ဟုမင်းကွန်းတိပိဋကဓရဆရာတော် ဘုရားကြီးက ဆောင် ပုဒ် ပြုလုပ်ထားသည်။

ဤဆောင်ပုဒ်အတိုင်းပင် ဗုဒ္ဓအဆုံးအမ၊ ဗုဒ္ဓသာသနာ၏ လိုရင်း အချုပ်မှာ မကောင်းမှုမှန်သမျှ ကိုမပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်း

ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံအောင် အားထုတ်ခြင်းနှင့် မိမိ၏ စိတ်ကိုဖြူစင်အောင် ကြိုးစားပွားများခြင်းပင် ဖြစ်သည်။

ဤတွင်ရှောင်ကြဉ်ရမည့် မကောင်းမှုသည် မည်သို့သော သဘောရှိသနည်းဟု ဆင်ခြင်သော် ပြုလုပ်နေစဉ်မှာလည်း စိုးရိမ်ရ၊ ပူပန်ရ၊ ပြုလုပ်ပြီးသောအခါ၌လည်း စိုးရိမ်ရ၊ ပူပန်ရ၊ ပစ္စုပ္ပန်တမလွန်ဘဝနှစ်တန်လုံး၌ စိုးရိမ်ရ၊ ပူပန်ရသော အမှုသည် မကောင်းမှုဖြစ်သည်ဟု နားလည်ရပေမည်။ (ဓမ္မပဒ၊ ၁၅၊ ၁၇) မကောင်းမှုသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မောဟတို့ကို အခြေခံသော အကြံအစည်၊ အပြောအဆို၊ အပြုအမူတို့ပင် ဖြစ်သည်။

မကောင်းမှုနှင့် ဆန့်ကျင်ဘက်သဘောမှာ ကောင်းမှုဖြစ်သည်။ ကောင်းမှုသည် မည်သို့သော သဘောရှိသနည်း။ ပြုလုပ်နေစဉ်မှာ နှစ်သက် ဝမ်းမြောက်ရသည်။ ပြုလုပ်ပြီးသောအခါ၌လည်း နှစ်သက်ဝမ်းမြောက်ရသည်။ ပစ္စုပ္ပန်တမလွန်နှစ်တန်စလုံး၌ နှစ်သက်ဝမ်းမြောက်ရသည်။ ထိုအမှုကို ပြုသူသည် မိမိ၏စင်ကြယ်သောအလုပ်ကိုပြုနေသည်ကို သိမြင်ရ၍ အလွန်ပင်နှစ်သက်ဝမ်းမြောက်ရသည်။ (ဓမ္မပဒ၊ ၁၆၊၁၈) ဤသည်ပင်လျှင် ကောင်းမှု၏သဘောဖြစ်သည်။ ကောင်းမှု၏တရားကိုယ်မှာ အလောဘ၊ အဒေါသ၊ အမောဟတို့ကို အခြေခံသည်။ မိမိအတွက် မငဲ့ကွက်၊ မတပ်မက်သော စိတ်ဖြင့်တွေးကြံပြောဆိုပြုမူသည်။ အခြားသူတို့အပေါ် မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်တွေးကြံ ပြောဆိုပြုမူသည်။ မတွေမဝေ အသိဉာဏ်ဖြင့် ဆင်ခြင်လျက်ကျင့်ကြံ၊ ပြောဆို၊ ပြုမူသည်။ ဤသည် ပင်လျှင် ကောင်းမှုဖြစ်သည်။

မိမိ၏စိတ်ကို ဖြူစင်စေရန် လုပ်ရမည့်နည်းလမ်းမှာ စိတ်ကို

လေ့ကျင့်ရန်ဖြစ်သည်။ ကောင်းသော အတွေးအကြံ၊ ကောင်းသော နှလုံးသွင်းကို ပွားများပေးရန်ဖြစ်သည်။ စိတ်သည်ကောင်းစွာလေ့ကျင့် ပွားများအပ်သော် ချမ်းသာကိုဆောင်တတ်သည်။ (ဓမ္မပဒ၊၃၆)။ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာနှစ်တန်လုံးကို ပွားများ လေ့ကျင့်ထားသော စိတ်ကဆောင်နိုင်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို စိတ်အလေ့အကျင့်ဖြင့်သာရရှိ ရောက်ရှိနိုင်သည်။ အပြောအဆို၊ ဆင်ခြင်ရုံ၊ အပြုအမူစောင့်စည်း ရုံဖြင့် မရနိုင်၊ မရောက်နိုင်ချေ။ စိတ်ကို လေ့ကျင့်ပွားများရန်အတွက် ဘာဝနာပွား ကြရသည်။ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ကို လက်တွေ့ ကျင့်သုံးကြရသည်။

## ဗုဒ္ဓ၏ကမ္မဝါဒ ကံဆိုသည်မှာ

ကမ္မဟူသော ပုဒ်သည်အပြုအမူ၊ ပြုလုပ်ခြင်း'အလုပ်'ဟူသော အနက်ဖြစ်သည်။ ဝေဒခေတ်အခါက ကမ္မဟူသည်မှာ ယဇ်ပူဇော်မှု ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ယဇ်ပူဇော်မှုကို သတ်မှတ်ထားသော နည်းလမ်းများအတိုင်း တိကျကောင်းမွန်စွာ ပြုလုပ်နိုင်လျှင်၊ ကောင်းကျိုးခံစားရသည်ဟု ဝေဒကျမ်းများကို အလေးထားစဉ်က ယူဆခဲ့ကြသည်။ ဝေဒခေတ်နောက်ပိုင်း အရညကကျမ်းများ နှင့် ဥပနိသျှဒ်ကျမ်းများ ခေတ်စားလာသောအခါ၊ ကိုယ်ကျင့်သီလ ကို "ကမ္မ" "ကံ" ဟု ယူဆလာကြသည်။ သို့ရာတွင် အတွေးအခေါ်အရ ကိုယ်ကျင့်သီလကို ကံအဖြစ်လက်ခံလာသော်လည်း ဗြာဟ္မဏဝါဒဍ္ဍမှုကား "ကမ္မ" သည် ယဇ်ပူဇော်မှု

သာဖြစ်သည်ဟု ယူမှတ်ထားဆဲ ဖြစ်သည်။

ဗုဒ္ဓဘာသာအရ 'ကမ္မ' 'ကံ' ဆိုသည်မှာ သာမန်အပြုအမူ သက်သက်မျှသာ မဟုတ်ဘဲ စေတနာပါသည့် စေတနာ အခြေခံသည့် အပြုအမူ ဖြစ်သည်။

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"

(ရဟန်းတို့ . . စေတနာကို ကံဟုငါဘုရားဆိုလို၏)

အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊
နိဗ္ဗေဓိကသုတ်။

အထက်ပါ စကားအရ အသိနှင့်ယှဉ်၍ပြုသော စေတနာပါသော အပြုအမူကိုသာ ကံအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ စေတနာပါသော အပြုအမူဟုဆိုရာ၌ ကိုယ်၊ နှုတ်၊ စိတ်သုံးပါး၏ အပြုအမူအားလုံး အကျုံးဝင်သည်။ ကိုယ်နှင့်လှုပ်ရှားဆောင်ရွက် ပြုမူမှု (ကာယကံ)၊ နှုတ်ဖြင့်ပြောဆိုမှု (ဝစီကံ) စိတ်ဖြင့်တွေးတော စဉ်းစားမှု (မနောကံ) သုံးမျိုးလုံးပါဝင်သည်။ ထိုကံသုံးပါးလုံးတွင် စေတနာသည် အရင်းခံဖြစ်သည်။

စေတနာအရင်းခံသည့် အပြုအမူ၊အသိနှင့်ယှဉ်သည့် ကံကို အပြစ်ကင်းသော ကောင်းသောကံ(ကုသလ ) အပြစ်မကင်းသော မကောင်းသောကံ (အကုသလ ) နှင့်အပြစ်ကင်းသည် မကင်းသည်ဟု မသတ်မှတ်နိုင်သော ကြားဖြစ်သော ကံ (အဗျာကတ ) ဟု သုံးမျိုးခွဲခြားနိုင်သည်။ အလောဘ၊ အဒေါသ၊ အမောဟကို အခြေခံသည့် စေတနာပါသော ကံကို ကောင်းမှုကံဟု ခေါ်သည်။ လောဘ၊ ဒေါသ၊ မောဟတို့ကို အခြေခံသည့် စေတနာပါသော ကံကို မကောင်းမှုကံဟု ခေါ်သည်။ အလောဘ၊ အဒေါသ၊ အမောဟတို့ကို အခြေခံ သည့်စေတနာလည်း မပါ။ လောဘ၊ ဒေါသ၊ မောဟ

တို့ကို အခြေခံသည့် စေတနာလည်းမပါ။ ပြုကာမတ္တ မျှသာဖြစ်သော ကံကို အဗျာကတ ဟု သတ်မှတ်သည်။

ကံသည်စေတနာအရင်းခံပါသော တွေးကြံ၊ ပြောဆို၊ ပြုမူမှုဖြစ်ပေရာ ထိုကဲ့သို့လက်ရှိ အခြေအနေ၊ လက်ရှိဘဝက ပြုလုပ်သောကံနှင့် လွန်ခဲ့သော အချိန်အခါ လွန်ခဲ့သော ဘဝကပြုလုပ်ခဲ့သော အတိတ်ကံဟု နှစ်မျိုးပိုင်းခြားနိုင်သည်။ ကံဟု သာမန်ပြောဆိုလျှင် ပစ္စုပ္ပန်ကံ အတိတ်ကံနှစ်မျိုးစလုံး အကျုံးဝင်နိုင်သည်။ ထိုနှစ်မျိုးစလုံးသည် မျက်မှောက်ဘဝ၊ လက်ငင်းအခြေအနေ၌ အကျိုးပေးနိုင်သည်။ ဗုဒ္ဓဘာသာ အယူအဆအရ ထိုနှစ်မျိုးအနက် ပစ္စုပ္ပန်ကံကိုသာ အလေးအနက်ထား ရမည်ဖြစ်သည်။

အတိတ်ကံသည် ပြုပြင်၍လည်း မရနိုင်။ မျက်မှောက်လူသားတို့ စွမ်းဆောင်ချက်နှင့်လည်း တိုက်ရိုက်မဆိုင်။ ပစ္စုပ္ပန်ကံသာလျှင် မျက်မှောက်လူသားတို့ စွမ်းဆောင်ကြိုးစားမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ဗုဒ္ဓသည် ပစ္စုပ္ပန်ကံကိုသာ အလေးအနက်ထားခဲ့သည်။ အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ တိတ္ထာယတနသုတ်၌ပါရှိသော အောက်ပါစကားဖြင့် ပစ္စုပ္ပန်ကံအပေါ် ဗုဒ္ဓအလေးအနက်ထားမှုကို ထင်ရှားစေနိုင်ပါသည်။ ဗုဒ္ဓက အောက်ပါကဲ့သို့ မိန့်တော်မူခဲ့သည်။

"ရဟန်းတို့ . . အကိရိယဒိဋ္ဌိသုံးမျိုးရှိသည်။ သုံးမျိုးဆိုသည်မှာ ချမ်းသာမှု၊ ဆင်းရဲမှုအားလုံးသည် ရှေးကပြုခဲ့ဖူးသော အကြောင်းကြောင့်သာလျှင် ဖြစ်၏ဟူသော အယူ(ပုဗ္ဗေကတဟေတုဒိဋ္ဌိ) တစ်ပါး။ ချမ်းသာမှု ဆင်းရဲမှုအားလုံးသည် လောကကို အစိုးရသော ဗြဟ္မာ(ထာဝရဘုရား) ကဖန်ဆင်းမှုကြောင့် ဖြစ်၏ဟု ယူဆသော

အယူ (ဣဿရနိမ္မာနိကဒိဋ္ဌိ)တစ်ပါး။ ချမ်းသာမှုဆင်းရဲမှုအားလုံးသည် အကြောင်းရင်းမရှိဘဲ အလိုအလျောက်ဖြစ်ပေါ်၏ဟုယူသော အယူ (အဟေတုကဒိဋ္ဌိ) တစ်ပါး။ ဤသုံးပါးတို့ဖြစ်ကြသည်။ ဤအယူသုံးပါး မှန်ကန်သည်ဆိုပါက လူတို့အဖို့ပြုဖွယ်ကိစ္စ တစ်စုံတစ်ရာရှိတော့မည်မဟုတ်။ အလိုရှိအပ်သော ဆန္ဒ၊ စွမ်းအင်၊ လုံ့လဟူ၍လည်း ဖြစ်ပေါ်တော့မည်မဟုတ်။ သူတော်သူမြတ်သမဏတို့၏ အယူဝါဒ သည်လည်း ဖြစ်ပေါ်လာတော့မည်မဟုတ်ချေ။"

### ကံအကျိုးဆက်

ကောင်းသောကံသည် ကောင်းသောအကျိုးတရားကို ဖြစ်ပေါ်စေတတ်သည်။ မကောင်းသောကံသည် မကောင်းသောအကျိုးတရားကိုဖြစ်ပေါ်စေတတ်သည်။ ကောင်း၊ဆိုး အကျိုးတရားများသည် အကျိုးပေးရန် အခွင့်အလမ်းရှိပါက ဤဘဝ၌ဖြစ်စေ၊နောက်(ဒုတိယ) ဘဝ၌ဖြစ်စေ၊ နောက်နောင်လာမည့် ဘဝများ၌ဖြစ်စေ ဖြစ်ပေါ်လာ တတ်သည်။

စေတနာသည် ကံ၏အရင်းခံဖြစ်သည်။ စေတနာကို အကြောင်းပြု၍ ကံကို အကောင်း၊ အဆိုး၊ ကြားဟုပိုင်းခြားရသည်။ သို့ရာတွင် စေတနာသက်သက်ဖြင့်ကား၊ ကံအဖြစ် အထမမြောက်။ စေတနာကို အရင်းခံလျက် တွေးကြံမှု၊ ပြောဆိုမှု၊ ပြုမူမှု ပြုမှသာလျှင် ကံဟုဆိုနိုင်သည်။ ထို့ပြင်ကံအဖြစ်အထမြောက်မမြောက် သတ်မှတ်နိုင်ရန် အခြားလိုအပ်ချက်များလည်း ရှိပေသေးသည်။

ဥပမာအားဖြင့် သူတစ်ပါးအသက်ကို သတ်ဖြတ်မှု (ပါဏာ

တိပါတကံ) အထမြောက်မမြောက်သတ်မှတ်နိုင်သည့် အခြေခံ အချက်များရှိသည်။ ထိုအချက်များမှာ (အဋ္ဌသာလိနီအဋ္ဌကထာအရ)

၁။ သက်ရှိဖြစ်ခြင်း

၂။ သက်ရှိသတ္တဝါထင်ရှားရှိကြောင်းသိခြင်း

၃။ သတ်လိုသည့်စိတ်ရှိခြင်း

၄။ သတ်ရန်အားထုတ်ခြင်း

၅။ အားထုတ်မှုကြောင့် ထိုသတ္တဝါသေခြင်း . . တို့ဖြစ်သည်။ ဤအချက်များကို ထောက်ဆကြည့်ပါက စေတနာသက်သက်မျှဖြင့် ကံအဖြစ်အထမမြောက်ကြောင်း ထင်ရှားသိနိုင်သည်။

ကံအဖြစ် အထမြောက်သော ကောင်းသောကံ၊ ဆိုးသောကံ များသည် ကောင်းကျိုးဆိုးပြစ်များကို အခွင့်သာပါကဖြစ်ပေါ်စေတတ်သည်။ အချို့သော ကံများသည် မျက်မှောက်ဘဝမှာပင် လက်ငင်း အကျိုးပေးတတ်သည်။ (ဒိဋ္ဌဓမ္မဝေဒနီယကံ) အချို့ကံများသည် နောက် (ဒုတိယ) ဘဝ၌အကျိုးပေးတတ်သည်။ (ဥပပဇ္ဇဝေဒနီယကံ) အချို့ကံ များသည် နောက်နောင်ဘဝတစ်ခုခု တစ်ချိန်ချိန်၌ အကျိုးပေးတတ်သည်။ (အပရာပရိယဝေဒနီယကံ)။ အချို့သောကံများသည် အကျိုးပေးရန် အခွင့်အလမ်းမပေါ်သောကြောင့်ဖြစ်စေ၊ ကံကိုယ်၌က အား ပျော့လွန်း၍ အကျိုးမပေးနိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ရာ အကျိုးမဖြစ်ထွန်းဘဲရှိတတ်သည်။ (အဟောသိကံ)။

ကံ၏အကျိုးပေးပုံပေးနည်းမှာလည်း အမျိုးမျိုးရှိသည်။ အချို့ ကံများသည် အသက်ရှင်နေစဉ် ဘဝအတွင်းမှာဖြစ်စေ၊ ပဋိသန္ဓေ နေသည့်အခါ၌ဖြစ်စေ မိမိနှင့်ဆိုင်ရာ အကျိုးကိုဖြစ်ပေါ်စေသည်။ (ဇနက ကကံ) အချို့ကံများသည် မိမိကိုယ်တိုင်၏ တိုက်ရိုက်အကျိုးကို မဖြစ်ပေါ်စေဘဲ၊ အခြားကံ၏ဖြစ်ပေါ်ပြီးသော

အကျိုးကိုအထောက်အပံ့ ပြုရုံသာပြုသည်။ (ဥပထမ္ဘကကံ)။ အချို့ကံများသည် အခြားကံ၏ အကျိုးကို ဖိနှိပ်တားဆီးတတ်၏။ (ဥပပီဠကကံ)။ အချို့ကံသည် အားနည်းသည့် တစ်ခြားကံ၏ အရှိန်အဝါကို ဖျက်ဆီးပစ်ပြီး မိမိ၏ အကျိုး ကိုဖြစ်ပေါ်စေတတ်သည်။ (ဥပဃာတကကံ) သို့မဟုတ်(ဥပစ္ဆေဒကကံ)။

ထို့ပြင်ကံကို အကျိုးပေးမှု အစွမ်းအလျှောက်လေးမျိုးခွဲခြားထားသည်။ လေးမျိုးမှာ -

၁။ ဂရုကကံ

၂။ အာစိဏ္ဏကကံ

၃။ အာသန္နကံ

၄။ ကဋတ္တာကံ တို့ဖြစ်ကြသည်။ ထိုလေးမျိုးအနက်-

**၁။ ဂရုကကံ**

အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း စသည်တို့ ကဲ့သို့ကြီးလေးသော ကံဖြစ်သည်။ ဤပုံစံမှာ အကုသိုလ်အတွက်ဖြစ်၍ ကုသိုလ်အတွက်လည်း အလားတူ ကြီးလေးသောကံအဖြစ် မှတ်ယူနိုင်သည်။

**၂။ အာစိဏ္ဏကကံ**

အလေ့အကျင့်ဖြစ်နေသော ပြုလေ့ပြုထရှိသော ကံဖြစ်သည်။ ထိုဂရုကကံနှင့် အာစိဏ္ဏကကံတို့သည် ပေါ်သောကံထက် ဦးစွာ အကျိုးပေးသည်။

## ၃။ အာသန္နကံ

မသေမီကပ်၍ (သေခါနီး၌)ဖြစ်ပေါ်လာသည့် ကုသိုလ်စေတနာ အကုသိုလ်စေတနာဖြစ်သည်။ ယင်းကို မရဏာသန္နကံ ဟုလည်း ခေါ်သည်။ ဤအာသန္နကံသည် ယခင်ကပြုဖူးသော ကံ၏ရောင်ပြန် ဟပ်မှုနှင့် ပြည့်စုံသည်။ သို့မဟုတ် ထိုပြုဖူးသော ကံ၏အမှတ်အသား၊ (ကမ္မနိမိတ်)လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ထိုပြုဖူးသော ကံ၏အနာဂတ် အကျိုးပေးမည့် အမှတ်အသား၊ (ဂတိနိမိတ်)လည်း ဖြစ်နိုင်သည်။ ထိုအာသန္နကံသည် ဒုတိယဘဝ၏ ဇာတိကိုဖြစ်ပေါ်စေသည်။

## ၄။ ကဋတ္တာကံ

ကြွင်းကျန်နေသော ကံဖြစ်သည်။ သေခါနီးကာလ၌ အထက်ပါ ကံသုံးမျိုး။ တစ်ခုခုမျှ မရှိပါက ကဋတ္တာကံက ဒုတိယ ဘဝ၏ ဇာတိကိုဖြစ်ပေါ်စေသည်။

ကဋတ္တာကံသည် မျက်မှောက်ဘဝကံတို့မှ ဂရုကကံ၊ အာစိဏ္ဏကကံ၊ အာသန္နကံတို့တွင် မပါဝင်သေးသော ကြွင်းကျန်နေသည့် ကံ လည်း အကျုံးဝင်သည်။ ဘဝအဆက်ဆက်က ကြွင်းကျန်နေသော ကံ လည်း အကျုံးဝင်သည်။

ကမ္မဝါဒသည် ဘဝတစ်ဖန်ဖြစ်ခြင်း၊ သံသရာလည်ခြင်းနှင့် ဆက်စပ်သည်ဟု ပညာရှင်တို့ ယူဆထားကြသည်။ ဘဝသံသရာ၌ ကျင်လည်ရခြင်းသည် ထိုကံကြောင့်ဖြစ်သည်ဟု ဂျိန်းဝါဒီများ (ဇိနဝါဒီများ) ကယူဆကြသည်။ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့် ဘဝများစွာ သံသရာမှ ပါလာသော ကမ္မသတ္တိကို ဖြိုခွဲဖျက်ဆီးပစ်နိုင်ကာ သံသရာဝဋ်ဆင်း ရဲမှ လွတ်မြောက်နိုင်သည်

ဟု ဂျိန်းဝါဒီတို့က ယုံကြည်ခဲ့ကြသည်။ ဗုဒ္ဓဝါဒအရမူ၊ သတ္တဝါတစ်ဦး ဘဝသံသရာ၌ ကျင်လည်ရခြင်းမှာ အဝိဇ္ဇာနှင့် တဏှာကြောင့် ဖြစ်သည်။ ထိုသတ္တဝါ၏ အခြေအနေကို သာလျှင် ကံကဖန်တီး ပေးသည်ဟု ယူဆသည်။

အတိတ်ကံ၊ ပစ္စုပ္ပန်ကံဟူသော ကံနှစ်မျိုးအနက် အတိတ်ကံသည် ပဋိသန္ဓေအကျိုးကိုပေးသည်။ လူသားအနေဖြင့် ချမ်းသာသော အိမ်ထောင်စု၊ ဆင်းရဲသော အိမ်ထောင်စု၌ ပဋိသန္ဓေနေရခြင်း၊ ရုပ် လှခြင်း မလှခြင်း၊ လူ့ဘဝ၊ တိရစ္ဆာန်ဘဝစသည်ဖြစ်ရခြင်းတို့မှာ အတိတ်ကံ၏အကျိုးပေးအရဖြစ်သည်။ ပစ္စုပ္ပန်ဘဝ၌ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း၊ အောင်မြင်ခြင်း၊ ကျဆုံးခြင်းစသည်တို့မှာမူ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်မျိုးစလုံး၏ အကျိုးဆက်ဖြစ်သည်။ အတိတ်ကံကို လူတို့ မပြုပြင်နိုင်၊ မပြောင်းလဲနိုင်။ ထို့ကြောင့် မိမိတို့ကြိုးစား ဆောင်ရွက်နိုင်သည့် ပစ္စုပ္ပန်ကံကိုသာ ကောင်းအောင်ကြိုးစား ကြရမည်ဖြစ်လေသည်။

သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်သည်။ ကံ သာလျှင် အမွေခံရှိကြကုန်သည်။ ကံသာလျှင် အကြောင်းရင်း၊ အ ဆွေအမျိုး၊ အားထားကိုးကွယ်ရာရှိကြကုန်သည်။ ကံသာလျှင် သတ္တဝါ တို့ကို အယုတ်အလတ်အမြတ်ဖြစ်စေခြင်းငှာ ပြုပြင်စီမံသည်။ (မဇ္ဈိမ နိကာယ်၊ စူဠကမ္မဝိဘင်္ဂသုတ်) ဟု ဗုဒ္ဓဝါဒက ခံယူသည်။ ထိုသို့ခံယူရာ ၌ အတိတ်ကံကိုသာ အားကိုးနေရန်ကား မဟုတ်ချေ။ "အတ္တဒီပ၊ အတ္တသရဏံ" မိမိကိုယ်ကိုသာ ကိုးကွယ်ရာဟူသော စကားအရ၊ ပစ္စုပ္ပန်ကံကို အားထားရမည်၊ကောင်းအောင် ကြိုးပမ်း ကြရမည်ဖြစ်လေသည်။

## သံသရာအယူအဆ

### သံသရာကျင်လည်မှု အယူအဆထင်ရှားလာခြင်း

ဗုဒ္ဓခေတ်မတိုင်မီကတည်းကပင် "လူသတ္တဝါသေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်ခြင်းရှိသည်"ဟူသော အယူအဆကို အိန္ဒိယ သားတို့လက်ခံခဲ့ကြပြီး ဖြစ်သည်။ သို့ရာတွင် ဝေဒကျမ်းများ၌ မကောင်းသောသူသည် သေလွန်သောအခါ လုံးဝကွယ်ပျောက် သွားသောအဘာဝအဖြစ်သို့ ရောက်သည်။ ကောင်းသောသူသည် သေလွန်သောအခါ ကောင်းရာ သုဂတိသို့ ရောက်လျက် စည်းစိမ် ခံစားကာ အမြဲတည် နေရသည်ဟု ဆိုသည်။ သံသရာ ကျင်လည်ပုံ အကြောင်းကိုကား ဖော်ပြထားခြင်းမရှိချေ။ ဗြာဟ္မဏ ကျမ်းများ၌ လည်း လူသည် သေလွန်သောအခါ တမလွန်ဘဝ၌ ကောင်းကျိုး ဆိုးပြစ်ခံစားရမည်ဟု ဖော်ပြထားသည်။သို့ရာတွင် သံသရာ ကျင်လည်မှုသဘောကို အတိအကျဖော်ပြ မထားချေ။ ဥပနိသျှဒ် ကျမ်းများ ၌ အမှန်တရားကို ထိုးထွင်းသိမြင်ပြီး တာဝန်ဝတ္တရား ကျေပွန်သူ သည် သေလွန်သောအခါ ထာဝရဘုံသို့ ရောက်ရှိသည်။ အမှန်တရားကို မသိ မမြင်သူ၊ ဝတ္တရားပျက်ကွက်သူသည် ဘဝများစွာ ကူးပြောင်းလျက် သံသရာကျင်လည်ရသည်ဟု ဖော်ပြ ထားသည်။ သို့ရာတွင် သံသရာ ကျင်လည်ပုံကို အကျယ်တဝင့် ရှင်းပြထားခြင်း မရှိချေ။ ဗုဒ္ဓဘာသာပါဠိပိဋကတ်တော်၌မူ ဘဝသံသရာ ယုံကြည်မှုကို အခိုင်အမာတွေ့ရှိရသည်။

သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၌ "ရဟန်းတို့ . . သံသရာအတွင်း ကျင်လည်ရသည့် တစ်ဦးသော ပုဂ္ဂိုလ်၏ အရိုးစု

အရှိုးပုံသည် အကယ်၍ မပျက်မစီးဘဲ ဆက် လက် တည်နေပါလျှင် ဝေပုလ္လတောင်ကြီးနှင့် ပမာဏတူမျှသည်ဖြစ်ရာ၏”ဟုသတ္တဝါ တစ်ဦးသည် ဘဝများစွာ သံသရာ၌ ကျင်လည်ရ ကြောင်း သိသာနိုင်အောင် ဖော်ပြထားသည်။

ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ်၌ ရဟန်းသည် ရှေးဘဝတို့၌ ဖြစ်ခဲ့ဖူးသော အဖြစ်ကို သိရှိနိုင်ပုံ ဖော်ပြရာ၌လည်း သတ္တဝါတစ်ဦး၏ ဘဝများစွာ သံသရာလည်ပုံကို ထင်ရှားစေသည်။ ဖော်ပြပုံမှာ-

“ထိုရဟန်းသည် ရှေး၌ဖြစ်ဖူးသော များပြားသော ဘဝကို အောက်မေ့သည်။ တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝကိုလည်းကောင်း၊ လေးဘဝ ငါးဘဝ၊ ဆယ်ဘဝတို့ကိုလည်းကောင်း၊ ဘဝနှစ်ဆယ် ဘဝသုံးဆယ်၊ ဘဝလေးဆယ်တို့ကိုလည်းကောင်း၊ ဘဝရာပေါင်းများစွာ၊ ဘဝထောင်ပေါင်းများစွာ ဘဝသိန်းပေါင်းများစွာတို့ကို လည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အောက်မေ့၏ . . ” ဟူ၍ဖြစ်သည်။

အထက်ပါအထောက်အထားနှင့် အလားတူသည့် အခြားအထောက်အထားများစွာကို ပါဠိပိဋကတ်တော်၌ တွေ့နိုင်သည်။ ထို့ကြောင့် ဗုဒ္ဓဝါဒအရ၊ သံသရာလည်ရပုံကို အတိအကျလက်ခံကြောင်း ထင်ရှားသည်။

### သံသရာလည်ပုံ

သံသရာလည်ပုံနှင့် ပက်လက်၍ ဥပနိသျှဒ်ကျမ်းတို့၌ ပါရှိသော အယူအဆနှင့် ဗုဒ္ဓဝါဒက ခံယူသော အယူအဆတို့ကွာခြား

သည်။ မဟာအတ္တဟုခေါ်သော ဗြဟ္မာကြီး(ထာဝရဘုရား)မှ ခွဲထွက်လာသော တစ်ဦးချင်းအတ္တရှိသည်ဟု လက်ခံထားသည့် ဥပနိသျှဒ်ကျမ်း တို့၌ ငှက်တစ်ကောင်သည် သစ်ပင်တစ်ပင်မှ အခြားသစ်ပင်သို့ လှည့်လည်ပျံသန်းသည့် နည်းတူတစ်ဦးချင်း အတ္တသည် ဘဝတစ်ခုမှ တစ်ခုသို့ လှည့်လည်ပြောင်းလဲနေသည်ဟု ယူဆသည်။ လူတစ်ယောက်သည် ဝတ်စုံတစ်စုံကို ချွတ်၍နောက် ဝတ်စုံတစ်စုံကို ဝတ်သည့်နည်းတူ၊ အတ္တသည်ဘဝတစ်ခုကို စွန့်၍ နောက်တစ်ခုသို့ ပြောင်းလဲသည်ဟု လည်း နှိုင်းခိုင်းပြလေ့ရှိသည်။

ရုပ်နာမ်ခန္ဓာငါးပါးမှ တစ်ပါးအခြားတစ်စုံတစ်ရာမရှိ။ အတ္တဟူ၍ မရှိဟူ၍ ယူဆသော ထေရဝါဒဗုဒ္ဓဘာသာအရ မည်သည့် ထင်ရှားရှိ အရာကမျှ ဘဝတစ်ခုမှ တစ်ခုသို့ ကူးပြောင်းသွားခြင်း မရှိချေ။ ကူးပြောင်းမှုမှာ မျိုးစေ့မှ သစ်ပင်ပေါက်သကဲ့သို့ ဘဝသစ်ဖြစ် ပေါ်စေနိုင်သော မျိုးစေ့ကလေးကြောင့်သာ ဘဝသစ်ဖြစ်လာရခြင်း ဖြစ်သည်။ မပျက်မစီးတည်ရှိနေသော တစ်စုံတစ်ရာက ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းခြင်း မဟုတ်ချေ။ မိလိန္ဒပဉှာကျမ်းတွင် ဓမ္မ သန္တတိ ကိုရှင်းပြရာ၌ ဘဝကူးပြောင်းပုံကို ဥပမာများစွာဖြင့် ရှင်းပြ ထားသည်။ ဥပမာတစ်ရပ်မှာ တစ်ဦးတစ်ယောက်သည် အခြားသူ၏ ဥယျာဉ်ခြံမှ သရက်သီးတစ်လုံးကို ခူးယူစားသုံးပြီး သရက်စေ့ကို မိမိခြံထဲ၌ စိုက်ပျိုးထားသည်။ ထိုသရက်စေ့မှ အပင်ပေါက်၍အချိန် တန်သော် အသီးသီးသည်။ ထိုအခါ သီးလာသော သရက်သီးသည် မိမိ သရက်သီးဖြစ်သည်ဟု မူလခြံပိုင်ရှင်ကဆိုသော် မမှန်နိုင်။ ထိုသီးလာ သော သရက်သီးသည် မူလသရက်သီး မဟုတ်။ သို့သော် မူလ သရက်သီးနှင့်လည်း အကြောင်း မကင်း။ အကြောင်း အကျိုး ဆက်စပ် နေသည်၊ဘဝအသစ်ဖြစ်ခြင်းသည်လည်း ထိုသဘော

မျိုးဖြစ်သည်ဟု ရှင်းပြခဲ့သည်။

ဘဝဆက်စပ်ပုံကို လယ်တီဆရာတော်ဘုရားက စာတိုက်မှ ငွေပေးပို့ပုံနှင့် ဥပမာပြရှင်းလင်းဖူးသည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးထံသို့ မိဘများက ငွေတစ်ထောင်ကို စာတိုက်မှ ပေးပို့လိုက်သည်။ အချိန်တန်သော် သက်ဆိုင်ရာကျောင်းသားထံသို့ ငွေတစ်ထောင် ရောက်ရှိလာသည်။ သို့ရာတွင် ထိုငွေတစ်ထောင်မှာ မိဘများပို့လိုက် သော ငွေများမဟုတ်။ ထိုသို့ မဟုတ်သော်လည်း မိဘများပို့လိုက်သော ငွေနှင့်လည်း အကြောင်းကင်းလျက် တသီးတခြားဖြစ်ပေါ်လာခြင်း မဟုတ်ချေ။ ဤဥပမာနည်းတူပင် ဘဝသစ်ဖြစ်သူသည် ဘဝဟောင်းက သူမဟုတ်။ သီးခြားကင်းလွတ်သော အခြားတစ်ဦး တစ်ယောက်လည်းမဟုတ်(န စ သော န စအညော)။ သို့ရာတွင် ဘဝသစ်၌ဖြစ်သူသည် ဘဝဟောင်းက သူနှင့်လည်း အကြောင်း မကင်းဟု နားလည်ရပေမည်။

တစ်ဖန်ဘဝကူးပြောင်းရာ၌ ဘဝဟောင်းနှင့် ဘဝသစ် အကြားတွင် ခေတ္တဖြစ်ပွားရသော ကြားဘဝ(အန္တရဘဝ)ရှိလေဟန် တစ်ချို့က ယူဆပြောဆိုနေကြသည်။ တစ်ဦးတစ်ယောက်သေလွန်သော် ချက်ချင်းဘယ်ဘဝကိုမျှ မရောက်သွားသေးဘဲ အိမ်ထဲ၌ သို့မဟုတ် အိမ်အနီးပတ်ဝန်းကျင်၌ ရှိနေရဖြစ်နေရသည်ဟု ယူဆတတ်ကြသည်။ စင်စစ်-အဘိဓမ္မာသဘောအရ ဤသို့မဖြစ်ချေ။ လက်ရှိဘဝမှ စုတိစိတ်ကျ(သေ)သည်နှင့်တစ်ပြိုင်နက်၊ ဘဝသစ်၌ ချက်ချင်း(ဇာတိ) ဖြစ်ပေါ်သည်။ ဘဝသစ်ဖြစ်ရန် လိုက်လံရှာဖွေနေရခြင်းမရှိချေ။ ထို့ပြင်လောက်လန်းသဖွယ် ဝိညာဉ်တွယ် ဟုတင်စားကာ ဘဝသစ်ကိုအမှီရပြီးမှ ဘဝဟောင်းကိုစွန့်လွှတ်ခြင်း ဆိုသည်မှာလည်း နားလည်နိုင်အောင် တင်စားချက်မျှသာဖြစ်သည်။ယထာ

ဘူတ အမှန်မဟုတ်ချေ။

လူဝင်စားများကမိမိသည် ဘဝဟောင်းမှသေလွန်ပြီး ဘဝသစ်မိခင်ထံ ဝင်စားနိုင်ရန် အမှိုက်စကလေးတစ်ခုသဖွယ် အယောင်ဆောင်ကာ၊ မိခင်လောင်း ရေသောက်စဉ် ဝင်စားရလေဟန် ပြောဆိုတတ်ကြသည်။ ဤအပြောအဆို အယူအဆသည် ဘဝဟောင်း၏ စုတိစိတ် နှင့်ဘဝသစ်၏ ပဋိသန္ဓေစိတ်အကြားတွင် ကြားဘဝ မရှိဟူသော အယူအဆနှင့် မကိုက်ညီချေ။ အတ္တကိုလက်ခံသော အရာမျိုးနှင့်ကား နီးစပ်ကောင်းနီးစပ်ပေမည်။ အမှိုက်စကလေး သဖွယ်အယောင်ဆောင်ကာ မိခင်လောင်းထံ ဝင်စားရသည်ဟု ယူဆပြောဆိုခြင်းမှာ မသေမီ(သေခါနီး)ထင်မြင်လာသော ဂတိနိမိတ်ကို ပြန်လည်မှတ်မိပြီး ပြောဆိုခြင်းမျိုးသာဖြစ်နိုင်ကြောင်း သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ကမိန့်ကြားခဲ့ဘူးသည်။ သဘာဝအရ စဉ်းစားလျှင်လည်း မိခင်လောင်း ရေသောက်စဉ် ရေနှင့်အတူဝမ်းထဲသို့ လိုက်ဝင်သွားလျှင် အစာအိမ်အတွင်းသို့သာ ရောက်သွားနိုင်မည်။သားအိမ်အတွင်း ရောက်သွားနိုင်ဖွယ် မရှိချေ။

## ပဋိစ္စသမုပ္ပါဒ်နည်းအရ

ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ဘဝသံသရာ ဟူသည် ရုပ်နာမ်တရားတို့ တစ်ဘဝပြီးတစ်ဘဝ ဆက်လက်ဖြစ်ပေါ် နေခြင်းပင် ဖြစ်သည်။ မသိမှုအဝိဇ္ဇာကြောင့်ကုသိုလ်ကံ၊ အကုသိုလ်ကံဟု ခေါ်ဝေါ်သော သင်္ခါရ(ပြုလုပ်မှု၊ ပြုပြင်မှု)တို့ဖြစ်ပေါ်လာရသည်။ သင်္ခါရကြောင့် ပဋိသန္ဓေစိတ်ဟုခေါ်သော ဝိညာဏ်ဖြစ်ပေါ်လာရ

သည်။ ဝိညာဏ်နှင့် အတူစေတသိက်ဟူသော နာမ်သဘာဝ၊ကမ္မဇရုပ်ဟူသောရုပ် သဘာဝတို့ဖြစ်ပေါ်လာကြသည်။ ထိုရုပ်နာမ်တို့က ဆက်လက်၍ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ကိုယ်ဟူသော ကိုယ်အင်္ဂါ အစိတ်အပိုင်း တို့စုံလင်စွာ ဖြစ်ပေါ်လာကြသည်။ ရုပ်နာမ်ခန္ဓာ စုံ၍မွေးဖွားလာ ပြီးနောက်ကလေးဘဝ၊ လူငယ်ဘဝ၊ လူကြီးဘဝ အရွယ်အား လျော်စွာအဆင်း အသံစသည့်အာရုံ အမျိုးမျိုးနှင့် မျက်စိ၊ နား၊ နှာခေါင်း၊စသည့်အင်္ဂါ အစိတ်အပိုင်း အာယတန အသီးသီးတို့ ထိတွေ့မှုဖဿ ဖြစ်ပေါ်လာကြသည်။ ထိုအခါပျော်ရွှင်ခြင်း၊ ကျေနပ် ခြင်း၊ ဝမ်းနည်းခြင်း၊ အလိုမကျခြင်း စသော ခံစားမှုဝေဒနာ ဖြစ်ပေါ် လာရသည်။

ခံစားမှုဝေဒနာမှ တစ်ဖန် ကောင်းသော အာရုံ၊သာယာဖွယ်အတွေ့အကြုံတို့ကို တပ်မက်တွယ်တာမှု တဏှာဖြစ်ပေါ်လာသည်။ ထိုတဏှာ ကြီးထွားလာသောအခါ ထိုထိုအာရုံ၊ ထိုထိုသာယာဖွယ်တို့ကို စွဲလန်းတမ်း တမှု ဥပါဒါန်ဖြစ်ပေါ်လာရသည်။ ထိုဥပါဒန်အရ တပ်မက်သော အာရုံ(အရာဝတ္ထု) ကို ရရန်ကြိုးပမ်းမှု ဖြစ်ပေါ်လာသည်။ ထိုကြိုးပမ်းမှုသည် ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဘဝကို ဖြစ်စေသည်။ ကောင်းကျိုးမကောင်းကျိုးဟူသော ဥပပတ္တိဘဝလည်း ဤမျက်မှောက် ဘဝ၌ပင်ဖြစ်ပေါ်လာရသည်။

ဘဝဖြစ်ပြီးနောက် အခါ အားလျော်စွာ အိုခြင်း၊ နာခြင်းဖြစ်ပေါ်လာရပြီး၊ သေခြင်းသို့ရောက်ရသည်။ သေခြင်းသို့ရောက်သောအခါ၊ မျက်မှောက်ဘဝ၌ ထူထောင်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသော ကမ္မဘဝကြောင့် တမလွန်ဘဝ၌ ပဋိသန္ဓေနေခြင်းဟူသော ဇာတိဖြစ်ပေါ်လာရသည်။ ထိုဇာတိမှ ဝိညာဏ်၊ နာမ်၊ ရုပ်၊ အာယတန စသည်တို့ ဆက်လက်ဖြစ်ပေါ်ပြီး တဏှာဥပါဒါန်အား

လျော်စွာ ကုသိုလ်ကံ၊ အကုသိုလ်ကံ(ကမ္မဘဝ)ကို ပြုစုထူထောင်နေပြန်သည်။

ဤသို့ထူထောင်ရင်း ဘဝ၏ဓမ္မတာအတိုင်း၊ အို၊ နာ၊ သေတို့ဖြစ်လာပြီး ဘဝခရီးတစ်ခုကုန်ဆုံးပြန်ကာ ဘဝသစ်အစဇာတိဖြစ်ပေါ်လာရပြန်သည်။ ဤသို့အားဖြင့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့အဆက်မပြတ် ဆက်လက်ဖြစ်ပေါ်နေခြင်းသည် ဘဝသံသရာပင်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာအလိုအားဖြင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ အစဉ်မပျက် ဆက်လက်ဖြစ်ပေါ်နေခြင်းသည်ပင် "သံသရာ" မည်လေသည်။

## သံသရာမှ လွတ်မြောက်ရေး

အိန္ဒိယသားတို့သည် ဝေဒခေတ်ကတည်းကပင် ဘဝဖြစ်ခြင်းသည် ဒုက္ခဟု ယူဆလက်ခံခဲ့ကြပြီးဖြစ်သည်။ ထိုဒုက္ခမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုလည်း နည်းအမျိုးမျိုးဖြင့်ရှာကြံခဲ့ကြသည်။

လူသတ္တဝါတိုင်းတွင် တစ်ဦးချင်းဆိုင်ရာ အတ္တရှိသည်။ ထိုအတ္တသည် မဟာအတ္တကြီးမှ ခွဲထွက်လာခဲ့ခြင်းဖြစ်သည်ဟု ယူဆသောဥပနိသျှဒ်ဆရာတို့က တစ်ဦးချင်း အတ္တသည် မဟာအတ္တကြီးနှင့် ပြန်လည်ပေါင်းဆုံမိသော် လွတ်မြောက်မှုရရှိသည်ဟု ယူဆကြပြီးတစ်ဦးချင်း အတ္တအနေဖြင့် မဟာအတ္တကြီးနှင့် ပေါင်းဆုံမိနိုင်မည့်နည်းလမ်းကိုရှာကြံခဲ့ကြသည်။ အားထုတ်ခဲ့ကြသည်။ အားထုတ်ရာ၌ ယဇ်ပူဇော်မှုနည်းလမ်းကို အဓိကအားဖြင့် ကျင့်သုံးခဲ့ကြသည်။

ဗုဒ္ဓနှင့် ခေတ်ပြိုင်ဟုဆိုရမည့် ဂိုဏ်းဝါဒီတို့က ဘဝများစွာ

သံသရာအဆက်ဆက်မှ ပြုလုပ်ခဲ့ကြသော ကံတို့၏ ကမ္မသတ္တိကြောင့် ဘဝအသစ်ဖြစ်နေရသည်။ ဆင်းရဲဒုက္ခကြုံနေကြရသည်ဟု ယူဆကာ ထိုကမ္မသတ္တိကို ချေဖျက်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ကြိုးပမ်းရာ၌ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သောနည်း၊ အပင်ပန်းခံသောနည်းကို ကျင့်သုံးခဲ့ကြသည်။ ကိုယ်ကိုအပင်ပန်းခံ ကျင့်သုံးခြင်းဖြင့် ကမ္မသတ္တိ ပျောက်ကာ နောက်ဆုံးတွင် လွတ်မြောက်မှုရရှိနိုင်သည်ဟု ယုံကြည်ကြသည်။

ဗုဒ္ဓကမူ ဘဝဖြစ်ရခြင်းသည် ဒုက္ခဖြစ်သည်ဟု လက်ခံသော်လည်းဒုက္ခမှ လွတ်မြောက်ရေးလမ်းစဉ်ကို ရှာကြံရာ၌မူ၊ ဒုက္ခဖြစ်စေသော အကြောင်းရင်း၊ ရင်းမြစ်ကိုတွေ့အောင် ရှာပြီး ထိုအကြောင်းရင်းကို ဖယ်ရှားပေးနိုင်မည့် နည်းလမ်းကိုသာ ဖော်ထုတ်ညွှန်ပြခဲ့သည်။ တရားဦးဓမ္မစကြာ၌ ဖော်ပြခဲ့သည့်အတိုင်းပင် ခန္ဓာငါးပါးဖြစ်ခြင်း၊ ဘဝဟူ၍ ဖြစ်ခြင်းသည် ဒုက္ခဖြစ်သည်။ ထိုဒုက္ခ၏ဖြစ်ပေါ်ရခြင်းအကြောင်းရင်းကို ရှာသော် သမုဒယတဏှာဟူသော လက်သည်တရားခံကိုတွေ့ရသည်။ အကြောင်းဖြစ်သော ထိုသမုဒယတဏှာချုပ်ငြိမ်းမှ အကျိုးဖြစ်သော ဒုက္ခချုပ်ငြိမ်းမည်။ ဒုက္ခချုပ်ငြိမ်းခြင်းသည် ဒုက္ခမှလွတ်မြောက်ခြင်းပင်ဖြစ်သည်။ ဘဝမှ လွတ်မြောက်ခြင်းဖြစ်သည်။ ဒုက္ခချုပ်ငြိမ်းစေမည့် နည်းလမ်းမှာ အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာသာဖြစ်သည်။ အလယ်ကျင့်စဉ်သာဖြစ်သည်ဟု ဗုဒ္ဓကညွှန်ပြခဲ့သည်။

အလယ်ကျင့်စဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါးကို ကောင်းမွန်မှန်ကန်ပြည့်စုံစွာ ကျင့်သုံးနိုင်လျှင် ဒုက္ခမှ လွတ်မြောက်သည်။ ဘဝမှ လွတ်မြောက်သည်။ ဒုက္ခချုပ်ငြိမ်းသည်။ ဒုက္ခချုပ်ငြိမ်းခြင်းကို နိဗ္ဗာန်ဟု ခေါ်ကြောင်း၊ ဘဝလွတ်မြောက်မှု (ဝိမုတ္တိ) ရခြင်းပင်

ဖြစ်ကြောင်းဗုဒ္ဓကဖော်ပြခဲ့သည်။

**နိဗ္ဗာန်**

ဗုဒ္ဓဘာသာ၏ ပန်းတိုင်မှာ နိဗ္ဗာန်ဖြစ်သည်။ ဂေါတမဗုဒ္ဓ၏ တရားဦးဓမ္မစကြာ၌ နိဗ္ဗာန်ကို နိရောဓသစ္စာအဖြစ် ဖော်ပြထားသည်။

**နိဗ္ဗာန်ဟူသောအဓိပ္ပာယ်**

နိဗ္ဗာန်သည် ပါဠိပုဒ်နိဗ္ဗာနကို မွေးစားယူထားသော ဝေါဟာရ ဖြစ်သည်။ နိဗ္ဗာန်ကိုနိနှင့်ဝါန ဟု ပုဒ်ခွဲနိုင်သည်။ နိသည်မရှိခြင်း၊ ချုပ်ငြိမ်းခြင်း အနက်ဖြစ်သည်။ ဝါနမှာ ဤတွင်တပ်မက်ခြင်း တဏှာကို ဆိုလိုသည်။ ထို့ကြောင့် နိဗ္ဗာန= နိဗ္ဗာန်ဟူသည် တဏှာ ချုပ်ငြိမ်းခြင်း၊ တဏှာ၏ ချုပ်ရာဖြစ်သည်။

နိဗ္ဗာန= နိဗ္ဗာန်ဟူသော ပုဒ်ကိုပါဠိ၊ အဋ္ဌကထာကျမ်းများ၌ ဝေါဟာရပေါင်း (၇၀)ဖြင့် ရှင်းလင်းထားသည်။ ထိုသို့ ရှင်းလင်းထားသော ဝေါဟာရများအနက် တဏှာက္ခယနှင့် အသင်္ခတဟူသော ပုဒ်တို့သည် နိဗ္ဗာန်၏အဓိပ္ပာယ်ကို လွယ်ကူစွာ ထင်ရှားနားလည်စေနိုင်သော ဝေါဟာရများဖြစ်သည်။

တဏှက္ခယဟူသည်မှာ တဏှာ၏ ကုန်ရာဟု အဓိပ္ပာယ်ရသည်။ တွယ်တာ တပ်မက်ခြင်း (တဏှာ)၏ ကုန်ခန်းရာသည် နိဗ္ဗာန် ဖြစ်၏ဟု ဆိုလိုသည်။ တဏှာသည် ပစ္စုပ္ပန် ဘဝ၊ အတိတ်ဘဝ၊ အနာဂတ်ဘဝများကို ဖန်တီးပေးနေသော လက်သည် တရားခံဖြစ်သည်။ တဏှာသည် သတ္တဝါတို့အား လူ့နတ်၊ ဗြဟ္မာစည်းစိမ်အဝဝ

ကိုတွယ်တာစေသည်။ တွယ်တာမှုကြောင့် လူ၊ နတ်၊ ဗြဟ္မာဘဝ ဖြစ်အောင် ဒါန၊ သီလ၊ ဘာဝနာဟူသော ကံတို့ကို ပြုလုပ်အားထုတ်စေသည်။ ဘဝသုခတို့ကို ရရှိသောအခါတွင်လည်း ကုန်ခမ်းမသွားစေရန် ကြိုးစားခိုင်းပြန်သည်။ ဤနည်းဖြင့် ပြုပြင်စီရင်မှု သင်္ခါရနှင့် ဘဝတို့ အပြန်အလှန်ကြောင်းကျိုးပြုကာ သံသရာလည်နေစေသည်။

အဝိဇ္ဇာနှင့်တဏှာတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွယ်ကာ ဘဝသံသရာကို ဖန်တီးပေးလျက်ရှိသည်။ တစ်ခုက ဦး ဆောင်သောအခါ တစ်ခုက နောက်မှလိုက်လျက် ဘဝဖြစ်ပေါ်မှုကို ကျေးဇူးပြုနေကြသည်။ ထိုအဝိဇ္ဇာနှင့် တဏှာချုပ်ငြိမ်းသောအခါ ဒေါသလည်း ချုပ်တော့သည်။ ဤသို့ရာဂ၊ ဒေါသ၊ မောဟတို့ ချုပ်ငြိမ်းခြင်း သည်ပင် နိဗ္ဗာန်ဖြစ်သည်။ (သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂသံယုတ်၊ အဋ္ဌသတပရိယာယဝဂ်၊ နိရာမိသသုတ်)။

အသင်္ခတဟူသည်မှာ ပြုပြင်ဖန်တီးမှုမရှိခြင်းဟု အဓိပ္ပာယ်ရသည်။ လောက၌ သက်ရှိသက်မဲ့ မှန်သမျှသည် အကြောင်းတရားတို့ ပေါင်းစည်းယှက်နွယ်ထားသောအရာ။ ကောင်းကံမကောင်းကံ ဖန်တီးမှုဖြင့် ပြုပြင်အပ်သော အရာများသာဖြစ်သည်။ သက်ရှိသက်မဲ့ မှန်သမျှသည် သင်္ခါရပြုပြင်စီရင်မှု 'ကံ'၏အကျိုးတရားများသာ ဖြစ်သည်။ သက်ရှိ သတ္တဝါများတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း တရားလေးပါးက ပြုပြင်ဖန်တီးပေးနေသည်။ သက်မဲ့တို့တွင်ကား အပူအအေးတည်းဟူသော ဥတုကပြုပြင် ဖန်တီးပေးနေသည်။ ထိုသို့ ဖန်တီးမှုများကြောင့်သာ သက်ရှိသက်မဲ့ တို့ဖြစ်ပေါ်နေရခြင်းဖြစ်သည်။ (သင်္ခတ)။

နိဗ္ဗာန်သည်ကား ဖန်တီးမှုကင်းသော အသင်္ခတတရားဖြစ်

သည်။ နိဗ္ဗာန်တွင် ဖန်တီးတတ်သော လက်သည် (ပြုသူ)လည်းမရှိ။ ဖန်တီးခံရသော တရားခံ (အပြုခံ)လည်း မရှိ။နေရာဒေသဟူ၍ လည်း မရှိ။ အစလည်း မရှိ၊ အဆုံးလည်းမရှိ၊ ပြုပြင်ဖန်တီးမှု မရှိခြင်း (အသင်္ခါ ရ) ကြောင့် ပြုပြင်ဖန်တီးခံရသော အရာဟူ၍လည်း မရှိ။ (အသင်္ခတ) ဘဝသစ်ဖြစ်ပေါ်စေတတ်သော ကံမရှိ၍ ဘဝသစ် ဟူ၍လည်း မဖြစ် ပေါ်တော့။ ဤသို့မဖြစ်တော့ဘဲ ချုပ်ငြိမ်းခြင်း သည်ပင်လျှင် နိဗ္ဗာန်ဖြစ်သည်။

## နိဗ္ဗာန်၏တည်ရာ

ဂေါတမဗုဒ္ဓ၏ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုခွင့်ပေးရန် ဗုဒ္ဓအားဤသို့ပန်ကြားခဲ့သည်။ "အရှင်ဘုရား . . တပည့်တော်သည် အရာအထောင်သော ဘုရားရှင်တို့ စံဝင်ရာဖြစ်သည့် အိုခြင်းကင်းသော၊ သေခြင်းကင်းသော၊ လုံခြုံစိတ်ချရသော၊ ချမ်းမြေ့ဖွယ်ဖြစ်သော၊ အေးချမ်းသော၊ ဘေးကင်းသော၊ နိဗ္ဗာန်ရွှေပြည်သို့သွားပါတော့မည်။"

ဤခွင့်ပန်ချက်ကို သာမန်ဖတ်ရှုပါက နိဗ္ဗာန်သည် သီးခြားတည်ရာဌာနတစ်ခုရှိဘိသို့ မှတ်ယူဖွယ်ရာရှိသည်။ စင်စစ်အားဖြင့် နိဗ္ဗာန်၏ သီးခြားတည်ရာဒေသရှိဟန်ကို အရှင်သာရိပုတ္တရာ ဆိုလိုခြင်း မဟုတ်ချေ။ နိဗ္ဗာန်၏ ထူးခြားချက်များကို အကျဉ်းချုပ် ဖော်ပြခြင်း သာဖြစ်သည်။

ဘုရားရဟန္တာတို့နှင့် ပတ်သက်၍လည်း နိဗ္ဗာန်သို့သွားသည်။ ပရိနိဗ္ဗာန်စံဝင်သည် စသည်ဖြင့် တင်စားပြောဆိုတတ်ကြသည်။ ဤ တင်စားချက်များကို မုချသဘောဟု ယူဆကြသောကြောင့်လော မဆို

နိုင်။ ဗုဒ္ဓဘာသာဝင်အချို့တို့သည် နိဗ္ဗာန်ရွှေပြည်သို့ ရောက်ရပါလို၏ . . ဟု ဆုတောင်းတတ်ကြသည်။

စင်စစ်အားဖြင့် နိဗ္ဗာန်သည် တသီးတခြားတည်ရှိနေသော ဘဝမျိုး၊ အဖြစ်မျိုးမဟုတ်၊ သုတ္တနိပါတ်၊ပါရာယနဝဂ်၌ ကပ္ပမာဏဝ၏ အမေးပုစ္ဆာကို ဖြေကြားရာတွင် "ဇရာနှင့်မရဏာချုပ် ပျောက်ခြင်းကို နိဗ္ဗာန်ဟုခေါ်၏" ဟု ဘုရားရှင်မိန့်တော်မူခဲ့သည့် အတိုင်း နိဗ္ဗာန်ဟူသည် ချုပ်ငြိမ်းမှုကိုသာ ဆိုလိုရင်းဖြစ်သည်။ ယင်းချုပ်ငြိမ်းမှုကို ကြောင့်ကြကင်းရာ၊ တဏှာဒိဋ္ဌိကင်းရာဖြစ်သောကြောင့် "မြတ်သောကျွန်း" ဟု ဘုရားရှင်က တင်စားခဲ့သည်။ ဤတင်စားချက်ကိုလည်း မုချ သဘောယူကာ သီးခြားတည်ရာ၊ သီးခြားဘဝအဖြစ် နိဗ္ဗာန်ကို အမှတ်မှားတတ်ကြပြန်သည်။

စင်စစ်အားဖြင့် နိဗ္ဗာန်ဆိုသည်မှာ စိတ်၏စင်ကြယ်မှု အဆင့်သာဖြစ်သည်။ အားလုံးသော အညစ်အကြေးများ ကင်းစင်ခြင်း၊ အလွန့် အလွန်စင်ကြယ်ခြင်းကို နိဗ္ဗာန်ဟု သိအပ်မှတ်အပ်သည်။ "ဝိသုဒ္ဓိတိ သဗ္ဗမလ ဝိရဟိတံ အစ္စန္တံ ပရိသုဒ္ဓံ နိဗ္ဗာနံ ဝေဒိတဗ္ဗံ။" (ဝိသုဒ္ဓိမဂ္ဂ။ သုတ္တ နိပါတ်၊ စူဠဗျူဟသုတ်)ဟူသော စကားအတိုင်း ယခုဘဝ၌ပင် မျက်မှောက်ပြုအပ်သော စိတ်အခြေအနေ စိတ်အဆင့်ဖြစ်သည်။

ဥဒါန်းပါဠိတော် ပါဋလိဂါမိယဝဂ်၊ ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ်၌ "ရဟန်းတို့ . . အကြင်နိဗ္ဗာန်အရပ်၌ မြေဓာတ်လည်းမရှိ။ ရေဓာတ်လည်းမရှိ။ မီးဓာတ်လည်းမရှိ။ လေဓာတ်လည်း မရှိ။ ထိုနိဗ္ဗာန်သည် အာကာသာနဉ္စာယတနဘုံ လည်းမဟုတ်။ ဝိညာနဉ္စာယတနဘုံလည်းမဟုတ်။ အာကိဉ္စညာယတနဘုံလည်းမဟုတ်။ နေဝသညာနာသညာယတန ဘုံလည်း မဟုတ်။

ပစ္စုပ္ပန်လောက၊ တမလွန် လောက လည်း မဟုတ်။ ထိုနိဗ္ဗာန်၌ လလည်းမရှိ။ နေလည်းမရှိ။ ရဟန်းတို့ ထိုနိဗ္ဗာန်၌ လာသူရှိ၏ ဟူ၍လည်း ငါမဟော။ သွားသူရှိ၏ ဟူ၍လည်း ငါမဟော။ နိဗ္ဗာန်သည်တည်နေသည်ဟူ၍လည်း ငါမဟော။ ရွေ့လျား နေသည် ဟုလည်း ငါမဟော။ ဖြစ်ပေါ်လာခြင်းဖြစ်၏ဟုလည်း ငါမဟော။ ထိုနိဗ္ဗာန်သည် တည်ရာလည်းမဟုတ်။ တည်နေသော အရာလည်း မဟုတ်။ မှီရာလည်း မဟုတ်။ ယင်းနိဗ္ဗာန်သည် ဒုက္ခ၏ အဆုံးဖြစ်ပေသည် . . "ဟု ဘုရားရှင်မိန့်တော်မူထားသည်။

ဤမိန့်ကြားချက်၌ မဟုတ်သော သဘောများဖြင့် နားလည်အောင် ရှင်းပြီး အသခ်တဖြစ်၍ပင် ဒုက္ခဟူ၍မရှိ။ ဒုက္ခကုန်ဆုံး ပြီဖြစ်ကြောင်း ထင်ရှားစေသည်။

ဒုက္ခကုန်ဆုံးခြင်းနိဗ္ဗာန်ကို မျက်မှောက်ဘဝ်မှာပင် ဒိဋ္ဌိမမှု ရရှိနိုင်ကြောင်း ဘုရားရှင်က အကြိမ်ကြိမ်အထပ်ထပ် မိန့်တော်မူခဲ့သည်။ သုတ္တနိပါတ်။ ပါရာ်ယနဝဂ်၊ ဓောတကမာဏဝပုစ္ဆာ၌ . . .

"ဓောတက . . တစ်ဆင့်စကားမဟုတ်။ ဤဘဝ၌ပင် ကိုယ်တိုင် မျက်မှောက်ပြုနိုင်သော ကိလေသာ ငြိမ်းအေးမှု နိဗ္ဗာန်ကို သင့်အား ငါပြောကြားအံ့" ဟု အတိအလင်းမိန့်တော်မူခဲ့သည်။ သဂါသာဝဂ္ဂ သံယုတ်၊ ရောဟိတဒေဝပုတ္တသုတ်၌

"အိုနတ်သား၊ လောကသည်လည်းကောင်း၊ လောက၏ ဖြစ်ကြောင်းသည်လည်းကောင်း၊ လောက၏ချုပ်ရာ နိဗ္ဗာန်သည်လည်းကောင်း၊ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစဉ်သည်လည်းကောင်း၊ တစ်လံမျှလောက်ရှည်လျားသော ဤခန္ဓာကိုယ်အတွင်း၌သာ ရှိသည်ဟု ငါဘုရားဟော၏" ဟု မိန့်တော်မူခဲ့သည်။

ဤမိန့်ကြားချက်များအရ နိဗ္ဗာန်ဆိုသည်မှာ သေပြီးမှ

ရောက်ရသော နေရာလည်းမဟုတ်။ သီးခြားတည်ရှိသောဘုံဘဝလည်းမဟုတ်။လက်ရှိဘဝ၌ပင်ကိုယ်တိုင်မျက်မှောက်ပြုရသော (တဏှာချုပ်သွားသော)အခြေအနေဖြစ်ကြောင်း ထင်ရှားသိနိုင်ပေသည်။

ထိုသို့လက်ရှိဘဝ၌ ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ အမည်နှစ်မျိုးခွဲခြားခေါ်ဝေါ်ကြသေးသည်။ ဤအမည်နှစ်မျိုးကို ပရမတ္ထစက္ခုကျမ်း ၌ ဒီပဲရင်းဆရာတော်ဘုရားက အလွယ်ဆုံးစကားများဖြင့် ရှင်းပြထားသည်။

"နိဗ္ဗာန်သို့ရောက်သည်၊ ရသည်ဆိုရာ၌ မဂ်ခဏ၌ရသည်၊ ရောက်သည်မှတ်။ စုတိကမ္မဇရုပ်ချုပ်ငြိမ်းပြီးမှ ရစရာ၊ ရောက်စရာနိဗ္ဗာန်တစ်ခြားမရှိ။ နိဗ္ဗာန်ဟူသည် တစ်ပါးသာရှိသည်။ ယင်းတစ်ခုသော နိဗ္ဗာန်ကိုပင် မဂ်ဖြစ်ပြီး နောင်စုတိမဖြစ်မီ ရောက်သောသူမှာ ခန္ဓာကြွင်းရှိသေးသောကြောင့် သဉပါဒိသေသနိဗ္ဗာန် ဟူ၍လည်းကောင်း၊ စုတိဖြစ်ပြီးနောက်၊ ခန္ဓာကြွင်းမရှိသောကြောင့် အနုပါဒိသေသနိဗ္ဗာန် ဟူ၍လည်းကောင်း၊ ရောက်သူခန္ဓာကိုအစွဲပြု၍ အမည်နှစ်ပါးဖြင့် ခေါ်ဝေါ်ရသည်။ နိဗ္ဗာန်နှစ်ပါးရှိ၍ ခေါ်ဝေါ်ရခြင်း မဟုတ်။ ထိုကြောင့် နိဗ္ဗာန်ကား အကွဲအပြားမရှိ။ အမည်သာကွဲပြားသည် မှတ်လေ။"

ဤရှင်းပြချက်အရ နိဗ္ဗာန်သည် စုတိကမ္မဇရုပ်မချုပ်မီ၊ မကွယ်လွန်မီ ရရှိအပ်သော ဒိဋ္ဌဓမ္မတရားဖြစ်ကြောင်း ထင်ရှားသည်။

## နိဗ္ဗာန်ချမ်းသာ

တစ်ခါက အရှင်သာရိပုတ္တရာမထေရ်သည် "နိဗ္ဗာန်ကား ချမ်းသာစွ။ နိဗ္ဗာန်ကားချမ်းသာစွ" ဟု ဥဒါန်းကျူးရင့်တော်မူသည်။ ထိုဥဒါန်းကို ကြားရ၍ အရှင်ဥဒါယီမထေရ်က "နိဗ္ဗာန်တွင် တစ်စုံတစ်ရာခံစားစရာမရှိပါဘဲလျက် အဘယ်မှာ ချမ်းသာနိုင်ပါမည်နည်း" ဟု မေးလျှောက်သည်။ (အင်္ဂုတ္တရ နိကာယ်၊ နဝင်္ဂနိပါတ်၊ နိဗ္ဗာနသုခ သုတ်)။ အရှင်ဥဒါယီမထေရ်ကဲ့သို့ပင် ခံစားရသော သုခ (ဝေဒယိတ သုခ)ကိုသာ ချမ်းသာဟု ထင်မြင်နေသူများက နိဗ္ဗာန်၏ ချမ်းသာမှုကို သဘောမပေါက်ကြချေ။

စင်စစ်အားဖြင့် ခံစားရသော သုခတို့သည် အဇ္ဈတ္တဒွါရ ခြောက်ပါးဖြင့် အပြင် အာရုံများကို ထိတွေ့ခံစားရာ၌ ကောင်းသော အာရုံ(ဣဋ္ဌာရုံ)ဟု (ကောင်းသည်ဟု) မိမိမှတ်ယူထားသော ချမ်းသာ သုခမျှသာဖြစ်သည်။ ချမ်းသာအစစ်မဟုတ်။ ကောင်းသည်ဟု မှတ်ယူထားသော ခံစားမှုသုခသည် မိမိက လိုချင်နေပါလျက်၊ တပ်မက်နေပါလျက်လည်း မြဲမည်မဟုတ်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တပ်မက်စွဲလမ်းနေသော မိမိအားစွန့်ခွာသွားမည်သာဖြစ်သည်။ သို့မဟုတ် မိမိ က သော်လည်း ထိုတပ်မက်စွဲလမ်းနေသော အရာတို့အား စွန့်ခွာသွားရမည်ဖြစ်သည်။ ထိုသို့စွန့်ခွာကြရသော် သုခဟုထင်မှတ်ထားသမျှသည် ဒုက္ခကို ဖြစ်ပေါ်စေမည်မှာ မုချမလွဲချေ။

ခံစားမှု တစ်စုံတစ်ရာမရှိသော နိဗ္ဗာန်ကား အေးငြိမ်းမှု ချမ်းသာ(သန္တိသုခ)ဖြစ်သည်။ ဥပမာအားဖြင့် "အရောဂျ"ဟူသော ပါဠိပုဒ်၏ အနက်မှာ ရောဂါမရှိခြင်း၊ ရောဂါကင်းခြင်းဖြစ်သည်။ ထိုသို့ရောဂါမရှိခြင်း ကင်းခြင်းကြောင့် ကျန်းမာခြင်းသုခကို ခံစားရ

သည်။ အခြားဥပမာ တစ်ရပ်မှာ 'အမတ'ဟူသော ပုဒ်သည်သေခြင်း မရှိမှု၊ သေခြင်းကင်းမှုကို ဆိုလိုသည်။ သေခြင်းကင်းခြင်း၊ မရှိခြင်း သည်ပင်လျှင် ဒုက္ခမကြုံ ရသော သုခဖြစ်သည်။ ဤဝေါဟာရများ၏ ဥပမာအတိုင်းပင် နိဗ္ဗာန် ချမ်းသာသည် ခံစားမှုမရှိခြင်း၊ မဖြစ်ခြင်း (အဘာဝ)ဖြစ်သည်။ ထိုသို့ ခံစားမှု မရှိခြင်း။ မဖြစ်ခြင်း(အဘာဝ) သည်ပင် ငြိမ်းအေးမှုသုခ( သန္တိသုခ)ဖြစ်သည်။ ထို့ကြောင့် အရှင် သာရိပုတ္တရာမထေရ်မြတ်က "ခံစားမှုမရှိခြင်းသည်ပင် ချမ်းသာအစစ် ဖြစ်သည်"ဟု အရှင်ဥဒါယီအားရှင်းပြခဲ့သည်။ အရှင်မြတ်ရှင်းပြသော ချမ်းသာမှာ ပကတိအေးငြိမ်းမှုတည်းဟူသော သန္တိသုခပင် ဖြစ်သည်။

သန္တိသုခခေါ် နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်မျက်မှောက်ပြု ပြီးသည့် အရိယာပုဂ္ဂိုလ်တို့သာလျှင် တကယ်တမ်းသိရှိခံစားနိုင် သည်။ သကြား၏အရသာ၊ ဆား၏အရသာကို မှန်းဆကြည့်ရုံဖြင့် အမှန်အတိုင်း မသိနိုင်။ ကိုယ်တိုင်ခံစားကြည့်မှ သကြားချိုမှု၊ ဆား ငန်မှုကို သဘောပေါက်နိုင်မည်ဖြစ်သည်။ အလားတူပင် နိဗ္ဗာန် ချမ်းသာကို သာမန်ပုထုဇဉ်တို့ မှန်းဆနားလည်နိုင်ရန် ခဲယဉ်းသည်။ အရိယာ ပုဂ္ဂိုလ်တို့သာလျှင် မဂ်ဖိုလ်ဉာဏ်ဖြင့် ကောင်းစွာခံစား သိရှိနိုင်ကြမည်ဖြစ်သည်။

အရိယာတို့သည်နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်ခံစားသိရှိနိုင် ခြင်းကြောင့် ဘဝတာဝန်၊ ခန္ဓာဝန်များကို လွန်စွာစက်ဆုပ်ကြသည်။ ရရှိဆဲ ဘဝဝန်ထုပ်ဝန်ပိုးကြီးကို သယ်ပိုးထားရသည်မှာ ဒုက္ခပုံကြီး ထမ်းရွက်ထားရသကဲ့သို့ ထင်မှတ်ကြသည်။ ထိုဘဝဒုက္ခကြီးကို ခေတ္တခဏမျှ အေးငြိမ်းပါစေတော့ဟူသော သဘောဖြင့် နိရောဓ သမာပတ်ကို ဝင်စားကြသည်။ နိရောဓ သမာပတ်ဝင်စားနေသည့် (ခုနစ်ရက်တာ) ကာလအတွင်း အစာစားခြင်း၊ ကျင်ကြီးကျင်ငယ်

စွန့်ခြင်း စသည်တို့မဖြစ်၊ စိတ်စေတသိက်တို့ ချုပ်ငြိမ်းနေသဖြင့် ခံစားမှု ဝေဒနာသည်လည်း မဖြစ်။ စိတ်ကြောင့် ဖြစ်သော ရုပ်များလည်း မရှိ။ ရုပ်စဲနေသည်။ ဤနည်းဖြင့် အရိယာတို့သည် ဘဝကို ဒုက္ခဟု တကယ်သိမြင်ကာ မသေလွန်မီ စပ်ကြားမှာပင် အေးငြိမ်းမှုသုခကို ရယူကြသေးသည်။ တကယ်တမ်း ဘဝကို စွန့်လွှတ်ရသော အခါတွင်လည်း ကြောက်ရွံ့မှုကင်းပြီး တွယ်တာမှု၊ တွန့်ဆုတ်မှုမရှိဘဲ ဥဒါန်းကျူးရင့်ကာ ပရိနိဗ္ဗာန်စံဝင်သွား ကြလေသည်။

"နိဗ္ဗာနံ ပရမံ သုခံ" (နိဗ္ဗာန်ကားအမြတ်ဆုံးသော ချမ်းသာပင်တည်း) ဓမ္မပဒ၊ ၂၀၃/၂၀၄

**အနတ္တဝါဒ**

ဂေါတမဗုဒ္ဓသည်ဘုရားဖြစ်တော်မူပြီးနောက် ပဥ္စဝဂ္ဂီတို့အား ဒုတိယမြောက်ဟောကြားသော တရားဒေသနာမှာ အနတ္တလက္ခဏသုတ်ဖြစ်သည်။ ဤသုတ်၌ -

"ရဟန်းတို့ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးသည် အတ္တမဟုတ်။ အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်သည်။ ငါ၏ ခန္ဓာငါးပါးသည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေနှင့်ဟု စီရင်၍ မရအပ်။ ခန္ဓာငါးပါးသည် မမြဲ။ မမြဲသောကြောင့် ဆင်းရဲသည်။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသော ခန္ဓာငါးပါးကို ဤဟာသည် ငါ့ဥစ္စာဖြစ်၏။ ငါဖြစ်၏။ ငါ၏အတ္တတည်း ဟု မရှုအပ်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်းအပြင် အကြမ်း အနု၊ အယုတ်အမြတ်၊အဝေးအနီးဖြစ်သော

အလုံးစုံသော ခန္ဓာငါးပါးကို ဤဟာသည် ငါ၏ဥစ္စာမဟုတ်။ ငါမဟုတ်။ ငါ၏အတ္တမဟုတ် ဟု ဟုတ်မှန်သည်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်သည်။" (ဝိနည်း မဟာဝါ၊ အနတ္တလက္ခဏာသုတ်)ဟု ဟောတော်မူခဲ့သည်။

ဗုဒ္ဓဝါဒအရ သတ္တဝါဆိုသည်မှာ ရုပ်နာမ်(ခန္ဓာငါးပါး)မှတစ်ပါး အခြားတစ်စုံတစ်ရာမရှိ။ ခန္ဓာငါးပါးကို အတ္တမဟုတ်ဟု ယူသော် အတ္တဟု လက်ခံစရာ အခြားဘာတစ်ခုမျှ မရှိတော့ချေ။ ခန္ဓာငါးပါးသည် အတ္တမဟုတ်သောကြောင့် ခန္ဓာငါးပါး၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ရှာဖွေမရအပ်ကြောင်း အခြားသော ဒေသနာများ၌လည်း ဗုဒ္ဓသည်အလျဉ်းသင့်တိုင်း ဟောကြားတော်မူခဲ့သည်။

သံယုတ္တနိကာယ်၊ အဗျာကတသံယုတ်၊ အနုရာဓသုတ်၌

"အို . . အနုရာဓ၊ ခန္ဓာငါးပါးကို သတ္တဝါဟု မရှုအပ်။ ဤသို့ဖြင့် သင်သည် မျက်မှောက်ထင်ထင်ပင်လျှင် သတ္တဝါဟူသည်ကို မှန်သောအားဖြင့် ဟုတ်သောအားဖြင့် မရအပ်"

ဟု မိန့်ကြားထားသည်။

သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်၊ သမိဒ္ဓိသုတ်၌လည်း

"ရဟန္တာသည် ခန္ဓာငါးပါးကို ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိသောကြောင့် ပုဂ္ဂိုလ်သတ္တဝါဟူ၍ ပြောကြားအပ်သော ပုဂ္ဂိုလ်ကို မသိမမြင်" ဟု ရှင်းပြခဲ့သည်။

ဤသို့ အတ္တမဟုတ်၊ အတ္တမရှိဟု လက်ခံသော်လည်း လောက ဝေါဟာရကို မလွန်ဆန်သော ဗုဒ္ဓသည်အတ္တဟူသော အသုံးကို လိုအပ်သောအခါ သုံးစွဲတော်မူခဲ့သည်။ ဓမ္မပဒ၊ ဂါထာ ၁၆၀ ၌

"အတ္တာဟိ အတ္တနော နာထော"

(မိမိသည်သာ မိမိ(အတ္တ)ကိုကိုးကွယ်အားထားရာဖြစ်သည်)။ ဟု ဆိုထားသည်။ ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌ အရှင် အာနန္ဒာ အား မိမိကိုယ်(အတ္တ)ကိုသာ ရေလယ်ကျွန်းအဖြစ် မှီခိုအားထားရာ ပြုလော့ (အတ္တဒီပ အတ္တသရဏ)ဟု မိန့်ကြားခဲ့သည်။ အမျိုးသမီးတစ်ယောက် ပျောက်၍ လိုက်လံရှာဖွေသော ဘဒ္ဒတို့ အပေါင်းအဖော် တစ်စုအား မိမိကိုယ်(အတ္တ)ကို ရှာခြင်းနှင့် အမျိုးသမီး ကိုရှာခြင်း နှစ် မျိုးတွင် ဘယ်သင်းက ပိုမိုမြတ်သနည်းဟု ဘုရားရှင်မေးခဲ့သည်။ (ဝိနည်းမဟာဝါ၊ ဘဒ္ဒဝဂ္ဂိယသုတ်)။ ဤသို့ အတ္တဟူသော ဝေါဟာရကို အကြောင်းအားလျော်စွာ ဘုရားရှင် သုံးစွဲခဲ့ခြင်းကြောင့် ဗုဒ္ဓသည် အတ္တမရှိဟု လုံးလုံးပစ်ပယ်ခဲ့ခြင်း မဟုတ်ဟု အချို့သော အတ္တဝါဒီ ပညာရှင်များက ယူဆကြသည်။ ထိုအတ္တဝါဒီတို့၏ စွပ်စွဲချက်ကို သီရိ လင်္ကာနိုင်ငံမှ အရှင် ဝါရာ ပိုလာရာဟုလ မထေရ်မြတ်က (What the Buddha Taught) စာအုပ်၊အခန်း (၆) ၌ချေပထားသည်။ ချေပပုံကို အောက်တွင် အကျဉ်းမျှ ဖော်ပြထားပါသည်။

(က) ပဋိစ္စသမုပ္ပါဒ်တရား၌ ရုပ်နာမ်သင်္ခါရ ဓမ္မတို့၏ ဖြစ်စဉ်ကို အသေးစိတ်ဆန်းစစ်ရှာဖွေတင်ပြထားသော်လည်း အတ္တကို ဖော်ပြထားခြင်းအလျဉ်းမရှိချေ။

(ခ) ဂေါတမဗုဒ္ဓ၏ တရားဓမ္မ၌ ငါ၊ သတ္တဝါ၊ အတ္တ၊ ပုဂ္ဂလစသော အသုံးအနှုန်းတို့ကို အထောက်အထားပြု၍ အတ္တကို ဗုဒ္ဓက အသိအမှတ်ပြုလေသယောင် အတွေးခေါင်ရန် မဟုတ်ချေ။ တရားကို ဟောသည့်အခါ အများလက်ခံထားသော နားလည်လွယ်သော ဝေါဟာရများကို သုံးနှုန်းရန် လိုအပ်က သုံးနှုန်းရစမြဲဖြစ်သည်။

ဆိုင်ရာ အသုံးနှုန်းသည် သာမန်သိနားလည်စေမှုအတွက် တင်စား သုံးနှုန်း ထားခြင်းဖြစ်လျှင် "သမုတိသစ္စာ"ဖြစ်၍ ဧကန် ဧက အမှန်သဘောဟု မမှတ်ယူသင့်ချေ။ ပရမတ္ထသစ္စာကိုသာ ဗုဒ္ဓ၏ ဆိုလိုရင်း စစ်စစ်ဖြစ်၍ အလေးအနက် မှတ်ယူရန်ဖြစ်သည်။ ဤသို့ ခွဲခွဲခြားခြား မသိမြင်ဘဲ သမုတိသစ္စာကို ပရမတ္ထသစ္စာဟု ထင်ရာ တွေးယူတတ်ကြသည်။

(ဂ) အနတ္တဝါဒကို ထေရဝါဒ၊ မဟာယာနနှင့်တကွ ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများက တစ်ညီတစ်ညွတ်တည်း ပြတ်ပြတ်သားသား လက်ခံ ထားကြပြီးဖြစ်သည်။

(ဃ) မစ္စက်ရီးစ်ဒေးဗစ်(လန်ဒန်ဒေဝီ) စသော ခေတ်ပညာတတ် အချို့သည် ဗုဒ္ဓဘာသာကို လေ့လာဆည်းပူးကြသည်။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏ ယုံကြည် ရင်း အတ္တဝါဒကို ဗုဒ္ဓဝါဒ ဖြစ်လေ ဟန်။ ဗုဒ္ဓသည် စကြဝဠာအတ္တ သဘောကို နှစ်သက်လက်ခံလေ ဟန်အကြောင်း ရှာ၍ ပြခြင်းမှာ လိုရာဆွဲတွေးခြင်းမျှသာ ဖြစ်သည်။

(င) စကြဝဠာအတ္တဝါဒ၊ ထာဝရဘုရား ဝါဒကို လက်ခံယုံကြည်ကြ သောဘာသာတရားတို့သည် ထိုအတ္တသဘောကို ထင်ရှားအောင် အလေးအနက်ဖော်ထုတ်ပြလေ့ရှိသည်။ ဂေါတမဗုဒ္ဓအနေဖြင့် အတ္တ ကို လက်ခံလေဟန် တစ်စိုးတစ်စိမျှ မဟောကြားခဲ့။ စင်စစ်အားဖြင့် အတ္တမရှိကြောင်းကိုသာ ထပ်တလဲလဲ အလေးအနက်ဟောကြားခဲ့ သည်။

(စ) အတ္တကို စွဲမြဲယုံကြည်သူတစ်ဦးသည် ဗုဒ္ဓ၏အနတ္တတရားကို ကြားရလျှင် တုန်လှုပ်ချောက်ချားမည် အမှန်ဖြစ်ကြောင်း၊ ဗုဒ္ဓသည် ကြိုတင်သိမြင်ခဲ့သည်။ လောက၏ မြဲတည်ခြင်း၊ အတ္တ၏ မြဲတည်ခြင်း

သဘောကို တရားသေစွဲမှတ်ယုံကြည်ထားသူသည် အနတ္တတရားကို ကြားနာရသောအခါ "ငါသည်ပျက်စီးတော့မည်တကား။ ချုပ်ပျောက်တော့မည်တကား"ဟူ၍ စိုးရိမ်တကြီး ရင်ခတ်စည်တီးဖြစ်တတ်သည်ဟု မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်၌ ဟောကြားတော်မူခဲ့ပြီးဖြစ်သည်။ ထိုသုတ်၌ပင် ဘုရားရှင်က "အိုရဟန်းတို့၊ သောက၊ ပရိဒေဝ၊ ဒေါမနဿတို့ မဖြစ်စေသောအတ္တဝါဒရှိလျှင် နှစ်လိုခံယူကြမည်သာတည်း။ သို့ရာတွင် ထိုသို့မဖြစ်စေသော အတ္တဝါဒကို အသင်တို့လည်း မမြင် ငါလည်းမမြင် . . " ဟု မိန့်ကြားထားလေသည်။

(ဆ) ထိုသုတ်၌ပင် ဘုရားရှင်က "အတ္တကိုလည်းကောင်း၊ အတ္တနှင့် စပ်ဆိုင်ရာကိုလည်းကောင်း တစ်စုံတစ်ရာမတွေ့ရပါဘဲလျက်နှင့်၊ လောကသည်မြဲသည်။ အတ္တသည်မြဲသည် ဟူ၍ယူဆခြင်းသည် မိုက်မဲသော ယူဆခြင်းပင်မဟုတ်ပါ လော" ဟု ထပ်ဆင့်မိန့်ဆိုခဲ့၏။ ဤမိန့်ဆိုချက် အရ စကြဝဠာအတ္တ နှင့်တကွ တစ်ဦးချင်းအတ္တကိုပါ ဗုဒ္ဓ ပယ်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။

(ဇ) ဓမ္မပဒ၊ မဂ္ဂဝဂ်၊ဂါထာ ၂၇၇၊ ၂၇၈၊ ၂၇၉ တို့တွင်" သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာ"ဟု သင်္ခါရတရားစုမှန်သမျှသည် အနိစ္စသဘော၊ ဒုက္ခသဘောမျှသာဖြစ်ကြောင်း ရှေးဦးစွာ ဖော်ပြပြီး နောက် "သဗ္ဗေဓမ္မာအနတ္တာ" ဟု ဖြည့်စွက်ဟောပြောထားသည်။ အနတ္တအလှည့်ရောက်သောအခါ ရှေးဦးကကဲ့သို့ သဗ္ဗေသင်္ခါရာဟု မသုံးနှုန်းဘဲ သဗ္ဗေဓမ္မာဟု ဓမ္မကိုပြောင်းလဲ သုံးနှုန်းခြင်းမှာ သင်္ခါရ ဟူသမျှသာမက အသင်္ခတဖြစ်သော နိဗ္ဗာန်သည်ပင်လျှင် အနတ္တ ဖြစ်ကြောင်း ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။ ဤမိန့်ဆိုချက် အရ အတ္တမဟုတ်၊ အတ္တမရှိဟုယူကြောင်း ထင်ရှားသည်။

(ဈ) မဇ္ဈိမနိကာယ်၊ဝစ္ဆဂေါတ္တသုတ်၌ အတ္တရှိသလော၊ မရှိသလောဟု ဝစ္ဆဂေါတ္တ၏ အမေးကို ဗုဒ္ဓသည် တစ်စုံတစ်ရာမဖြေကြားခဲ့ချေ။ ဤသို့မဖြေခြင်းမှာ ဝစ္ဆဂေါတ္တသည် အတ္တရှိမရှိနှင့် ပတ်သက်၍ တွေဝေနေသူတစ်ဦးဖြစ်ရာ တွေဝေနေစဉ် တိုက်ရိုက်အဖြေပေးလျှင် ရှင်းမသွားဘဲ ပိုမိုရှုပ်ထွေးလာဖွယ်ရှိသည်ဟု နောင်အခါတွင် ဘုရားရှင်က အရှင်အာနန္ဒာအား ရှင်းပြခဲ့သည်။ ဤရှင်းပြချက်အရ ဗုဒ္ဓသည် အတ္တကို မပယ်လို၍ ဝစ္ဆဂေါတ္တ၏ အမေးကို မဖြေဘဲနေခြင်း မဟုတ်ကြောင်း သိရှိနိုင်သည်။

အချုပ်အားဖြင့် ဆိုရသော် ဗုဒ္ဓဘာသာအရ၊ ခန္ဓာငါးပါးသည် အတ္တမဟုတ်၊ခန္ဓာငါးပါးမှ တစ်ပါးအခြားအရာရှိသည်ဟုလည်း လက်မခံ။ ထို့ကြောင့်ခန္ဓာငါးပါးမှ သီးခြားဖြစ်သော အတ္တရှိသည်ဟုလည်းကောင်း၊ ထိုအတ္တသည် အမာခံအမြဲတေဖြစ်ကာ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းကျင်လည်နေသည်ဟု လည်းကောင်း၊ တစ်ဦးချင်းအတ္တကို ဖန်ဆင်းပေးသော မဟာအတ္တ(စကြဝဠာအတ္တ၊ မဟာဗြဟ္မာ)ရှိသည်ဟု လည်းကောင်း၊ ဗုဒ္ဓကလက်မခံခဲ့ကြောင်း ထင်ရှားလေသည်။

# ဒုတိယပိုင်း
# ဆက်စပ်လေ့လာနိုင်သောအခြား
# ယုံကြည်ကိုးကွယ်မှုများ

## အခန်း (၇)

## မဟာယာန

### မဟာယာနအစ

ဒုတိယ သင်္ဂါယနာတင်ပွဲအပြီးတွင် ဗုဒ္ဓသာသနာ၌ ဂိုဏ်းကွဲမှုပေါ်ပေါက်လာခဲ့သည်။ ပထမသင်္ဂါယနာတင်ထားသော ပါဠိပိဋကတ်တော်များအတိုင်း ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ခြင်း မပြုဘဲ၊ ဆက်လက်ထိန်းသိမ်းထားလိုသူများကို နောင်အခါတွင် ထေရဝါဒီများဟု ခေါ်လာသည်။ ဗုဒ္ဓ၏ဓမ္မဝိနယတို့မှ အချို့ကိုပြုပြင်သင့် သည်၊ အခြေအနေအလျောက် ပြောင်းလဲသင့်သည်ဟု ယူဆသူများ က ထေရဝါဒီတို့ကို ဆန့်ကျင်ကာ သီးခြားသင်္ဂါယနာတင်ကြရာမှ မဟာသံဃိက ဂိုဏ်းဟု ဂိုဏ်းကွဲလာခဲ့ခြင်းဖြစ်သည်။ ထိုမူလဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်း တို့မှလည်း ထပ်ဆင့်ဂိုဏ်းကွဲများပေါ်လာပြန်ရာ တတိယသင်္ဂါယနာတင်ချိန်၊ အသောကမင်းလက်ထက်တွင် ဂိုဏ်းကွဲ (၁၈)ဂိုဏ်းထက် မနည်းရှိနေပြီဖြစ်သည်။

ထိုဂိုဏ်းကွဲများအနက် သဗ္ဗတ္ထိဝါဒဂိုဏ်းသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာအရေး သုံးပါးအပြင် သုညကိုလည်း သင်္ခါရတရား

တို့၏ လက္ခဏာတစ်ရပ်အဖြစ် အသိအမှတ်ပြုထားသည်။ ထိုသူည ၏လက္ခဏာကို ဝေဖန်ရင်း နောင်တွင် မဟာယာနဍ္ဍ သုညဝါဒကို ဖော်ထုတ်လာခဲ့ခြင်းဖြစ် နိုင်သည်။ အလားတူပင် သမ္မိတိယ ဂိုဏ်း၏ မြဲသောအတ္တရှိသည်ဟု လက်ခံခြင်း၊ ရဟန္တာသည် ရဟန္တာအဖြစ်မှ လျှောကျနိုင်သေးသည်ဟု ယူဆခြင်းတို့မှာလည်း နောင်တွင် မဟာ ယာနပေါ်ပေါက်လာစေသည့် အခြေခံအချက် များဖြစ်သည်ဟု ဆိုနိုင်သည်။ ဥတ္တရာပထက ဂိုဏ်း၏ ဗုဒ္ဓကိုအလွန်အကျူး ဂုဏ်တင်ကာ လူသားအဖြစ်ထက် ကျော်လွန်ယူဆထားချက်များ မှာလည်း မဟာယာန၏ရှေ့ပြေး အယူပင်ဖြစ်သည်။ ပုံစံအားဖြင့် ဥတ္တရာပထကဂိုဏ်းသားတို့က ဗုဒ္ဓ၏ကျင်ကြီးကျင်ငယ် တို့သည်ပင် မွှေးကြိုင်၍ ရနံ့လှိုင် နေသည်ဟု ယူဆခဲ့ကြသည်။မဟာသံဃိက ဂိုဏ်း၊ အန္ဓကဂိုဏ်း၊ အပရ သေလိယဂိုဏ်း၊ ပုဗ္ဗသေလိယဂိုဏ်း စသည်တို့က ရဟန္တာသည် မသိမှု၊ ယုံမှားမှုရှိသေး သည် စသည်ဖြင့် ရဟန္တာ၏ ဂုဏ်အင်ကို သံသယရှိကြသည်။ ထိုသံသယက နောင်တွင် မဟာယာနဍ္ဍ ရဟန္တာကို အလေးမထားဘဲ ဗောဓိသတ္တ ကိုသာ စံပြုအဖြစ် ရှေ့တန်းတင်လာရန်ဖန်တီးပေးသောအချက်ဖြစ်နိုင် ပေသည်။

## မဟာယာနဂိုဏ်းပေါ်ထွန်းလာခြင်း

ပြောင်းလဲလာသော ခေတ်ကာလအခြေအနေများ၊ လူအ များစု၏ လက်ခံနားလည်မှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲလာရာမှ ဗုဒ္ဓဘာသာအတွေးအခေါ်များနှင့် ကျင့်ဝတ်နည်းလမ်းများသည် တစ်စတစ်စပြောင်းလဲလာသည်။

ထေရဝါဒီတို့သည် စာပေကျမ်းဂန်အတိုင်းသာ အတိအကျ လုပ်သည်။ ရှေးရိုးဆန်လွန်းသည်ဟု ထင်မြင်ယူဆသူများသည် ထေရဝါဒမှာ လက်တွေ့မပါ၊ စိတ်ကူးပိုင်းအတွေးပိုင်းကို အလေး ထားသည်။ တစ်ဦးချင်း ကိစ္စကိုသာ ရှေ့တန်းတင်လွန်းသည်ဟုလည်း ဝေဖန်ခဲ့ကြသည်။ အထူးသဖြင့် မိမိနိဗ္ဗာန်ရရေးသာ ရှေးရှု အားထုတ်သော ရဟန္တာများသည် အမြင်ကျဉ်းသူများ၊ တစ်ကိုယ် ကောင်းသမားများ ဖြစ်သည်ဟုပင် ပုတ်ခတ်ခဲ့ကြသည်။

ဤသို့လက်ရှိ ကျင့်သုံးနေသော နည်းလမ်းများနှင့် လက်ခံ ထားသော အတွေးအခေါ်တို့ကို မကျေနပ်နိုင်ဘဲ ပြုပြင်ရန် ကြိုးစား ကြရာမှ မဟာယာနဟူသော ဗုဒ္ဓဘာသာဂိုဏ်းသစ်တစ်ရပ် ပေါ် ပေါက်လာခဲ့သည်။ ဗုဒ္ဓဘာသာဂိုဏ်းကွဲ (၁၈)ခု ထက် မနည်းရှိသည့် အထဲမှ မည်သည့်ဂိုဏ်းသည် မဟာယာနအဖြစ် ပြောင်းလဲလာခြင်း ဖြစ်သည်ဟု သတ်သတ်မှတ်မှတ် မဆိုနိုင်ချေ။ ထိုဂိုဏ်းများမှ အမြင်တူရာ သဘောတူရာ စုစည်းမိကာ ပေါ်ထွန်းလာခဲ့ခြင်းသာ ဖြစ်မည်။ မဟာသံဃိကဂိုဏ်း၊ အန္ဓကဂိုဏ်း၊ အပရသေလိယဂိုဏ်း၊ ပုဗ္ဗသေလိယဂိုဏ်းတို့သည် မဟာယာနပေါ်ပေါက်လာရန် အခြေခံ ပေးသော ဂိုဏ်းများဖြစ်နိုင်သည်။

မဟာယာနပေါ်ထွန်းလာရခြင်း၏ အခြား အရင်းခံ အကြောင်း တစ်ရပ်မှာ ဗြာဟ္မဏဝါဒခံယူချက် တစ်ရပ်ဖြစ်သော ဘတ္တိအယူ အဆ (Bhaktism)လွှမ်းမိုးခံရခြင်းကြောင့်ဖြစ်သည်။ ဘတ္တိ အယူအဆ ဆိုသည်မှာ ဘုရားကိုယုံကြည်အားထားရုံမျှ အင်းအိုင် လက်ဖွဲ့ တို့ကို ဆောင်ထားရုံမျှဖြင့် လိုအပ်သော အကျိုးစီးပွား ပြည့်စုံနိုင်သည် ဟူသော အယူအဆဖြစ်သည်။

မဟာယာနဟူသည် ကြီးသောမြတ်သော ယာဉ်ဟုဆိုလို

သည်။ယာနခေါ် ယာဉ်မှာ ဤတွင်နိဗ္ဗာန်ကို ပို့ဆောင်တတ်သော ယာဉ်(ဝါ) လမ်းစဉ်ကိုဆိုလိုသည်။ ဤယာဉ်ကို သုံးမျိုးခွဲထားသည်။
၁။ သမ္မာသမ္ဗုဒ္ဓဗောဓိယာန -ဘုရားရှင်အဖြစ်ဖြင့် ကျွတ်တမ်းဝင်သောယာဉ်
၂။ ပစ္စေကဗောဓိယာန- ပစ္စေကဗုဒ္ဓခေါ် (ဘုရားတစ်ဆူ၏ သာသနာနှင့်အခြားဘုရားတစ်ဆူ၏ သာသနာအကြား တွင် သီးသန့်ပွင့်သော) ဘုရားအဖြစ်ဖြင့် ကျွတ်တမ်းဝင်သောယာဉ်
၃။ သာဝကဗောဓိယာန - ရဟန္တာသာဝကအဖြစ်ဖြင့် ကျွတ်တမ်းဝင်သော ယာဉ်တို့ဖြစ်ကြသည်။

မိမိတို့ဂိုဏ်းသည် (ဘုရားဖြစ်အောင် အားထုတ်ပြီး၊ လူသတ္တဝါ တို့ကို နိဗ္ဗာန်သို့ ပို့ဆောင်မည့်လမ်းစဉ် သမ္မာသမ္ဗုဒ္ဓဗောဓိယာနဖြစ်၍) အမြတ်ဆုံးဖြစ်သည်။ မဟာယာဉ်ဖြစ်သည်ဟု ဂုဏ်ယူပြောဆိုကြရာမှ မဟာယာနပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်ဟု ယူဆသူများလည်းရှိသည်။

ခရစ်နှစ် ၇၈ ခုတွင် နန်းတက်ပြီး ထိုခေတ်အိန္ဒိယနိုင်ငံ၏ အနောက်မြောက်ပိုင်းကို အုပ်စိုးခဲ့သော ကနိသျှက မင်းလက်ထက်တွင် မဟာယာနဂိုဏ်းစတင်ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟု မဟာယာနဝါဒီတို့က ယူဆကြသည်။ ထိုမင်းလက်ထက်တွင် စတုတ္ထသင်္ဂါယနာတင်ခဲ့သည်ဟုလည်း ဆိုသည်။ ကနိသျှကမင်း ပန်ကြား၍ စတုတ္ထသင်္ဂါယနာ တင်မထေရ်ကြီးများသည် ပိဋကတ်သုံးပုံအဖွင့်ကျမ်းစာများ ကို ရေးသားခဲ့သည်။ ထိုကျမ်းစာများနှင့်တကွ ပိဋကတ်တော်များကို ကြေးပြားပေါ်၌ သက္ကတဘာသာဖြင့် ထွင်းထုရေးသားစေပြီး စေတီတည်ကာ ဌာပနာခဲ့သည်ဟုဆိုသည်။ ထိုစတုတ္ထသင်္ဂါယနာတင်ပွဲ အပြီးတွင် မဟာယာန ကျမ်းစာ

များပေါ် ထွန်းလာခဲ့သည်ဟုလည်း ဆိုသည်။

ကနိသျှက မင်းတည်ထားခဲ့သော စေတီမှ တူးဖော်ရရှိသည့် ကျောက်စာအရ ကနိသျှကမင်းလက်ထက် သင်္ဂါယနာတင်ခဲ့သော ပိဋကတ်တော်သည် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ပိဋကတ်တော်ဖြစ်ကြောင်း သိရသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ထိုစဉ်က ကသ္မီရနှင့် ဂန္ဓာရတိုင်းတို့၌ ထွန်းကားခဲ့ပြီး ထေရဝါဒဂိုဏ်း၏ ဂိုဏ်းကွဲတစ်ခုဖြစ်သည်။ သို့ရာတွင် ထိုဂိုဏ်း၏ ကျမ်းစာတစ်ခုဖြစ်သော လလိတဝိတ္ထာရကျမ်းအရ သဗ္ဗတ္ထိဝါဒဂိုဏ်းသည် မဟာယာနနှင့် နီးစပ်ကြောင်း တွေ့ရသည်။

အသောက လက်ထက် ထေရဝါဒီတို့၏ တတိယသင်္ဂါယနာ၌ ထည့်သွင်းခဲ့သော ကထာဝတ္ထုကျမ်းတွင် ထေရဝါဒနှင့် အမြင်ချင်းမတူသော ဂိုဏ်းများ၏ အယူအဆများကို ဖော်ပြရှင်းလင်းထားသော်လည်း မဟာယာနဟူသော အမည်ကို ဖော်ပြထားခြင်း မရှိချေ။ ထိုသို့ မဟာယာနအမည်မပါရှိခြင်းမှာ ထိုစဉ်က မဟာယာနဟူသော အမည်ဖြင့် ဂိုဏ်းသီးခြားထင်ရှားပေါ် ထွန်းခြင်း မရှိသေးသောကြောင့် ဖြစ်နိုင်သည်။

မဇ္ဈိမဒေသ၌ မောရိယအင်ပါယာပြိုကွဲပြီး ဗြာဟ္မဏဝါဒကို ယုံကြည်လက်ခံသော သုင်္ဂမင်းဆက်၊ ကုသျှန်မင်းဆက်များ ထွန်းကားလာသောအခါ၊ ထိုမင်းများသည် ဗြာဟ္မဏဝါဒီများဖြစ်ကြ၍ ဗုဒ္ဓဘာသာကို အထူးပင်နှိပ်ကွပ်ခဲ့သည်။ ဗုဒ္ဓဘာသာ ရဟန်း၊ ကျောင်း များစွာကို မီးရှို့ဖျက်ဆီးပစ်ပြီး၊ ရဟန်းတော်များကို သတ်ဖြတ် ခဲ့သည်။ ဗုဒ္ဓဘာသာရဟန်းတော်များသည် မဇ္ဈိမဒေသတွင် ဆက်လက် မနေထိုင်နိုင်တော့ဘဲ၊ နယ်စွန်နယ်ဖျားသို့ တိမ်းရှောင်သွားကြရသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း၊ မဟာသံဃိတဂိုဏ်း စသော

အချို့ဗုဒ္ဓဘာသာဂိုဏ်း များသည် ဗြာဟ္မဏတို့၏ အလိုကျဖြစ်စေရန် ပိဋကတ်တော်လာ အချို့ အချက်အလက်များကို ပြင်ဆင်ခဲ့ကြသည်။ ထေရဝါဒီတို့ကဲ့သို့ ပိဋကတ်တော်ကို ပါဠိဘာသာဖြင့် ဆက်လက်မဆောင်ယူနိုင်တော့ဘဲ သက္ကတဘာသာသို့ပြန်ဆို ဆောင်ယူခဲ့ကြသည်။

ကနိသ္ကမင်းလက်ထက်ခန့်ရောက်သောအခါ မဇ္ဈိမဒေသ၌လည်းကောင်း၊ ထိုခေတ်အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသတို့၌လည်းကောင်း၊ ပင်မထေရဝါဒဂိုဏ်းသည် ရပ်တည် နေနိုင်ခြင်းမရှိတော့ချေ။ သဗ္ဗတ္ထိဝါဒဂိုဏ်း၊ မဟာသံဃိက ဂိုဏ်း၊ အန္ဓကဂိုဏ်း၊ အပရသေလိယဂိုဏ်း၊ ပုဗ္ဗသေလိယဂိုဏ်း၊ (စေတိယ ဂိုဏ်း)စသည်တို့သာ တည်ရှိခဲ့သည်။ ထိုဂိုဏ်းကွဲတို့အနက် မဟာသံဃိကဂိုဏ်း၊ အန္ဓကစသည်တို့မှ အခြေခံလျက် မဟာယာန ဂိုဏ်းဟူ၍ ထင်ရှားပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မဟာယာနဝါဒီတို့က ယုတ်နိမ့်သော လမ်းစဉ် 'ဟီနယာန'ဟု ရှုတ်ချခဲ့သော ဂိုဏ်းမှာလည်း ပင်မထေရဝါဒမဟုတ်။ မဟာယာန ဝါဒီတို့နှင့် လမ်းစဉ်ချင်း မတူဘဲ အပြိုင်ဖြစ်နေသော သဗ္ဗတ္ထိဝါဒ ဂိုဏ်း၊ သုတ္တန္တိကဝါဒဂိုဏ်း စသည်တို့သာဖြစ်ကြသည် ဟုထေရဝါဒီ သုတေသီ တို့ကယူဆကြသည်။

## ထေရဝါဒနှင့် မဟာယာန

မဟာယာနသည် ခရစ်နှစ် ၁ရာစုခန့်က အိန္ဒိယနိုင်ငံမြောက် ပိုင်းတွင် ဗြာဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒရောနှောပေါင်းစပ်ရာမှ ပေါ်ထွန်း လာခဲ့သော ဝါဒဖြစ်၏ဟုလည်း အကြမ်းဖျဉ်းယူဆနိုင်သည်။ဤသို့

ယူဆနိုင်ပုံကို အထောက်အထားဖြင့် ရှေ့တွင်ဖော်ပြပါမည်။

မဟာယာနဝါဒီတို့က ဘုရားလောင်းလမ်းစဉ်ကိုသာ ရှေ့တန်းတင်ကြသည်။ မိမိကိုယ်တိုင် ရဟန္တာဖြစ်ရေးအတွက်သာ အားထုတ်ခြင်း သည်ယုတ်နိမ့်သည်ဟု စွပ်စွဲကြသည်။ ဟီနယာန ဝါဒီတို့ကလည်း မဟာယာနပိဋကတ်များသည် ဘုရားရှင်ဟောကြားတော်မူသော ကျမ်းရင်းများကို အခြေမခံဘဲ နောက်နှောင်းကျမ်းပြု ပုဂ္ဂိုလ်များ၏ ကျမ်းစာများကိုသာ အခြေပြုထားသည်ဟု ဆိုကြသည်။ ဤအဆိုနှင့် ပတ်သက်၍ မဟာယာနဝါဒီတို့က ပြန်လည်ချေပရာတွင် ဗုဒ္ဓသည် အဆင့်နှစ်ဆင့်ခွဲ၍ ဟောကြားဆုံးမခဲ့သည်။ ဉာဏ်နုသူများအတွက် ဟီနယာနသုတ္တန်များကို ဟောကြားခဲ့ပြီး ဉာဏ်ထက်သူ ပါရမီထူးချွန်သူများအတွက်မူ မဟာယာနသုတ္တန်များကို ဟောကြားခဲ့သည်။ ဤမဟာယာနသုတ္တန်များကို ပါရမီရှင်များက အဆင့်ဆင့်အာဂုံဆောင် ခဲ့ရာမှ မဟာယာနပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ထေရဝါဒသည် နောက်တွင် သီရိလင်္ကာ၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုစသည်တို့သို့ ပျံ့နှံ့သွားသည်။ ယင်းကို တောင်ပိုင်း ဗုဒ္ဓဘာသာ ဟုလည်းခေါ်ကြသည်။ မဟာယာနသည် တိဗက်၊ တရုတ်၊ ကိုးရီးယား၊ ဂျပန်စသော ဒေသများသို့ ပျံ့နှံ့သွားသည်။ ထို့ကြောင့် မဟာယာနကို မြောက်ပိုင်းဗုဒ္ဓဘာသာ ဟုလည်း ခေါ်ဝေါ်ကြသည်။

ထေရဝါဒနှင့် မဟာယာနမတူခြားနားသည့် အဓိကအချက်များစွာပင်ရှိသည်။ အရေးအကြီးဆုံး ခြားနားချက်များအနက် ပထမအချက်မှာ ထေရဝါဒီတို့က ဗုဒ္ဓကို လူသားဘုရားအဖြစ် ခံယူထားသော်လည်း မဟာယာနဝါဒီတို့ကမူ၊ ထာဝရတည်နေသည့် ပုဂ္ဂိုလ်

မြတ်၊ ထာဝရဘုရားအဖြစ် လက်ခံထားသည်။ ဒုတိယအချက်မှာ မဟာယာနတို့သည် ရဟန္တာပုဂ္ဂိုလ်ကို-အလေးမထားဘဲ၊ ဗောဓိ သတ္တ ဘုရားလောင်းကိုသာ စံပြုစရာ ပုဂ္ဂိုလ်မြတ်အဖြစ် ရှေ့တန်းတင်ကြ သည်။ ဘုရားလောင်းသည် သတ္တဝါတို့အား ကရုဏာထားသူ၊ မေတ္တာ ထားသူ၊ ပရဟိတ အကျိုးဆောင်ရွက်တတ်သူ၊ မြတ်သော ပုဂ္ဂိုလ်ဖြစ် သည်ဟုဆိုသည်။ ဘုရားလောင်းဘဝဖြင့် သတ္တဝါတို့၏ အကျိုးစီးပွား ကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နောက်ဆုံးတွင် ဘုရားဖြစ်ကာ သတ္တဝါတို့အား နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သည်ဟုဆိုသည်။ တတိယအချက်မှာ ပါရမီဆယ်ပါးဖြည့်ဆည်းကာ ကိုယ်တိုင်ကြိုးပမ်း အားထုတ်ခြင်းဖြင့်သာ ဗောဓိဉာဏ် (ဘုရားအဖြစ်)ကို ရရှိနိုင်သည် ဟု ထေရဝါဒီတို့က ယုံကြည်လက်ခံထားသော်လည်း မဟာယာန ဝါဒီတို့ကမူ ဗုဒ္ဓကိုကြည်ညိုရှိုကျိုးခြင်း၊ သတ္တဝါတို့အား မေတ္တာထား၊ ကရုဏာပွားခြင်းအားဖြင့် ဗောဓိဉာဏ်ကိုရရှိနိုင်သည်ဟု ဆိုသည်။ တစ်နည်းဆိုရသော် ထေရဝါဒီတို့၏ ပဓာနကျင့်စဉ်မှာ ပညာဖြစ်ပြီး၊ မဟာယာနဝါဒီတို့ ပဓါနကျင့်စဉ်မှာ ကရုဏာဖြစ်သည်။ စတုတ္ထ အချက်မှာ နိဗ္ဗာန်နှင့် ပတ်သက်၍ ယူဆပုံခြားနားခြင်း ဖြစ်သည်။ ထေရဝါဒက နိဗ္ဗာန်သည် တဏှာကုန်ခမ်းခြင်း၊ ချုပ်ငြိမ်းခြင်းသာဖြစ် သည်။ သီးခြားဘုံဘဝမရှိဟု ယူသည်။ မဟာယာနအရ နိဗ္ဗာန်သည် ထာဝရပျော်ရွှင်ချမ်းမြေ့မှုတို့ရှိနေသော ဘုံတစ်ခုဖြစ်သည်ဟု ယူဆသည်။ နောက်ဆုံးခြားနားချက်မှာ လူတိုင်းဘုရားအဖြစ်ကို ရရှိနိုင်သော အသိဉာဏ်ရှိသည်။ လူတိုင်းဘုရားဖြစ်နိုင်သည်ဟု မယာယာနဝါဒီ တို့က လက်ခံထားသည်။ ထေရဝါဒီတို့ကမူ ပါရမီ ထူးသူ၊ လူနည်းစုသာ ဘုရားအဖြစ် ကြိုးပမ်းရရှိနိုင်သည်ဟု ယူဆထားခြင်းပင်ဖြစ်လေသည်။

## မဟာယာနနိဗ္ဗာန်

မဟာယာနကျမ်းများ၌ ရဟန္တာ၏ နိဗ္ဗာန်နှင့်ဘုရားလောင်း ဗောဓိသတ္တ၏ နိဗ္ဗာန်ကို နှစ်မျိုးခွဲခြားပြဆိုသည်။ ရဟန္တာ၏ နိဗ္ဗာန်သည် အညွှံ့စားဖြစ်ပြီး၊ နိဗ္ဗာန်အစစ်မဟုတ်၊ သတ္တဝါများကို ကယ်တင်ရန် ဘုရားလောင်းလမ်းစဉ်ကို လိုက်နာကျင့်သုံး၍ ဘုရားအဖြစ်ကို ရရှိပြီးနောက်ရရှိအပ်သော နိဗ္ဗာန်သည်သာ နိဗ္ဗာန် အစစ်ဖြစ်သည်ဟု ဆိုသည်။ ထိုနိဗ္ဗာန်အစစ်ကို ရရှိရန် သင်္ခါရ ဓမ္မအားလုံး ဆိတ်သုဉ်းမှု (သုည)ကို ထိုးထွင်းသိမြင်ဖို့ လိုအပ်သည် ဟုလည်း ဆိုသည်။

ထို့အပြင် ပုဂ္ဂိုလ်သတ္တဝါနှင့် သံသရာသည် ထင်ရှားမရှိ၊ ဝေါဟာရပညတ် မျှသာဖြစ်၍ နိဗ္ဗာန်ကို သံသရာမှလွတ်မြောက်မှုဟု မခေါ် ဆိုနိုင်။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူ၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အဖို့ နိဗ္ဗာန်နှင့် သံသရာမှာ ကွဲပြားမှုတစ်စုံတစ်ရာ မရှိဟုဆိုသည်။ နိဗ္ဗာန်၌ ကွဲပြားခြားနားမှု မရှိဘဲ၊ တရားအားလုံးထပ်တူ တစ်သားတည်းသာ ဖြစ်သည်ဟုလည်း အလေးအနက်ဖော်ပြထားသည်။

နိဗ္ဗာန်ဆိုသည်မှာ ဓမ္မကာယဖြစ်သည်။ သဗ္ဗညုတဉာဏ် သက်သက်မျှသာဖြစ်သည်။ ဓမ္မကာယအဖြစ်သို့ ရောက်ခြင်း၊ သဗ္ဗ ညုတဉာဏ်သက်သက်မျှသာ ရှိနေခြင်းကို ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်သည်ဟု ခေါ် ဆိုခြင်းဖြစ်သည်ဟုလည်း ဆိုသည်။ ထိုအယူအဆအရ နိဗ္ဗာန်ကို မဟာပရိနိဗ္ဗာန်ဟုလည်း ခေါ်ထားသည်။

မဟာယာနတို့က အနောက်အရပ်တစ်နေရာရှိ ကောင်းကင် ဘုံ(သို့မဟုတ်) နိဗ္ဗာန်ဘုံ၌ သုခဝတီပြည်တည်ရှိသည်။ ထိုသုခဝတီ

ပြည်၌ ဘုရားလောင်းများရှိနေပြီး၊ နိဗ္ဗာန်ချမ်းသာ ကိုခံစား နေကြသည်။ ဘုရားလောင်းတို့သည် လူသားတို့ကို ကယ်တင်ရန် အတွက် သုခဝတီဘုံမှ လူ့လောကသို့ သက်ဆင်းကာ ဗုဒ္ဓ၏တရား တော်များ ကိုယ်ကျင့်တရားများ၊ နိဗ္ဗာန်တရားများကို ဟောကြား သည်။ စင်စစ်အားဖြင့် ဂေါတမဗုဒ္ဓသည်ပင်လျှင် သုခဝတီဘုံ၌ ထာဝရခံစားနေ ရာမှ လူ့ပြည်သို့ ခေတ္တမျှ သက်ဆင်းလာကာ တရားဓမ္မ ဟောပြောခြင်းသာဖြစ်သည်ဟု ဆိုသည်။

သုခဝတီဘုံသည် အမည်နှင့်လိုက်ဖက်စွာပင် ဒုက္ခဟူ၍ မရှိ။ သုခအတိပြီးသော ဘုံဖြစ်သည်။ သာယာဖွယ်၊ မြတ်နိုးဖွယ်၊ နှစ်သက် ဖွယ် အားလုံးနှင့် ပြည့်စုံသည်။ နတ်ပြည်ထက် ဆန်းကြယ်သည်။ ထိုသုခဝတီဘုံသို့ ရောက်ရန် အမိတာဘ ဘုရားကိုစွဲစွဲမြဲမြဲ အာရုံ ပြုကာ ရွတ်ပွားနေရမည်။ ထိုသို့အာရုံပြုထားလျှင် သေကာနီး ကာလ၌ ထိုသူ၏အာရုံထဲတွင် အမိတာဘဘုရားနှင့် တကွအခြား ဘုရားများကို တွေ့မြင်ရမည်။ သေလွန်းပြီးနောက် သုခဝတီဘုံသို့ ရောက်ရှိသွားမည် ဟုဆိုလေသည်။

## ဗောဓိသတ္တ–ဘုရားလောင်းအယူအဆ

မဟာယာန၌ ဘုရားများစွာကိုလည်းကောင်း၊ ဘုရား လောင်းများစွာကိုလည်းကောင်း လက်ခံထားသည်။ မဟာယာန ဝါဒီတို့ လက်ခံထားသော ဘုရားအဆူဆူ အနက် အထင်ရှားဆုံး ဘုရားများမှာ. . .

၁။ ဝေရောစန - ရောင်ခြည်တော်ထွန်းပတင့်တယ်သော ဘုရား။
၂။ အက္ခောဘ- မတုန်လှုပ်မချောက်ချားသော ဘုရား။

၃။ ရတနသမ္ဘဝ- ရတနာကျောက်မှ ပေါ်ထွန်းလာသော ဘုရား။
၄။ အမိတာဘ- မနှိုင်းဆနိုင်သော အရောင်အလင်းရှိသည့် ဘုရား။
၅။ အမောဃသိဒ္ဓိ- အမြဲပင်ရန်ကိုအောင်မြင်သောဘုရား။
၆။ ဝဇိရသတ္တ - ဝရဇိန်လက်နက်စွဲကိုင်သော ဘုရား တို့ဖြစ်သည်။

ထိုဘုရားရှင်များသည် ရှေးဦးဘုရား( အာဒိဗုဒ္ဓ)များဖြစ်သည်။ သုခဝတီဘုံတွင် စံနေပြီး၊ လူ့ပြည်သို့ တရားဟောဆင်းကြွခြင်းမရှိ။ သတ္တဝါတို့အား ကယ်တင်ရန် မိမိတို့ကိုယ်စားဘုရားလောင်းများအား စေလွှတ်သည်ဟု ဆိုသည်။ အဆိုပါဘုရားခြောက်ဆူကို ဈာနိဗုဒ္ဓများဟု လည်းခေါ်သည်။

မဟာယာနဝါဒီတို့က အဆိုပါဘုရားခြောက်ဆူအနက် ရှေးဦးငါးဆူကို တစ်ပေါင်း တည်းထား၍ ပူဇော်ကြသည်။ ဝေရောစနဘုရားကို အလယ်မှာ ထားသည်၊ ကျန်ဘုရားလေးဆူတို့သည် အရပ်လေးမျက်နှာကို အစိုးရသည်ဟုဆိုသည်။ အချို့ကလည်းဝေရောစနသည် ကျန်ဘုရားလေးဆူ၏ မူလဘူတဖြစ်ပြီး ကျန်လေးဆူသည် မဟာဝေရောစနမှ ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ဆိုသည်။

အမိတာဘသည် အနောက်အရပ်ကို အစိုးရသည်။အနောက်အရပ်၌ အမိတာဘ၏ သုခဝတီဘုံရှိသည်ဟုလည်း ဆိုသည်။ အမိတာဘနှင့် ဝေရောစနတို့ကို ဂျပန်ပြည်၌ အထူးအလေးထားကိုးကွယ်ခဲ့ကြသည်။ ဝဇိရသတ္တကို နီပေါပြည်၌ ကိုးကွယ်ကြသည်။

မဟာယာနဝါဒ၌ ဘုရားအဆူဆူကို လက်ခံထားသကဲ့သို့ ဘုရားလောင်း အမျိုးမျိုးကိုလည်း အရေးထားသည်။ ထင်ရှား သောဘုရားလောင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မေတ္တေယျ

'မေတ္တယျ'သည် ဤဘဒ္ဒကမ္ဘာမှာပင် နောက်ထပ်ပွင့်တော်မူမည့် ဘုရား၏ အမည်ဖြစ်သည်။ ယခုအခါ တုသိတာနတ်ပြည်တွင် နတ်သားအဖြစ် တည်ရှိနေသည်ဟု ခံယူထားကြသည်။ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်စံသည်မှ နောက်နှစ်ပေါင်းလေးထောင်ပြည့်လျှင် မေတ္တေယျသည် လူ့ပြည်သို့ သက်ဆင်းကာ ဘုရားအဖြစ်သို့ ရောက်ပြီး ဝေနေယျသတ္တဝါများအား တရားရေအေး အမြိုက်ဆေးကိုတိုက်ကျွေးလိမ့်မည် ဟုဆိုသည်။ မဟာယာနကျမ်းပြု ဆရာတစ်ဦးဖြစ်သူ အသင်္ဂသည် တုသိတာနတ်ပြည်သို့ သွားရောက်ကာ မေတ္တယျဘုရားလောင်းနှင့် တွေ့ဆုံသည်။ ဘုရားလောင်းထံမှ တန္တရလျှို့ဝှက်ချက်များကို သင်ယူခဲ့သည်ဟုလည်းဆိုသည်။

မေတ္တေယျဘုရားလောင်းမှာ မဟာယာနဝါဒီများရော၊ ထေရဝါဒီများပါ လက်ခံယုံကြည်ကိုးကွယ်ထားသည့် တစ်ဆူတည်းသောဘုရားလောင်းဖြစ်သည်။ မေတ္တေယျဘုရားလောင်း၏ ပုံတော်များကို ဂန္ဓာရခေတ်မှစပြီး ယနေ့တိုင် ထုလုပ်ပူဇော်လျက်ရှိကြောင်း တွေ့ရသည်။

မေတ္တေယျဘုရားလောင်း ပုံထုလုပ်ရာ၌ မတ်ရပ်ပုံ၊ ထိုင်လျက်ပုံများ ထုလေ့ရှိသည်။ ပုံတွင်အဆင်းသဏ္ဌာန်များစွာဖြင့် တန်ဆာဆင်ထားလေ့ရှိသည်။ မတ်တပ်ရပ်ပုံ၌ ညာဘက်လက်တွင် ကြာပွင့်ရိုးတံတစ်ခုကို ကိုင်ထားဟန်ထုလေ့ရှိသည်။ ပဒုမပါဏိဘုရားလောင်း ရုပ်ထုကိုလည်း ကြာပွင့်ကိုကိုင်ထား ဟန်ထုသည်။ ပဒုမပါဏိနှင့် မေတ္တေယျဘုရားလောင်း ကွဲကွဲပြားပြား သိစေနိုင်ရန်အတွက် မေတ္တေယျဘုရားလောင်း၏ မကိုဋ်သရဖူတွင် စေတီ

ငယ်တစ်ဆူပုံဖော်လျက်ထု လုပ်ထားလေ့ရှိသည်။ မေတ္တေယျဘုရားလောင်း၏ အင်္ဂါကထူးခြားသော သင်္ကေတနှစ်ရပ်မှာ ပန်းစိုက်အိုးနှင့် စက္က-စကြာ ဘီးဖြစ်သည်။

မေတ္တေယျဘုရားလောင်းပုံကို ထိုင်လျက် အနေအထား ဖြင့် ထုလုပ်ရာ၌ ခြေတော်စုံကို ခြေဖဝါးအစုံအထက်သို့ လှန်ကာထက် ဝယ်ဖွဲ့ခွေပုံ သို့မဟုတ်၊ ခြေတော်စုံကို ပလ္လင်မှ တွဲလွဲချထားပုံ ထုလေ့ရှိသည်။ မေတ္တေယျဘုရားလောင်း၏ အရောင်အဆင်းမှာ အဝါရောင်ဖြစ်သည်။တစ်ခါတစ်ရံ၌ မေတ္တေယျဘုရား လောင်းပုံ၏ နောက်ဘက်တံကဲတွင် ဈာနိဗုဒ္ဓခေါ် မဟာယာနဘုရား ငါးဆူတို့၏ ပုံကိုထည့်သွင်းထားလေ့ရှိသည်။ မေတ္တေယျဘုရားလောင်း၏မကိုဋ်၌ သရဖူတွင်ပါရှိသော စေတီငယ်မှာ ဗုဒ္ဓဂါယာအနီး၊ ကုက္ကုဋပါဒ တောင်ပေါ်ရှိ ထူပါစေတီကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုစေတီတော်တွင် ကဿပဘုရားရှင် ကိန်းအောင်းတည်ရှိနေသည်။ မေတ္တေယျဘုရားလောင်းသည် လူ့ပြည်သို့ သက်ဆင်းသောအခါ ထိုကုက္ကုဋပါဒ တောင်ကုန်းရှိရာသို့ ကြွရောက်ပြီး စေတီတော်ကို တန်ခိုးဖြင့် ပွင့်စေကာ ကဿပဘုရားရှင်ထံမှ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ကို ရရှိလိမ့်မည်ဟုဆိုသည်။

## ၂။ အဝလောကိတေသရ

ဘုရားလောင်းများအနက် အဝလောကိတေသရသည် အထူးထင်ရှားသည်။ ထိုအမည်ကို အဝလောကိတနှင့် ဣဿရဟု နှစ်ပုဒ်ခွဲနိုင်သည်။ အဝလောကိတသည် "ကြည့်သူ" ဟုဆိုနိုင်သည်။ ဣဿရမှာ "အစိုးရသူ"ဟု ဆိုနိုင်သည်။ ဟိန္ဒူနတ်ဘုရားတစ်ဆူဖြစ်

သော ရှိဗ(သိဝ)ကို ဣဿရ(မဟေဿရ) ဟုလည်း ခေါ်ဆိုသည်။ မဟာယာနတို့သည် ထိုဟိန္ဒူဣဿရကို ပုံစံပြောင်းကာ အဝလောကိတေသရဟု လက်ခံခဲ့ခြင်းဖြစ်နိုင်သည်။ အဝလောကိတေသရသည် သတ္တဝါတို့ကို ကြည့်ရှုစောင့်ရှောက်ခြင်း၌ အစိုးရသူဟု ဆိုနိုင်သည်။ ဂေါတမဗုဒ္ဓနှင့် နောက်ပွင့်မည့် အရိမေတ္တေယျဘုရားနှစ်ဆူ၏ အကြား၊ ကြားကာလတွင် အဝလောကိတေသရကတာဝန်ယူ၍ သတ္တဝါတို့ကို စောင့်ရှောက်သည်ဟုဆိုသည်။

အဝလောကိတေသရဘုရားလောင်းကို အမိတာဘ ဘုရားနှင့် ကြင်ယာတော် ပိဏ္ဍာရဘုရားမတို့မှ မွေးဖွားသည်။ အဝလောကိတေသရကိုပင် သတက္ခရီ၊ လောကေသရ၊ သီဟနာဒ၊ လောကနာထ၊ ခသပ္ပဏ၊ ဟလာဟလ၊ စသည်အခြား နာမတော် များဖြင့်လည်း ဘုရားလောင်းအဖြစ်ပင် လက်ခံထားကြပြီး နာမအမျိုးမျိုးဖြင့် ရုပ်သွင် (၁၀၈)မျိုးထိ ပြုလုပ် ပူဇော်ကြသည်။ နီပေါပြည်ခတ္တမန္ဒူမြို့၌ မစ္ဆန်ဒါဝိဟာရ ကျောင်းပတ်လည်ရှိ သစ်သားမှန်ကူကွက်များတွင် အဆိုပါ (၁၀၈) မျိုးသော ဘုရားလောင်းရုပ်သွင်တို့ကို ဆေးရေးခြယ်စီစဉ်ထားသည်။

## ၃။ လောကနာထ

လောကနာထဘုရားလောင်းသည် အမည်သီးခြားဖြစ်သော်လည်း ပုဂ္ဂိုလ်မှာသီးခြားမဟုတ်၊ အဝလောကိတေသရ၏ ကိုယ်ပွားတစ်ဆူဖြစ်သည်။ ပုံတော်ထုလုပ်ပူဇော်ကြရာ၌ ယာလက်သည် ဆုပေး နေဟန်၊ ဝရဒမုဒြာဖြစ်သည်။ ဝဲလက်သည် ကြာပန်းကိုကိုင်ထားသည်။ မကိုဋ်သရဖူ၌ အမိတာဘ ဘုရားပုံတော်ပါရှိသည်။ လောကနာထသည် "ဟရိ"ဟူသော ဗီဇအက္ခရာမှ ပေါ်ထွက်လာ၏ဟုဆိုသည်။

လောကနာထကို ပူဇော်ရာတွင် တာရာဒေဝီဘုရားလောင်း နတ်သမီး၊ ဟယဂီဝါဘုရားလောင်း နတ်သမီးတို့နှင့် ပူးတွဲပူဇော်လေ့ ရှိကြသည်။ တစ်ခါတစ်ရံ၌လည်း လောကနာထကို အခြား ဘုရားလောင်း နတ်သားများ ခြံရံနေပုံ ပြုလုပ်ပူဇော်ကြသည်။ ရံခါ၌မူ ဘုရားလောင်း နတ်သမီးများ ခြံရံနေပုံပြုလုပ်ပူဇော်ကြသည်။

လောကနာထပူဇော်မှု ဓလေ့သည် မြန်မာနိုင်ငံ သရေခေတ္တ ရာနှင့် ပုဂံတို့တွင်လည်း ထွန်းကားခဲ့ကြောင်း တွေ့ရသည်။ သရေခေတ္တရာမြို့ဟောင်းမှ တွေ့ရသော ရှေးဟောင်းအုတ်ခွက် များတွင် လောကနာထပုံ ပါရှိသည်။ ပုဂံခေတ်၌ အနော်ရထာမင်းကြီး ကိုယ်တိုင်ပြုလုပ်ခဲ့သော လောကနာထအုတ်ခွက်ဘုရားများကို လည်းတွေ့ရသည်။အပါယ်ရတနာဘုရား နံရံပတ်လည်တွင်လည်း လောကနာထ ပုံများကိုတွေ့ရသည်။

## ၄။ သိဟနာဒလောကေသရ

ဤဘုရားလောင်းသည်လည်း အဝလောကိတေသရ၏ ကိုယ်ပွားတစ်ဆူဖြစ်သည်ဟု ဆိုသည်။ ဤဘုရားပုံတော်ကို ပွဲတင် ပသ၍ ကုဋ္ဌနူနာကို ကုသပေးနိုင်သည်ဟု ယုံကြည်ကြသည်။

ဤဘုရားလောင်းပုံတော်ကို ပူဇော်ရာ၌ ပုံတော်၏မျက်နှာ တွင်မျက်လုံးသုံးလုံးပြုလုပ်လေ့ရှိသည်။ ယာဘက်လက်၌ မြွေဟောက် ရစ်ပတ်နေသော ခက်ရင်းသုံးခွကို ကိုင်ထားသည်။ ဝဲဘက်လက်၌ ကြာပန်းပုံကြုတ် ပါရှိသည်။ လက်ဝဲလက်မှ ထွက်ပေါ်၍ အပေါ် သို့တက်သွားသော ပဒုမ္မာကြာ၏ ကြာပွင့်ထက်၌ အရောင်တစ် လက်လက် တောက်ပနေသော သန်လျက်ရှိသည်။ ခြင်္သေ့ခံပလ္လင် ထက်၌ ထိုင်နေပုံထုလုပ် စီရင်လေ့ရှိသည်။

၅။ မဥ္ဇုသိရိ

တရုတ်ပြည်၌ ကိုးကွယ်သော ဘုရားလောင်း တစ်ဆူဖြစ်သည်။ လူသားရဟန်းဘဝမှ ဘုရားလောင်းအဖြစ် ကူးပြောင်းရောက်ရှိသွား သူဖြစ်သည်ဟုဆိုသည်။ ဤဘုရားလောင်းပုံကို ထုလုပ်ရာ၌ လှပသိမ်မွေ့သော ပုံပြုလုပ်လေ့ရှိပြီး ကြာပန်းနှင့်စာအုပ်ကို ကိုင်ဆောင်ထားဟန် စီရင်ထားလေ့ရှိသည်။ မဥ္ဇုသိရိ၏ကိုယ်ပွားတစ်ဆူဖြစ်သော မဥ္ဇုဃောသ ဘုရားလောင်းပုံကို ထုလုပ်ရာ၌မူ ဓားလွယ်တစ်ဘက်၊ စာအုပ်တစ်ဘက် ကိုင်ထားဟန် ပြုလုပ်လေ့ရှိသည်။

၆။ အရပစန

ဤဘုရားလောင်းမှာ မဥ္ဇုသိရိ၏ ကိုယ်ပွားဖြစ်သည်ဟုဆိုသည်။ ယာဘက်လက်တွင် သန်လျက်၊ ဝဲဘက်လက်တွင် စာအုပ်ကိုင်ထားဟန် ထုလုပ်ရေးဆွဲလေ့ရှိသည်။ အနီရောင်လျှော်တေသင်္ကန်းကို ဝတ်ဆင်ထားပြီး၊ ကြာပွင့်နှစ်ထပ် ပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေဟန် ထုလုပ်လေ့ရှိသည်။

၇။ သမန္တဘဒ္ဒ

၈။ ဝဇိရပါဏိ

၉။ ရတနပါဏိ

၁၀။ ပဒုမပါဏိ

၁၁။ ဝိသုပါဏိ

၁၂။ ယက္ခပါဏိ

ဤဘုရားလောင်းခြောက်ဆူမှာ ဝေရောစနအကျောဘ စသော ဈာနိဘုရား ၆ဆူတို့၏သားတော်အသီးသီးဖြစ်သည်ဟု ယူဆကြသည်။

ထို့အပြင်အဝလောကိတေသရဘုရားလောင်းကို အခြား ကိုယ်ပွားအမျိုးမျိုး ရှိသည်ဟုလည်း ယူဆကြသည်။ ဟယဂီဝါ၊ ခိတဂဗ္ဘ၊ ဝဇီရပါဏိ၊ ခဂဗ္ဘ၊ ဂဂနာဂဥ္ဇ၊ ဝိသကဗ္ဘင်၊ သမန္တဘဒြ စသည်တို့မှာ အဝလောကိတေသရ၏ ကိုယ်ပွားဘုရားလောင်း များဖြစ်သည်ဟု ယုံကြည်ကြသည်။

ဗြာဟ္မဏဝါဒ၌ နတ်ဘုရားအဆူဆူတို့ကို ကိုးကွယ်ရုံ သာမက ထိုဘုရားတို့၏ ကြင်ယာတော် နတ်ဘုရားမများကိုလည်း ကိုးကွယ်သည်။ ဗြာဟ္မဏဝါဒကို အတုပြုထားသော (သို့မဟုတ် ဗြာဟ္မဏအနွယ် ဝင်တို့ဝင်ရောက်ပူးကပ်ဖျက်ဆီးခြင်းခံရသော) မဟာယာနဝါဒတွင်လည်း နတ်ဘုရားမများကို လက်ခံကိုးကွယ် ထားသည်။ ဗြာဟ္မဏဝါဒက လက်ခံထားသော ရှိဗ၏ကြင်ယာတော် စဏ္ဍီကို မဟာယာန ဝါဒီတို့ကလည်း ယူငင်ကိုးကွယ်ကြသည်။ ထို့အပြင်အခြားသော ဗြာဟ္မဏနတ်ဘုရားမ များကိုလည်း ကိုးကွယ် ခဲ့ကြသည်။ မဟာယာနဝါဒီ တို့သည် ဘုရားလောင်းများ၏ ကြင်ယာတော်များကိုလည်း ကိုးကွယ်ခဲ့ကြသည်။ အဝလောကိ တေသရဘုရားလောင်းနှင့် ဆက်နွယ်လျက် ပညာပါရမိတာ၊ တာရာဒေဝီ၊ ဝဇီရတာရာ၊ မဟာပတိသရာဒေဝီ စသော နတ်ဘုရား မများကို ကိုးကွယ်ခဲ့ကြသည်။

တရုတ်ပြည်တွင် အဝလောကိတေသရတစ်ဖြစ်လဲ 'ကွမ်ယင်' ကို နတ်ဘုရားမ (မယ်တော်) အဖြစ် ကိုးကွယ်ခဲ့ကြ လေသည်။

## အခန်း(၈)

## တန္တရယာန

တန္တရကျင့်စဉ်သည် မည်သည့်အချိန်က စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု အတိအကျမသိရသေးချေ။ တန္တရအတွေးအခေါ်များသည် လူနည်းစုဆွေးနွေးမှု၊ ကျင့်သုံးမှုများတွင် နှစ်ပရိစ္ဆေဒကြာရှည်အောင် တည်ရှိနေခဲ့ပြီးမှ လူအများတွေ့ရှိ သိနားလည်ကာ၊ ပျံ့နှံ့ လာခဲ့ခြင်းဖြစ်ဟန်ရှိသည်။ အိန္ဒိယတွင် ဤသို့လူအများသိရှိချိန်၊ လူအများကျင့်သုံးချိန်သည် ခရစ်နှစ် (၅၀၀)သို့မဟုတ် (၆၀၀) နောက်ပိုင်းကာလဖြစ်သည်။

သို့ရာတွင် တန္တရအတွေးအခေါ်မျိုးသည် သမိုင်း၏ အရုဏ်ဦးကတည်းကပင် ရှိနေပြီဖြစ်သည်။ စိုက်ပျိုးရေးသမား ကမ္ဘာဦးအတွေးအမြင်ရှိသူများသည် စုန်း၊ ကဝေ၊ နတ်၊ မိစ္ဆာအယူအဆများကို လက်ခံခဲ့ကြသည်။ လူကိုပင်သတ်၍ ယဇ်ပူဇော်မှု ပြုခဲ့ကြသည်။ မိခင်မာတာ (မယ်တော်)ပူဇော်ကိုးကွယ်မှု ပြုခဲ့ကြသည်။ နတ်အမျိုးမျိုးကို ကိုးကွယ်ခဲ့ကြသည်။ ယဇ်ပူဇော်မှု အမျိုးမျိုး ပြုခဲ့ကြသည်။ ထိုရှေးရိုးအစဉ်အလာများကို ဗုဒ္ဓဘာသာဝင်များ၊ ဗြာဟ္မဏဘာသာဝင်များက မိမိတို့ ကိုးကွယ်သည့် ဘာသာထဲသို့ သွတ်သွင်းကျင့်သုံးရာမှ ဗုဒ္ဓဘာသာ တန္တရ၊ ဗြာဟ္မဏတန္တရဝါဒများ ပေါ်ထွန်းလာခဲ့သည်။

တန္တရသည် "ဉာဏ်ပညာ"ဟူသော အနက်ဖြစ်သည်။ ဉာဏ်ပညာရကြောင်း မန္တန်ကို တန္တရဟုခေါ်သည်။ ဂါထာမန္တန်များသည် လောကီပညာ၊ လောကုတ္တရာပညာ တို့ကို ရရှိစေနိုင်သောကြောင့် တန္တရဖြစ်သည်ဟုလည်းဆိုသည်။

## တန္တရဝါဒပေါ်ပေါက်လာပုံ

ဗုဒ္ဓဘာသာသည် ဂင်္ဂါလွင်ပြင် (မဇ္ဈိမဒေသ)တွင် ထွန်းကားရာမှ ရှေးဟောင်းအိန္ဒိယနိုင်ငံ၏ အခြားအရပ်ဒေသများသို့ ပျံ့နှံ့သွားသည်။ ထိုသို့ပျံ့နှံ့ရာမှ အိန္ဒိယအနောက်မြောက်ပိုင်းသို့ ရောက်ရှိသွားသောအခါ ထိုဒေသရှိ ပြောင်းလဲနေသော အခြေအနေများ၊ ယုံကြည်ကိုးကွယ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းကြရသည်။ ကြိုးပမ်းခဲ့ကြသူများမှာ မဟာယာနဗုဒ္ဓဘာသာဝင်များဖြစ်သည်။

ထိုခေတ်အိန္ဒိယအနောက်မြောက်ပိုင်းဒေသတွင် အိန္ဒိယ၌ ရှေးဦးနေထိုင်ခဲ့သော ဒရာဗီးဒီးယန်းများ၊ ဝေဒခေတ်အနွယ် အာရိယန်များနှင့်အတူတကွ၊ ဂရိ၊ ပါသီယန်၊ အိရာနီယန်စသော အနောက်ဘက်နိုင်ငံသားများလည်း ဝင်ရောက်နေထိုင်လျက်ရှိသည်။ ထိုဒေသတွင် ရေကြည်ရာ၊ မြက်နုရာလှည့်လည်သွားလာသူများ၊ စိတ်ဓာတ်ခက်ထန်သော တိုက်ခိုက်ရေးသမားများ၊ လွင်ပြင်တွင် နေထိုင်သူ များ၊ တောင်ပေါ်ဒေသတွင် နေထိုင်သူများ စသည်ဖြင့် အမျိုးမျိုးရှိသည်။ ပညာတတ်များ၊ တွေးခေါ်တတ်သူများ ထွန်းကားရာ ဂင်္ဂါလွင်ပြင်၌ လူကြိုက်များခဲ့သော ဗုဒ္ဓဘာသာမှာ စရိုက်အမျိုးမျိုး အကျင့်အဖုံဖုံရှိသည့် ထိုအနောက်မြောက်ပိုင်းသားတို့ ကျေနပ်

လက်ခံနိုင် လောက်အောင် စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်ခြင်းများ မရှိတော့ချေ။ ထိုစရိုက်အမျိုးမျိုးရှိသော လူ့အလွှာအားလုံး၏ စိတ်ကြိုက်နှင့်လည်းကောင်း၊ နောက်ခံသမိုင်း နှင့် လည်းကောင်း ဗုဒ္ဓဝါဒသည် အံမဝင်လှချေ။ ထိုအခါ မဟာယာနဝါဒီတို့သည် ထိုဒေသရှိ လူအများစု လက်ခံနိုင်မည့် နည်းလမ်းများကို ရှာဖွေကျင့်သုံးခဲ့ရာမှ ဗုဒ္ဓဘာသာ တန္တရဝါဒ ထွန်းကားပေါ်ပေါက်လာခဲ့ရပေသည်။ ထင်ထင်ရှားရှား ထွန်းကားလာချိန်မှာ ခရစ်နှစ် (၆၀၀)ကျော်ခန့်ဖြစ်သည်။

အိန္ဒိယအနောက်မြောက်ပိုင်းဒေသရှိ လူအများစုတို့ကို သိမ်းသွင်းနိုင်ရန် မဟာယာနဝါဒီတို့သည် ထိုဒေသသားများလက်ခံထားသည့် မြောက်မြားလှစွာသော နတ်ဒေဝတာများနှင့် ဂမ္ဘီရကျင့်စဉ်များကို ဗုဒ္ဓဘာသာအတွင်းသို့ ဆွဲသွင်းလာကြရသည်။ မှော်အတတ် အောက်လမ်းပညာအတတ်တို့အပေါ် လူထု၏ အာရုံထားမှုကို ခွင့်ပြုကာ မိမိတို့ဘက်သို့ လူထုပါလာအောင် ဆွဲဆောင်ကြသည်။ ထိုအခါ လူထု၏ယုံကြည်မှု၊ ကျင့်သုံးမှုများသည် ဗုဒ္ဓဘာသာယုံကြည်မှု ကျင့်သုံးမှုများနှင့် ရောထွေးကာ ဗုဒ္ဓဘာသာ တန္တရဝါဒ ထွန်းကားလာခဲ့ခြင်း ဖြစ်သည်ဟုသုတေသီတို့ကယူဆကြသည်။

ဗုဒ္ဓဘာသာတန္တရဆိုင်ရာ ကျမ်းစာများစွာ ရှိသော်လည်း ပညာရှင်တို့ အပြည့်အစုံ မလေ့လာနိုင်ကြသေးချေ။ ကျမ်းစာအများစုကို ဘာသာပြန်ဆိုနိုင်ခြင်းလည်း မရှိသေးချေ။ တန္တရကျမ်းများ၌ သုံးထားသော ဝေါဟာရများမှာ တင်စားချက်များ၊ လျှို့ဝှက်စကားများ၊ သင်္ကေတစကားများဖြစ်၍ နားလည်သဘောပေါက်ရန် မလွယ်ကူချေ။ ဆရာက တပည့်တို့ကို လျှို့ဝှက်စွာ လက်ထပ်သင်ပေးသည့် တန္တရကျင့်စဉ်များကို စာအုပ်များတွင် အသေးစိတ်မဖော်ပြဘဲ

လျှို့ဝှက်ထားတတ်သည်။

တန္တရဝါဒကို လက်ျာကျင့်စဉ်နှင့် လက်ဝဲကျင့်စဉ်ဟု နှစ်မျိုး ခွဲခြားထားသည်။ ဗုဒ္ဓတန္တရဝါဒ၌ လက်ဝဲကျင့်စဉ်သည် ဗြာဟ္မဏ တို့၏ ရှတ်ကတိ (သတ္တိ)အယူအဆ (Shaktism) နှင့် အလားတူသည်။ ဗြာဟ္မဏ ရှတ်ကတိမှာ ရှိဗ(သိဝ)ကိုးကွယ်မှုနှင့် ဆက်နွယ်နေသည်။ ရှိဗ သဘောတရားသည် ဗုဒ္ဓရှတ်ကတိအယူအဆအပေါ် ဩဇာ သက်ရောက်နေသည်။ ရှိဗနတ်ဘုရားကိုးကွယ်မှု၌ ရှတ်ကတိသည် ရှိဗ၏ကြင်ယာတော် ပရဝတီသို့မဟုတ် ပညာကိုးကွယ်မှုပင်ဖြစ်သည်။ ရှိဗ၏ ကြင်ယာတော်ကို မဟာဒေဝီ၊ မဟာမာတာ (မယ်တော်ကြီး)ဟု လည်း ခေါ်သည်။ ရှတ်ကတိ အယူအဆအရ နတ်ဘုရားမများကို ကရုဏာရှင်အဖြစ်လည်းကောင်း၊ ကြောက်မက်ဖွယ်အသွင်ဖြင့်လည်း ကောင်း၊ ထူးထူးဆန်းဆန်း လက်ခံထားသည်။ ပရဝတီကိုပင် ကြောက်မက်ဖွယ်အသွင်၊ ကြမ်းကြုတ်သူအဖြစ်ဖြင့် ဒုရဂါဟုခေါ် သည်။ ရန်သူတို့ မချဉ်းကပ်နိုင်သော နတ်ဘုရားမဟုဆိုလိုသည်။ ကြောက်မက်ဖွယ် အသွင်ကိုယူ၍ ရန်သူကိုတိုက်ခိုက်သောအခါ ပရဝတီကိုပင် ဒုရဂါဟု ခေါ်ခြင်းဖြစ်သည်။ ထို့ပြင်အောက်မဲ ညိုပွင့်အဆင်းကဲ့သို့ မည်းနက်သော အဆင်းရှိသောကြောင့် ကာလီနတ်ဘုရားဟုလည်းခေါ်သည်။ ပရဝတီ၏ကြောက်မက်ဖွယ် အသွင်သည် သေခြင်း၊ ပျက်စီးခြင်း တို့နှင့် ဆက်နွယ်နေသည်။ လူသတ်၍ ယဇ်ပူဇော်ပသမှုကို ခံယူချိန်တွင် ကြောက်မက်ဖွယ် ကြမ်းကြုတ်သောအသွင်ရှိခြင်းကြောင့် စဏ္ဍီဟုလည်းခေါ်သည်။ ဘေရဝီဟုလည်းခေါ်သည်။

ဗြာဟ္မဏတို့၏ ရှိဗကိုးကွယ်မှု၌ နတ်ဘုရားမများ၊ စုန်းကဝေ များ၊ မှော်ဆရာများ၊ ဘီလူးမိစ္ဆာများပါဝင်နေသည်။ ထိုအယူအဆများ

မှ အများအပြားသည် ဗုဒ္ဓဘာသာတန္တရဝါဒတွင်းသို့ ရောနှောပါဝင်လာလေသည်။

တန္တရဝါဒကို သုတေသနပြုခြင်းမှာ အစမျှသာရှိသေးသည်။ သမိုင်းဝင်ဖြစ်ရပ်များအရ တန္တရဝါဒတွင် ထင်ရှားသော ဂိုဏ်းကွဲနှစ်ရပ်တွေ့ရသည်။ ယင်းတို့မှာ လက်ဝဲကျင့်စဉ် ဂိုဏ်း တစ်ခုဖြစ်သော ဝဇီရယာနနှင့် လက်ျာကျင့်စဉ် ဂိုဏ်းတစ်ခုဖြစ်သော လျှို့ဝှက်ဂိုဏ်းမိဆုန်(တရုတ်၌ထွန်းကားခဲ့)တို့ဖြစ်ကြသည်။

ဝဇီရဟူသည်မှာ မိုးကြိုးသွား ဝရဇိန်ဖြစ်သည်။ ဝရဇိန်ကို အစွမ်း ထက်မြက်သော လက်နက်တစ်ခုအဖြစ် မှတ်ယူကြသည်။ ဝရဇိန်သည် မကျိုးမပဲ့နိုင်ဘဲ အခြားအရာအားလုံးကို ချိုးဖျက်ဖေါက်ခွဲနိုင်သည် ဟုလည်းဆိုကြသည်။နှောင်းခေတ်ဗုဒ္ဓစာပေများ၌ ဝရဇိန်ကို စိန်ကဲ့သို့ မာကြောသောအရာ၊ အာကာသကဲ့သို့ သန့်စင်ရှင်းလင်းသောအရာ၊ မိုးကြိုးသွားကဲ့သို့ ဖောက်ထွင်းနိုင်သောအရာအဖြစ်တင်စားလာကြသည်။ ဝဇီရသည် ပရမတ္ထဖြစ်သည်။ ဓမ္မဖြစ်သည်။ ဗောဓိဉာဏ် ဖြစ်သည်ဟုလည်းတင်စားကြသည်။

ဝဇီရယာနအရ အရာခပ်သိမ်းသည် သုညတာသဘောဖြစ်သည်ဟု ဆိုသည်။ နည်းလမ်းမှန်ကန်စွာ ကျင့်ကြံခြင်းဖြင့် ကျင့်ကြံသူသည် စိန်၏သဘာဝ အတိုင်းဖြစ်လာနိုင်သည် ဟုလည်း ဆိုသည်။ စိန်ကဲ့သို့ မကျေမပျက်နိုင်သော ရုပ်ခန္ဓာရှိလာနိုင်သည်။ စိန်ကဲ့သို့ မာကြောသော သူ(ဝဇီရသတ္တ) အဖြစ်ပြောင်းလဲသွား နိုင်သည်ဟုဆိုသည်။

ခရစ်နှစ် (၃၀၀) ခန့်မှစတင်ကာ ဝဇီရယာနဖြစ်တည်လာခဲ့ပြီး၊ ခရစ်နှစ် (၆၀၀)ကျော်တွင် စနစ်တစ်ရပ်အဖြစ် ပေါ်ထွန်းလာ

ခဲ့သည်ဟု ယူဆကြသည်။

ဝဇီရယာနကို ထူထောင်ခဲ့သူများမှာ ဆရာအဆက်ဆက် ဖြစ်သည်။ ထိုဆရာအဆက်ဆက်တွင် ရှေးဦးထူထောင်သူတစ်ဦးမှာ ဒုတိယနာဂဇုန (ခရစ်နှစ် ၆၀၀-၆၅၀ ခန့်)ဖြစ်သည်။ ထိုဆရာစဉ်ဆက်တို့၏ အမည်များကို ခရစ်နှစ် ၁၅၀၀ခန့်အထိ မှတ်တမ်းတွင် တွေ့ရသည်။ ဝဇီရယာနသည် အိန္ဒိယနိုင်ငံအနှံ့ ထွန်းကားခဲ့သည်ဟု ယူဆရသည်။ ဝဇီရယာနကို အိန္ဒိယမြောက်ဘက်ဆုံး အစွန်း၌ တွေ့ရသကဲ့သို့ ဘင်္ဂါပြည်နယ်၊ အာသံတောင်ကုန်းတို့ကဲ့သို့ အရှေ့ပိုင်းဒေသများ၌လည်းကောင်း၊ ဥဒ္ဒိယနဒေသ (ယခုခေတ် Peshawar ပတ်ဝန်းကျင်)ကဲ့သို့သော၊ အနောက်ပိုင်းဒေသ များတွင်လည်းကောင်း ထွန်းကားခဲ့ကြောင်းသိရသည်။

အိန္ဒိယသား ဒရားဗီဒီးယန်းတို့၏ ယဉ်ကျေးမှုတွင် ရွာရှင်ကတော် နတ်ဘုရားမ (Village Goddes) ကို မဟာမာတာ (မယ်တော်ကြီး)အဖြစ် လက်ခံခဲ့ကြသည်။ ထိုမယ်တော်ကြီး ကိုးကွယ်မှုမှာ အာရိယန် ယဉ်ကျေးမှုထက်ပင် ပိုမိုကျယ်ပြန့်စွာ ထွန်းကားခဲ့သည်။ ဒရားဗီးဒီးယန်း ယဉ်ကျေးမှုသည် တန္တရ အယူအဆများပေါ် ထွန်းလာရန် များစွာ ကျေးဇူးပြုခဲ့သည်။ လူနည်းစုကို သာလျှို့ဝှက်သင်ကြားရေးနှင့် လ္ကထ္ထိလိင်(မ)ကိုးကွယ်မှု အခြေခံများမှာ ဒရားဗီးဒီးယန်းတို့၏ ဩဇာလွှမ်း မိုးမှုပင်ဖြစ်သည်။

ဘင်္ဂါပြည်နယ်၌ ပါလမင်းဆက် (ခရစ်နှစ် ၇၅၀-၁၁၅၀) လက်ထက်တွင် တန္တရတရားများ ထွန်းကားလာခဲ့သည်။ ထိုခေတ်က ဗုဒ္ဓဘာသာဆိုသည်မှာ ပညာပါရမိတာ အယူအဆနှင့် တန္တရအယူအဆတို့ ရောနှောနေသော အရာမျှသာဖြစ်သည်။ ပညာပါရမိတာသည် ပညာပါရမီကို နတ်သမီးအဖြစ် တင်စားပြီး ကိုးကွယ်မှုဖြစ်

သည်။ နာလန္ဒာမြို့နှင့် ပါလဘုရင်တို့ အခြေစိုက်ရာမြို့များတွင် နေထိုင်ခဲ့သော ရဟန်းတော်များသည် ရုပ်လွန်အတွေးအခေါ် များနှင့် မှော်အတတ်ပညာများကို ပေါင်းစပ်လက်ခံခဲ့ကြသည်။ ထိုရဟန်းတော်များ၏ လုပ်ငန်းများတွင် အသက်ကြီးသူများကို နုပျိုအောင်လုပ်ပေးခြင်း များလည်း ပါဝင်ခဲ့သည်။ အသက် ၁၅၀နှင့် အထက်ရှိသူများပင်လျှင် လူငယ်များပြန်ဖြစ်လာစေနိုင်သည်ဟုဆို သည်။ ပညာပါရမိတာနှင့် တန္တရကို ပေါင်းစပ်ပေးခြင်းဖြင့် အံ့သြ ဖွယ်ဖျတ်လတ် သန်စွမ်းစေသည်ဟု ယုံကြည်ကြသည်။

ဘင်္ဂါပြည်နယ်ကို မွတ်ဆလင်တို့ သိမ်းပိုက်သောအခါ တန္တရအယူအဆများ နှိပ်ကွပ်ဖျက်ဆီးခံရသည်။ တန္တရဝါဒသည် ဘင်္ဂါ တွင် ဆက်လက်မတည်ထွန်းနိုင်တော့ဘဲ ဂျာဗား၊ နီပေါနှင့် တိဗက် တို့သို့ပျံ့နှံ့သွားကာ ယနေ့တိုင်ရှင်သန်နေဆဲဖြစ်သည်။

လက်ျာတန္တရဝါဒသည် အမောဃဝဇီရအဖြစ် ထင်ရှား သည်။ ယခုတိုင် တရုတ်ပြည်တွင် (မိဆုန်)အမည်ဖြင့် တည်ရှိနေသေး သည်။ ဤဝါဒသည်လည်း ဒုတိယနာဂဇုနထံမှ ပြန့်ပွားလာခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ တရုတ်တို့၏ မိဆုန်တန္တရဝါဒတွင် မှော်အတတ် ဆိုင်ရာ စက်ဝိုင်း (မဏ္ဍလ)နှစ်မျိုးပါဝင်သည်။ ဝမ်းဘိုက် စက်ဝိုင်း (ဂဗ္ဘဓာတုမဏ္ဍလ)နှင့် ဝရဇိန်စက်ဝိုင်း (ဝဇီရဓာတုမဏ္ဍလ)တို့ဖြစ် သည်။ ထိုစက်ဝိုင်းနှစ်မျိုးသည် ပရမတ္ထအမှန်တရား အသီးသီးကို ကိုယ်စားပြုနေသည်။ ဤတွင် ပရမတ္ထတရားသည် မဟာဝေရောစန ဘုရားရှင်နှင့် ပတ်သက်နေသည်။ ထိုဘုရားရှင်၏ ခန္ဓာကိုယ်ကို နှစ်ပိုင်းခွဲလိုက်လျှင် တစ်ပိုင်းမှာစိတ်ပိုင်းနှင့်ဆိုင်ပြီး ဝမ်းဘိုက်ဓာတ် ဟုခေါ်သည်။ အခြားတစ်ပိုင်းမှာ ရုပ်ပိုင်းနှင့်ဆိုင်ပြီး၊ စိန်ဓာတ်ဟု ခေါ်ဆိုသည်။ ကမ္ဘာလောကကြီးတစ်ရပ်လုံးမှာ ဗုဒ္ဓ၏ အလိုတော်

အလျှောက်သာ ဖြစ်ပြီး အဆိုပါစက်ဝိုင်းနှစ်မျိုးအဖြစ် ကိုယ်စားပြု နေသည်။ ဤအယူအဆသည် ခရစ်နှစ် ၈၀၀ခန့်တွင် ဂျပန်သို့ ရောက်ရှိ ပျံ့နှံ့သွားသည်။

တန္တရစာပေတွင် ကျမ်းစာများ၊ ဂါထာများ၊ မန္တန်များ၊ လျှို့ ဝှက်ဆန်းကြယ်သော သတ္တဝါ (ဝိညာဉ်)များနှင့် ပတ်သက်သည့် ဖော် ပြချက်များပါရှိနေသည်။တန္တရနတ်ဘုရားများမှာ ဝိညာဉ်ဆိုင်ရာ စွမ်းအင်များ၊ မှော်အတတ်ဆိုင်ရာ စွမ်းအင်များကို အာသက်သွင်းထား သည့် ပုဂ္ဂိုလ်များဖြစ်သည်။ ထိုဝိညာဉ်ဆိုင်ရာ စွမ်းအင်များ၊ မှော်အ တတ်စွမ်းအင်များကို အသုံးပြုကာ လွတ်မြောက်မှု (ဝိမုတ္တိ)ကို ရရှိ နိုင်သည်ဟု ယူဆခဲ့ကြသည်။

## တန္တရကျင့်စဉ်

တန္တရကျင့်စဉ်မှာ အမျိုးမျိုးရှိသည်။ ဂိုဏ်းဝင်များအတွက် ကျင့်စဉ်၊ ဂိုဏ်းဝင်မဟုတ်သူများအတွက် ကျင့်စဉ်ဟု ခွဲခြားထားသည်။ ပါဠိပိဋကတ်တော်၌ ဗုဒ္ဓသည်တရားဟောရာတွင် ဆရာ့လက်ဆုပ် (လျှို့ဝှက်မှု၊ ဆရာစားချန်မှု) မထားဘဲ၊ ပွင့်လင်းစွာ ဟောပြော ကြောင်း၊ မိန့်တော်မူထားသော်လည်း တန္တရဝါဒီတို့ကမူ မိမိတို့ကျင့်စဉ် နှင့်အယူအဆများကို ပွင့်ပွင့်လင်းလင်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်ဖော် ခြင်းမပြုကြချေ။ တန္တရဝါဒအရ လွတ်မြောက်မှု (နောင်တွင် ထွက်ရပ် ပေါက်ခြင်းဟုခေါ်သော) နည်းလမ်းများနှင့် ကျင့်စဉ်များကို ကျမ်းစာ များတွင် ပွင့်လင်းထင်ရှားစွာ ဖော်ပြထားခြင်းမရှိချေ။ တန္တရကျင့်စဉ် နှင့် နည်းလမ်းများကို ဂုရုဟုခေါ်သော ဆရာနှင့် တိုက်ရိုက်ထိတွေ့ ကာ လျှို့ဝှက်သင်ယူကြရသည်။

ဗုဒ္ဓကဲ့သို့ပင် အလေးအမြတ်ထားခြင်း ခံရသူ၊ အကြွင်းမဲ့ ရိုကျိုးရိုသေရသူ ဆရာဂုရုသည်တန္တရဝါဒ၏ လျှို့ဝှက်ချက်များ၊ ဂမ္ဘီရ ပညာများကို စိတ်ချရသူတပည့်များသို့သာ တိတ်တဆိတ် သင်ကြား ပေးလေ့ရှိသည်။ ဂိုဏ်းဝင်အုပ်စုငယ်ကလေးများသည်ဂုရုကိုဝန်းရံ ကာ ဆည်းပူးကြသည်။ ဤဂိုဏ်းဝင်လူနည်းစုမှ တစ်ပါး၊ အခြားသော လူအများကို သင်ကြားပေးသော ဟောပြောသော အရာများသည် ကျင့်စဉ်မှန်များဖြစ်သည်ဟု မဆိုနိုင်ချေ။

ဂိုဏ်းမဝင်ဘဲနှင့် တန္တရကို လေ့လာသင်ယူရန် မဖြစ်နိုင်ချေ။ ဂိုဏ်းဝင်ခြင်းသည် ယုံကြည်မှု၊ သင်ယူမှု၊ ကိုးကွယ်မှု တစ်ရပ်လုံး အတွက် အချက်အချာဖြစ်သည်။ ဂရိ ရောမတို့၌ လျှို့ဝှက်ကိုးကွယ်မှု တွင် ဂိုဏ်းဝင်မှုသည် အရေးပါသကဲ့သို့ ကမ္ဘာဦးအခြား လူ့အဖွဲ့ အစည်းများ၌လည်း အလားတူပင် အရေးပါသည်။ ထို့အတူ ဗုဒ္ဓ ဘာသာ တန္တရဝါဒ ၌လည်း ဂိုဏ်းဝင်မှုသည် အထူးအရေးကြီးသည်။ ဂိုဏ်းဝင်အခမ်းအနား ကို သက္ကတဝေါဟာရအားဖြင့် 'အဘိရှေက'ဟု ခေါ်သည်။ ပါဠိအားဖြင့် 'အဘိသေက'ဖြစ်သည်။ ရေဖျန်းခြင်း၊ ရေသွန်းလောင်းခြင်းဟု ဆိုလိုသည်။ ဂိုဏ်းဝင်သူကို မြတ်သော ရေစင်ဖြင့် သွန်းလောင်းပေးသည်။ ဤအချက်တွင် ခရစ်ယာန်ရေဖျန်း မင်္ဂလာနှင့်အလားတူသည်။ ဤသို့ဂိုဏ်းဝင်ရေဖျန်းပွဲ သည် ရှေးဟောင်း အိန္ဒိယသားတို့ ပြုလုပ်ခဲ့သော ရာဇာ ဘိသိက်ပွဲ (နန်းတက်ရေဖျန်းခံပွဲ)မှ ဆက်နွယ်ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။ မင်းသားသည် ရေဖျန်းမင်္ဂလာ(အဘိသိက=ဘိသိက်)ပြုပြီးမှသာ အုပ်ချုပ်သူဖြစ်သည်ဟု အသိအမှတ်ပြုရာ ရောက်သည်။တန္တရ ဂိုဏ်းသို့ဝင်ရောက်သော အခမ်းအနား၌ ပက်ဖြန်းပေးသော ရေသည် ယုံကြည်သူ ဂိုဏ်းသားသစ်အား ပညာရပ်ကို သိသူ

(ဗုဒ္ဓ)ဖြစ်လာစေသည်ဟုလည်း ယုံကြည်လက်ခံထားကြသည်။

တန္တရဝါဒတွင် ဂိုဏ်းဝင်ပြီး သူတို့၏ ရိုကျိုးရှိခိုးမှု၊ ပူဇော်မှုတို့ကို အသေအချာ သတ်မှတ်ထားသည်။ သတ်မှတ်ချက်များအရ ဂိုဏ်းဝင်တို့ ကျင့်သုံးရမည့် နည်းလမ်းသုံးသွယ်ရှိသည်။

နည်းလမ်းသုံးသွယ် မှာ-

(၁) ဂါထာမန္တန်များကို ရွတ်ဖတ်ခြင်း (မန္တရယာန)

(၂) ပူဇော်မှုဆိုင်ရာ လက်ဟန်နှင့်အကတို့ကို သရုပ်ဖော်ခြင်း (မုဒြာ)

(၃) သမထနည်းလမ်းတစ်မျိုးဖြင့် နတ်ဘုရားများနှင့် ထပ်တူဖြစ်အောင် ကြိုးပမ်းခြင်း (သမထယာန) တို့ဖြစ်သည်။

## (၁) ဂါထာမန္တန်ရွတ်ဖတ်မှု

ဂါထာမန္တန်ရွတ်ဖတ်ခြင်းနှင့် ပတ်သက်၍ ခေတ်သုံးခေတ်ခွဲခြားလေ့လာနိုင်သည်။ ရှေးဦးခေတ်၌ အခြားသော အိန္ဒိယသားများနည်းတူ ဗုဒ္ဓဘာသာဝင်တို့သည်လည်း မန္တန်များရွတ်ဆိုခြင်းဖြင့် ဘေးအန္တရာယ်ကို ကာကွယ်နိုင်သည် လောကီအကျိုးစီးပွားပြည့်စုံနိုင်သည်ဟု ယုံကြည်မျှော်ကိုးခဲ့ကြသည်။ ဤသို့ယုံကြည်မျှော်ကိုးကာ ဂါထာမန္တန်ရွတ်ခြင်းအလေ့သည် စက်မှုတော်လှန်ရေးမတိုင်မီက၊ ကမ္ဘာအရပ်ရပ်ရှိတိုင်းပြည် အသီးသီးတွင် ထွန်းကားခဲ့သည်။ အနာရောဂါဖြစ်ခြင်း၊ ကံမကောင်းအကြောင်းမလှခြင်းတို့မှာ နတ်ဆိုးများ၏ တန်ခိုးစွမ်းအားကြောင့် ဖြစ်သည်ဟုလည်းကောင်း၊ ဂါထာမန္တန်များသည် နတ်ဆိုးများအပေါ် ဩဇာညောင်းပြီး၊ ထိုဂါထာမန္တန်များကို ရွတ်ဆိုခြင်းအားဖြင့် နတ်ဆိုးများကို မောင်းထုတ်ပစ်နိုင်

သည်။ လိုရာခိုင်းစေနိုင်သည်ဟုလည်းကောင်း၊ အန္တရာယ်ကင်းစေသည် လောကီအကျိုးစီးပွားပြည့်ဝစေသည်ဟု လည်းကောင်း ယုံကြည်ယူဆခြင်းများဖြင့် ဂါထာမန္တန်များရွတ်ဆိုခြင်းဖြစ်သည်။ ဂါထာမန္တန်တို့ကို စိတ်ဝင်စားသည့် ဘာသာရေး ပုဂ္ဂိုလ်များ၊ ဆေးဆရာများက ထိုသို့ဂါထာမန္တန် ရွတ်ဆိုခြင်းကို အထူးအားပေးခဲ့ကြသည်။ သို့ရာတွင် မန္တန်တို့ကို မယုံကြည်သူများလည်း ရှိခဲ့သည်။ဝသုဗန္ဓု. . . အစရှိသော သူများက တကယ်တမ်းရောဂါပျောက်ကင်းစေသည် မှာဆေးဝါးသာဖြစ်သည်။ ဆေးဝါးသက်သက်ဖြင့်သာ ကုစားကြပါက အခကြေးငွေ ရနိုင်တော့မည်မဟုတ် ဟု စိုးရိမ်သူများက မန္တန်ရွတ်ဖတ်မှ ဆေးစွမ်း ထက်လေဟန် ကြံဖန်ဟောပြော ခဲ့ကြခြင်းဖြစ်သည်။ မန္တန် ရွတ်ဖတ်ခြင်းသည် ထိုသူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်သည်ဟု ဝေဖန်ခဲ့ကြသည်။ မန္တန်ကို ရွတ်ဖတ်သောအခါ လိုသော အကျိုး ပြီးပြည့်စုံသည်ဟု တန္တရဝါဒီတို့က ယူဆကြသည်။ ဗုဒ္ဓ ဘာသာဝင်တို့သည် ဗြာဟ္မဏတို့ သုံးစွဲခဲ့သော မန္တန်များကို သာမက ဗုဒ္ဓစာပေမှ သုတ်အတိုများကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်စရာ မန္တန်များအဖြစ် အသုံးပြုခဲ့ကြသည်။

ဒုတိယခေတ် အနေဖြင့် ခရစ်နှစ်သုံးရာစုနောက်ပိုင်း ကာလတွင် ဗုဒ္ဓဘာသာဝင်တို့သည် မကောင်းသော နတ်ဆိုးများ၊ ပါပဂြိုလ်များ၏ နှောင့်ယှက်လွှမ်းမိုးမှုမှ လွတ်ကင်းစေရန် လုံခြုံ မှုရစေရန် အတွက် မန္တန်များကို တိုးချဲ့ရွတ်ဆိုခဲ့ကြသည်။ ပိုမိုအသုံးချခဲ့ကြသည်။ သဒ္ဓမ္မပုဏ္ဍရိကသုတ်၊ လင်္ကာဝတာရသုတ်စသည်တို့ကို ရွတ်ဆိုစရာ မန္တန်များတွင် ထပ်မံထည့်သွင်းအားဖြည့်ခဲ့ကြသည်။

တတိယခေတ်အနေဖြင့် ခရစ်နှစ်ခုနစ်ရာစု နောက်ပိုင်းတွင်

မန္တန်ရွတ်ဆိုမှုကို လောကီအကျိုးစီးပွားအတွက်သာမက လောကုတ္တရာပန်းတိုင်အတွက်ပါ ပြုလုပ်လာကြသည်။ အချို့ မဟာယာန ဂိုဏ်းများက မန္တန်ရွတ်ဆိုမှုသည် လွတ်မြောက်မှု (ဝိမုတ္တိ) ရရန်ပဓာနလမ်းစဉ် ဖြစ်သည်ဟု ယူဆလာကြသည်။ ထိုအခါ မန္တန်ရွတ်ဆိုမှုသည်လွတ်မြောက်ရေးလမ်းစဉ်ဖြစ်လာသည်။ ယင်းကို မန္တရယာန ဟု ခေါ်သည်။ ဘဝအနှောင်အဖွဲ့များမှ လွတ်မြောက်ရန်ပဓာနသော့ချက်မှာ မန္တန်ရွတ်ဆိုမှုပင်ဖြစ်သည်ဟု ယူဆခဲ့ကြသည် ။ မန္တန်ရွတ်ဆိုခြင်းဖြင့် မရနိုင်သော အရာဟူ၍မရှိ။ အားလုံးရရှိနိုင်သည်ဟု ထုတ်ဖော်ပြောဆိုလာကြသည်။ မန္တန်၏ အစွမ်းဖြင့် ဘုရားအဖြစ်ပင် ရရှိနိုင်သည်ဟုဆိုသည်။

မိလိန္ဒပဥှာကျမ်း၌ တန်ခိုးအရာ ဧတဒဂ်ရတော်မူသော အရှင်မဟာမောဂ္ဂလါန်သည်ပင် ဘဝဟောင်းတစ်ခုက ပြုခဲ့ဖူးသော အကုသိုလ် ကံ၏အကျိုးဆက်အဖြစ် ခားပြများ၏သတ်ဖြတ်ခြင်းကို ခံရရှာသည်ဟု ပြဆိုထားသည်။ တန္တရဝါဒ၌မူ များပြားလှစွာသော အသေးစိတ် စည်းမျဉ်းများအတိုင်း တစ်သဝေမတိမ်းလိုက်နာ ရွတ်ဆိုပါက မန္တန်များနှင့် ဓာရဏီ(ဆောင်စရာဂါထာများ သုတ်တော်များ) ကအကာအကွယ်များ ပေးနိုင်သည်၊ ပြည့်စုံပြီးမြောက်စေလိုသော အရာများကိုလည်း ပြည့်စုံပြီးမြောက်စေနိုင်သည်ဟု အတိအလင်း ဖော်ပြထားသည်။

တန္တရဗုဒ္ဓဘာသာဝင်များသည် မန္တန်အများအပြားကို ကြံဆစုစည်းခဲ့ကြပြီး၊ ပညာရပ်တစ်ခုအဖြစ်ဖော်ထုတ်ခဲ့ကြသည်။များပြားလှစွာသော စည်းကမ်းဥပဒေ များကို ချမှတ်ခဲ့ကြသည်။ ပုံစံအားဖြင့် နတ် ဘုရား (အထီး)အတွက်ရွတ်ဆိုသော မန္တန်ကိုမူ 'ဟုံ'သို့မဟုတ် 'ဖတ်' ဖြင့် အဆုံးသတ်ရမည်။ နတ်ဘုရားမ (အမ)အတွက်

ရွတ်ဆိုသော မန္တန်ကိုမူ 'သွာဟ'ဟူသော ပုဒ်ဖြင့် အဆုံးသတ်ရမည်။ နပုလ္လိင် အတွက်ရည်ညွှန်းရွတ်ဆိုပါက 'နမဟ်'(နမး)နှင့် အဆုံးသတ်ရမည်ဟုဆိုသည်။

မန္တန်တို့တွင် ပါဝင်သော ပုဒ်များသည် အဓိပ္ပာယ်အထူးအထွေ မပါရှိသော်လည်း ရွတ်ဆိုလျှင် အစွမ်းထက်သည်ဟု တန္တရဝါဒီတို့က ဆိုသည်။ မန္တန် များကို ရွတ်ဆိုခြင်း ၊သက်ဆိုင်ရာတို့ကိုတိုင်တည်ခြင်းဖြင့် ပတ်ဝန်းကျင်ရှိမမြင်သာသော စွမ်းအားများနှင့်ဆက်သွယ်မှုရရှိသည်။ စင်စစ်အားဖြင့် မန္တန်များကို လူသားအကျိုးပြု ပုဂ္ဂိုလ်မြတ်ကြီးများက ချီးမြှင့်ပေးသနားခဲ့ခြင်းဖြစ်သည်။ တိဗက်ပြည်တွင် ကျောက်တုံးကြီးများပေါ်၌လည်းကောင်း၊ အိမ်နံရံထက်၌ လည်းကောင်း၊ ဆုတောင်းသော စကြာဘီးဝန်းကြီးများ၌လည်းကောင်း၊ လူတိုင်း၏ နှုတ်ဖျားတွင်လည်းကောင်း "ဥုံ. . မဏိပဒ်မေဟုံ" ဟူသော မန္တန် တည်ရှိနေသည်။ ထိုကျော်ကြားသော မန္တန်မှာ ဤဒုက္ခပင်လယ်ဝေနေ သော ကမ္ဘာလောကအတွက် အဝလောကိတေသရ၏ အကြီးမြတ်ဆုံး ချီးမြှင့်ပေးသနားမှုလက်ဆောင်တစ်ခုဖြစ်သည်။ စင်စစ်အားဖြင့် မန္တန်ကို ရွတ်ဆိုခြင်းမှာ နတ်ဘုရားများနှင့် ဆက်သွယ်ခြင်းနည်းလမ်းတစ်ရပ် ပင်ဖြစ်သည်-ဟုဆိုသည်။

တန္တရဝါဒီတို့၏ ထင်ရှားသော ဒေသနာတစ်ရပ်ဖြစ်သည့် မဟာဝေရောစနသုတ်၌ မန္တန်ရွတ်ဆိုမှုဖြစ်စဉ်တို့ကို လေးမျိုး ခွဲခြားသတ်မှတ်ထားသည်။ ယင်းတို့မှာအောက်ပါအတိုင်းဖြစ်သည်။

(တစ်) ဆင်ခြင်ဉာဏ်ဖြင့် ရွတ်ဖတ်ခြင်း

ဤရွတ်ဆိုမှုတွင် အင်္ဂါလေးရပ်ပါဝင်သည်။

(က) စိတ်ထဲတွင် အက္ခရာတို့၏ ပုံသဏ္ဌာန်ကိုဆင်ခြင်လျက် ရွတ်ဆိုခြင်း။

(ခ) အက္ခရာတစ်ခုချင်း၏ အသံကို ပီသအောင် ခွဲခြားရွတ်ဆိုခြင်း၊ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုခြင်း။

(ဂ) ပုဒ်တို့၏အဓိပ္ပာယ်ကိုနားလည်ခြင်း။

(ဃ) ရွတ်ဆိုနေစဉ် ဝင်လေထွက်လေကို နည်းလမ်းမှန်ကန်စွာရှုမှတ်အားထုတ်မှုပြုခြင်း။

(နှစ်) သတ်မှတ်ချက် (အချိန်၊ နေရာ) အတိုင်းရွတ်ဖတ်ခြင်း
(သုံး) ပန်းနံ့သာစသည်တို့ကို ပူဇော်လျက် ရွတ်ဖတ်ခြင်း။
(လေး) မန္တန်၏အစွမ်းဖြင့် အောင်မြင်မှု (သိဒ္ဓိ)ရရှိသောအခါ ရရှိကြောင်း အမှန်အတိုင်းသိရှိကာ ရွတ်ဖတ်ခြင်း။

(၂) ပူဇော်မှုဆိုင်ရာမုဒြာ

တန္တရဝါဒတွင် မန္တန်၏အသံသည် အရေးပါသကဲ့သို့ ပူဇော်စဉ် ပြုမူသော လက်ဟန်အနေအထားကလည်း အထူးအရေးပါသည်။ ယင်းလက်ဟန်အနေအထားမှာ များပြားရှုပ်ထွေးလှပြီး၊ အကျိုး ကျေးဇူးကြီးမားလှသည်ဟု ဆိုသည်။ ထိုရှုပ်ထွေးများပြားလှသော လက်ဟန်(မုဒြာ)အမျိုးမျိုးအနက် အသုံးများသော လက်ဟန်တို့ကို ဗုဒ္ဓ ရုပ်ထု၊ ဗောဓိသတ္တရုပ်ထုများတွင် တွေ့ရှိနိုင်

သည်။ ရုပ်ထုများကို ခွဲခြားရာ၌ လက်ဟန်အနေအထားကို အရင်းခံအားဖြင့် ကြည့်ရှုလေ့လာ၍ အမျိုးအစားပိုင်းခြားသတ်မှတ်ရသည်။

တန္တရဝါဒအရ ပူဇော်ပသရာတွင် ကိုယ်နှုတ်စိတ်သုံးပါးလုံး ပါဝင်ရမည်ဟုဆိုသည်။ ပူဇော်ရာ၌ လက်ဟန်(မုဒြာ) အားဖြင့် ကိုယ်ပိုင်းမှပါဝင်သည်။ မန္တန်ရွတ်ဆိုခြင်းဖြင့် နှုတ်ပိုင်းမှပါဝင်သည်။ စိတ်တည်ကြည်ခြင်း (သမာဓိ)ဖြင့် စိတ်ပိုင်းမှ ပါဝင်သည်ဟု ခံယူထားကြသည်။

## (၃) သမထနည်းလမ်း(သမထယာန)

လူထု၏ယုံကြည်ကိုးကွယ်လိုမှုနှင့် ယောဂစာရဂိုဏ်း၏ ဘာဝနာကျင့်စဉ်ကို တန္တရဝါဒက ပေါင်းစပ်ပေးထားသည်။ လူအများကိုးကွယ်မှုကို မဓျမိက ဂိုဏ်း၏ရုပ်လွန်အတွေးအခေါ်နှင့်လည်း ပေါင်းစပ်ပေးထားသည်။ တစ်နည်းပြောရလျှင် လူအများလက်ခံထားသော ရှေးရိုးစဉ်လာ နတ်ဘုရား၊ နတ်သမီး၊ စုန်းကဝေ စသည့် ပူဇော်မှုတို့ကို ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုအတွင်းသို့ သိမ်းသွင်းလိုက်ခြင်းပင် ဖြစ်သည်။

တန္တရဝါဒီတို့သည် ပညာပါရမိတာ ကျမ်း၏ ရုပ်လွန်အတွေးအခေါ်တစ်ရပ်ကို လက်ခံထားသည်။ ပညာပါရမိတာကျမ်းအရ သုည သဘောသာလျှင် တကယ့်ပရမတ္ထတရား ဖြစ်သည်ဟု ဆိုသည်။ ဤသဘောအရ နက်ဘုရားအမျိုးမျိုး အပါအဝင် အားလုံးသော အရာများသည် နောက်ဆုံး၌ အစစ်အမှန် မဟုတ်။ ဘာမျှမရှိ။ သုညသာ ဖြစ်သည်။ စိတ်ကူးဖြင့် ဖန်တီးထားချက်များ၊ အတွေးအယူများသာ ဖြစ်သည်။ နတ်ဘုရား အမျိုးမျိုးမှာလည်း စိတ်ကူးဖြင့် လက်ခံထားချက်များသာဖြစ်သည်။ နတ်ဘုရားတစ်ဆူမျှ

အစစ်အမှန် ရှိနေခြင်းမဟုတ်။ ဤသို့နတ်ဘုရားမရှိဟုယူဆခြင်းသည် သုညသဘောကို ဖော်ပြခြင်းသာဖြစ်သည်။ လောကရှိ သက်ရှိသက်မဲ့တို့သည် သုညသာဖြစ်သကဲ့သို့ နတ်ဘုရား များသည်လည်း ပရမတ္ထအားဖြင့် သုညသာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကျင့်စဉ်များ၌မူ နတ်ဘုရားကို ပူဇော်မှု၊ ရိုကျိုးမှုပြုခြင်းဖြင့် ဘဝအနှောင်အဖွဲ့များမှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်လက်ခံထားကြပြန်သည်။

နတ်ဘုရားအပေါ် အာရုံပြုကာ သမထပွားများရမည့် ကျင့်စဉ်ကို တန္တရဝါဒီတို့က အဆင့်လေးဆင့်ပိုင်းခြားထားသည်။

**ပထမဆင့်**

သုညသဘောကို နားလည်လက်ခံပြီး၊ မိမိကိုယ်(မိမိ၏အာရုံ)ကို သုညတွင် နစ်နေစေရမည်။ အာရုံစိုက်ထားရမည်။

ယောဂီသည် သုညသဘောကို အာရုံယူထားရမည်။ အတွေး အာရုံ၏ ပြင်ပတွင် ဘာမျှအစစ်အမှန် ပရမတ္ထအဖြစ် မရှိ။ ထိုသို့ အာရုံယူနေခြင်းဖြင့် တစ်ဦးချင်း၏ သက္ကာယစွဲပြုတ်မည်ဟုဆိုသည်။

**ဒုတိယအဆင့်**

ဗီဇအက္ခရာကို အကြိမ်ကြိမ်ရွတ်ပွားပြီး စိတ်အာရုံတွင် ထင်မြင်လာစေရမည်။

ဝေဒခေတ်မှစပြီး နောက်ပိုင်းတွင် အိန္ဒိယသားတို့သည်

အသံကို အလွန်အမင်း အလေးထားခဲ့ကြသည်။ အသံကို အက္ခရာဖြင့် ပုံဖော်ရသည်။ အက္ခရာတစ်ခုချင်းသည် ဆိုင်ရာနတ်ဘုရားကို ကိုယ်စားပြုသည်ဟု တန္တရဝါဒီတို့က ယူဆသည်။ နတ်ဘုရားအသီးသီး အတွက်ဆိုင်ရာ ဗီဇအက္ခရာကို သတ်မှတ်ထားသည်။ ထိုဗီဇအက္ခရာမှာ နတ်ဘုရား၏ ကိုယ်စားဖြစ်သည်ဟု ဆိုသည်။ အံ၊ ဟုံ၊ သွာဟ။ စသော အက္ခရာများဖြင့် အသံကို ရွတ်ဆိုလျှင် သက်ဆိုင်ရာနတ်ဘုရားထွက် ပေါ်လာသည်ဟု ယူဆသည်။ မရွတ်ဆိုမီက နတ်ဘုရားဖြစ်ပေါ် မနေသေး။ ဆိုင်ရာအသံကို ရွတ်ဖတ်လိုက်မှ နတ်ဘုရားဖြစ်ပေါ်လာသည် ဟု ယုံကြည်ကြသည်။

## တတိယဆင့်

ရုပ်ထုများ၊ ပန်းချီကားချပ်များတွင် တွေ့မြင်ရသည့်အတိုင်း၊ နတ်ဘုရား၏ပုံကို ထင်မြင်လာအောင် အာရုံယူရမည်။

နတ်ဘုရားကိုပုံသဏ္ဌာန်အမျိုးမျိုး ထုလုပ်ဖန်တီးလာရာ၌ တိကျရေရာသောအကြောင်းရင်း ဟူ၍မရှိချေ။ သို့သော်လည်း သာဓနကျမ်းများတွင် အမျိုးမျိုးဖော်ပြထားသည်။ ထိုဖော်ပြချက်များကို အခြေခံလျက် အနုပညာရှင်တို့က ရုပ်ထုများ၊ ပန်းချီပုံများကို ပုံဖော်ပေးခဲ့ကြသည်။ ထိုသို့အမျိုးမျိုးပုံဖော်မှုသည် ခရစ်နှစ် ၅၀၀ ခန့်ကပင် စတင်ခဲ့သည်ဆိုသည်။

တရားထိုင်၊ သမထကျင့်ရာ၌ သက်ဆိုင်ရာနတ်ဘုရားပုံကို ထင်မြင်လာအောင် .အာရုံယူထားရမည်ဟု တန္တရဝါဒီတို့က သတ်မှတ်သည်။

အသုံးပြုလေ့ရှိသည်။ (မြန်မာတို့က အင်းကွက်ဟု ခေါ်ဝေါ်သုံးစွဲကြသည်။) မဏ္ဍာလအချို့တွင် စကြဝဠာတစ်ခုလုံးကို ချုံ၍ဖော်ပြထားလေ့ရှိသည်။ ဗုဒ္ဓများ၊ ဗောဓိသတ္တများကိုသာမက၊ နတ်ဘုရားများ၊ တောတောင်များ၊ ပင်လယ်သမုဒ္ဒရာများ၊ နက္ခတ်တာရာများနှင့် ဆရာသခင်များကိုပင် ဖော်ပြထားလေ့ရှိသည်။ မဏ္ဍာလမှာ ရှေးဟောင်း မှော်ပညာ၊မျက်လှည့်ပညာမှ တိုက်ရိုက်ဆင်းသက်လာသောအစဉ်အလာဖြစ်သည်။

**တန္တရနှစ်မျိုး**

တန္တရဝါဒီတို့ ကျင့်သုံးသော စနစ်ကို
(၁) လက်ဝဲတန္တရနှင့် (၂) လက်ျာတန္တရ ဟူ၍နှစ်မျိုးခွဲခြားနိုင်သည်။

**(၁) လက်ဝဲတန္တရ**

လက်ဝဲတန္တရ၏ အဓိကအချက်များမှာ -
(က) ရှတ်ကတိကိုးကွယ်ခြင်း
( ခ) ကြမ်းကြုတ်သော နတ်ဘုရားများကို ပူဇော်ပသခြင်း
( ဂ) မေထုန်မှီဝဲမှုစသည့် တို့ကို ကျင့်သုံးခြင်း တို့ဖြစ်သည်။

**(က) ရှတ်ကတိ(Shakti) ကိုးကွယ်ခြင်း**

ရှတ်ကတိကိုးကွယ်ခြင်းဆိုသည်မှာနတ်ဘုရားမတစ်ဦး၏ ယောနိကိုရှိခိုးကိုးကွယ်ခြင်းဖြစ်သည်။ ရှတ်ကတိကို ကိုးကွယ်ရာ၌ နတ်ဘုရားတစ်ပါးနှင့် နတ်ဘုရားမတို့ပွေ့ဖက်ကာ ကာမစပ်ယှက်နေဟန်ထုလုပ်ကိုးကွယ်ကြသည်။ ထိုသို့ ကိုးကွယ်ခြင်းဖြင့် အားအစွမ်းကို

ရရှိသည်ဟု ယုံကြည်ကြသည်။

(ခ) ကြောက်မက်ဖွယ် ကြမ်းကြုတ်သော နတ်ဘုရားများကို ပူဇော်ပသခြင်း

နတ်ဆိုးများ မိစ္ဆာများ အများအပြားရှိသည်ဟု ခံယူပြီး၊ ကြမ်းကြုတ်သော ဘေရဝနတ်ဘုရားကို ရှိခိုးပူဇော်ကြသည်။ သချိုင်းမြေတွင် ပူဇော်ပသမှု ပြုလေ့ရှိသည်။ အတ္တကိုဖွဲ့စည်းဖြစ်ပေါ်စေသည့် အခြေခံဓာတ်များကို ပယ်ဖျက်ရန် နတ်ဆိုးများကို ပူဇော်ရသည်။

(ဂ) မေထုန်မှီဝဲမှု စသည်တို့ကို ကျင့်သုံးခြင်း

မေထုန်မှီဝဲမှု အပါအဝင် အခြားသောအကျင့်များကို ဘဝဒုက္ခမှ လွတ်မြောက်မှု ရရှိရေးအတွက် ဟုဆိုကာ ကျင့်သုံးကြသည်။ ၁၂- နှစ်ရွယ်စဏ္ဍာလဇါတ် အမျိုးသမီးငယ်နှင့်နေ့စဉ် မေထုန်မှီဝဲနိုင်လျှင် အကောင်းဆုံးဖြစ်သည်ဟုပင် ရေးသားကြသည်။(မေထုန)

ဗုဒ္ဓဘာသာရဟန်းကျင့်ဝတ်များနှင့် ဆန့်ကျင်ကာ ကာမဂုဏ်ခံစားရန်လည်း တိုက်တွန်းရေးသားကြသည်။ မိမိတို့ အလိုရှိသော ကာမဂုဏ်ကို အလိုရှိတိုင်း ခံစားခြင်းဖြင့် ဗောဓိဉာဏ်ကို ရရှိနိုင်သည်ဟုဆိုသည်။ ပါရမီဖြည့်ဆည်းမှု အပင်ပန်းခံကျင့်သုံးမှု မလိုဘဲ၊ စည်းစိမ်ခံစားရင်း၊ ကာမဂုဏ်ခံစားရင်း ဗုဒ္ဓအဖြစ်ရောက်ရှိနိုင်သည်ဟု ယူဆသည်။ ကာမဂုဏ်သည် လွတ်မြောက်မှု၏ ပန်းတိုင်ဖြစ်သည်။ ကာမဂုဏ်ခံစားမှုသည် နိဗ္ဗာန်နှင့် ထပ်တူဖြစ်သည်ဟုဆိုသည်။

ဆင်သား၊ မြင်းသားနှင့် ခွေးသားတို့ကို စားသောက်နေထိုင်ရမည့်ဟုလည်း ခံယူထားကြသည်။ (မံသ။)

စားစရာသောက်စရာများကို ကျင့်ကြီးကျင်ငယ်သို့မဟုတ် အသားရောနှောစားသုံးရမည်ဟု လည်းဆိုသည်။ သေရည်သေရက် သောက်စားခြင်းကိုလည်း ကျင့်စဉ်တစ်ရပ်သဖွယ်ပြုလုပ်ကြသည်။ (မဇ္ဇ) (မေရယ)

ထို့ကြောင့် အထက်ပါ ကျင့်စဉ်များကို ၅မထုန-မံသ-မဇ္ဇကျင့်စဉ် (ဝါ) မ,သုံးလုံးကျင့်စဉ်များဟု ခေါ်ကြသည်။ (မြန်မာတို့အခေါ်-အောက်လမ်းဂိုဏ်းဖြစ်သည်။)

## (၂) လက်ျာတန္တရ

လက်ျာတန္တရသည် လျှို့ဝှက်ဆန်းကြယ်သော မန္တန်တို့ကို ရွတ်ဖတ်ခြင်း၊ ခန္ဓာ ကိုယ်၊ လက်၊ လက်ချောင်းတို့ကို လှုပ်ရှားကာ ယဇ်ပူဇော်ခြင်း၊ လျှို့ဝှက်စက်ဝိုင်း မဏ္ဍလနှင့် ဆက်နွယ်လျက် အခမ်းအနားပြုခြင်း၊ တရားထိုင်ခြင်းတို့နှင့် အဓိကသက်ဆိုင်သည်။

လျှို့ဝှက်စက်ဝိုင်း မဏ္ဍလသည် သက်ဆိုင်ရာ နတ်ဘုရားများစုဝေးရာ နေရာဖြစ်သည်ဟု ခံယူထားကြသည်။ စက်ဝိုင်းမဏ္ဍလကို အဝတ်ပေါ်မှာ ဖြစ်စေ၊ စက္ကူပေါ်မှာဖြစ်စေ၊ မြေကြီးပေါ်မှာ ဖြစ်စေ ရေးဆွဲလေ့ရှိသည်။ ရေးဆွဲရာ၌ နတ်ဘုရားများကို ရုပ်ပုံဖြင့် ဖြစ်စေ၊ သင်္ကေတအက္ခရာ စာလုံးဖြင့်ဖြစ်စေ ဖော်ပြလေ့ရှိသည်။ ဤသို့သော လျှို့ဝှက်စက်ဝိုင်းများအနက် အထင်ရှားဆုံး တစ်ခုမှာ "ဂဗ္ဘဓာတုမဏ္ဍလ" ဝမ်းဗိုက်အခြေခံ စက်ဝိုင်းဖြစ်သည်။ ဤစက်ဝိုင်းကို ဆယ့်သုံးပိုင်း ပိုင်းခြားရေးဆွဲသည်။ နတ်ဒေဝတာ လေးရာ့ငါး

(၄၀၅)ပါးကို လည်းဖော်ပြထားသည်။ ဤစက်ဝိုင်း၏ ဗဟိုတွင်ရှိသော အရုပ်မှာ "မဟာဝေရောစန"ဖြစ်သည်။ ထွန်းတောက်တင့်တယ်သော ပုဂ္ဂိုလ်ဟုဆို လိုသည်။ မဟာဝေရောစနသည် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်သို့မဟုတ် ထာဝရဗုဒ္ဓဖြစ်သည်ဟု တန္တရဗုဒ္ဓဘာသာဝင်တို့က ယူဆကြသည်။ ဤစက်ဝိုင်းတွင် ဖော်ပြထားသော အခြားသော ဗုဒ္ဓဗောဓိသတ္တနှင့် နတ်ဒေဝတာအမျိုးမျိုးတို့မှာ ဤအမြတ်ဆုံးဗုဒ္ဓ၏ ကိုယ်ပွားတော်များသာဖြစ်ပြီး၊ များပြားလှသော ဆောင်ရွက်ချက်များကို ကိုယ်စားပြုနေသည့် သင်္ကေတများသာ ဖြစ်သည်ဟုဆိုသည်။ မဟာတန်ခိုးရှင် ဗုဒ္ဓသည် အမြဲတစ်စေ နေရာတိုင်းမှာတည်ရှိနေပြီး၊ အမြဲတစ်စေ ညွှန်ကြား ပဲ့ပြင်နေသည်ဟူသော သစ္စာတရားကို အာရုံစူးစိုက်နိုင်ရန် အတွက် မဏ္ဍလစက်ဝိုင်းက ယောဂီအား အထောက်အပံ့ဖြစ်စေသည်။ မြင်သာသော သင်္ကေတအဖြစ် ဤစက်ဝိုင်းကို အသုံးပြုကြခြင်းဖြစ်သည်။

တစ်ခါတစ်ရံ၌မူ စက်ဝိုင်းမဏ္ဍလသည် လောကီပတ်ဝန်းကျင်မှ သီးခြားဖြစ်စေရန် မြေပြင်၌ ရေးဆွဲထားသည်။ ထိုစက်ဝိုင်းသည်စည်းဝိုင်းဖြစ်သွားသည်။ ထိုစည်းဝိုင်းအတွင်း၌ အသစ်ခံယူလိုသူ၏ဘာသာဝင် (ဂိုဏ်းဝင်) ခံယူပွဲ အခမ်းအနားကို ပြုလုပ်လေ့ရှိသည်။ ဤသို့ ပြုလုပ်လေ့ရှိသော အခမ်းအနားများမှာ ရေဖျန်းခံပွဲ၊ သရဖူဆောင်းပွဲ၊ စလွယ်တင်ပွဲ၊ ခေါင်းလောင်းထိုးပွဲ၊ ကျမ်းသစ္စာကျိန်ဆိုပွဲ၊ ဆန်းကြယ်သော အမည်ခံယူပွဲ၊ ဆရာ့ထံမှ ခေါင်းလောင်းနှင့် မိုးကြိုးသွား (ဝရဇိန်)ခံယူပွဲတို့ဖြစ်သည်။

လက်ျာတန္တရသည် တန္တရကျင့်စဉ်အပိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်သော ဂါထာမန္တန်များကို ရွတ်ဖတ်ခြင်း၊ မုဒြာအမျိုးမျိုးဖြင့် ပူဇော်ကာ နတ်ဘုရားနှင့် တစ်သားတည်းဖြစ်အောင် အားထုတ်ခြင်း၊

သမထကျင့်စဉ်ဖြင့် ကိုယ်တိုင်နတ်ဘုရားသဖွယ်ဖြစ်အောင် အားထုတ်ခြင်းတို့ကို အလေးထားဆောင်ရွက်သည်။ အချို့က အသက်နှစ်ပေါင်း များစွာရှည်မည့်နည်းများကိုလည်း ရှာဖွေကျင့်သုံးခဲ့ကြလေသည်။
(မြန်မာတို့အခေါ် အထက်ဂိုဏ်း၊ ထွက်ရပ်ဂိုဏ်းလမ်းစဉ်ဖြစ်သည်)

## ယောဂကျင့်စဉ်

တန္တရဝါဒီတို့သည် ခန္ဓာကိုယ်ကို ထိန်းချုပ်နေထိုင်သည့် ယောဂကျင့်စဉ်ကိုလည်း ကျင့်သုံးခဲ့ကြသည်။

လူသည်ခန္ဓာငါးပါး အစုအဝေးမျှသာဖြစ်သည်ဟု ရှေးဦးဗုဒ္ဓဘာသာက ခံယူခဲ့ပြီးဖြစ်သည်။ ထိုခန္ဓာငါးပါးသည် သတိနှင့်ယှဉ်ကာ ကျင့်သုံးသူအဖို့ အခြေခံ ရှုပွားစရာလည်းဖြစ်သည်။ တန္တရဝါဒီတို့ကလည်း မိမိတို့အစီပွာယ်ဖြင့် မိမိတို့ခန္ဓာငါးပါးကို အသုံးချကြလေသည်။

ခန္ဓာငါးပါးကို တရားရရေးအတွက် အသုံးချရမည်ဆိုရာ၌ တန္တရဝါဒီတို့က ခန္ဓာကိုယ်ကို ဝရဇိန်ပမာဖြစ်အောင် ပြောင်းလဲရမည် (ဝဇီရကာယ)ဟု ခံယူသည်။ ထိုသို့ပြောင်းလဲကျင့်သုံးရာမှ အသိဉာဏ်ထူးရရှိမည်။ ဗောဓိဉာဏ်ရရှိမည်ဟု ယူသည်။ ခန္ဓာကိုယ်၌အာရုံကြောပေါင်း ထောင်သောင်းပါရှိသည်။ သွေးကြောနှင့် လေကြောများစွာ ပါရှိသည်။ အာရုံကြောများဆုံရာ ဗဟိုအချက်အချာနေရာလေးခုပါရှိသည်။ ထိုဗဟိုအချက်အချာများကို အကြောဆုံ (စက္က)ဟုလည်းခေါ်သည်။ ကြာပန်း(ပဒုမ)ဟုလည်း ခေါ်သည်။

အောက်ဆုံး ဗဟိုချက်သည် ချက်ပတ်လည်၌ တည်ရှိသည်။ ဒုတိယ ဗဟိုချက်သည် နှလုံးအိမ်တည် နေရာ၌ရှိသည်။ တတိယ ဗဟိုချက်သည် လည်ပင်းအောက်နား အသက်ရှူပြွန်တွင် တည်ရှိသည်။ နောက်ဆုံး စတုတ္ထဗဟိုချက်သည် ဦးခေါင်း၌တည်ရှိသည်။

ထောင်ပေါင်းများစွာသော အာရုံကြောများအနက် အရေးကြီးဆုံးမှာ သုံးခုဖြစ်သည်။ ယင်းသုံးခုသည် ကျောရိုးအာရုံကြောမကြီး၏ တစ်ဘက်တစ်ချက်နှင့် အလယ်တွင် အသီးသီးတည်ရှိနေသည်။ ဘယ် ဘက်အာရုံကြောသည် ပညာကို ကိုယ်စားပြုသည်။ ညာဘက်အာရုံကြောသည် ကျွမ်းကျင်မှုကို ကိုယ်စားပြုသည်။ အလယ်အာရုံကြောသည် ပေါင်းစည်းမှုကို ရည်ညွှန်းသည်။

ယောဂကျင့်စဉ်များကို ကျင့်သုံးရာ၌ ကျွမ်းကျင်သော ဆရာဂုရု၏အကူအညီလိုအပ်သည်။ ဆရာ၏ ကူညီလမ်းပြမှုဖြင့် ယောဂီသည် ပညာနှင့်ကျွမ်းကျင်မှုတို့ကို အောက်ဆုံးဗဟိုချက်တွင် ပေါင်းစည်းစေပြီး၊ ဗောဓိဉာဏ်စဉ် (ဗောဓိစိတ္တ)ကို ဖော်ထုတ် ရသည်။ ထို့နောက် ပေါင်းစည်းမှုကို အလယ်အာရုံကြော တစ်လျှောက်အတိုင်း အထက်သို့ ရွေ့လျားစေကာ နောက်ဆုံးတွင် အမြင့်ဆုံး ဗဟိုချက် ဦးခေါင်း ၌ တည်ငြိမ်နေစေရမည်ဖြစ်သည်။ ဤသို့အားထုတ်မှုတွင် ဝင်လေထွက်လေကို စနစ်တကျရှူရှိုက်တတ်ရန် လွန်စွာအရေးကြီးသည်။

ဝင်လေထွက်လေသည် မရှိမဖြစ် လိုအပ်သောအသက်ရှင်လေကို ပုံမှန်လည်ပတ်စေသည်။ ထိုအသက်ရှင်လေများသည် အာရုံကြောများတွင် ဂန္ဓာရီ စွမ်းအင်များကို စီးဆင်းစေသည်။ အမှန်တရားသည် ခန္ဓာကိုယ်တွင်း၌ တည်ရှိသည်။ ယောဂကျင့်စဉ်အားဖြင့် အမှန်တရားကို အပြင်သို့ ထုတ်ဆောင် ပေးနိုင်သည်

ဟု တန္တရဝါဒီတို့က ယုံကြည်လေသည်။

မန္တရယာန

မန္တရယာနဟုဆိုသော်လည်း သီးခြားဂိုဏ်းမဟုတ်ချေ။တန္တရတို့၏ မန္တန်ရွတ်ဆိုမှုကိုပင် ဆိုလိုခြင်းဖြစ်သည်။ တန္တရဝါဒီတို့သည်
၁။ ဘေးရန်ကင်းစေရန် လောကီအကျိုးပြည့်စုံစေရန်
၂။ ဂြိုလ်ဆိုး၊ နတ်ဆိုးတို့၏ လွှမ်းမိုးမှုမှ လွတ်ကင်းရန်
၃။ ဘဝဒုက္ခမှ လွတ်မြောက်မှု (ဝိမုတ္တိ)ရရန်
မန္တန်ရွတ်ဆိုကြကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

မန္တရဝါဒီတို့သည်မန္တန်ရွတ်ရာ၌ . . .
၁။ ဝင်လေထွက်လေ ရှူမှု ကျနစေရမည်။
၂။ အသံထွက်ပီပြင်၊အဖြတ်အတောက်မှန်ကန်ကာ မာန်ပါစေရမည်။
၃။ ဗုဒ္ဓကို အာရုံပြုထားရမည်။
၄။ ကန်တော့ပွဲပြင်ဆင်ပြီး ဆိုင်ရာနတ်ဘုရားကို ပသရမည်။
၅။ ထိုင်ခြင်း၊ရပ်ခြင်းစသော ကိုယ်ဟန်၊ခြေထားလက်ထားစသော မုဒြာတို့ကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ ဟန်ပါပါပြုလုပ်ရမည် ဟုဆိုသည်။

ထိုသို့လိုအပ်သော အင်္ဂါရပ်များနှင့် ပြည့်စုံစွာ ရွတ်ဖတ်ပါက လိုရာအကျိုးပြည့်စုံသည်ဟု ယုံကြည်ကြသည်။

ထို့ပြင် မဏ္ဍလ(အင်းအိုင်၊ ခါးလှည့်)ပြုလုပ်ရာ၌ စနစ်တကျ သင်ယူထားသူ၊ ကျွမ်းကျင်စွာ လေ့ကျင့်ထားသူ၊ ဆိုင်ရာဂိုဏ်း၏ သတ်မှတ်ချက်နှင့်ညီညွတ်သူ ဆရာ(ဂုရု)က ပြုလုပ်ပေးမှသာ လိုရာ

အကျိုးပြည့်စုံနိုင်သည်ဟု ယူဆသည်။ မန္တန်ရွတ်ဆိုရာ၌လည်း လေ့ကျင့်ထားသူ ဆရာက ရွတ်ဖတ်လျှင် ထိရောက်သည်ဟုဆို လေသည်။

မန္တ ရဝါဒီတန္တရဝါဒီတို့ ရွတ်ဖတ်သော မန္တန်များမှာသုတ္တန် အတိုများ၊ ကောက်နုတ်ချက်များမှစပြီး သုတ်တို့၏အစ၊ ဒေသနာ ၏အစ၊ဝေါဟာရ၏အစ၊ ဂုဏ်တော်၏အစ၊ စသည်ဖြင့် အစအက္ခရာ ကိုသာ ယူကာ၊ စပ်သီထားသော မန္တန်များလည်း ပါဝင်သည်။ စမဗဝ၊ ဒုသနိမ စသည်ဖြင့် ဖွဲ့သီထားမှုများ ပါဝင်သည်။ လူတိုင်းနားလည် နိုင်သော အဓိပ္ပာယ်မျိုး မပေါ်လွင်၊ ထိုသို့အဓိပ္ပာယ်မပေါ်လွင်သည့် မန္တန် များပင်ဖြစ်သော်လည်း ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပါက အသံ၏ အစွမ်းကြောင့် မကောင်းဆိုးဝါးများ ထွက်ပြေးရသည်။ ဘေးရန်များ ပပျောက်သည်။ လိုရာအကျိုးပြည့်စုံသည်ဟုယူဆ ကြသည်။

ထိုမှတစ်ပါး၊ မန္တန်များကို ကိုယ်တိုင်ရွတ်ဆိုမှု မပြုသော် လည်း မန္တန်ကို တွေ့မြင်ရုံဖြင့် လိုရာ အကျိုးပြည့်စုံနိုင်သည်ဟု ယူဆ မှုလည်း ရှိသည်။ မဟာယာနလောကတွင် အထူးထင်ရှားသည့် "ဥံမဏိပဒ်မေဟုံ" ဟူသောမန္တန်ကို တိဗက်တို့ အသုံးပြုပုံကို လေ့လာ ကြည့်ပါက "အို . . ကြာပွင့်ထဲက ပတ္တမြားရတနာ" ဟု အနက်ရရှိ သော ဤမန္တာန်ကို တိဗက်တို့သည် လူတိုင်း ရွတ်ဖတ် ကြရုံသာမက အလံများ၊ တံခွန်များ၊ တိုင်လုံးများ၊ ဆုတောင်းရာတွင် အသုံးပြုသော စက္ကဘီးဝန်းများ၊ ရေအားဖြင့် လည်ပတ်သော ဘီးကြီးများ၊ ကျောက် ဆောင်ကျောက်တုံးများ၊ အိမ်နံရံများတွင် ရေးသား ထားလေ့ရှိသည်။ ထိုမန္တန်ကို စီရင်ရေးသားထားသည့် တိုင်လုံးကြီးများကို လမ်းဘေး ဝဲယာတွင် တွေ့ရှိပါက ခရီးသွားအနေဖြင့် ဘာမျှထူးထူးထွေထွေ

လုပ်နေစရာမလိုဘဲ၊ တိုင်လုံးရှိရာသို့ လည်ပြန်လှည့် ကြည့်နေရုံသာဖြစ်သည်။ ဤသို့ကြည့်ရုံဖြင့် မန္တန်ကို ကိုယ်တိုင်ရွတ်ဆို သကဲ့သို့ ကောင်းကျိုးခံစားရမည်ဟု ယုံကြည်ကြသည်။ ရေအားဖြင့် လည်ပတ်နေသော မန္တန်ရေးထားသည့် ဘီးကြီးများအနီးမှ ဖြတ်သန်းသွားလာရသောအခါ ထိုသို့ဖြတ်သန်းသွားလာရခြင်းကပင်လျှင် ကောင်းမှုကုသိုလ်ဖြစ်သည်ဟု ယူဆထားကြသည်။

မန္တရဆရာတို့သည် မိုးရွာစေလိုသောအခါ ယဇ်ပူဇော်မှုအစီအရင်ကို အသေးစိတ်ပြုလုပ်ပြီး

"ဉုံယုရု ယုရုယုဒုယုဒုယတ ယတ ယောတယယောတယက" ဟူသော မန္တန်ကို ရွတ်ဆိုရုံဖြင့် မိုးရွာစေနိုင်သည်ဟုလည်း ယုံကြည်ကြသည်။

မိုးရွာစေရန် သို့မဟုတ် တစ်စုံတစ်ခုသော ကောင်းကျိုးဆိုးကျိုးဖြစ်ပေါ်စေရန် မန္တန်ရွတ်ဖတ်ခြင်းမှာ မန္တရဝါဒီ၊ တန္တရဝါဒီတို့အနေဖြင့် ကံနှင့်ကံ၏ အကျိုးဆက်ကို ထည့်မတွက်ဘဲ၊ အရာရာကို မန္တန်တန်ခိုးဖြင့် ဖန်ဆင်းနိုင်သည်ဟု လက်ခံထားကြောင်း ဖော်ညွှန်းနေသည်။ တန်ပြန်မန္တန်များကို မှန်မှန်ကန်ကန် ရွတ်ဆိုနိုင်လျှင် မကောင်းကံ၏ ဆိုးကျိုးကို ဖယ်ရှားနိုင်သည်ဟု ဆိုလိုရာ ရောက်နေသည်။ ကံနှင့်ကံ ၏ အကျိုးဆက်ကို မယုံကြည်ရာလည်း ရောက်နေသည်။ ထို့ပြင် လျှို့ဝှက်သော မန္တန်တို့၏ ဆန်းကြယ်သော စွမ်းအားကို အသုံးပြုခြင်းဖြင့် ဗောဓိဉာဏ်ရရှိနိုင်သည်။ ဘုရားဖြစ်နိုင်သည်ဟုလည်းလက်ခံ ကြသည်။ ဤအချက်မှာ ကံနှင့်ကံ၏ အကျိုးဆက်ကို ယုံကြည်သည့် မူလပင်ရင်း ထေရဝါဒနှင့် လုံးဝဆန့်ကျင်ခြားနားနေသော အယူအဆပင်ဖြစ်သည်ဟု ထေရဝါဒီသုတေသီတို့က ဝေဖန်ချက်များပေးခဲ့ကြသည်။

## အခန်း(၉)
## ဗြာဟ္မဏဝါဒ

ဗြာဟ္မဏဝါဒသည် ဝေဒကျမ်းလာအယူအဆ များကိုလက်ခံသည်။ ဗြာဟ္မဏဝါဒသည် ယခုခေတ်ဟိန္ဒူဘာသာ၏ ရှေ့ပြေးဖြစ်သည်။ ဝေဒကျမ်းများအရ ဖန်ဆင်းရှင်၊ ဗြဟ္မာရှိသည်ဟု ယုံကြည်သည်။ ဗြဟ္မာ၏ ဖန်ဆင်းမှုကြောင့် လူသတ္တဝါ များပေါ်ပေါက်လာသည်။ ဗြာဟ္မဏ ဟူသော အမည်သည် ဗြဟ္မာမှ ဆက်နွယ်လာခြင်း၊ ဆင်းသက်လာခြင်း ဟူသောအဓိပ္ပာယ် ရရှိသည်။

ဗုဒ္ဓမတိုင်မီ အိန္ဒိယနိုင်ငံ၏ ဘာသာရေး အခြေအနေကို ဖော်ပြခဲ့ပြီးဖြစ်၍ ဤအခန်း၌ဗြာဟ္မဏဝါဒနှင့် ထေရဝါဒဗုဒ္ဓဘာသာတို့၏ တူညီနီးစပ်မှုနှင့် ကွဲပြားခြားနားမှုများကိုသာ ဖော်ပြမည်ဖြစ်သည်။

စင်စစ်အားဖြင့် ဂေါတမဗုဒ္ဓသည် ဖန်ဆင်းရှင် ဗြဟ္မာကို လက်ခံသော ဗြာဟ္မဏဝါဒကို တော်လှန်ကာ ဘာသာရေးအမြင်သစ်များကို ဖြန့်ချိခဲ့ခြင်းကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသည် ဗြာဟ္မဏဝါဒနှင့် အနှစ်သာရအားဖြင့် တူညီခြင်းမရှိချေ။ ထိုသို့ မတူညီရခြင်းသည် ဖန်ဆင်းရှင်ကို လက်ခံခြင်း၊လက်မခံခြင်းသည် ပဓာနအကြောင်းခံဖြစ်သည်။ ဖန်ဆင်းရှင် ဣဿရ ရှိသည်ဟု လက်မခံသော ဗုဒ္ဓဘာသာသည် ဗြာဟ္မဏဝါဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ ဖန်ဆင်းရှင်ဗြဟ္မာကို ဗြာဟ္မဏဝါဒအရ မဟာအတ္တ (အတ္တကြီး) ဟုလည်း ခေါ်သည်။ စကြဝဠာအတ္တဟုလည်း ခေါ်သည်။ ထိုမဟာအတ္တမှ လူသတ္တဝါအသီးသီး သည်အတ္တငယ်များတစ်ဦးချင်းအတ္တများ အဖြစ်ခွဲထွက်လာသည်။ ထိုအတ္တများသည် ဘဝအမျိုးမျိုးတွင် ကျင်လည်ကြသည်။ နောက်ဆုံးတွင် မဟာအတ္တနှင့် ပြန်လည်ပေါင်းဆုံမိကာ၊ လွတ်မြောက်မှု (ဝိမုတ္တိ)ရ၏ဟု ဗြာဟ္မဏ ဝါဒက ခံယူသည်။ ဤလွတ်မြောက်မှုကို ဗုဒ္ဓဘာသာ၏ နိဗ္ဗာန်နှင့်တူသည် ဟုအချို့ပညာရှင်တို့က ယူဆကြသည်။

ဗုဒ္ဓ ဓမ္မအခန်း၌ ထေရဝါဒ ဗုဒ္ဓဘာသာက လက်ခံထားသောနိဗ္ဗာန်သဘောကို ဖော်ပြခဲ့ပြီးဖြစ်သည်။ လွတ်မြောက်မှုရခြင်း (ဝိမုတ္တိ)ကို နိဗ္ဗာန်အဖြစ် ဗုဒ္ဓဘာသာက ခံယူပါသည်။ သို့ရာတွင် လွတ်မြောက်ပုံ လွတ်မြောက်နည်းမှာမူ ဗြာဟ္မဏဝါဒက ယူဆပုံနှင့် မတူချေ။ ခန္ဓာငါးပါးကို ဖြစ်ပွားစေမည့် အဝိဇ္ဇာဦးဆောင်သော ကိလေသာတို့ကို အရင်းအမြစ်မှ ပယ်လှန်လိုက်ခြင်းကြောင့် ရေသောက်မြစ်ပြတ်ပြီးသော သစ်ပင်သည် နောက်ထပ်တစ်ဖန်ပြန်လည်ရှင်သန်ရန် မဖြစ်နိုင်တော့သည့်နည်းတူ ဘဝဖြစ်စေနိုင်သည့် အကြောင်းကံကို ဖျက်သိမ်းချုပ်ငြိမ်းစေခြင်းကြောင့် ဘဝဟူ၍ နောက်ထပ်မဖြစ်

တော့ဘဲ ချုပ်ငြိမ်းသည်။ ဘဝချုပ်ငြိမ်းခြင်းကြောင့် ဒုက္ခချုပ်ငြိမ်းသည်။ ထိုသို့ဒုက္ခချုပ်ငြိမ်းခြင်း၊ဒုက္ခမှကင်းလွတ်ခြင်းကိုပင် လွတ်မြောက်မှုရသည်ဟု ဗုဒ္ဓဘာသာက ခံယူခြင်းသာဖြစ်သည်။

ဗြာဟ္မဏဝါဒက မဟာအတ္တ(ဗြဟ္မာ)ကို လက်ခံသကဲ့သို့ တစ်ဦးချင်းအတ္တကိုလည်း လက်ခံသည်။ ထိုအတ္တသည် မပျက်စီးနိုင်။ မသေနိုင်သော အမြဲတေဖြစ်သည်ဟုလည်း ယူဆသည်။ ဗုဒ္ဓဝါဒအရ၊ အတ္တရှိသည်ဟုံ မယူဆကြောင်း၊ အနတ္တဝါဒအပိုင်းတွင် ရှင်းပြခဲ့ပြီးဖြစ်သည်။ ဗြာဟ္မဏဝါဒီပညာရှင်တချို့ကမူ ဗြာဟ္မဏဝါဒအရ၊ ငါဟုယုံကြည် စွဲမှတ်မှု "အဟံကာရ"ကို ပယ်ရမည်ဟုဆိုခြင်းနှင့် ဗုဒ္ဓဝါဒအရ မာနကိုပယ်ရမည်၊ ငါ၊ ငါ့ဟာဟူသော အစွဲကို ပယ်ရမည်ဟု ဆိုခြင်းတို့သည် ထပ်တူဖြစ်သည်ဟု ရှင်းပြကြသည်။ ဤသို့တူညီသည်ဆိုခြင်း မှာလည်း အပေါ်ယံသဘောကြည့်၍ ပြောဆိုခြင်းသာဖြစ်သည်။ ဗြာဟ္မဏဝါဒကပယ်သော အဟံကာရမှာ ငါတကော ကောမှု မာနကြီးမှုကို ချိုးနှိမ်စေခြင်းသာဖြစ်သည်။ အတ္တကိုပယ်ခြင်း မဟုတ်။ ဗုဒ္ဓဘာသာက ပယ်သော သက္ကာယအစွဲမှာ မာနနှင့်တကွ အတ္တကိုပါ ပယ်ခြင်းဖြစ်သည်။ အမာခံအမြဲတေရှိသည်ဟူသောအယူအစွဲကိုလည်းပယ်ခြင်းဖြစ်သည်။

ဗြာဟ္မဏဝါဒ၌ ကောင်းမှု မကောင်းမှု သဘောကို လက်ခံသော်လည်း၊ ကံ (ပြုသောကံ)၏အကျိုး 'ကမ္မဖလ'ကိုအသေအချာ လက်ခံထား ခြင်းမရှိချေ။ ယဇ်ပူဇော်ခြင်းဖြင့် ကောင်းကျိုးကို လိုရာရရှိနိုင်သည်၊ နတ်ဘုရားတို့၏ ချစ်ခင်မြတ်နိုးမှု ကိုရရှိနိုင်သည်ဟု ယူဆကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာတွင်ကား မိမိပြုသောကံနှင့်တူညီသည့် အကျိုးပေးကို ရရှိမည်ဟု ယူဆသည်။ ကောင်းမှုလုပ်လျှင်၊ ကောင်းကျိုးခံစားရမည်။ မကောင်းမှုလုပ်လျှင် မကောင်း

ကျိုးကို ရင်ဆိုင်ရမည်။ မိမိစိုက်ပျိုးသော မျိုးစေ့နှင့် တူညီသည့် အကျိုးကို ရရှိမည်ဟု ခံယူသည်။ ထို့ကြောင့် ကံကိုလက်ခံခြင်း၌လည်း ဗုဒ္ဓဝါဒ နှင့်ဗြာဟ္မဏဝါဒမတူညီချေ။

ဗြာဟ္မဏတို့သည် လူလူချင်းအဆင့်ခွဲကြသည်။ အဆင့်ခွဲရာ၌လည်း မျိုးရိုးဇာတိကို အခြေခံသည်။ ဗြာဟ္မဏမျိုးရိုးဇာတိသည် ဗြဟ္မာကြီး၏ ခံတွင်းမှ ဆင်းသက်လာကြသူများဖြစ်၍ အမြတ်ဆုံးဖြစ်သည်။ ဩဇာအထက်ဆုံးဖြစ်သည်။ ပညာအတတ်ဆုံးဖြစ်သည်။ ပြောနိုင်ဟောနိုင် ဆုံးမနိုင်သူများဖြစ်သည်။ ခတ္တိယတို့မှာ ဗြဟ္မာ၏ လက်မောင်းမှ ဆင်းသက်လာသူများဖြစ်၍ လက်ရုံးရည်သမားများသာဖြစ်သည်။ ဗြာဟ္မဏတို့ကို ခြံရံရသူ၊ လုပ်ကျွေးရသူများသာဖြစ်သည်ဟုဆိုသည်။ ဂေါတမဗုဒ္ဓကိုပင်လျှင် မိမိတို့ကဲ့သို့ ဗြာဟ္မဏမျိုးမဟုတ်၍ မိမိတို့နှင့် မတူမတန်ဟု အမ္ဗဋ္ဌစသူတို့က ယူဆခဲ့ကြသည်။ နှိမ့်ချဆက်ဆံရန် ကြိုးပမ်းခဲ့ကြသည်။ (ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ အမ္ဗဋ္ဌသုတ်) ဗုဒ္ဓဝါဒ၌မူ လူလူချင်းမျိုးရိုးဇာတ်အားဖြင့်အဆင့်အတန်း ခွဲခြားခြင်းမရှိ။ ပြုသောကံအလျောက်သာ ကောင်းသောသူ၊ မကောင်းသောသူဟုသတ်မှတ်ရသည်။ဗြာဟ္မဏသည်မြင့်မြတ်သည် ဟူသော အဓိပ္ပာယ်ဆောင်ယါက မျိုးရိုးဇာတ်သက်သက်ဖြင့် ဗြာဟ္မဏ မဖြစ်နိုင်။ မိမိပြုသော ကံကိုအကြောင်းပြု၍သာ ဗြာဟ္မဏ ဖြစ်နိုင်သည် (ဓမ္မပဒ၊ ၃၉၃) ဟု ဘုရားရှင်က ရှင်းပြခဲ့သည်။

ဤသို့အရင်းခံအားဖြင့် ဗြာဟ္မဏဝါဒနှင့် ထေရဝါဒဗုဒ္ဓဘာသာတို့ မတူခြားနားကြသော်လည်း မြန်မာထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ကြားတွင် ဗြာဟ္မဏအယူအဆများ လွှမ်းမိုးလျက်ရှိသည်။ ဗြာဟ္မဏနတ်ဘုရားများကို ကိုးကွယ်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

## အခန်း(၁၀)
## မြန်မာဗုဒ္ဓဘာသာဝင်တို့၏
## သာသနာပယ်ကြည်ကိုးကွယ်မှုများ

"ဘေးကို ကြောက်ရွံ့ထိတ်လန့် ကုန်သော သူတို့သည် တောတောင်တို့ကိုလည်းကောင်း၊ နေရာအရံတို့ကိုလည်းကောင်း၊ တောဆိုးသစ်ပင်တို့ကိုလည်းကောင်း၊ (ဘေးမှလွတ်ရန်) များစွာ ဆည်းကပ်ကိုးကွယ်ကြကုန်သည်ဟုဂေါတမဗုဒ္ဓက မိန့်တော်မူသည်။"*

ဤသို့ကိုးကွယ်ခြင်းမှာ သမိုင်းမတင်မီကာလမှ ယနေ့တိုင်ရှိနေသည်။ ဘေးအန္တရာယ်မှ လွတ်ရန်၊ လိုတာမရသော ဘေးမှလွတ်ရန်၊ ရပြီးသား လက်လွတ်ရမည့် ဘေးမှလွတ်ရန်အတွက်၊ ရေနစ်သူသည် ဆွဲမိဆွဲရာကိုဆွဲကိုင်အားကိုးတတ်သကဲ့သို့ တွေ့ရာကြုံရာနှိုးနွှယ်ရာကို ကောင်းလိမ့် နိုးနိုး အားကိုးကြသည်။ ကိုးကွယ်ကြသည်။ ဗေဒင်မေးကြသည်။ နတ်မေးကြသည်။ လတ်တလောဒုက္ခ၊ လောကီဒုက္ခ၊ ရတာမလို၊ လိုတာ မရသော ဒုက္ခတို့မှလွတ်ရန် ကိုးကွယ်ရာရှာကြသည်။

---

*ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။

အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။(ဓမ္မပဒ၊ ၁၈၈)

ဤသို့ကိုယ်ကျိုးကို အခြေခံလျက် လောဘကိုအခြေခံလျက် ကိုးကွယ်ရာရှာကြသော လူသားတို့၏ဓမ္မတာအတိုင်း၊ ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက် ဆင်ခြင်တုံတရား အားနည်းသူတို့သည် မိမိတို့တွင် ကိုးကွယ်ရာဘုရား၊ တရား၊ သံဃာဟူသော ရတနာ အစစ်ရှိပြီးဖြစ်ပါလျက် ဤရတနာသုံးပါးကို ကျော်ခိုင်းကာ၊ ဟုတ်လိမ့်နိုးနိုး၊ ဆင်ကန်းတောတိုးသို့ ကြောင်းကျိုးမမှန်သည့် ကိုးကွယ်ရာများကို ရှာဖွေလာကြသည်။ ထိုသို့ရှာဖွေလာခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်အမည်ခံ သူတို့အကြားဝယ် နတ်အမျိုးမျိုး ကိုးကွယ်မှု၊ ထွက်ရပေါက်လမ်းလိုက်မှု၊ ဘိုးတော် မယ်တော်ပူဇော်ချဉ်းကပ်မှုများကို ပြုလုပ်နေကြသည်ဟု ထေရဝါဒီသုတေသီတို့က မှတ်ချက်ပြုကြသည်။

## သူရဿတီကိုးကွယ်မှု

မြန်မာဗုဒ္ဓဘာသာဝင် အချို့၏ဘုရားစင်တွင်လည်းကောင်း၊ ဘုရားရင်ပြင် အချို့ပေါ်တွင်လည်းကောင်း၊ ယခုအခါရောက်ရှိနေသော သူရဿတီမှာ စင်စစ်အားဖြင့် ဗြာဟ္မဏဟိန္ဒူတို့လက်ခံထားသောနတ်သမီးတစ်ပါးသာလျှင်ဖြစ်သည်။

သူရဿတီဟူသောအမည်မှာ သက္ကတဘာသာ စကား သရဿွတီကိုပါဠိမှပြန်ကာ မြန်မာအသံဖြင့်ခေါ်ဝေါ်ထားသော အမည်ဖြစ်သည်။

သက္ကတပုဒ်သရကို သရသ်နှင့်ဝတီဟူ၍ ပုဒ်ခွဲနိုင်သည်။ အချို့ ပညာရှင်တို့က သရသ်၌ 'သ'သည်အတူတကွဖြစ်ခြင်း၊ 'ရသ်'သည် ရေဟူသောအနက် ချိုမြိန်ခြင်းဟူသော အနက်ဖြစ်သည်။

'ဝတိ'မှာရှိသည်။ ပိုင်ဆိုင်သည်ဟူသောအနက်ဖြစ်သည်။ ထို့ကြောင့် သရဿတိ ကို'ရေနှင့်အတူတကွရှိသော' နတ်သမီး၊ ချိုသာစွာပြောဆိုလေ့ရှိသော နတ်သမီးဟုမှတ်ဖွယ်ရှိသည်။

သရဿတိသည် ယခုခေတ်ပန်ဂျပ်ပြည်နယ်ရှိ ဆရဆွတိမြစ်ကို စောင့်သောနတ်ဖြစ်သည်ဟု အချို့ကယူဆကြသည်။ ရှေးဦးက မြစ်စောင့်နတ် ဖြစ်ခဲ့သည့် သရဿတိသည် ဝေဒခေတ်၌ ဖန်ဆင်းရှင်ဗြဟ္မာ၏သမီးတော် ဖြစ်ခဲ့သည်ဟုယူဆခဲ့ကြသည်။ ဝေဒခေတ်နှောင်း ဗြာဟ္မဏကျမ်းစာများ ထွန်းကားချိန်တွင် ဗြဟ္မာကို ဗြဟ္မာအဖြစ် ပြောင်းလဲသုံးနှုန်းလာခဲ့ကြသည်။ ထိုအချိန်တွင် သရဿတိသည် ဖန်ဆင်းရှင် ဗြဟ္မာ၏ ကြင်ယာတော်နတ်သမီး တစ်ပါးဖြစ်သည်ဟု ခံယူလာကြသည်။ စာပေပညာနှင့် နှုတ်မှုပညာများကို စောင့်ရှောက်သည်ဟု လည်းယုံကြည်ခဲ့ကြသည်။

မြန်မာတို့၏ ကိုးကွယ်မှုတွင်ကား၊ သူရဿတီသည် တန္တရဝါဒီ မဟာယာနဂိုဏ်းသားတို့မှ တစ်ဆင့် ပုဂံခေတ်ကတည်းက နေရာရလာခဲ့သော နတ်သမီးဖြစ်သည်။ ပုဂံခေတ်အနော်ရထာ လက်ထက်၌ ရွှေစည်းခုံဘုရား တံတိုင်းအတွင်းတွင် နတ်ရုပ်အချို့ထားရှိသည်။ ထိုခေတ် လူတို့ ယုံကြည်ကိုးကွယ်သော နတ်များသည် ဗုဒ္ဓမြတ်စွာကို ရိုကျိုးရှိခိုးရသူများဖြစ်သည်။ စောင့်ရှောက်ရသူများဖြစ်သည်ဟူသော အဓိပ္ပါယ်ပေါက်အောင် အနော်ရထာက ကြံဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ရွှေစည်းခုံဘုရား၏တံတိုင်းအတွင်းထားသောနတ်ရုပ်(၃၇)ခု အနက်သူရဿတီသည်အမှတ်စဉ်(၉)တွင်ပါဝင်သည်။ နတ်ဝတ်တန်ဆာဆင်ကာ ဟင်္သာငှက်ပေါ်တွင် ထိုင်၍ လက်နှစ်ဘက်၌ ကြာပန်းကိုကိုင်နေဟန် ဖြင့်သူရဿတီကို ထုလုပ်ထားသည်။ ဟင်္သာငှက်သည် ရေတွင်ကျက်စားသော

ၚက်ဖြစ်ခြင်းကြောင့် ရေကိုပိုင်သူမြစ်စောင့်နတ်၊ သူရဿတီ၏စီးတော်ယာဉ် အဖြစ်သတ်မှတ်ထားခြင်းဖြစ်ဟန် တူသည်။

ဗြဟ္မာ၏ကြင်ယာတော် သူရဿတိကို မြန်မာတို့က သူရဿတီဟုအသံထွက်ပြောင်းလဲခေါ်ဝေါ်ကာ ပိဋကတ်သုံးပုံ စောင့်နတ်သမီး ၊စကားထက်အောင် နှုတ်ကိုစောင့် သော နတ်သမီးဟုယူဆကိုးကွယ်ကြသည်။ သူရဿတီသည် အတတ်ပညာကျက်သရေမင်္ဂလာ တို့ကိုပေးနိုင်သည်ဟုယုံကြည်ကြသည်။ သူရဿတီဂါထာ၊ သူရဿတီမန္တန်၊ သူရဿတီအင်း၊ သူရဿတီမှော်စသည်ဖြင့် အစီအရင် အမျိုးမျိုးပြုလုပ်ဆောင်ရွက်ကြသည်။ (မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၃)စာ-၁၆၈-၁၆၉)။ ဤတွင်သူရဿတီကို လောကီအတတ်များ အတွက်သာအသုံးပြုကြောင်း သတိပြုသင့်ပေသည်။

ဗုဒ္ဓဘာသာတန္တရဝါဒီ တို့သည်ဗြာဟ္မဏတို့၏ ဘုရားအဆူဆူဝါဒကိုသဘောကျကာ၊ မဟာယာန ဗုဒ္ဓဘာသာတွင်းသို့ဘုရားအဆူဆူ၊ ဘုရားလောင်းအမျိုးမျိုးကို သွတ်သွင်းခဲ့ကြသည်။ အလားတူပင် ဗြာဟ္မဏဝါဒတစ်ဖြစ်လဲ ဟိန္ဒူဘာသာကလက်ခံထားသည့် နတ်ဘုရားတို့၏ကြင်ယာတော် နတ်ဘုရားမ(နတ်သမီး)များကိုကိုးကွယ်မှုကိုလည်းမဟာယာန ဗုဒ္ဓဘာသာတွင် ပုံတူကူးချကာ တာရာဒေဝီ၊ မဟာဒေဝီ၊ ပရဝတီ၊ စသည်ဖြင့်နတ်ဘုရားမအမျိုးမျိုးကိုဖန်တီးလက်ခံ ခဲ့ကြသည်။

မြန်မာတန္တရဝါဒီတို့ကား၊ အိန္ဒိယတန္တရဝါဒီ တို့ထက်ပင်လက်သွက်ကာဗြဟ္မာ၏ကြင်ယာတော် သူရဿတိကိုသူရဿတီအဖြစ်မြန်မာမှုပြုခဲ့ကြသည်။ ပိဋကတ်သုံးပုံစောင့်သူအဖြစ် ဖန်တီးခဲ့ကြသည်။ ဤသို့ဖြင့် သူရဿတိသည် ပုဂံခေတ် ကတည်းကပင် အတွင်း(၃၇)မင်းစာရင်းဝင် ဖြစ်လာခဲ့ရပေသည်။

နတ်သမီးကိုးကွယ်မှုအစဉ်အလာကို အိန္ဒိယသားတို့သည် ဝေဒခေတ်မတိုင်မီက ကမ္ဘာဦးစိုက်ပျိုးရေသမားများ ဘဝကတည်းက လက်ခံကျင့်သုံးခဲ့ကြသည်။ ယခုခေတ်ပန်ဂျပ်ပြည်နယ်ရှိ အိန္ဒုမြစ်ဝှမ်းတွင်ခရစ်ကြိုနှစ် နှစ်ထောင်ကျော်ခန့်က ထွန်းကားခဲ့သောအိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုခေတ်ကတည်းက ကိုးကွယ်ခဲ့ကြသည့် ကြေးသွန်းနတ်သမီးရုပ်ထုများကို ရှေးဟောင်းသုတေသီတို့ တွေ့ရှိကြရသည်။ ထိုနတ်သမီး ရုပ်ထုတို့ကို အိန္ဒု မြစ်ဝှမ်းသားတို့က မည်သို့ခေါ်ဝေါ်ခဲ့သည်ကို အတိအကျ မသိရသော်လည်း၊ သုတေသီများကမူ မိခင်နတ်သမီး (Mother Goddess ) ဟုလည်းကောင်း၊ ရွာရှင်နတ်သမီး (Village Goddess)ဟု လည်းကောင်း၊ မယ်တော်ကြီး (Maha Matar) ဟု လည်းကောင်း ခေါ်ဝေါ်ထားသည်။

အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုခေတ်ကတည်းက နတ်သမီးကိုးကွယ်မှုကိုလက်ခံခဲ့သော အိန္ဒိယသားတို့သည် ဝေဒခေတ်၌လည်းအလားတူနတ်သမီး ကိုးကွယ်မှုကိုလက်ခံကျင့်သုံးခဲ့ကြသည်။ ဝေဒခေတ်အတွေးအခေါ်ယဉ်ကျေးမှုများကို ဗြာဟ္မဏဝါဒဟု ခေါ်ဝေါ် ထားရာ ဗြာဟ္မဏဝါဒ၌လည်း နတ်သမီးများကို ဆက်လက်ကိုးကွယ်ခဲ့ကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ၌မူ ဖန်ဆင်းရှင်ဗြဟ္မာ ကိုပယ်ပြီးဖြစ်ရာ ဗြဟ္မာ၏ ကြင်ယာတော်နတ်သမီးနှင့် တကွအခြား နတ်သမီးများ၊ နတ်ဘုရား များကိုကိုးကွယ်ရန်မလိုတော့ချေ။

သုင်္ဂမင်းဆက်၊ ကူသျှန် မင်းဆက်တို့လက်ထက်ရောက်သော အခါ ဗြာဟ္မဏဝါဒ ပြန်လည်အားကောင်းလာပြီး၊ ဗုဒ္ဓဘာသာကို နှိမ်နင်းလာသည်။ ထိုအခါမိမိတို့ရပ်တည်ရေးအတွက် ဗုဒ္ဓဘာသာ အတွေးအမြင် ကျင့်စဉ်များကို ဗြာဟ္မဏတို့အလိုကျဖြစ်စေရန် ပြောင်းလဲကျင့်သုံးခဲ့ကြရသည်။ ထိုသို့ကျင့်သုံးရာမှပေါ်ပေါက်

လာသော မဟာယာနဗုဒ္ဓဘာသာ၌မူ၊ နတ်ဘုရားအမျိုးမျိုးကိုပါ လက်ခံကိုးကွယ်လာခဲ့သည်။

အိန္ဒိယမှ ဗုဒ္ဓဘာသာတန္တရဝါဒီတို့သည် ဘင်္ဂါပြည်နယ်မှ တစ်ဆင့် အထက်မြန်မာနိုင်ငံသို့ သရေခေတ္တရာခေတ်ဟောင် ဝင်ရောက်ခြေကုပ်ယူခဲ့ကြသည်။ ထိုသို့ခြေကုပ်ယူခဲ့ကြောင်း သရေခေတ္တရာမြို့ဟောင်း(မှော်ဇာ)မှတူးဖော်တွေ့ရှိရသော ဘုရားလောင်းပုံပါရှိ သော အုတ်ခွက်အမျိုးမျိုးများနှင့်ရှေးဟောင်း ပစ္စည်းများကသက်သေ ခံနေပေသည်။ တန္တရဝါဒီတို့၏ အတွေး အခေါ်များနှင့်ကျင့်စဉ်များသည် ပုဂံခေတ်တွင်လည်း တွင်ကျယ်နေ လေရာ၊ အနော်ရထာမင်းက သာသနာသန့်-ရှင်းရေး၊ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားရေး ပြုလုပ်သောအခါ၊ အသွင်အမျိုးမျိုး ဆောင်ကာ တိမ်းရှောင်ထွက် သွားခဲ့ကြသည်။ ထိုသို့ တိမ်းရှောင် ထွက်သွားကြရာ၌ သူရဿတီသည် တိမ်မြုပ်ပျောက်ကွယ် မသွားဘဲ၊ ရွှေစည်းခုံတံတိုင်းအတွင်း၌ ပုံတော်နှင့်တကွနေရာရသွားခဲ့သည်။

အိန္ဒိယသားတို့သည် နတ်သမီးများကိုပထဝီမာတာ (မြေ စောင့် မယ်တော်)၊ မဟာမာတာ(မယ်တော်ကြီး) စသည်ဖြင့်သုံးနှုန်း ခေါ်ဝေါ်ခဲ့ကြသည်။ ထိုအခေါ်အဝေါ်များကိုလိုက်၍ မြန်မာတို့သည် ယခုအခါ မယ်တော်၊ မယ်တော်ကြီး စသည်ဖြင့်သုံးနှုန်းနေကြသည်။ ဤသို့ သုံးနှုန်းကြပါက သူရဿတီသည် ရှေးဦးမယ်တော်ကြီး တစ်ဦး ဖြစ်သည်ဟု ဆိုရပေမည်။ အတွင်း(၃၇)မင်း အမှတ်စဉ်(၈) တွင် ဖော်ပြထားသည့် စဏ္ဍီနတ်သမီးမှာလည်း သူရဿတီကဲ့သို့ပင် မြန် မာတို့ ရှေးဦးလက်ခံခဲ့သော မယ်တော်ကြီးတစ်ပါးဖြစ်သည်။

## နတ်ကိုးကွယ်မှု

မြန်မာနိုင်ငံတွင် ရှေးအစဉ်အလာအရ ၃၇မင်းနတ်ကိုးကွယ်မှုရှိခဲ့သည်။ယခုအခါ၌လည်းထို ၃၇မင်းနတ်ကိုးကွယ်မှုသည် ဒေသအတော်များများ၌ အထင်အရှားရှိနေသေးသည်။

ဗုဒ္ဓတရားတော်ကို လက်ခံယုံကြည်သူ အချို့ကမူထို ၃၇မင်းနတ်ကိုးကွယ်မှုကိုဝေဖန် ရှုတ်ချကြသည်။ ၃၇မင်းဆိုရာ၌ အတွင်း ၃၇မင်း၊ အပြင်၃၇မင်းရှိရာတွင်၊ ယခုအခါယုံကြည်ကိုးကွယ်နေကြသော ၃၇မင်းကား အပြင်၃၇မင်း ပင်ဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၃)တွင် ဖော်ပြထားသည်။

အနော်ရထာမတိုင်မီအထိ အသိအမှတ်ပြုခဲ့သော နတ်အရေအတွက်မှာ ၃၆ ဦးသာရှိသည်။ ထိုစာရင်းတွင် သိကြားမင်းကိုထိပ်ဆုံးကထည့်သွင်းပြီး ၃၇မင်းအဖြစ် အနော်ရထာမင်းက ဖန်တီးခဲ့သည်ဟုဆိုသည်။

နတ်စာရင်းများကို မြန်မာမင်းတို့သည် အလျဉ်းသင့်သလိုကောက်ယူစေခဲ့ရာ၊ တစ်ကြိမ်နှင့်တစ်ကြိမ် စာရင်းချင်း မတူ။ ကွဲလွဲသည်လည်း ရှိသည်။ ဘိုးတော်ဘုရား လက်ထက်မြဝတီမင်းကြီး ဦးစ၊ မြန်မာသက္ကရာဇ် ၁၁၆၇- ခုနှစ်က ကောက်ယူခဲ့သော (၃၇)မင်းစာရင်းကို မြန်မာ့စွယ်စုံကျမ်း(၁၃)၌ ဖော်ပြထားပြီး၊ ထိုစာရင်းပါနတ် အသီးသီး၏ ဖြစ်စဉ်အကျဉ်းချုပ်ကို ဖော်ပြလျက် ပုံတော်ကိုသရုပ်ဖော်ရေးသားထားသည်။ အချို့နတ်ရုပ်များကို ရုပ်ပုံနှင့်တကွဖော်ပြထားသည်။ ထို့ပြင်အဆိုပါ နတ်များကို သိကြားမင်းမပါဘဲ အောက်ပါအတိုင်း အမျိုးအစား ပိုင်းခြားသတ်မှတ်ဖော်ပြထားသည်။

**အမျိုးအနွယ်**

| | |
|---|---|
| ဘုရင်နှင့်မင်း | ၉ |
| မိဖုရား | ၄ |
| မင်းသားမင်းနွယ် | ၈ |
| အမတ်နှင့်မင်းမှုထမ်း | ၁၁ |
| ကုန်သည်ဆင်းရဲသား | ၄ |
| ပေါင်း | ၃၆ |

ကျား/မ

| | |
|---|---|
| ယောက်ျား | ၂၆ |
| မိန်းမ | ၁၀ |
| ပေါင်း | ၃၆ |

သေဆုံးပုံ

| | |
|---|---|
| အသေဆိုးသေ | ၂၂ |
| ဖျားနာသေ | ၁၁ |
| ဘိန်းအရက်ကြောင့်သေ | ၂ |
| နူနာဖြင့်သေ | ၁ |
| ပေါင်း | ၃၆ |

ရှင်ရဟန်းနှင့်လူဝတ်

| | |
|---|---|
| ရှင်/ရဟန်း | ၃ |
| လူဝတ် | ၃၃ |
| ပေါင်း | ၃၆ |

ခေတ်ကာလအလိုက်

| | |
|---|---|
| ပုဂံခေတ် | ၂၂ (သိကြားမင်းအပါအဝင်) |
| ပင်းယခေတ် | ၁ |
| အင်းဝခေတ် | ၉ |
| တောင်ငူခေတ် | ၅ |
| ပေါင်း | ၃၇ |

အပြင် ၃၇မင်းတို့နှင့် ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်းတွင် ဤသို့မှတ်ချက်ရေးထားသည်။

အောက်မြန်မာနိုင်ငံတွင် ယုံကြည်ကိုးကွယ်နေကြသော ရေငန်ပိုင်ဦးရှင်ကြီးနတ်သည် ၃၇ မင်းတွင် မပါချေ။ သို့သော် ဒေသအလိုက် ၃၇မင်းနတ်တို့ထက်ပင် အရေးပေးကိုးကွယ်ကြသည်။ ကိုးမြို့ရှင် နတ်၊ မြင်းဖြူရှင် နတ်စသည်တို့ သည် ၃၇ မင်းနတ်စာရင်းတွင် မပါသော်လည်း ဒေသအလိုက် ကိုးကွယ်ကြသော နတ်များဖြစ်ကြသည်။ (ကျောက်ဆည်နယ်တွင် ကိုးမြို့ရှင်ကို ကိုးကွယ်ပသကြသည်။) စင်စစ် ၃၇မင်းတွင် မပါသော နတ် အများအပြားပင် ရှိနေပေသေးသည်။

လူတို့သည် ပြည်တွင်းနတ်၊ ပြည်ပနတ်၊ မိမိဘာသာရင်းနတ်၊ ဘာသာခြားနတ်၊ ညှော်သည်နတ်များကိုလည်း ဖန်တီးလက်ခံလျက်ရှိကြရာ၊ နတ်အရေအတွက်မှာ အမြဲပင်တိုးပွားနေသည်။ သထုံမြို့အနီးတွင် သေပြီးမကြာသေးသူကို နတ်အဖြစ် ကိုးကွယ်ထားသည်ကို တွေ့ရှိရကြောင်း ဖြင့်အမျိုးသားပညာဝန်ဦးဖိုးကျားကအထောက်အထားနှင့် တင်ပြဖူးသည်။ ထို့ပြင်မသေမီ နတ်ဖြစ်နေသူများကိုလည်း တွေ့ရပုံဆန်းကြယ်သည်ဟုဆိုကာ မှတ်တမ်းတင်

ဖော်ပြထားသည်။

သံလျင်မှ ကျောက်တန်းသွားကားလမ်းပေါ်တွင် သံလျင်မှ ငါးမိုင်ခန့်အကွာ၊ မနောမယ စေတီခြေရင်း၌ ဘုန်းတော်ကြီး ဦးဒေဝံတေမိဇသည် နတ်ကွန်းပြုလုပ်ကာ နတ်ရုပ်များကို အမည်နာမနှင့်တကွ အမှတ်စဉ် ထိုးလျက်ပြုလုပ် စီစဉ်ထားသည်။ ၁၉၃၅ ခုနှစ်ခန့်က ဦးဖိုးကျားထိုနတ်ကွန်းသို့ ရောက်ရှိသွားသောအခါ နတ်ရုပ်ပေါင်း ၁၂၀ကျော်ကို အမည်နာမနှင့်တကွ ပြုလုပ်ထားကြောင်းတွေ့ခဲ့ရသည်။ ၁၉၃၈ ခုနှစ် မတ်လ ၂၄ရက်နေ့၌ ဦးဖိုးကျားထပ်မံရောက်ရှိ သွားသောအခါ၌မူ နတ်ရုပ်ပေါင်း ၁၃၅-အထိ တိုးပွားနေကြောင်း တွေ့ရသည်။ ထိုနတ်စာရင်းမှ အမှတ်စဉ် ၁၂၀မှာ ဦးဒေဝံတေမိဇ နတ်မင်းကြီးဟု အမည်ရေးထားသည်။ အမှတ်စဉ် ၆-မှာ မော်ဘီ ဆရာသိမ်း ဟုရေးထိုးထားသည်။ စင်စစ်အားဖြင့် အမှတ်စဉ် ၁၂၀ မြောက် ဦးဒေဝံတေမိဇမှာ ထိုနတ်ကွန်းကို ဦးစီးတည်ဆောက်နေသော အသက်ရှိထင်ရှားဆဲ ဘုန်းတော်ကြီးဖြစ်သည်။ အမှတ်စဉ် ၆ မော်ဘီဆရာသိန်းကြီးမှာလည်း ထိုစဉ်က မော်ဘီတွင် ရှိနေသော သက်ရှိထင်ရှားဆဲ စာရေးဆရာကြီးပင်ဖြစ်သည်။ အသက်ရှင်ဆဲ လူကိုပင် နတ်စာရင်းသွင်းကာ ကိုးကွယ်ထားခြင်းဖြစ်သည်။

ယခုအခါတွင် မိဘဘိုးဘွားစသည်တို့ သေလွန်ပြီး ဝင်ပူးကာ၊ တောင်းခံသောကြောင့်ဟုဆိုပြီး နတ်ကွန်းနတ်စင်ပြုလုပ်ကိုးကွယ်နေသူများလည်း ရှိနေသည်။ သိုက်နန်းရှင်ဟုဆိုကာ ပူဇော်နေမှုများလည်း တစ်နေ့တခြား တိုးပွားနေသည်။ ဤသို့နောက်တိုးနတ်များလည်း အများအပြားပင်ရှိနေလေသည်။

ဘုန်းတော်ကြီး ဦးဒေဝံတေမိဇ၏ နတ်စာရင်းတွင် ပါဝင်သော

၁၀၈ - ရှင်မထီး

၁၀၉ - ရှင်အဇ္ဇဂေါဏ

၁၁၁ - ဦးအောင်ရသေ့

၁၁၂ - ရက်ကန်းစင်တောင်ဆရာတော်ကြီး

တို့မှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များဟု ယုံကြည်ယူဆခံထားရသူများဖြစ်သည်။

ဦးဒေဝံတေမိဇ၏ နတ်စာရင်းကိုကြည့်လျှင် မြန်မာတို့ ကိုးကွယ်သည့် နတ်ဆိုသည်မှာ လူတို့က စိတ်ကူးရရာ လက်ခံထားသော လူဖန်တီးသည့် နတ်များဖြစ်ကြောင်း ထင်ရှားပေသည်။ ဤသို့ လူတို့က နတ်အဖြစ် ဖန်တီးကာ နတ်စာရင်းသွင်းခြင်း ခံရသည့် အကြောင်းရင်းမှာ -

၁။ ထင်ပေါ်ကျော်ကြားမှု တစ်ခုခုရှိခြင်း

၂။ ပုဂ္ဂိုလ်ရေးထက်မြက်မြင့်မြတ်ခြင်း (ဆွေဂုဏ်၊ မျိုးဂုဏ်၊ ရာထူး၊ ဌာနန္တရ ဂုဏ်စသည်)

၃။ အလုပ်တစ်ခုခု ကို စွဲစွဲလမ်းလမ်း လုပ်ဆောင်လေ့ရှိခြင်း

၄။ ဉပစ္ဆေဒကကံဖြင့် ဖြစ်စေ အခြားနည်းဖြင့် ရုတ်တရက်ဖြစ်စေ သေရခြင်း

၅။ ဆိုးဆိုးဝါးဝါး ကြမ္မာဆိုးနှင့် တွေ့ကြုံခဲ့ရခြင်း

စသည်တို့ကြောင့်ဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်။

၃၇မင်းနတ်များသည် အသေရိုးနှင့် မသေ၊ အသေဆိုးနှင့် သေခဲ့ကြရသူများဖြစ်ရာ အကယ်၍ သေပြီးနောက် နတ်ဖြစ်သည်ဆို

ပါကလည်း နတ်ကောင်းနတ်မြတ် ဘဝရောက်ရှိသည်ဟု ဧကန်ဧက မဆိုနိုင်ချေ။ အလွန်ဆုံးအားဖြင့် နတ်ပြိတ္တာ(ဝေမာနိကပြိတ္တာ)မျှသာ ဖြစ်နိုင်ဖွယ်ရှိသည်။ ထို့ပြင် လူဘဝ၌ရှိစဉ်က စရိုက်ကြမ်း၊ အကျင့်ဆိုး၊ စိတ်ထင်တိုင်း ရှူးရှူးမိုက်မိုက် ပြုခဲ့ကြသူများဖြစ်ရာ၊ ပြိတ္တာဘဝတွင်လည်း ထိုအကုသိုလ်တို့၏ အကျိုးဆက်များကိုသာ တစ်ဝကြီး ခံစားကြရဖွယ် ရှိပေသည်။ ထို ၃၇ မင်းနတ်များသည် အကယ်၍ နတ်အသင်းအပင်းတွင် ပါဝင်နိုင်သည်ဆိုပါက ရုက္ခစိုး၊ ဘုမ္မဇိုး၊ မြေဘုတ်မျိုး၊ တစ္ဆေမျိုး၊ သရဲမျိုးများသာလျှင် ဖြစ်မည် ဟု ထီးချိုင့်မြို့တည်တော ဆရာတော်ဘုရားကြီးက တွေးဆပြထားသည်။ ထိုမြေဘုတ်မျိုး အဆင့်သာဖြစ်နိုင်သော ၃၇မင်း နတ်တို့သည် စိတ်ဓာတ် အဆင့်အတန်းအားဖြင့်လည်းမမြင့်၊ လူ့အန္ဓ (အမိုက်ဆုံး) အဆင့်မျိုးသာဖြစ်သည်။ ငါးပါးသီလပင် မလုံခြုံသော နတ်ယုတ်မာများသာဖြစ်သည်။ ထို့ကြောင့် သီလရှိသော လူများသည် အောက်နတ်များကို ပူဇော်ကိုးကွယ်ခြင်းမှာ မထိုက်။ အလွန်ဆုံးအားဖြင့် ကျွေးမွေးပေးကမ်းခြင်း မျှသာ ထိုက်သည်ဟု ဆရာတော်က အကြံပြုထားသည်။(ဘဝချမ်းသာဟူသည်၊မဂ်ဟူသည်-စာအုပ်-စာ-၈၆)

## ထွက်ရပ်ပေါက်နှင့် ဘိုးတော်မယ်တော်များ

မဟာယာနဗုဒ္ဓဘာသာသည် ပျူခေတ်ကတည်းကပင် မြန်မာနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီဖြစ်ကြောင်း၊ ပျူခေတ်ဘုရားလောင်းပုံပါ အုတ်ခွက်များက သက်သေခံနေကြောင်းဖော်ပြခဲ့သည်။ ပျူမြို့တော်ဟောင်းများကို တူးဖော်ပြီး ဖြစ်သော်လည်း ပြည့်ပြည့်စုံစုံ သုတေသန မပြုရသေးသောကြောင့် ပျူခေတ်တွင် ဗုဒ္ဓဘာသာတန္တရ ဝါဒ

ထွန်းကားခဲ့ခြင်း ရှိ၊ မရှိကိုမူ အတိအကျမသိရသေးချေ။ ပျူခေတ်ကို ဆက်ခံသော ပုဂံခေတ်၌ကား၊ သမိုင်းဝင်ဖြစ်ရပ်များ၊ သုတေသန အထောက်အထားများအရ မဟာယာနဗုဒ္ဓဘာသာတစ်ဖြစ်လဲ တန္တရဝါဒထွန်းကားလျက် ရှိသည်ဟုယူဆနိုင်သည်။ ပုဂံခေတ် အရည်းကြီးများသည် တန္တရ ဝါဒကို ကျင့်သုံးခဲ့သူများ ပင်ဖြစ်သည် ဟုယူဆသူများရှိသည်။ အနော်ရထာမတိုင်မီက အရည်းကြီး များသည် တန္တရဝါဒ၌ ဖော်ပြခဲ့သော အရက်သေစာသောက်စား ခြင်း (မေရယ)၊ အမဲသားငါး စားခြင်း (မံသ)နှင့် ပန်းဦးလွှတ်၊ ပန်းဦး အလှူခံကာ မေထုန်မှီဝဲခြင်း(မေထုန) လမ်းစဉ်တို့ကို ကျင့်သုံးခဲ့ကြ သည်ဟု ဖော်ပြခြင်းများရှိသည်။

အနော်ရထာမင်းသည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည် လက်ခံပြီးနောက်၊ အရည်းကြီးတို့အား နှိမ်နင်းခဲ့သည်။ သို့ရာတွင် အရည်းကြီးတို့၏ လုပ်ရပ်မှာ လုံးလုံးပျောက်ကွယ်သွားခြင်းမဟုတ်။ ခေတ္တတိမ်ငုပ်သွားခြင်းသာ ဖြစ်၏။ ပုဂံခေတ်နရပတိစည်သူမင်း နောက်ပိုင်းတွင် ပြန်လည်ထွန်းကားလာသည်။ ဤမင်းလက်ထက် တွင်ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းတော်အချို့သည် တော ကျောင်းဂိုဏ်းဟု ဂိုဏ်းသီးခြားတည်ထောင်လာကာ နေ့ညမဟူ အမဲသားငါး စားခြင်း၊ သေရည်သေရက်သောက်ခြင်း တို့ကိုပြု ကြလေသည်။ အိန္ဒိယတန္တရဝါဒီတို့၏ လုပ်ရပ်တချို့ဖြစ်သော နတ် ဘုရား၊ နတ်ဘုရားမပူဇော်ကာ၊ မန္တန်ရွတ်ဖတ်ခြင်း၊ အင်း၊ အိုင်၊ ခါးလှည့်လက်ဖွဲ့ စီရင်ခြင်းစသည့် ဂန္ဓာရီကျင့်စဉ်များကို အကောင် အထည်ဖော်ခဲ့ကြသည်။ သိဒ္ဓိ(လိုရာပြီးစီးခြင်း)၊ မဟိဒ္ဓိ (တန်ခိုး- အစွမ်းအမျိုးမျိုးပြည့်စုံခြင်း) လမ်းတို့ကို လိုက်ခဲ့ကြသည်။ တော ကျောင်းဂိုဏ်းသည် အင်းဝခေတ် ၁၅-ရာစုအထိ ထွန်းကားခဲ့သည်။

ထိုနောက်တွင်လည်း အရည်းကြီးတို့၏ အယူအဆဖြစ်သော ထွက်ရပ်ပေါက်လုပ်ငန်း၊ ဂန္ဓာရီလုပ်ငန်း လိုက်စားမှုများ ကြီးကြား ပေါ်ပေါက်ခဲ့သည်။ မျက်မှောက်ကာလတိုင် အချို့ကလိုက်စား နေဆဲရှိသည်ကိုတွေ့နိုင်သည်။

## ထွက်ရပ်ပေါက်ပုဂ္ဂိုလ်

ထေရဝါဒဗုဒ္ဓဘာသာဝင် အမည်ခံ အချို့သည် ထွက်ရပ် ပေါက်ပုဂ္ဂိုလ်ဆိုသူကိုလည်း ကိုးကွယ်နေကြသည်။ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များတွင်လည်း အသေထွက်၊ အရှင်ထွက် နှစ်မျိုးရှိသည်ဟု ဆိုသည်။ ထွက် ရပ်ပေါက်နိုင်ရန် ထိုပုဂ္ဂိုလ်တို့ ကျင့်သုံးခဲ့သည်ဆိုသော ကျင့်စဉ်ကို လည်း အမျိုးမျိုးပြောဆိုနေကြသည်။ အခြေခံအားဖြင့် အဂ္ဂိရတ်လမ်း၊ ဆေးလမ်း၊ အင်းလမ်း၊ သမထလမ်းဟု ခွဲခြားဖော်ပြ နိုင်ဖွယ်ရှိသည်။

ထွက်ရပ်ပေါက်နှစ်မျိုးအနက် အသေထွက်ဆိုသည်မှာ လက် ရှိဘဝက သေလွန်ပြီးသော်လည်း လောကဝေါဟာရ အရသာ သေ လွန်သည်ဟု သတ်မှတ်ရခြင်းဖြစ်သည်။ အစွမ်းသတ္တိ ဆက်လက်ရှိနေ သည်။ တန်ခိုးဣဒ္ဓိဆက်လက်ရှိနေသည်ဟု ယူဆထားကြသည်။ အရှင် ထွက်ဆိုသည်မှာ လောကဝေါဟာရအရပင် သေသည်ဟု မသတ်မှတ်နိုင်ဘဲ နှစ်အပိုင်းအခြားမရှိ ဆက်လက်အသက်ရှင်နေ သော သိဒ္ဓိ ရှင်၊ မဟိဒ္ဓိရှင်ဖြစ်သည်ဟု ယူဆခြင်းဖြစ်သည်။ အသေ ထွက် အရှင်ထွက် နှစ်မျိုးလုံးပင် သာမန်လူတို့မမြင်နိုင်သော ခန္ဓာ ကိုယ်ဘဝအဖြစ် ပြောင်းသွားသည်ဟု ယူဆကြသည်။

အသေထွက်၊ အရှင်ထွက် ထွက်ရပ်ပေါက်သည်ဟု ခံယူသူတို့ အထွက်အမြတ်ထားသော ရဟန္တာအရှင်မြတ်ရှစ်ပါးရှိသည်။ သေလေးပါး၊ ရှင်လေးပါးဟု ခေါ်ကြသည်။ သေလေးပါးမှာ ရှင်မဟာကဿပ (ဝေဘာရတောင်ထက်)၊ ရှင်မဟာသံသာရ (ဥတ္တမတောင်)၊ ရှင်ဥပကွေ (မကုလတောင်)၊ ရှင်ဓမ္မသာရ (မကုလအောင်) တို့ဖြစ်ကြသည်။ ထိုရဟန္တာမြတ်များသည် လူ့ဝေါဟာရအရ ပရိနိဗ္ဗာန်ပြုပြီးသော်လည်း မပုပ်မသိုး မပျက်မစီး ဆက်လက်ရှင်သန်နေသည်။ တန်ခိုးအစွမ်း ရှိနေသည်ဟု ယုံကြည်ကြသည်။

ရှင်လေးပါးမှာ တောင်သမုဒ္ဒရာ၌ ကြေးပြဿဒ်နှင့်နေသော ရှင်ဥပဂုတ္တ၊ မြောက်သမုဒ္ဒရာ၌ ရွှေပြဿဒ်နှင့်နေသော ရှင်သာရဒတ္တ၊ အရှေ့သမုဒ္ဒရာ၌ ရွှေပြာဿဒ်နှင့်နေသော ရှင်အက္ကောသာရနှင့် အနောက်သမုဒ္ဒရာ၌ ကြေးပြသာဒ်နှင့်နေသော ရှင်မေဓရတို့ဖြစ်သည်ဟု ဆို၏။ ထိုအရှင်မြတ်များသည် နှစ်ပေါင်းထောင်ချီကာ မအိုမနာ မသေ ဆက်လက်ရှင်နေဆဲဖြစ်သည်ဟု ယုံကြည်ကြသည်။

ထိုသေလေးပါး၊ရှင်လေးပါးမှာ "သဗ္ဗေသင်္ခါရာ အနိစ္စာ"ဟု ခံယူသော ထေရဝါဒဗုဒ္ဓဘာသာနှင့် မကိုက်ညီကြောင်း နိဗ္ဗာန်စံသူများသည် သူခဝတီဘုံ၌ ထာဝရပျော်စံနေရသည်ဟု ယူဆသော မဟာယာနနှင့်မူ နီးစပ်လျက်ရှိကြောင်းထေရဝါဒီသုတေသီများက မှတ်ချက်ပြုကြသည်။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများအဖြစ် မြန်မာပြည်၌ အလေးထားခံရသူ များမှာ ရှင်အဇ္ဈဂေါဏ၊ ရှင်မထီး၊ ဘားမဲ့၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက္ကန်းစင်တောင် ဆရာတော် စသည်တို့ဖြစ်ကြသည်။ ထိုထွက်ရပ်ပေါက် ပုဂ္ဂိုလ်များအနက် ရှင်အဇ္ဈဂေါဏ၊ ရှင်မထီး၊ ဘားမဲ့

တို့မှာ ထေရဝါဒအနွယ်ဝင်များမဟုတ်ဘဲ အရည်းကြီး အဆက်အနွယ် များသာဖြစ်ကြသည်။ ရှင်အဇ္ဇဂေါဏမှာ အဂ္ဂိရတ်ဖြင့် ထွက်ရပ်ပေါက်သည်ဟု ဆိုသည်။ ရှင်မထီးနှင့်ဘားမဲ့တို့မှာ ဂါထာမန္တန်အင်းအိုင်များဖြင့် ထွက်ရပ်ပေါက်သည်ဟုဆိုသည်။ ထိုပုဂ္ဂိုလ်များသည် ယခုတိုင် ပျံလွန်ခြင်း မရှိသေးဘဲ ဆရာစဉ်ဆက် ဝင်စားလာကြသည်။ ယနေ့တိုင်ဓါတ်စီးဝင်ခြင်း၊ လူသတ္တဝါတို့အား ကျေးဇူးပြုခြင်းရှိနေသေးသည် ဟုဆိုသည်။

ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက္ကန်းစင်တောင် ဆရာတော်တို့မှာ သမထနည်း (စရဏ)တစ်မျိုးမျိုးဖြင့် ထွက်ရပ်ပေါက်သူများဟု ယူဆကြသည်။ ထိုပုဂ္ဂိုလ်များသည်လည်း သေလွန်သည်မဟုတ်။ ခန္ဓာအသစ် ဘဝသစ်သို့ မသေဘဲ ထုံကူးကာ၊ ဝင်စားနေသည်ဟု ယူဆကြသည်။ ဤအယူအဆများသည်လည်း ထေရဝါဒဗုဒ္ဓဘာသာနှင့် မကိုက်ညီကြောင်း မြဲသောအတ္တရှိသည်ဟု ယူဆသော အတွေးအခေါ်မျိုးသာဖြစ်ကြောင်းဝေဖန်ကြသည်။ ထိုပုဂ္ဂိုလ်များသည် စရဏတစ်ခုခု၊ သမထတစ်နည်း နည်းကို စွဲစွဲမြဲမြဲကျင့်သုံး၍ ခရီးရောက်သည်ဟု ဆိုပါကလည်း သေလွန်ပြီးနောက် နတ်သော်လည်းကောင်း၊ ဗြဟ္မာသော်လည်းကောင်း၊ ဖြစ်သွားဖွယ်သာရှိသည် ဟုလည်းဝေဖန်ချက်များပေးခဲ့ကြသည်။

## ဂိုဏ်းအမျိုးမျိုး

မျက်မှောက်ခေတ်မြန်မာနိုင်ငံတွင် သိဒ္ဓိဂိုဏ်း၊ မဟိဒ္ဓိဂိုဏ်း စသည့် ဂိုဏ်းအမျိုးမျိုးလည်းရှိနေသည်။

"သိဒ္ဓိ"၏ အဓိပ္ပာယ်မှာ ပြီးစီးအောင်မြင်ခြင်းဖြစ်သည်။ စိန္တာ မယသိဒ္ဓိ(စိတ်ကြံရာဖြစ်စေခြင်း)၊ ခနသိဒ္ဓိ(ဥစ္စာရွှေငွေ လို သလိုရနိုင်ခြင်း)၊ အာယုသိဒ္ဓိ(အသက်ရှည်နုပျိုခြင်း)၊ ကာယ သိဒ္ဓိ(လက်နက်များမထိနိုင်ခြင်း)၊ ပိယသိဒ္ဓိ(သတ္တဝါအားလုံး၏ ချစ်ခင်မှုကိုခံယူနိုင်ခြင်း)၊ ဣဒ္ဓိသိဒ္ဓိ(ဈာန်တန်ခိုးဖြင့် အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း) စသည်ဖြင့် သိဒ္ဓိဆယ်မျိုးရှိကြောင်း သိရသည်။ ထိုသိဒ္ဓိဆယ်မျိုး အနက် ဣဒ္ဓိသိဒ္ဓိကို သာမန်တန်ခိုးမျှသာ မဟုတ်ကြောင်းပေါ်လွင်စေလို၍၊ 'မဟာ' ဝိသေသထည့်ကာ၊ မဟာဣဒ္ဓိသိဒ္ဓိဟုခေါ်ရာမှ မဟိဒ္ဓိဟူသော အသုံးတွင်ကျယ်လာ သည်။

ဂိုဏ်းအမျိုးမျိုးကို သဘောတူရာ စုစည်းပါက သုံးမျိုးသာ ကွဲပြားသည်။ သုံးမျိုးမှာ ဆေးဂိုဏ်း၊ အင်းဂိုဏ်း၊ မန္တန်ဂိုဏ်းတို့ဖြစ်ကြ သည်။ ထိုထို ဂိုဏ်းအားလုံးသည် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက္ကန်းစင်တောင်ဆရာတော်၊ ဘားမဲ့၊ ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ စသည်တို့ကို ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များအဖြစ် အထွက်တင်ကာ မိမိတို့ ဂိုဏ်း ကြီးပွားရေးကို ဆောင်ရွက်ကြသည်။ ဂိုဏ်းဆရာ (ဂိုဏ်းထောင်သူ)များသည် ဥပုသ်သီလဆောက်တည်ခြင်း၊ မေတ္တာ ဘာဝနာပွားများခြင်း စသော ဗုဒ္ဓဘာသာနည်းလမ်းများနှင့် သက်သတ်လွတ်စားခြင်း၊ မီးလွတ်စားခြင်းစသော ဗြာဟ္မဏ ဟိန္ဒူဘာသာကျင့်စဉ် တချို့ကိုရော၍ ကျင့်ကြံနေကြသည်။ ဗုဒ္ဓဘာသာဝင်အများစုကို သိမ်းသွင်းနိုင်ရန် ကာမေသုမိစ္ဆာစာရ ရှောင်ရမည်ဟု သတ်မှတ်ကြသည်။ အချို့ဂိုဏ်းများက သုရာမေရယ ကိုပါ ရှောင်ကြဉ်သည်ဟုဆိုသည်။ သမထကျင့်စဉ် တစ်မျိုးအဖြစ် ပုတီးစိပ်ကြသည်။

ဂိုဏ်းများသည် ဆေးဖြင့်သော်လည်းကောင်း၊ အင်းဖြင့်သော်လည်းကောင်း၊ မန္တန်ဖြင့်သော်လည်းကောင်း၊ ဆေးဝါးကုသပေးလေ့ရှိသည်။ ကုသပေးရာ၌ ထွက်ရပ်ပေါက်ဟု မိမိတို့အထွတ်တင်ထားသော ပုဂ္ဂိုလ်အား တိုင်တည်ကာ အကူအညီရယူပြီး ကုသပေးလေ့ ရှိသည်။

**ဘိုးတော်မယ်တော်များ**

ဂိုဏ်းအလိုက်မဟုတ်ဘဲ တစ်ကိုယ်တော် သိဒ္ဓိပေါက်သည်ဟု ဆိုသူများကို အများအားဖြင့် ဘိုးတော် မယ်တော်များဟု လက်ခံထားကြသည်။ ဘိုးတော်ဆိုရာ၌လည်း ရဟန်းဘိုးတော်၊ ရသေ့ဘိုးတော်၊ လူဝတ်ဘိုးတော်စုံလင်လှသည်။ မယ်တော်ဆိုရာ၌လည်း အလားတူပင် ရသေ့မယ်တော်၊ သီလရှင်မယ်တော်၊ လူဝတ်မယ်တော်များ ရှိ၍ထိုပုဂ္ဂိုလ်တို့ကို ကိုးကွယ်နေသူများရှိနေသည်ကိုတွေ့နိုင်သည်။

အထက်ပါမြန်မာတို့၏ သာသနာပကိုးကွယ်မှုများသည် ယနေ့မြန်မာ့ မြေပေါ်၌ထေရဝါဒ နှင့်အတူတွေ့ရှိနေရသော ကိုးကွယ်ယုံကြည်မှု များပင်ဖြစ်လေသည်။

**နိဂုံး**

ထေရဝါဒဗုဒ္ဓသာသနာ၏ ထူးခြားချက်များ ပေါ်လွင်ရန် အတွက် ထေရဝါဒကထိန်းသိမ်းခဲ့သော အခြေခံယူဆချက်များကို အခြားအခြား အယူဝါဒများနှင့် ခြားနားလျက်ရှိကြောင်း ဖော်ပြခဲ့ပါသည်။ ထို့အပြင် ထေရဝါဒ ရှိအခြေခံယူဆချက်များနှင့်

မြန်မာတို့၏သာသနာပ ကိုးကွယ်ယုံကြည်မှုများသည်လည်း ခြားနားမှုများရှိကြောင်းသိသာပေါ်လွင်အောင်ဖော်ပြခဲ့ပါသည်။ ထေရဝါဒဗုဒ္ဓသာသနာ သန့်စင်စွာဖြင့် မြန်မာတို့မြေပေါ်တွင် အမွန့်ရှည်ကြာ တည်နေဖို့ရန်သည် အမှားနှင့်အမှန် ၊အကောင်းနှင့် အဆိုး ၊အကျိုးနှင့်အပြစ် တို့ကိုခွဲခြမ်း ရှုမြင်ဆင်ခြင်းနိုင်စွမ်းခြင်း တည်းဟူသော မြန်မာတို့၏ အသိပညာကိုယ်ခံအားကောင်းမှု ပေါ်တွင် ပဓါနအားဖြင့်တည်မှီနေလိမ့်မည်ဖြစ်ပါသည်။

## မှီငြမ်းပြုကျမ်းများ

### ပါဠိဘာသာ၊ပါဠိတော်

၁။ အင်္ဂုတ္တရနိကာယ ဒသကနိပါတ၊ ဧကာဒသကနိပါတ ပါဠိ(အင်္ဂုတ္တရ)
၂။ ကေဒ္ဒိကတိက စတုတ္ထပါဠိ(အင်္ဂုတ္တရ)
၃။ ကထာဝတ္ထုပါဠိ
၄။ ခန္ဓဝဂ္ဂနှင့်သဠာယတနဝဂ္ဂပါဠိ(သံယုတ္တ)
၅။ ခုဒ္ဒကပါဠ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတပါဠိ
၆။ စူဠဝဂ္ဂပါဠိ
၇။ ပဉ္စတဆက္ကသတ္တကနိပါတပါဠိ(အင်္ဂုတ္တရ)
၈။ ပါရာဇိကကဏ္ဍပါဠိ
၉။ မဟာဝဂ္ဂပါဠိ (ဝိနယ)
၁၀။ မဟာဝဂ္ဂပါဠိ (သုတ္တန္တ)
၁၁။ မဇ္ဈိမပဏ္ဏာသပါဠိ
၁၂။ မူလပဏ္ဏာသပါဠိ
၁၃။ မိလိန္ဒပဉှာပါဠိ
၁၄။ဝိမာနဝတ္ထု၊ပေတဝတ္ထု၊ထေရဂါထာ၊ထေရီဂါထာ၊သုတ္တနိပါ
တပါဠိ
၁၅။ သဂါထာဝဂ္ဂနှင့်နိဒါနဝဂ္ဂ၊ သံယုတ္တပါဠိ
၁၆။ သီလက္ခန္ဓဝဂ္ဂပါဠိ

**အဋ္ဌကထာ**

၁။ အဋ္ဌသာလိနီအဋ္ဌကထာ
၂။ ဥဒါနအဋ္ဌကထာ
၃။ မနောရထပူရဏီ၊ ပ၊
၄။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ပ၊ ဒု၊
၅။ သမန္တပါသာဒိကာ၊ ဒု၊
၆။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ
၇။ သာရတ္ထပကာသနီ၊ ပ၊

**ဋီကာ**

၁။ ဝိမတိဝိနောဒနီဋီကာ၊ ပ၊
၂။ သာရတ္ထဒီပနီဋီကာ၊ ပ။

**မြန်မာဘာသာ**

၁။ လယ်တီဆရာတော်၊ ဝိဇ္ဇာမဂ္ဂ ဒီပနီ၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၀
၂။ ဒီပဲရင်းဆရာတော်၊ ပရမတ္ထစကျွကျမ်း၊ ဣစ္ဆာသယပုံနှိပ်တိုက် ရန်ကုန်။ ၁၃၂၂
၃။ တည်တောဆရာတော်၊ ဘဝချမ်းသာဟူသည်မဂ်ဟူသည်၊ ဓမ္မဗျူဟာစာစောင်တိုက်၊ ရန်ကုန်။ ၁၉၇၇
၄။ အေးမောင်၊ ဦး၊ ဗုဒ္ဓ နှင့်ဗုဒ္ဓဝါဒ (၃-ပိုင်း)၊ အေးအေးစာပေတိုက်


ရန်ကုန်။ ၁၉၆၄
၅။ ဖိုးကျား၊ ဦး၊ ၃၇မင်း၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၇၀
၆။ မောင်အံ့ (မဟာဝိဇ္ဇာ၊ ဘုံဘေ)၊ ဗုဒ္ဓသာသနာတော် ၂၅၀၀ခရီး၊ ယမုံနာစာပေ၊ ရန်ကုန်။ ၁၉၇၇
၇။ မင်းစည်သူ၊ မြန်မာနိုင်ငံ နတ်ကိုးကွယ်မှုသမိုင်း (၃-ပိုင်း)၊ မြင့်ဆွေစာအုပ်တိုက်၊ ရန်ကုန်။ ၁၉၉၂
၈။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁၃)
၉။ ဗုဒ္ဓဒေသနာဝေါဟာရအဘိဓာန် (သာသနာရေးဦးစီးဌာန) ရန်ကုန်။ ၁၉၉၆

## အင်္ဂလိပ်ဘာသာ

1. Bapat, P.V., ed., "2500 Years of buddhism" Ministry of Imformation and Broadcasting, Government of India, Delhi, 1959.
2. Chatterjee, Satischandra, "The Foundamentals of Hinduism" Das Gupta & Co. ,Culcutta, 1950.
3. Eliot, Sir Charles, "Hinduism and Buddhism" (in three Volumes) Routledge & Kegan Paul Ltd. ,London, 1954.
4. Murti, T .R .V. , "The Central Philosophy of Buddhism" George Allen and Unwin Ltd. ,London, 1955.
5. Ray, Nihar Ranjan, "Theravada Buddhism" Calcutta Univer

sity, Calcutta, 1946.

6. Thomas, Edward J. ,"The History of Buddhist Thought" Routledge & Kegan Paul Ltd. ,London, 1959.



နန္ဒာသိန်းဇံ

# ထေရဝါဒ နှင့် ပတ်သက်သောမှတ်ချက်များ